


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မျက်နှာဖုံးပုံနှိပ်သူ | လှိုင် အောဖ်ဆက် |
| | ဦးမောင်လှိုင် (မြ - ၀၃၈၅၄) |
| | ၈၈-အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့် |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြ - ၈၉၄၃) |
| | မိုးမင်းစာပေ၊ ၉၃-ရိပ်သာလမ်း၊ လေးထောင့်ကန် |
| | သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ |
| အတွင်းစာပုံနှိပ်သူ | ဦးအောင်နိုင် (မြ - ၀၄၆၈၅) |
| | အောင်သစ္စာပုံနှိပ်တိုက် |
| | ၂၆/ ၃၅-လမ်း၊ ရန်ကုန်မြို့။ |





၁၉၉၃-ခု၊ ဇွန်လ

| | |
|---|---|
| ပထမအကြိမ် | - အုပ်ရေ (၅၀၀) |
| | - တန်ဖိုး (၅၉) |
| စာအုပ်စာတမ်းခွင့်ပြုအမှတ် | - ၃၃၆ /၉၃/၅ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - ၃၂၇/၉၃/၅ |
| မျက်နှာဖုံးပန်းချီ | - မောင်မောင်သိုက် |
| အတွင်းပန်းချီ | - မောင်သန့်စင် |
| ကာလာခွဲ | - လှမင်း |




www.burmeseclassic.com

မြပုလဲခင်

# ချစ်သရဖူ

www.burmeseclassic.com

မိုးတစ်ဖွဲဖွဲရွာသွန်းမှုသည် နွေနှောင်းကာလကို အပြီးတိုင် နှုတ်ဆက်ဂီတသံအလား၊ ဖြိုးဖြိုးဖောက်ဖောက်နှင့် ဆွတ်ပျံ့လွမ်းမောဖွယ်ရာအသွင်ကို ဆောင်နေသည်။

တစ်ဆက်တည်းဆိုသလို မိုးသည် နွေ၏ အပူဒဏ်များကို အပြီးတိုင် ဆောင်ကျဉ်းသွားတော့မည်။ ဤသည်ကို ကျော်ဝေရင်ထဲ နှမြောတသ ခံစားလိုက်ရသည်။ နွေ၏ ပန်းချီကားတို့ ပျောက်ဆုံးတော့မည်။ အပူရှိန်ဝနေသော မြေသားတို့သည် မိုးရေနှင့် အထိအတွေ့၌ ဓာတ်သဘာဝ ပြောင်းလဲမှုကြောင့် ပျံ့လွင့်လာသော မြေသင်းရနံ့တို့ကို ရှူရှိုက်ရင်း ဝရံတာ၌ရပ်ကာ ငေးနေမိသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



××မိုးရွာရင်မိုးရေချိုးမယ်×× မေမေလာရင်နို့စို့မယ်×× ဖေဖေလာရင် အုန်းသီးခွဲစားမယ်××

ပါးစပ်၌ မရိုးနိုင်သော တေးသွားကို အော်ဟစ်ရင်း မိုးရေထဲ ဆော့ကစားနေကြသည့် လေးငါးခြောက်နှစ်အရွယ် ကလေးတို့ကိုကြည့်ကာ သူပါပျော်ရွှင်လာသည်။

မိုးရွာထဲ ဘောလုံးကန်ရန် ဆင်းလာသော အုပ်စုသည် ကလေးများသာမဟုတ် လူပျိုပေါက်ဝင်စ ကာလသားများပါ ပါနေသည်။ သူရပ်နေသည်ကိုမြင်တော့—

'လာလေအစ်ကိုကြီး.... အညောင်းပြေလေး'

သူကပြုံးကာ ခေါင်းခါလိုက်ပြီး....

'ညီတို့ပဲ ကစားကြပါ'

'လာစမ်းပါအစ်ကိုကြီးကလဲ.... တစ်ယောက်လိုလို့'

'တော်ပါပြီကွာ'

သူ့ကိုခေါ်၍မရသည့်အဆုံး၌ သူတို့လည်းလက်လျှော့ကာ လှမ်းမပေါ်၌ နယ်ချဲ့ရျက် သူတို့အားကစားကွင်းအလားမင်းမှုကြီးစိုးကစားနေကြလေတော့သည်။

သူ့အတွက် ပေးထားသော ဌာနဆိုင်ရာ ဘီ-၆၀၀ လေးဘီးပြာလေးကို လှမ်းကြည့်လိုက်မိသည်။ ဘော်လုံးအကျော်အမော် လမ်းပျော်တို့နှင့်မှ လွတ်ကင်းပါစေဟု၍ စိုးထိတ်သောစိတ်နှင့် ဖြစ်သည်။ သို့သော် ကားများကိုထိလေ့ထိထတော့ မရှိကြပါချေ။ လူငယ်တို့သဘာဝအပျော်သက်သက် ကစားခြင်းသာ ဖြစ်သော်လည်း သူတို့ခမြာ





ချွဲကျွဲကျုတ်ကျုတ်နှင့် ကားလာတိုင်း ရှောင်ပေးရသေးသည်။

အပူအပင်ကင်းသော ကလေးများကလည်း ဟစ်အော်ပြေးလွှားဆော့ကစားနေသည်မှာ နာဖျားမှာကိုစိုးကြောက်မှုလည်း မရှိကြ။ မိဘအုပ်ထိန်းသူများက 'ဟဲ့ တက်ကြတော့ ဖျက်စီးနာကုန်တော့မှာ' ဆိုကာ အော်ခေါ်မှုကိုလည်း သူတို့နှင့် မဆိုင်သည့်အလား အစွမ်းကုန် မီးကုန်ယမ်းကုန် မိုးနှင့် မိတ်ဖွဲ့၍ နေကြလေသည်။

ဩော်.... ကလေးတို့လူငယ်တို့၏ ဘာသာဘာဝပေကိုး။ သို့သော်.... သူငယ်စဉ်ကတော့ သူငယ်ချင်းများနှင့် ဆော့ကစားရန် နေနေသာသာ သရက်ပင်အောက်၌ စောင့်မျှော်ရင်း အသီးကြွေများကိုလည်းကောင်း၊ ခရေပင်အောက်၌ ပန်းကြွေများကိုလည်းကောင်း စောင့်ကောက်ပြီး အမေ့ဆက်သို့ ပြေးအပ်ရသည်ကို အမှတ်ရလာသည်။

ထို့အပြင် မိုးသည်းသည်း၌ ခမောက်ကို စောင်းကာ ကျောင်းသွားကျောင်းပြန်ရသော အဖြစ်ကြောင့် မိုးရေတို့သည် သူ့ခန္ဓာကိုယ်နှင့် အမြဲတစေ ယှဉ်ပါးနေတတ်သည်ကို ပြန်ပြောင်းသတိရလာမိတော့ရင်ဝယ် နာကျင်အကဲ့သို့ခံစားနေသည်။

ထိုစဉ်က.... သူသည် လက်လုပ်မှ ပါးစပ်လှုပ်ရသော တစ်နေ့ရှာတစ်နေ့စား.... ဆင်းရဲသားမိသားစုမှ ပေါက်ဖွားခဲ့ရသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းဖက်ခမောက်စောင်းကာ တတ်နိုင်သမျှ ရင်ခွင်ထဲမှ စာအုပ်မှစိုရေးကိုသာ အာရုံပြုရင်း ခေါင်းငိုက်စိုက်ပြုကာ ခမောက်ကိုပါ ငိုက်စောင်းရင်း .. အပြေးအလွှားသွားလာနေရသော သူ့နံဘေးမှ မာစီတီးကားသည် ငြိမ့်ငြိမ့်ကလေး ဖြတ်ကျော်သွားတတ်သည်။

ထိုကားထဲတွင် သူ့အားမျက်စိစွေကြည့်ခြင်းမှလောက်ကလွဲပြီး ပိုပြီးအသိအမှတ်မပြုတတ်သော မာနရှင်သူဌေးသမီးပိုးအိလိုက်ပါသွားတတ်သည်ကို ပြန်လည်၍ ထင်ဟပ်လာသည်။

သက်ပြင်းမောတစ်ချက်ချလိုက်မိသည်။ အတိတ်ကာလသည် သူ့အတွက် ဘဝတက်လမ်းကို ပေးနိုင်သော သင်ခန်းစာအဖြစ် သူသည် ကြုံတွေ့မှုရှိတိုင်း အမြဲသတိတရ ပြန်လည်ခံစားနေတတ်သည်။

အတိတ်ဟူသည့် အနာဂတ်၏ အောင်မြင်မှုကို မထိခိုက်စေနိုင်ဘူးဆိုပါက သတိရကောင်းသော အရာတစ်ခုဖြစ်သည်။

'ဟေး.... မြင့်ရင်မြင့်ချင်းရေ.... တယ်လီဖုန်း'

'ဟေ — အေး'

မိုးမြင့်တွင်း၏ ဆဲခေါ်မှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါနစ်မျောသွားမိသော သူ့အား သူငယ်ချင်းမြတ်သူက ဝရံတာဘက်မှ အသံပြုလိုက်မှ သူကြားလိုက်ခြင်းဖြစ်သည်။





'ဘယ်သူလဲ'

'မသိဘူးကွ၊ အမျိုးသမီးအသံပဲ'

ဘေးချထားသော တယ်လီဖုန်း စကားပြောခွက် ကို ကောက်ကိုင်လိုက်သည်။

'ဟဲလို.... ကျွန်တော်ကျော်ဝေပါ'

'ဒါလင်'

ချွဲနွဲ့သော အသံလေးက သူ့တစ်ကိုယ်လုံးရှိ သွေးကြောတို့စီးနှုန်းကို မြန်ဆန်စေသည်။

လုံးဝမျှော်လင့်ထားခြင်းမရှိသော အသံရှင်၊ ဆုံအား သင့်ခြင်းကြောင့် တုန့်ပြန်မှုရှုတ်တရက် မပေးနိုင်ချေ။

'ဘယ်လိုလဲဒါလင်.... သင်းအသံကို မမှတ်မိလောက်အောင်နဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေကို မေ့လောက်အောင် ဖြစ်နေပြီလားဟင်'

'မဟုတ်ပါဘူးသင်း.... မောင့်အံ့ အား သင့်သွားလို့ပါ သင်းဘယ်ကဆက်တာလဲ'

'သင်း ဘယ်ကဆက်တယ်ထင်သလဲ'

'ဘယ်သိမလဲ'

'မောင်က သိအောင်မှ မကြိုးစားဘဲ'

'မလိုအပ်ဘူးထင်လို့ပါ'

သူသည် တတ်နိုင်သမျှ ပြေပြစ်အောင်ကြိုးစား၍ စိတ်လှုပ်ရှားမှုကို တစ်ဖက်မှ မရိပ်မိစေရန် ပြောနေရသည်။



www.burmeseclassic.com

'အယင်း—တင်း.... ဒါလ... လေသံကတော့ အရင်အတိုင်းပဲ လုပ်ပန်းကတော့ အရင်အတိုင်းပဲလား.... သင်း တွေ့ချင်ပြီ ဒါလင်ရာ မြန်မြန်လာခဲ့နော်'

'နေပါဦး မရွှေသင်း ကျွန်တော်မျိုးက ဘယ်ကိုလာရမှာလဲ.... မြောက်ဝင်ရိုးစွန်းကိုလား၊ လကမ္ဘာကိုလား'

'အယင်း....ဟင်း လုပ်ပြီ ဒါလင်ကတော့ ခွတီးခွကျနဲ့—အရင်အတိုင်းပါပဲလား'

ရယ်မောသံလွင်လွင်လေးက ယခင်အတိုင်းပင် အပူအပင်မရှိ မြူတစေပျော်ရွှင်နေတတ်သောသူမ၏ ပင်ကိုယ်ဟန်လေးများအတိုင်းပင်။ သူမလည်း ယခင်ကအတိုင်း အပြောင်းအလဲမရှိကြောင်းကို ရယ်မောကာ ပြောဆိုနေတတ်သောလေသံက သက်သေခံနေသည်။ ရင်ထဲ ပူလောင်သကဲ့သို့ ဖြစ်သွားသည်၊ သူမအား ပြောင်းလဲစေချင်ပါသည်။

'ဒါလင်'

'ဆို'

'သင်းနဲ့ မတွေ့ချင်ဘူးလားလို့'

'နှစ်ပေါင်း ငါးနှစ်နဲ့ ခုနှစ်လ ဆယ့်နှစ်ရက်လုံးလုံး မျှော်လင့်လျက်ပါ မရွှေသင်း'

'အို....ဒါလင့်ရယ်....'

သူမ နှလုံးသား...အပေါ် သူ၏ မေတ္တာအင်အား တုထည်ကြီးနှင့် ထုနှက်မိသကဲ့သို့ ဖြစ်သွားချေပြီထင်ပါသည်။

လှိုင်စာမေ



'တကယ်ပါသင်း.... မောင် သင်းကို အမြဲမျှော်လင့်နေတယ်၊ လူတွေအတွက် မွေးရပ်ဇာတိမြေ ဆိုတာ မမေ့နိုင်ကောင်းတဲ့ နေရာဒေသ တစ်ခုဖြစ်တယ်ဆိုတာ သင်း နားလည် ခံစားလာတဲ့ တစ်နေ့မှာ မောင်တို့ ပြန်တွေ့နိုင်တယ် ဆိုတဲ့ မျှော်လင့်ချက် တစ်ခုတည်းနဲ့ မောင် သင်းကို စောင့်နေပါတယ်'

'တကယ်လား....မောင်'

'မောင်မညာတတ်တာ သင်း သိပါတယ်'

'ဒါဖြင့် မောင် အမြန်ဆုံးလာခဲ့နော်'

'ဘယ်ကိုလဲ'

'အင်းလျားလိတ်ဟိုတယ်ကိုပါ မောင်၊ သင်း စောင့်နေမယ်....'

'ဟာ - သင်း ပြန်လာပြီလား'

'မောင့်ကို တွေ့ချင်လွန်းလို့ ပြန်လာခဲ့ပါတယ်.... မောင်.... ဒါပဲ ဒါလင်... မြန်မြန်လာခဲ့နော်၊ သင်း စောင့်နေမယ်'

'အိုကေ'

တစ်ဘက်မှ ဂျလောက် ဟူသော တယ်လီဖုန်းချသံကြားလိုက်ရမှ သူ သက်ပြင်းရှိုက်ပြီး ချလိုက်မိသည်။

ရင်မှာ လှိုက်ဖိုခြင်း၊ ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့် အတူ ဖေချွန်ထိုက်မိသည်။

×မြင်ရင်မြင်ခြင်းပဲကွယ် ချစ်မိ ကြိုက်မိတယ်×
သူဇာနတ်နွယ် ယုံပါကွယ်×

လှိုင်စာမေ

www.burmeseclassic.com



'ဘာထဲလဲဟော'

'သင်းပြန်လာပြီ'

'ဟုတ်ရဲ့လား'

'အခုပဲ ကိုယ် သွားတွေ့တော့မလို့လေ'

သူ ပြောပြောဆိုဆိုနှင့် အိမ်နေ အဝတ်ကို လဲလှယ်လိုက်သည်။ ပျော်ရွှင်မှုဟူသော ရောင်းရင်းများ၏ ပံ့ပိုးမှုကြောင့် မှန်ထဲ၌ ဗိုလ်ကေကို ပြောင်အောင် ဖီးနေသော သူ့မျက်နှာသည် သကာဆမ်းထားသည့်အလား ဝင်းပလျက် ရှိသည်။

မရှိုးနိုင်သော တေးသွားကို လေချွန်လိုက်မိပြန်သည်။

×မြင်ရင်မြင်ခြင်းပဲကွယ်× ချစ်မိ ကြိုက်မိတယ်×

သူဇာနတ်နွယ်ယုံပါကွယ်×

* * *

ကားကို ဂရုတစိုက် မောင်းနေရသည်။ အဘယ်ကြောင့်ဆိုသော် ဇွန်လကုန်မိုးက မိုးရာသီကို အစပျိုးပြီဟု ဟစ်ကြွေးနေသည့်အလား ထစ်ချုန်း ဟစ်ကြွေးလျက် သဲသဲမဲမဲရွာသွန်းလျက်ရှိသည်။





လမ်းဘေး၌ ထီးကိုင်ကိုင်စိုက်ဆောင်းလျက် လမ်းဘေး၌ သွားလာလှုပ်ရှားနေကြသော လူများ၊ ဘတ်စ်ကား မှတ်တိုင်၌ ပြည့်နှက်နေသော ခရီးသည်များကိုကြည့်ရင်း စာနာမိသည်။ သူသည်လည်း ဤကဲ့သို့ သွားလာလှုပ်ရှား ရုန်းကန်ခဲ့ရသည်ပင်။

ဌာနဆိုင်ရာမှ ပေးသော ဤကားကလေး ရသည်မှာ တစ်နှစ်ပင် မပြည့်တတ်သေး။

မည်သို့ ဆိုစေကာမူ သူသည် ကားပေါ်မှ လူတန်းစားဖြစ်သွားလေပြီ။

ပိုးအိနှင့် အလွှာတူသွားပြီ။

ပိုးအိကို သတိရမိလိုက်သည်။ သင်း ရောက်နေသည်ကို ပိုးအိ သိပါ့မလား။

ပိုးအိလည်း ရန်ကုန်သို့ပြန်ရောက်နေလေပြီဟုသာ သိလိုက်ရသည်။ လူချင်း မတွေ့ရသေးချေ။

သင်း ရောက်လာပြီဆိုလျှင် သူငယ်ချင်းများနှင့်ပြန်လည်ဆုံဆည်းခွင့်ရသော မင်္ဂလာပွဲ ဖြစ်လာတော့မည် ထင်ပါသည်။

ပိုးအိကတော့ လျှို့ဝှက် နက်နဲမှုရှိသော ဂူရွှေရှင်၏မျက်လုံးဖြင့်ကြည့်ကာ "ဝမ်းသာပါတယ်" ဟု ပြော၍ နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းစေ့ကာ ပြုံးလေမည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးတို့သည် ငယ်စဉ်က ကျောင်းသားဘဝသို့ ပြန်လည် ရောက်ရှိသွားသည်။

ငယ်စဉ်က မူလတန်း ၀ လုံးတန်းဘဝကတည်းက ပိုးအိနှင့် သူသည် တစ်ရပ်ကွက်တည်း၊ တစ်ကျောင်းတည်း နေခဲ့သော ငယ်ကျွမ်းဆွေ။

ကိုးတန်းနှစ်ရောက်တော့မှ သင်းရောက်လာသည်။

မှတ်မိသေးသည်။ ယခုလို မိုးဦးကျ ကျောင်းဖွင့်ပြီးစ ကာလ၌ ဖြစ်သည်။

* * *



လွန်လေပြီးသောအခါ...

၁၉၇၈ခုနှစ် ကာလဝန်းကျင်၌ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၁)

အနစ်နာခံ၊ သည်းခံ၊ စိတ်ရှည်၍ သဘောထားကြီးရခြင်းသည် ခေါင်းဆောင်တစ်ဦး၏ အင်္ဂါရပ်ဖြစ်သည်ဟု ...

### အခန်း (၁)

'ဗွမ်း'

'ဟာ'

ကျွီခနဲ ဘရိပ်အုပ်သံနှင့်အတူ ဆလွန်ကားလေးတစ်စီး သူ့ဘေး၌ ထိုးရပ်လိုက်သည်။

မိုးကလည်း သဲသဲမဲမဲ။ မှန်တံခါးကို နှိပ်ချကာ —

'ဟေး....ယူ'

ထူးဆန်းသော မျက်နှာလှလှလေး ထွက်ပေါ်လာပြီး ခွဲနွဲ့သော အခေါ်လေးက ပြုံးရွှင်နေသော နှုတ်ခမ်းနှစ်လွှာကြားမှ ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟူ.တို့ကြီးကျွန်ပြီလား ဆောရိုးပဲနော် ယူအာယ်သွားမလို့လဲ'

'ကျောင်းသွားမလို့ပေါ့'

အဖြူအစိမ်းကို ဝတ်ထားသည်ကို မြင်လျက်နှင့် 'ဘယ်သွားမလို့လဲ' ဟူသော မေးခွန်းသည် မလိုလွား အပ်သော အပိုမေးခွန်းဖြစ်သဖြင့် သူဘုတောလိုက်မိသည်။ ရွှံဗွက်တို့ စင်ထားသဖြင့် မကျေမနပ် ဖြစ်နေသည်ကလည်းပါသည်။

'အင်္ကျီအိမ်ပြန်လဲမလား....အိုင်လိုက်ပို့မယ်လေ'

'မလိုဘူး....ရတယ်'

အဖြူအစိမ်း နှစ်စုံသာရှိသော သူ့အတွက် အခမ်းအနားနှင့် ကျောင်းခွဲရှိတတ်သော နေ့ထူးနေ့မြတ်များအတွက် ဝတ်ရန်အသစ်တစ်စုံကို ဖယ်ထားပြီး နေ့စဉ်ကတော့ တစ်စုံတည်းကိုသာ ဒုန်းခံနေရသည်။ ကိုယ့်အခြေအနေကို ကိုယ်သာသိသည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသူဖြစ်၍ မှိုးသဲသဲတွင် မာစီဒီးကား လှလှလေးကို ကြောခိုင်းကာ ခြေလှမ်းကျဲဖြင့် ထွက်ခွာလာခဲ့သည်။

သို့တိုင်အောင် ကားလေးသည် ဘီးလှိမ့်ကာ သူ့နောက်လိုက်လာပြီး

'မဟုတ်သေးပါဘူး ယူရယ်၊ ဒါဖြင့်ယူဘာယ်ကျောင်းလဲ အိုင်လိုက်ပို့မယ်'

'ကိစ္စမရှိဘူးရတယ်'





ဒရိုင်ဘာ အဖိုးကြီးကတော့ ဘာမှဝင်မပြောဘဲ သူ့အားကရုဏာသက်သော မျက်လုံးနှင့်သာ ကြည့်သည်။

ထို မျက်လုံးများကို သူ မကြိုက်ခြင်း ဖြစ်သည်။ သူသည် သူတစ်ပါး၏ အသနားခံစရာ သတ္တဝါမဟုတ်။ ဆင်းရဲခြင်းသည် နှိမ့်ကျခြင်းမဟုတ်၊ ဆင်းရဲသည်နှင့် အသနားခံစရာ သတ္တဝါအဖြစ် ရောက်ရှိသွားသည် ဆိုခြင်းကို သူလက်မခံနိုင်ပါ။

သူ.. ခပ်သွက်သွက် လှမ်းလိုက်သည်။ သူတို့ဆက်မလိုက်နိုင်စေရန် လျှောက်နေကျလမ်းကို ဖွေဖိကာ လမ်းကြားထဲ ချိုးကွေ့ကာ လျှောက်လိုက်သည်။ ထိုလမ်းကြားတွင်းသို့တော့ သူမ၏ ကားလိုက်ဝင်၍ မရနိုင်ပါချေ။

ရှစ်တန်း ကျောင်းသား ဘဝကိုရောက်မှ ပိုင်ဆိုင်ခွင့်ရသော ယောကျ်ားဆောင်း ကြက်ဆင်ဖဲထီးကိုင်းများပေါ်မှ တစ်ဆင့်ကျလာသော ရေစက်များကို ညာလက်နှင့်ခံယူကာ ကားဘီးကြောင့် စင်သွားခဲ့သော ရွံ့စက်များကို ရေနှင့် ဆွတ်ကာ ပွတ်ချေ ကြည့်လိုက်သည်။ မရ။ ပြန့်သွားသည်။ မတတ်နိုင်တော့ချေ။ ကျောင်းရောက်မှ ဘုံဘိုင်၌ရေဆေးပြီး နွံ့ဟင်းခါးသည် မီးဖိုဘေးကပ်ကာ မီးကင်ရတော့မည်။ မီးခိုးနံ့တော့ စွဲထင်လိမ့်မည်ထင့်...

အနံ့အသက်က အရေးမကြီးချေ။ သန့်ရှင်းမှုနှင့် ကျန်းမာရေးက အရေးကြီးသည်ဟူသော အတွေးဖြင့် ကြက်ဆင်ဖဲထီးကို ငိုက်စိုက်ဆောင်းကာ ခပ်သွက်သွက် လှမ်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းခေါင်းဆောင် ဖြစ်ရသည်မှာလည်း မလှယ်ကျလှအေး ကျောင်းသို့ အစောကြီးရောက်အောင် လာရသည်။ ပိုဆိုးသည်က အားကစား ဘက်၌လည်း ပါနေခြင်းပင်။ မိုးရာသီ ဘောလုံးကစားနည်းကို ကျောင်းဆင်းတိုင်းလေ့ကျင့်ပေးရသည်။ ကျောင်း၏အားထားရာ ကျောင်းသားဖြစ်နေခြင်းကလည်း သူ့အားဝိရိယပို၍ ဖြစ်ထွန်းစေသည်။

'ဒေါ်ဘုမရှေ'

'လာခလေး...အစောကြီး ပါလား စိုလာပေ လာပါလား'

'ဟုတ်တယ်....ကားတစ်စီးကြောင့် စင်သွားတာ၊ အဲဒါ ဒေါ်ဘုမ မီးဖိုမှာတင်ထားပေးပါဗျာ'

'ရတယ်....ပေးပေး'

'နေဦး.... ဆေးလိုက်ဦးမယ်'

ဘုံဘိုင်၌ ခြေဆေးပြီး အင်္ကျီကိုပါချွတ်၍ ရွှံ့ကွက်များနေရာကို ပွတ်လိုက်သည်။ တစ်ထည်လုံးဆိုလျှင် ကျောင်းတက်ချိန်၌ မခြောက်လျှင် ခက်မည်။

ထိုနည်းတူ ပုဆိုးမှ ရွှံ့ကွက်များကိုလည်း ကွက်၍ပွတ်ဆေးလိုက်ရသည်။ အားကစားဘောင်းဘီနှင့် ခဏနေပြီးမီးကင်လိုက်သည်။





'နှင့်နွယ်တယ် အပိုလေးဘာလေး ထည့်လာပါတော့လား ကောင်ခလေးရယ်'

အဟဲ.... လှယ်အိတ်ကပ်နှိပ်တွေနဲ့ ဖောင်းနေကားနေတာဘယ်လိုလုပ် အပိုထည့်လာနိုင်မသဲ'

ကိုယ့်ဝမ်းနာကိုယ်သိသဖြင့် မချိပြုံးနှင့် ဆင်ခြေပေးလိုက်သည်။

တစ်ခဏတွင် လုံချည်သည် အနည်းငယ်ခြောက်သွေ့လာသည်နှင့် ကောက်ဝတ်ပြီး အတန်းသို့ အရင်ပြေးခဲ့သည်။

ဒီနေ့ ဘုရင့်နောင်အသင်း ခေါင်းဆောင်က ခပ်ပျစ်ပျစ်ပျင်းဖြစ်သည်။ အတန်းတွင် ဗရုတ်ကျကာ အချောင်ခိုချင်တတ်သဖြင့် ဆရာမကတမင် ခေါင်းဆောင်အဖြစ် တာဝန်ပေးထားခြင်းဖြစ်သည်။

ဒီကောင်တွေ စောစောလာရမယ်လို့ ငါမှာထားသားနဲ့ရောက်မလာသေးဘူးကွာ'

အိုးသြဖွယ်ရာပင်.... ဘုရင့်နောင် အသင်းခေါင်းဆောင်လှအေးနှင့် ကျောင်းသူသုံးဦးရောက်နေသည်ကို တွေ့ရသည်။

'မိုးသည်းနေလို့ ဖြစ်ပါလိမ့်မယ်ကွာ...လာမင်းနဲ့ငါ ခုံတွေကို တင်ပေးလိုက်ရအောင်၊ မိန်းခလေးတွေ တံမြက်စည်းလှည်းထားနှင့်လို့ ရတာပေါ့.... သူတို့ရောက်လာရင် ခုံပြန်ချခိုင်း အမှိုက်သွန်ခိုင်း၊ သောက်ရေဖြည့်ခိုင်းတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'သောက်ရေက.... နောက်ကျမှခပ်ရင် ဘုံဘိုင်မှာ လူများနေမယ်ကွ'

ဆရာမသည် လူရှေးမှန်သွားပြီဟု သူ ကောင်းစွာသဘောပေါက်သွားသည်။ ထို့ကြောင့်......

'ဒါဖြင့်လဲ.... မင်းနဲ့ငါ ဝိုင်းခပ်ပေးပါမယ်ကွာ.... ခေါင်းဆောင်ဆိုတာ ဒီလိုပဲ အနစ်နာခံရတာပေါ့ကွာ'

လှအေးကို နှစ်သိမ့် အားပေးစကားပြောရင်း.... ထိုင်ခုံရှည်များကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။ ပြီးသည်နှင့် ရေအိုးဆီ ထွက်ခဲ့သည်။

ကျောင်းသားဖြစ်လာလျှင် ကျောင်း လုပ်ငန်းများ နှင့် ကင်းကွာ၍မရ။

ခေါင်းဆောင်ဖြစ်လာလျှင် ပို၍ဆိုးသေးသည်။ သူတကာထက် အနစ်နာခံရသည်။

ထိုစဉ် ရိပ်ကနဲဖြတ်သွားသော ကျောင်းသူတစ်ဦးကို လှမ်းမြင်လိုက်ရသည်။

ပိုးအိ....

ဒီနေ့ သူတာဝန်နေ့မဟုတ်ပါဘဲ အဘယ်ကြောင့် စောစောရောက်လာရသနည်း။

'ကျော်ဝေ'

လှိုင်စိုးဝေ



ရေခပ်ပြီး အတန်းထဲ ပြန်အဝင်၌ ပိုးအိအသံ ထွက်လာသည်။

'ဘာလဲ'

'နင့်အင်္ကျီဘယ်ရောက်သွားသလဲ'

'ရှိတယ်.... ဒေါ်ဘုံမဆိုင်မှာ မီးကင်ထားတယ်'

'အခုမချုပ်းဘူးလား.... မိုးဒီလောက်အေးနေတာကိုး'

'ရပါတယ်မချမ်းပါဘူး.... လှုပ်လှုပ်ရှားရှားနဲ့ အချမ်းတောင်ပြေသွားသေးတယ်'

'အေးကောင်းတာပေါ့.... နင့်မာနက နင့်ကို တစ်သက်လုံး ဒုက္ခပေးသွားလိမ့်မယ်'

ပိုးအိဘာကို ဆိုလိုသနည်းကို သူသဘောပေါက်ပါသည်။ ပိုးအိက သူ့အား အင်္ကျီအမြူစနှင့် ကျောင်းစိမ်းလုံချည်ကိုလည်းကောင်း၊ ဆောင်းတွင်းဝတ်ရန် ဆွယ်တာ တစ်ထည်ကိုလည်းကောင်း ဝယ်၍ ပေးခဲ့ဖူးသည်။ ၎င်းသည်ကို သူ လက်မခံခဲ့။ ပိုးအိက ... ထိုမျှသာပြောပြီး အခန်းတွင်းမှ ထွက်သွားသည်။ ပိုးအိနှင့် ယှဉ်ပြိုင်၍ စကားနိုင်မလုလိုပါ။ အမြဲတမ်း အရှုံးပေးပြီးသားဖြစ်သည်။

'သူဌေးမာနထက်ဆင်းရဲသားတွေရဲ့ မရှိမာနက ပိုကြီးလာတယ်ဆိုတာ နင် သိထားလိုက်ပါ ပိုးအိ' ဟူ၍သာ။

လှိုင်စောမေ

www.burmeseclassic.com



အရှင့်နေ့ခင်းအသင်း ကျောင်းသားများ ရောက်လာသောအခါ လူအေးကွယ်ရာသို့ ခေါ်ကာ တိုးတိုးတိတ်တိတ် ဆုံးမစကားဆို၍ သတိပေးရသည်။

'မင်းတို့ ခေါင်းဆောင်လူအေးက အစကလူဆိုးစာရင်းဝင်ပေမယ့် အခုကြည့်စမ်း ခေါင်းဆောင်ဘယ်လောက်ပီသသလဲ။ သူတစ်ယောက်ထဲ ခိုတွေတင်၊ ရေအိုးထမ်းနဲ့ မင်းတို့ကို မကပ်သပ်ဘူး၊ ဒီတော့ သူ့စိတ်မပျက်အောင် မင်းတို့ကလဲ သူ့စကားနားထောင်ပြီး နဲနဲဝီရိယစိုက်ကြဦးနော်.... ဒါမှ အသင်းလိုက် သန့်ရှင်းရေးဆု ရနိုင်မှာ'

ထိုအခါ ဂျစ်ကန်ကန်နှင့် 'ဆရာမလုပ်နဲ့ သိတယ်' ဟု ပြောသူရှိသလို၊ သူ့စကား နားဝင်ကာ 'အေးပေါ့ကွာ' ဟု ပြောသူ ကျောင်းသားများလည်း ရှိသည်။ သူ သည်းခံပါသည်။ အနစ်နာခံ သည်းခံစိတ်ရှည်၍ သဘောထားကြီးရခြင်းသည် ခေါင်းဆောင် တစ်ဦး၏ အင်္ဂါရပ်ဖြစ်သည်ဟုလည်း ဆရာမ ပြောထားသဖြင့် သူ့စိတ်သည် အရာရာကို သည်းခံစိတ်ရှည်နိုင်စွမ်းရှိနေလေသည်။

အထူးသဖြင့် ငယ်ကတည်းက အကျွမ်းတဝင် ရှိခဲ့ရသည့် ပိုးအိအပေါ် ဆိုလျှင် သာ၍ စိတ်ရှည်သည်။

'ဒီမှာကြည့်စမ်း နှင့်အင်္ကျီ'

'တောမျှော'

လှိုင်စာပေ



ကော်ရစ်တာကွေ့၌ ပိုးအိနှင့်သူ ဆုံပြန်သည်။ အင်္ကျီခြောက်သွေ့ပြီအထင်နှင့် မုန့်ဈေးတန်းသို့အလာ၌ ဆုံမိကြသည်။

သူ့ အင်္ကျီကို ပိုးအိ ဖြန့်ကာ မြှောက်ပြသည်။

'ဟင်း....'

နှမြောတသခြင်းကြီးစွာဖြင့် မီးကျွမ်းသွားသော အင်္ကျီကို ကြည့်ကာ ကြေကွဲမိသည်။ ခြောင်....ဂုံကလည်း ဖွတ်မဲ့ပြာလူး၊ ခရုဆံကျွတ်ရသည့် အဖြစ်မျိုးဆိုသည်မှာ ဒါမျိုးထင်ပါသည်။

နှမြောစိတ်ဖြင့် စကားပင် မပြောနိုင်တော့ပေ။

'ဘယ့်နှဲ့လုပ်မလဲ၊ ဒီနေ့ အစည်းအဝေးရှိတယ်မှတ်လား'

'ဟင်း'ခနဲ သက်ပြင်းတွေချပြီး လည်ချောင်းတို့ခြောက်သွေ့လာသည်။

'နင် ခဏနေဦး....ငါ ကြည့်စီစဉ်ပေးမယ်....ရော့'

မီးကျွမ်း ရှပ်အင်္ကျီကို သူ့ထံ ပစ်ပေးပြီး ပိုးအိသည် ချာခနဲ ရုံးခန်းဘက်သို့ ထွက်သွားသည်။

ပိုးအိ ဘာတွေ စီစဉ်ပေးမည်ကို သူ စိတ်မဝင်စားနိုင်တော့ချေ။ လောလောဆယ် ကျောမြင် ရင်ပတ်နေရာများ၌ ဖြစ်ပေါ်နေသော မီးကျွမ်းကွက်ကြီးကိုသာ နှမြောစွာ ဖြန့်ကြည့်ပြီး ယောကျ်ားတန်မဲ့ မျက်ရည်ပင် ရစ်သိုင်းချင်လာသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာရယ်...မညီသည့် အညှိုးနှင့်များ ရက်စက်လေသနည်းဟု ကံကြမ္မာကို ရှိုးမယ်ဖွဲ့လိုက်မိသည်။

ဒေါ်ဘုမထံရောက်က အပြစ်တင်စကား ဆိုရမည်လား။

မထူးပါဘူး.... ဆင်းရဲသား အချင်းချင်း ရိုင်းပင်းကာ အကူအညီပေးတတ်သည့် ဒေါ်ဘုမခမျာ မအားလပ်၍သာ သူ့ အကြိုကို မီးကျွမ်းသွားခြင်းဖြစ်မည်။

'ဘာဖြစ်လို့လဲ'

'မီးကျွမ်းသွားလို့ကွာ'

လှအေး အမေးကို တိုတုတ်စွာ ဖြေလိုက်ပြီး အင်္ကျီကို ခေါက်ကာ လွယ်အိတ်ထဲ သေချာစွာ ထည့်လိုက်သည်။ အပေ ဆိုက်ကားနင်းလျှင် ဝတ်နိုင်သေးသည်။ သူ ရေထမ်းလျှင်လည်း ဝတ်နိုင်သေးသည်။

'ဖြစ်ရလေကွာ....ညရောက်ရင် ငါ အင်္ကျီတစ်ထည် လာပေးမယ်ကွာ'

'ကျေးဇူးတင်တယ်သူငယ်ချင်း...ဒါပေမယ့် ငါ လက်မခံနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်'

'မင်းကလဲကွာ သူငယ်ချင်းအချင်းချင်းပဲ၊ ရိုင်းပင်းကူညီရမှာပေါ့၊ စေတနာကို လက်ခံသင့်ပါတယ်ကွာ'

'ငါ့မှာ ရှိပါသေးတယ်ကွာ၊ ဒီနေ့ကပြန်မှ အချိန်မရှိတော့လို့'





စိတ်ထဲ၌ စိုးထိတ်နေမိသည်။ ပိုးအိလည်း ပေါ်မလာသေး။ ကျောင်းသခုံးများလည်း မိုး သည်း သည်းကြားမှ တစ်ဖွဲဖွဲ ရောက်ရှိလာလေပြီ။

မိုးဖွင့်ရိုးစကတ်တို့၏ ဂီတသံစဉ်သည် သူ့အား ငိုချင်းချ ဆိုင်းကို တီးပေးနေသည့်သဖွယ် ဖြစ်နေလေသည်။

ထိုစဉ် ပိုးအိ ဝင်လာသည်။ လျှပ်စစ် ကျောင်းတက် ခေါင်းလောင်းသံကလည်း ပေါ်ထွက်လာသည်။

'ဟင်း'ခနဲ သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ဤအချိ သက်ပြင်းချသံကတော့ သောက ထွက်ပေါက်ရသွားသည့် အသံဖြစ်သည်။

'ရော့...ပြန်ပေးမယ်ဆိုရင်...နင့်ကို ငါ့ရဲ့ ငယ်စာရင်းက ပယ်လိုက်မယ်...ဒါပဲ'

သူ့ စားပွဲနားအထိ ရောက်လာပြီး အဝတ်ထည့်ထားသော စက္ကူအိတ်ကို လာတင်ပြီး တိုးတိုးကြိတ်ကြိတ်နှင့် မာန်မဲသလိုပြောပြီး ထွက်သွားသည်။

ပိုးအိ၏စေတနာကို သူလက်ခံရမည်လားဖြစ်သည်။ ပိုးအိမှာ ရှုံးခန်းမှ ဖုန်းဆက်ပြီး အိမ်မှ တစ်ဦးဦးကို သူ့ အတွက် အဝတ်ပို့ယူကာ ပို့ခိုင်းခြင်းဖြစ်သည်။

အချိန်ဆွဲမနေဘဲ အင်္ကျီကို ဆွဲထုတ်လိုက်သည်။ အင်္ကျီ အဖြူနှင့် လုံချည်စိမ်းကို ဝယ်ထားခဲ့သည်မသိ။ သူ့ခန္ဓာ ကိုယ်နှင့် အတော်ပင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတ်ကြိုဝတ်ပြီး ကျောင်းတံဆိပ်တပ်ဖြီးသည်နှင့်အတန်းပိုင် ဆရာမ ဝင်လာသဖြင့် ပုဆိုးကို ပြန်ပေးချိန်မရတော့ချေ။ ထိုခေတ်ကာလမှ ကျောင်းတံဆိပ်သည် အရှင်တပ်ရသော တံဆိပ်ဖြစ်သည်။ ယခုခေတ်လို ပိတ်တံဆိပ်ဖြင့် အင်္ကျီ၌ အသေကပ်ချုပ်ရသော တံဆိပ်မဟုတ်သေးချေ။

အသစ်စက်စက်ဖြစ်ရုံမက သူမ ဝတ်ဖူးသော အဖိုးတန်အဖြူစကို ချုပ်ထားသော အင်္ကျီဖြစ်၍ မနေတတ် မထိုင်တတ်နှင့် ရှိုးတိုးရှန့်းတန့် ဖြစ်မိသေးသည်။

'မင်္ဂလာပါ ဆရာမ'

'မင်္ဂလာရှိပါစေကွယ်....ထိုင်ကြ ထိုင်ကြ'

သူအပါအဝင် ကျောင်းသား ကျောင်းသူ အားလုံး၏ မျက်လုံးသည် ဆရာမနှင့်အတူ ပါလာသော ကျောင်းသူအသစ် လှလှလေးထံ ရောက်ရှိသွားသည်။

'ကိုင်း.... အားလုံး မှတ်ထားကြ၊ ဒါ မင်းတို့အတွက် သူငယ်ချင်း အသစ်တစ်ယောက်တိုးလာပြီ၊ နာမည်က သင်းမောင်ရီတဲ့.... မေမြို့က ပြောင်းလာတာ၊ လိုအပ်တဲ့ အကူအညီရှိရင် ပေးလိုက်ကြ၊ ကိုင်း....သင်းမောင်ရီက ပိုးအိဘေးနားမှာ သွားထိုင်'

ပိုးအိက ရယ်ကာ ခေါ်လိုက်သည်။

ပိုးအိ အနီးသို့ သူမ လျှောက်သွားသည်။ ကပြားဖုံပေါက်ကာ ဗိုလ်ဆန်ဆန် မျက်လုံးညိုနှင့် ဖွေးဥသော သူမ





အသားအရေသည် ပိုးအိ၏ ဝါညက် ဖြူဖွေးသောအသားအရည် အလှကို မမီနိုင်ဘူးဟု သူထင်ပါသည်။

သို့သော်.... အလိုအလျောက် ပြုံးယောင်သန်းနေသောသူမ မျက်နှာသည် သဘောကောင်း ဖော်ရွေတတ်သောအသွင်ကို ဆောင်နေသည်။

သဘောလည်း ကောင်းသည်ကို ကိုယ်တွေ့ ကြုံခဲ့ရသောဗွက်စင် ကိစ္စကြောင့် ဖြစ်သည်။ ထိုစဉ်ကတည်းက လှုပ်လှုပ်ရှားရှားနှင့် သူ့ဘဝထဲ စတင် ဝင်ရောက်လာခဲ့ခြင်း ဖြစ်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ခင်မင်ရင်းနှီးမှုဟူသည် အများနှင့် သက်ဆိုင်သော အရာတစ်ခုဟု ထင်ပါသည်။ တစ်ဦး တစ်ယောက်ကို ထပ်မံပေးရုံနှင့် ကုန်ခန်းသွားတတ်သည်မှ မဟုတ်ပေဘဲ။

## အခန်း (၂)

'ကျော်ဝေ….ခဏ'

ပိုးအိက ထိုကဲ့သို့မျိုးဖြစ်သည်။ ဘယ်တော့မဆို အထက်စီးမှ ဆက်ဆံတတ်သည်။ ပြောစရာရှိလျှင်လည်း အနားသို့မလာ၊ သူ့နားရောက်အောင် ခေါ်တတ်သည်။

'ဘာလဲ'

'နင့်ကို သင်းမောင်ရီက တွေ့ချင်လို့တဲ့'

'အဲဒါ ဘာဖြစ်လဲ'

သင်းမောင်ရီက အတန်းထဲသို့ ရောက်မလာသေးပေ။

လှိုင်စာပေ



'ငါ့ကို မိတ်ဆက်ခိုင်းနေတယ်'

'မိတ်ဆက်စရာလိုလို့လား….အတန်းသား အချင်းချင်းပဲ လိုအပ်တဲ့ အကူအညီရှိရင် တောင်းလို့ရနေတာပဲ'

'မဟုတ်ဘူး….နင့်ကို တောင်းပန်ချင်လို့တဲ့၊ သူဒီကျောင်းကို စပြောင်းလာတဲ့နေ့က နင် သူ့ကြောင့် ရှူးဖိနပ်တွေ စင်ကုန်တာဆို'

'သူ့ကြောင့် မဟုတ်ပါဘူး…. သူ့… ဒရိုင်ဘာကြောင့်ပါ။ ဒါကိုလဲ အပြစ်တစ်ခုအနေနဲ့ မှတ်ယူလို့ရမလား၊ အက်ဆီဒင့်အနေနဲ့ မှတ်ယူလိုက်ပါတယ်၊ ကားပေါ်က လူတန်းစားက လမ်းဘေး လူတန်းစားကို မမြင်တာ အထူးအဆန်း မဟုတ်ပါဘူး၊ ဒီအတွက်တော့ မိတ်ဆက် တောင်းပန်စရာ မလိုပါဘူး'

'ဒါတင်မကသေးဘူး …သူ့ကြောင့် နင့်အင်္ကျီ မီးကျွမ်းရတာဆိုတော့ သူက ပရဲစင့် ပေးချင်လို့တဲ့'

ပိုးအိအား သူ စူးစမ်း အကဲခတ်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ အဖြူးအရယ် နည်းကာ မျက်နှာကြောတင်းသော ပိုးအိသည် သူ့အား တုံ့ပြန်ကြည့်လိုက်သည်။

သူက …ခပ်တင်းတင်းပင်…။

'နင် ငါ့အကြောင်းသိသားပဲ ပိုးအိ၊ ပြောပြလိုက်ပါ… ငါဟာ သူများအကူအညီရမှ အသက်ရှင်ရမယ်ဆိုရင် ငါ လောကကြီးမှာ မနေတော့ဘူး၊ ပိုးအိ'

လှိုင်စာပေ

www.burmeseclassic.com



‘နှင်ဟာ တစ်ဘက်စွန်းရောက်နေပြီလို့ ငါထင်တယ်’

‘ဒါကတော့ ကိုယ့်ခံယူချက်နဲ့ကိုယ်လေ.... လောကကြီးမှာ လူဖြစ်လာမှတော့ ကိုယ့်ခြေထောက်ပေါ်ကို ရပ်ပြီး ကိုယ့်နှာခေါင်းပေါက်နဲ့ပဲ အသက်ရှူချင်တယ်၊ ဒါ မှားသလား’

‘အေး ပြီးရော.... နင့်သဘောပဲ၊ ငါက နင် သိအောင် ပြောပြထားတာပဲ’

ပိုးအိက ပြောပြောဆိုဆို လေ့ကျင့်ခန်းကို ဆက်လက်လုပ်နေလေသည်။ ထို့ကြောင့် သူမ အပါးမှ ကျော်ဝေ ထွက်ခွာခဲ့သည်။

ဒေါ်ဘုမ မုန့်ဟင်းခါးဆိုင်နား သူ ထွက်ခဲ့သည်။

‘ကောင်လေး... တယ်သွားနေပါလား၊ ဒါကြောင့် ပြောတာ.... တောင်းမှာအကွပ်၊ လူမှာအဝတ်တဲ့၊ အရောင်ကို ထွက်နေတာပဲ’

သူ ရှက်ကိုး ရှက်ကန်း ဖြစ်မိသည်။ ဒါတောင် ပိုးအိပေးသော အဝတ်ကို သိမ်းထားပြီး သူ့၌ရှိနေသော အစုံကို ထုတ်ကာ ချဝတ်လိုက်ခြင်း ဖြစ်သည်။

‘ဒေါ်ဘုမကလဲဗျာ’

‘နှင် ကံကောင်းပါတယ်’

‘ဘာကံကောင်းလို့လဲ၊ မွေးကတည်းက မဲ့တေလိုက်တာ ဖွတ်မင်းက ဘိုးအေခေါ်ရမယ်’





‘ဟဲ့... ဆင်းရဲတာကို အပြစ်တစ်ခုလို ယူဆလို့ရမလား.... ဘာဝပေး ကုသိုလ်အရပေါ့ လူဆင်းရဲပေမယ့် စိတ်ချမ်းသာတာ ကုသိုလ်တစ်မျိုးပဲပေါ့....မဟုတ်ဘူးလား’

‘ဟုတ်ပါတယ်....ကျွန်တော်ကတော့ ဆင်းရဲခြင်းအပေါ် အားပျက်နေတဲ့ လူစားမှမဟုတ်တာ ဒေါ်ဘုမကလဲ’

‘ကဲ....ရော့ စားဦး ကောင်လေး’

‘တော်ပါပြီဗျာ’

‘တော်ပါပြီလုပ်မနေနဲ့၊ နင်နဲ့ငါတို့ကြားမှာ အားနာတာ၊ ဟန်ဆောင်တာ မရှိသင့်ဘူး.... ကင်းကြဲတဲ့သူတွေမှ မဟုတ်တာ’

ဒေါ်ဘုမ မုန့်ဟင်းခါးဆိုင်အတွက်လိုအပ်သော အကြော်ကို သူ့မိခင်ထံမှ ယူ၍ ရောင်းရသည်။ သူ့ မိခင်ကလည်း အပိုထည့်ပေးတတ်သကဲ့သို့ ဒေါ်ဘုမကလည်း ကျောင်းသို့ သူ့အတွက် မုန့်ဟင်းခါး တစ်ပွဲစာ တာဝန်ယူထားသေးသည်။ သူ့အာသျှင် အချိန်မရွေး စား၍ ရသည်။

‘ကောင်လေး.... ကံကောင်းပါတယ် - ဆိုတာက ကူညီမ,စမယ့် လူတွေရှိလို့ ပြောတာ’

‘ဘယ်သူက မ,စမှာလဲ’

‘ပိုးအိတို့ ကောင်မလေး’

‘ဘော်စမ်းပါ ဒေါ်ဘုမရာ၊ ပိုးအိကို မူလတန်းအခါကတည်းက သူငယ်ချင်းဖြစ်လို့ ကျွန်တော် အရမ်းသံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကလွဲရင် ဘာမျှော်လင့်ချက်မှမထားဘူး၊ တစ်နေ့က မလွှဲမကင်းသာ သူ့ အကူအညီကို ယူလိုက်ရဖူးမယ်၊ ကျွန်တော်စိတ်ထဲမှာ တွေးထားတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်ဆပ်ခွင့်ကြုံရင် ပြန်ဆပ်မယ်လို့'

'ဟင်း....ငါမပြောချင်ပါဘူး'

ဒေါ်ဘုမသည် စိတ်ထဲ၌ မြဲမြဲထားတတ်သောသူမဟုတ်သဖြင့် သူမ မျက်ဝန်းသည် တစ်စုံတစ်ရာကို ထုတ်ဖော်ပြောလိုကြောင်း ဖော်ကောင်မြူလျက် ရှိသကဲ့သို့ ပါးစပ်မှလည်း တပြင်ပြင် ရှိနေသည်။

'ဘာလဲ ဒေါ်ဘုမ.... ဘာပြောချင်လို့လဲ'

'မပြောတော့ပါဘူး၊ နောက်မှ နင့်အမေကြော်လှာပို့ရင်း ပြောတော့မယ်'

'လုပ်ပြီဗျာ'

'လူတွေရှိတယ်ဟ'

ဒေါ်ဘုမ စကားကြောင့် သူ့ စိတ်ထဲ ခိုးလိုခုလုဖြစ်သွားသည်။ သိချင်စိတ်ကလည်း စောသွားသည်။ ထိုစဉ် ပိုးအိနှင့် သင်းမောင်ရီ လျှောက်လာသည်။

'ရှူး—လုံးဝ လေသံမဟတော့နဲ့နော်.... ဟန့်မဖျက်နေ'

ဒေါ်ဘုမက တိုးတိုးတိတ်တိတ် ကြိတ်၍ ဟန့်တားလိုက်သည်။ သူ ရိပ်မိလိုက်ပါပြီ။ ပိုးအိနှင့်ပတ်သက်သော ပြောစရာ စကား ဒေါ်ဘုမ၌ ရှိနေလေပြီတုံ....။

လှိုင်စာပေ



'ဒေါ်ဘုမ....ငါးဖယ်နဲ့ဘဲဥထည့်မယ်၊ သင်းကော'

'ဘူးသီးကြော်နဲ့ပဲ'

သူ့ရင်ထဲ၌ ကျေနပ်သကဲ့သို့ ခံစားလိုက်ရသည်။ ပိုးအိသည် သူ့အား ခင်မင်သော်လည်း သူတို့ကြော်သော ဘူးသီးကြော်၊ ပဲကြော်၊ ပဲကပ်ကြော်တို့ကို လုံးဝ မကြိုက်ပါချေ။

'ယူကော ဘာနဲ့စားသလဲ'

'အကြော်သည့်သားဆိုတော့ မရှိနိုင်တဲ့ အကြော်နဲ့ပဲစားပါတယ် မသင်းမောင်ရီ'

'အိုး....'

ရယ်စရာမဟုတ်ပါဘဲ ပြုံးရယ်လိုက်သောအခါ ပါးချိုင့်နှစ်ဖက် အထင်းသားဖြစ်ကာ ညီညာဖြူဖွေးသော သွားသွယ်တန်းလေးများ ပေါ်ပေါက်လာသည်။

တော်တော်လှသော မိန်းကလေးပါလားဟု သူ သတိပြုမိလိုက်မိသည်။

'ယူ့ကို အိုင် တောင်းပန်ပါတယ်နော်၊ အိုင့်ကြောင့် ယူ့အင်္ကျီတစ်ထည် ဆုံးရှုံးသွားရတာကို အိုင် စိတ်မကောင်းဖြစ်မိတယ်'

'ကိစ္စမရှိပါဘူး၊ ကျွန်တော့် အင်္ကျီဟာ မီးမကျွမ်းလဲလေးငါးခြောက်လဆိုရင် အလိုလို ပြဲသွားတော့မှာပဲ၊အစည်း

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငယ် စောပြီး အနှိုက်စွသဘောနဲ့ ကိစ္စချောသွားတာနဲ့ နောက်ကျမှုပဲ ကွာတယ်'

'အဟင်း...ဟင်း....ယူက ရယ်စရာပြောတတ်တာပဲ၊ ယူ့ကို အိုင် ခင်သွားပြီ...အိုင့်ကို ယူ့သူငယ်ချင်းအဖြစ် အသိအမှတ်ပြုမှာလား'

'တစ်တန်းတည်းသား.... တစ်ကျောင်းတည်းသားတွေအားလုံးဟာ ကျွန်တော့် သူငယ်ချင်း၊ ညီအစ်ကိုမောင်နှမတွေပါပဲ၊ ဒီအတွက် ပြောစရာမလိုပါဘူး'

သူ ထိုသို့ ပြောလိုက်တော့လည်း သင်းမောင်ရီ၏အပြုံးက ရွှမ်းလက်လျက်....

'သိုင့်ခယူ.... ဒါပေမယ့် အိုင်က ယူ့ကို ငယ်သူငယ်ချင်းတစ်ယောက်လို အရမ်း ရင်းရင်းနှီးနှီး ခင်ချင်တာ'

သူ ပိုးအိကို လှမ်းကြည့်လိုက်မိသည်။ ပိုးအိက အမူအရာမပျက်ချေ။ သူ့ပုံစံအတိုင်း ခပ်တည်တည်နှင့် သူ့အားပြောတာ မဟုတ်သည့်အတိုင်းကဲ့သို့ ရှိနေသည်။

'ရပါတယ်....ခင်မင်တယ်ဆိုတာ ရှောင်ရှားစရာ ကိစ္စမှ မဟုတ်ဘဲ၊ အကောင်းဆုံးသော လူမှုရေးတစ်ရပ်ပဲ မသင်းမောင်ရီရယ်'

'ဟော... ဟော...အဲဒီ မသင်းမောင်ရီ ဆိုတာကိုက ယူ့ရဲ့ ခင်မင်မှုဟာ အပေါ်ယံပဲလို့ ဖော်ကောင်လုပ်နေပြီ'





'အဟင်း'

သူ အသံထွက်အောင် ပြုံးလိုက်မိသည်။ သင်းမောင်ရီသည် ခင်မင်နှစ်လိုဖွယ်ရာကောင်းသော မိန်းကလေးတစ်ဦးအဖြစ် အသိအမှတ်ပြုလိုက်မိသည်။

'ဒါဖြင့်....ဘယ်လိုခေါ်ရမလဲ'

'ဒါကတော့ ယူ့သဘောလေ....ဒါပေမယ့် အိုင် လမ်းစခင်းပေးမယ်နော်'

ကပြားဆန်သည်။ သို့သော် 'လမ်းခင်းပေးမယ်' ဟူသော စကားသုံးပုံမျိုးကြတော့ မြန်မာဆန်နေ သယောင်ေ ပေင်။ ဘိုဆန်သော သူမ ရုပ်သွင်နှင့် မလိုက်အောင် လေးလေးနက်နက် ဆိုလေသည်။

'အိမ်သားတွေခေါ်တာက ရီစီ၊ မြန်မာလိုတော့ နှင်းဆီပေါ့၊ ဒါပေမယ့် ကျောင်းအပ်တော့ သင်းမောင်ရီ ဖြစ်နေတယ်၊ မောင်ရီက ပါပါ့နာမည်ဆိုတော့ အိုင့်နာမည်က သင်းပေါ့၊ သင်းကို သင်းလို့ခေါ်တာ ဘယ်သူမှ အမှားအယွင်းကို မကျူးလွန်ဘူး၊ မကဲ့ရဲ့နိုင်ဘူးလို့ထင်ပါတယ်နော် ကိုကျော်ဝေ၊ ခေါ်ရပါတယ်နော်'

'ဟောဗျာ...ကျွန်တော်က ဘာလို့မခေါ်ရဲရမှာလဲ'

'မသိနိုင်ဘူးလေ....ယူလို ဝါတော်ရ မထေရ်မြတ်ကြီးလို လူကြီးကြီး တစ်ခွဲသားနဲ့ ခေါင်းဆောင် ကျင့်ဝတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ အရာရာကို စဉ်းစားချင့်ချိန်နေတတ်လွန်းလို့ပါ'

'ထင်လို့ပါဗျာ'

'ကောင်လေး...ဟင်းရည်ထည့်ဦးမလား'

'ဟင့်အင်း....တော်ပြီ'

မုန့်ဟင်းခါး အရသာသည် ဘယ်ဆီသို့ ရောက်သွားမှန်းမသိတော့ချေ။ ပိုးအိနှင့်ကလွဲပြီး ဘယ်မိန်းကလေးနှင့်မှ ရင်းရင်းနှီးနှီး မနေခဲ့ဘူးပါချေ။

ပိုးအိကလည်း စကားပြောလျှင် တုံးတိတိနှင့် ခပ်ပြတ်ပြတ် ခပ်မာမာသာ ပြောတတ်သည်။ ချွဲနွဲ့ပြီး လေသံအေးအေးနှင့် မပြောတတ်။ ယခုလို သင်းမောင်ရီ ပြောသလိုမျိုး ပိုးအိနှင့် တစ်ခါမှ မပြောဘူးပါချေ။ ထို့ကြောင့် နေထိုင်ရခက်သလိုမျိုး ခံစားနေရသည်။

'ဒါပဲနော်.... ဒီနေ့ ယူနဲ့သူငယ်ချင်းဖြစ်သွားတဲ့ အထိမ်းအမှတ်အနေနဲ့ မုန့်ဟင်းခါးဖိုး အိုင် ရှင်းလိုက်မယ်'

'ဆောရီးပဲ.... ကျွန်တော့် အတွက် မုန့်ဟင်းခါးဖိုးကို ဒေါ်ဘုမဏာ ဒိုင်ခံ ကန်ထရိုက်ဆွဲထားပြီးပြီ'

'ဩော်... ဘာပဲဖြစ်ဖြစ်....အန့်တီရေ.... ဒီနေ့ သူ့အတွက် ရီစီ ရှင်းမယ်နော်'

'လက်မခံနဲ့ ဒေါ်ဘုမ'





'အေးပါကွယ်....နေ နေ မရှင်းနဲ့'

'ယူကလဲကွာ'

'မသင်းမောင်ရီ'

'မောာ....လုပ်ပြန်ပြီ'

'ဆောရီး....သင်း၊ အယူရှိရင် အပေးရှိရမှာဖြစ်လို့.... ကျွန်တော့်အတွက်က အပေးပြန်မှုနိုင်မှာမဟုတ်လို့ အယူကိုပါ မလုပ်ပါရစေနဲ့'

'ခင်မင်မှုကြားမှာ သာတယ် နာတယ်၊ အပြန် အလှန် ဆိုတာတွေကို ခေါင်းထဲမထားသင့်ပါဘူးယူရယ်'

'ကျေးဇူးတင်ပါတယ်.... ဒါပေမယ့် မှန်တယ်ထင်လို့ ခံယူထားတဲ့ ခံယူချက်ကို ဘယ်လိုအကြောင်းကြောင့်မှမဖျက်ပါရစေနဲ့... သွားမယ်၊ ပိုးအိ....ငါသွားနှင့်တော့မယ်'

'အေး....'

ပိုးအိထံမှ ထို 'အေး' တစ်ခုသာ ကြားသိခဲ့ရပါလားဟု သူ စာသင်ခန်းကို လျှောက်ရင်း စဉ်းစားလိုက်မိသည်။ သူနှင့် သင်းမောင်ရီ ရင်းနှီးမှုအပေါ် ပိုးအိ ကျေမှုကျေနပ်ပါ့မလားဟုလည်း တွေးလိုက်မိသည်။

ဘာမှမဆိုင်ဘူး ထင်ပါသည်။ ခင်မင်ရင်းနှီးမှု ဟူသည် အများနှင့် သက်ဆိုင်သော အရာတစ်ခုဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး တစ်ယောက်ကို ထပ်မံပေးရုံမျှနှင့် ကုန်သွားတတ်သည်မှု မဟုတ်ပေဘဲ။

ကောင်းကင်မိုးသားတို့သည် တအိအိနှင့် ပြိုဆင်းလာသည်။ မြေသားနှင့် နီးစပ်လာသည်။ မကြာမီ မိုးရွာတော့မည့် နိမိတ်ကို ဖော်ဆောင်နေသည်။

ကျောင်းတက်လျှင် လျှပ်စစ်ခေါင်းခလောင်းသံ မြည်လာသည်။

ခပ်သွက်သွက် လျှောက်လာသော ပိုးအိနှင့်သင်းမောင်ရီကို လှမ်းတွေ့နေရသည်။ သင်းမောင်ရီက အရပ်အနည်းငယ်ပိုမြင့်သည်။ ဆံပင်ကောက်ကောက် ဖွာဖွာလေးနှင့် နီးစပ်စပ်နှင့် ဖြူသောအသားနှင့် ဘိုဆန်သည်။

ပိုးအိကတော့ ကျစ်ဆံမြီးနှစ်ဘက် ကျစ်ကာချထားသည်။ သနပ်ခါးရည်ကျဲ လူးထားသည်မှအပ မျက်နှာ၌ပေါင်ဒါ ပင်တင်ဟန်မတူ။ သို့သော် ဝင်းနှစ်နေသော သူမအသားအရည်က အဝါရောင်ပြေးနေသည်။ မြန်မာဆန်သောအလှဖြစ်သည်။ တစ်မျိုးဆီ လှကြသည်။ သို့သော် ကွာခြားချက်တစ်ရပ် ရှိနေသည်။ ထိုကွာခြားချက်ကား ပြုံးယောင်သန်းကာ ချိုမြသော သင်းမောင်ရီ၏ မျက်နှာနှင့် ခပ်တည်တည်နှင့် တစ်လောကလုံး သူ့လုပ်စာ စားနေသည့်အတိုင်းတင်းနေသော ပိုးအိမျက်နှာဖြစ်သည်။

လှိုင်စာပေ



အကြည့်ချင်း ဆုံမိကြသည်။ မျက်မှောင်ချီလိုက်သော ပိုးအိမျက်လုံးကြောင့် သူမလုံမလဲ ခံစားလိုက်ရသည်။

မျက်နှာလွှဲကာ အတန်းထဲ ဝင်ခဲ့လိုက်သည်။

မရွှေပိုးအိက သူ့အားဘာတွေများအလိုမကျကာ အပြစ်တော်တစ်လိမ့်ဦးမည်ကို မခန့်မှန်းနိုင်ပါချေ။

* * *

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ငါ့အတွက်တော့ မိန်းကလေးတစ်ယောက်အမကြောင်း ခေါင်းထဲမထည့်နိုင်သေးဘူး။ ပညာသင်ချိန်မှာ မိန်းမကို စွက်ဖက်လာပြီဆိုရင် ငါတို့ ယောကျ်ားလေးတွေရဲ့ အနာဂါတ်ဘဝအတွက် အကြီးမားဆုံးသော အနှောင့်အယှက် ခလုတ်ကန်သင်းပဲ။ ဒါကြောင့် ငါရည်းစားမထားချင်ဘူး။ ခုချိန်မှာ ပညာရေးသာ အဓိကနဲ့ပတ်သက်တယ်"။

အခန်း (၃)

'အတော်ပဲပိုးအိ၊ နင့်ကို ငါမျှော်နေတာ'

'ဘာကိစ္စရှိလို့လဲ'

မိဘတွေက ဘယ်လောက် တားတား၊ တနင်္ဂနွေ၊ သို့မဟုတ် ဥပုသ်နေ့တွင်တော့ ပိုးအိသည် သူ့ခြံသို့ရောက်လာစမြဲ ဖြစ်သည်။ သူ့ခြံတွင်းရှိသော မာလကာသီး ကိုကိုရှက်ပုန်းသီးများ ရှာဖွေကာ စားတတ်စမြဲဖြစ်သည်။

ထို့ကြောင့် အဖေနှင့်အမေက သူမအား ရှဉ့်မလေးဟု ချစ်စနိုးခေါ်တတ်သည်။

ပိုးအိသည် 'ဘာကိစ္စရှိလို့လဲ' ဟု ဝတ်ကျေ တမ်းကျေ သဘောမေးပြီး မာလကာပင်ဆီသို့ လျှောက်သွားသည်။

လှိုင်စာပေ



မာလကာပင်အောက်၌ ဟိုဒီမော့ကြည့်ကာ ရှက်ပုန်းသီးကို ရှာနေသည်။

သူမအတွက်ဆိုကာ မာလကာသီး ပွကြီးများကို မြင်သော်လည်း သူတို့မိသားစုသည် မခူးဘဲချန်ထားခဲ့ စမြဲဖြစ်သည်။

'ရှဉ့်မလေးရေ ထမင်းစားသွားမလား'

'မစားဘူးအစ်မ'

သူ့ အစ်မနှင်းဝေက လှမ်းအော် မေးလိုက်သည်ကို ဖြေလိုက်ပြီးမှ....

'ဘာဟင်းချက်သလဲ'

'မှိုစင်းကော'

'ဟင်....ဟုတ်လား....ဒါဖြင့် စားမယ်၊ အခုစားလို့ရပြီလား'

'အင်း....ဟင်းချိုဆိုရင် စားလို့ရမှာယ်'

အပေါင်ဇာတိဖြစ်သော အမေကြောင့် မှိုစင်းကော၊ မှိုချဉ်ပတ်နှင့် မှိုဟင်းချိုတို့ကို မကြာခဏ လုပ်စားလေ့ရှိသည်။ ထိုအစားအစာကိုတော့ ပိုးအိကြိုက်မြန်သည်။

ပိုးအိသည် အစားရွေးသည်။ ကြိုက်လာပြီဆိုလျှင်လည်း မက်မက်မောမောပင် မရှိုးအိတတ်....

'ဒီလိုဆိုမာလကာသီး ရှာခူးလိုက်ဦးမယ်'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'တွေ့လား'

'တွေ့လိမ့်မယ်၊ လာမပြန့် ငါ့ဟာ ငါရှာမယ်'

**ပိုးအိ၏** ခံစားချက်က တစ်မျိုးပင်။ မာလကာသီးကို သူများရှာဖွေပေး၍ ခူးရသည်ကိုမကြိုက်။ ကိုယ်တိုင်ခူးဆွတ်စားသုံးရသည်မှာ ပို၍အရသာရှိသည်ဟု ယူဆကာသူများပြပေးသော အသီးကိုမခူးဘဲ၊ သူမဖွာသာ ရှာဖွေ၍ခူးဆွတ်တတ်သည်။ ပြီးလျှင်....ရေမဆေးဘဲ လက်နှင့် ဖုံကိုသုတ်ပြီး တဂျွမ်းဂျွမ်းနှင့် ကိုက်စားလေသည်။

'ဟေ့....ထမင်းစားပြီးမှ စားပါလား'

'ရတယ်....နောက်မှစားမယ်၊ကဲနေဦး....နင်ငါ့ကို ဘာကိစ္စမျှော်နေတာလဲ'

'မေးစရာရှိလို့'

'ဘာလဲ....သင်းမောင်ရီအကြောင်း မေးမလို့လား'

'ဘာဆိုင်လို့လဲ'

'တော်တော်များများ သူငယ်ချင်းတွေက သူ့အကြောင်းပဲ မေးနေကြလို့'

'ငါ့အတွက်တော့ မိန်းကလေး တစ်ယောက်အကြောင်းခေါင်းထဲမထည့်နိုင်သေးဘူး၊ ပညာသင်ချိန်မှာ မိန်းမကိစ္စစွက်ဖက်လာပြီဆိုရင်၊ ငါတို့ယောကျ်ားလေးတွေရဲ့ အနာဂတ်ဘဝအတွက် အကြီးမားဆုံးသော အနှောင့်အယှက်





ခလုတ်ကန်သင်းပဲ၊ ဒါကြောင့် ငါ့ရည်ရွယ်ချက် မပျက်ပြားချင်ဘူး၊ ခုချိန်မှာ ပညာရေးသာအဓိကနဲ့ ပဓာနပဲ'

'ငါဟာလည်း မိန်းကလေးတစ်ယောက်ဘဲ မဟုတ်ဘူးလား'

'ဟုတ်တယ်၊ ဒါပေမယ့် နင်ဟာ အမေနဲ့အစ်မကလွဲရင် ငါနဲ့ အရင်းနှီးဆုံးမိန်းကလေးဆိုတော့ နင့်အကြောင်းတော့ ငါစိတ်ဝင်စားတယ်'

'ဆိုပါဦး၊ ဘာများ စိတ်ဝင်စားရပြန်ပြီလဲ၊ ထူးထူးဆန်းဆန်း'

'နဝ်....ငါ့အင်္ကျီကို ဘာလုပ်ပစ်လိုက်တာလဲ'

'ဩော်....ဒါလား၊ ဒါနင်မသိဘူးလား၊ ငါတမင် မီးကျွမ်းအောင် လုပ်လိုက်တာလေ'

'ဘာဖြစ်လို့လဲ....အဲဒီလိုလုပ်ရတာလဲ'

'နင့်အင်္ကျီက ရိုပြခါနီးပြီ ကံကောင်းလို့ ပြာမကျတယ်။ အဟင်း....ဟင်း....တော်သေးတယ်၊ ငါလိုချင်တဲ့ကွက်တိရပြီး ကျွမ်းရုံကျွမ်းသွားလို့'

ပိုးအိသည် အခြားသူတစ်ယောက်သာဆိုလျှင် သူဆဲ့ထိုးမိမှာတော် ဒေါသဖြစ်လိမ့်မည်ထင်ပါသည်။ မခိုးမခန့်နှင့် မခံချင်စရာ၊ ဒေါသထွက်စရာကောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြောလေ….ဘာဖြစ်လို့ ရှို့ရတာလဲ'

'ရှို့ချင်လို့ပေါ့၊ နှင်တွေးတတ်ရင် နှင်သိမှာပါ'

ပိုးအိကပြောပြီး အိမ်ပေါ်တက်သွားသည်။ အားလုံး၏ အလိုလိုက်ခြင်းကိုခံရသော ပိုးအိပုံစံက ထောင့်မကျိုးသည့် ပုံစံများ အများကြီးဝင်နေသည်။

သူနားလည်ပါသည်။ ပိုးအိက သူ့အား နှစ်တိုင်းလိုလို အဝတ်တစ်စုံဝယ်ပေးနေကျဖြစ်သည်။ သူကလည်း တစ်နှစ်မှ လက်မခံခဲ့။ ဒီနှစ်တော့ ပိုးအိသည် အပိုင်ချိကာ ပေးလိုက်ခြင်းဖြစ်လေသည်။

ပိုးအိဆင်ထားသောအကွက်ကို သူနင်းမိချေပြီ။

'ဒါပေါ့ပိုးအိ၊ နှင်က ငါ့ရဲ့အားနည်းချက်ကိုသိနေတော့ နှင့်ဆန္ဒကို နှင်အကောင်အထည်ဖော်လိုက်တာပေါ့ ဟုတ်လား'

'အဲ့ဒါဘာဖြစ်သလဲ၊ နှင့်ကို ငါခင်လို့ နှင့်မှာမရှိမှန်းသိလို့ ငါက ရိုးရိုးတန်းတန်းဝယ်ပေးတယ်၊ နှင်လက်မခံဘူး၊ ဒါကြောင့် အခွင့်အခါသာခိုက်မှာ ငါဉာဏ်ဆင်လိုက်တာပဲ အဲဒါကို အပြစ်တစ်ခုလို့ ကောက်ကျစ်မှုတစ်ခုလို့ နှင်ယူဆတယ်ဆိုရင်လဲ ငါစိတ်မကောင်းပါဘူး၊ ဒါပေမယ့် ငါကျူးလွန်ခဲ့တဲ့အပြစ်ဟာ နှင့်အပေါ်ထားရှိတဲ့ စေတနာကြောင့် ဖြစ်ပေါ်လာတဲ့အမှားပဲလို့ နှင်မှတ်ယူလိုက်ပါ'

လှိုင်စာပေ



ပြုံမယောင် မိုးကဲ့သို့အုံ့မှိုင်းညှိုးမြည်းသွားသော ပိုးအိမျက်နှာရိပ်နှင့် ကြေကွဲဖွယ်စကားကြောင့် သူပင် စိတ်မကောင်းဖြစ်သွားကာ….

'နှင် စိတ်မကောင်းဖြစ်သွားသလား ပိုးအိ'

'ဒါက နှင်တွေးကြည့်ရင် သိသာနိုင်ပါတယ်'

ပိုးအိ၏ လက်သုံးစကားကဲ့သို့ ဖြစ်နေသည်။

'ငါ နှင့်စေတနာကို နားလည်လက်ခံပါတယ်၊ ဒါပေမယ့်ဟာ ငါနှင့်ကိုခင်တွယ်ခြင်းမှာ နှင့်ဆီကဘာကိုမှ မျှော်လင့်ချက်မထားဘဲ ဖြူစင်စွာ ချစ်ခင်ခြင်းကို ငါအမြဲ လိပ်ပြာသန့်နေချင်လို့ပါ၊ နှင့်ရဲ့လက်ဆောင်ကို ငါယူမိထားလို့ ငါ့လိပ်ပြာက ငါ့ကိုခြောက်လှန့်နေတယ်'

'ဒါကတော့ နှင့်ရဲ့ ငါ့အပေါ်ထားရှိတဲ့ ခင်မင်မှုက လျော့ပါးနေတာကိုး ခင်မင်တဲ့သူငယ်ချင်းကြားမှာ အသေးအမွှားကိစ္စလေးကို ပုံကြီးချဲ့စရာမလိုအပ်ဘူး၊ ဒါနဲ့ပတ်သက်ပြီး နှင်ငါ့ကို ဘာမှထပ်မပြောနဲ့တော့ ငါစိတ်ဆိုးလို့ပလာတဲ နေရင် နှင့်အိမ်က မာလကာပင်ကြီး ငိုနေလိမ့်မယ်'

'ဟဲ့….ရှဉ့်မလေး၊ ထမင်းစားမယ်ဆိုပြီး မာလကာသီးစားနေရသလား'

'ထမင်းက ထမင်း၊ မာလကာသီးက မာလကာသီးပဲ တခြားဆိုပါ ဒေါ်လေးရယ်၊ ရပါတယ်….စိတ်ချ….စဉ်းစားကာ တစ်ကိုးလောက်ကတော့ သာလေးကုန်တယ်'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမေကတော့ ပြုံး၍သာ 'အေးအေး' ဟုဆိုရင်း ပိုးအိ မာလကာသီးစားနေပုံကို သဘောကျစွာကြည့်နေသည်။

ငယ်စဉ် ဂါဝန်နဲ့ဘဝကတည်းက မာလကာသီးကို သူ ကိုယ်တိုင် လက်နှင့်ခူးစားချင်သည်ဟုဆိုကာ မာလကာပင် ပေါ် ကိုယ်တိုင်တက်၍ ခူးစားခဲ့သူဖြစ်သည်။ ကြီးလာတော့ ထဘီနှင့် သစ်ပင်ပေါ်တက်၍ မကောင်းဘူးဆိုကာ မတက် သည်မှအပ ငယ်စဉ်ကပုံစံအတိုင်းပင်။

သူ့မျက်ဝန်းထဲ ဂါဝန်အဖြူအထပ်ထပ်ကို ဝတ်တတ်ပြီး ပါးဖောင်းဖောင်းလေးနှင့် ဂျပန်ဆံထောက်ထားတတ်သော ပိုးအိပုံစံကို ပြန်ပြောင်း သတိရလာသည်။

'သူမစား၍မကုန်လျှင် 'ရော့နင်စား' ဟု ပေးတတ်သည်။ သူက 'ရှီတယ်နင်စားပြီးသားကြီး မစားချင်ဘူး' ဟု စလျှင် စိတ်ဆိုးကာ 'နင့်က ငါ့ကိုမှမချစ်ဘဲ' ဟု ဆိုကာ မာလကာ သီးကို လွှင့်ပစ်ပြီး ထွက်သွားတတ်သည်။

သူမ အငြိုးအငြင်မခံသဖြင့် သူနောက်ဘယ်တော့မှ မစ, တော့ချေ။

'ရှဥ့်မလေးရေ၊ ထမင်း အဆင်သင့်ဖြစ်နေပြီ နယ်ရတော့ မလား'

တစ်ဝက်မျှကျန်သေးသော မာလကာသီးကို နှမြောတသ စွာကြည့်ပြီး သူ့အားလှမ်းကြည့်လိုက်သည်။

လှိုင်စာပေ



'ရော... နင်ဆက်စားလိုက်'

သူ့ထံ လှမ်းပစ်ပေးလိုက်သည်။ သူက ခွင့်လွှတ်ပြုံးနှင့် လှမ်းဖမ်းကာယူစားလိုက်သည်။ သို့မှသာ သူမမျက်နှာကြည် ရွှင်သွားလေသည်။

အပြောင်းအလဲမရှိသော ငယ်ကတည်းက ကျွမ်းခဲ့ရသည့် ငယ်ကျွမ်းမျက်နှာ ပြုံးရွှင်ခြင်းကိုသာ မြင်လိုပါသည်။

'ငါနယ်ပေးရမလားလို့'

'အစ်မကလဲ အထူးအဆန်းလုပ်လို့ ဘယ်တုန်းက ပိုးအိ ဖာသာနယ်စားလို့လဲလို့'

အစ်မကိုလည်း သူ့အစ်မရင်းသဖွယ် ဆိုးနွဲ့နေကြ ဖြစ် သည်။ တစ်ဦးတည်းသော သမီးဖြစ်၍ မိမိတို့မောင်နှမ အပေါ်များ လာရောက်သံယောဇဥ်ဖြစ်နေသလားဟု တွေး လိုက်မိသည်။

မှိုဟင်းချိုပူပူကို မှုတ်သောက်နေသော ပိုးအိမျက်နှာလေး က အပြစ်ကင်းစင်နေသည်။

'အငယ်ကော စားတော့မလား'

'အင်း...,မာလကာသီးစားပြီးရင် စားမယ်'

'စားနိုင်ကြပါတော့မလားကွယ်'

'စားနိုင်ပါတယ်'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစ်မက ပိုးအိအတွက် နယ်ပြီး ဇွန်းတစ်ဏာ ပိုးအိရှေ့သို့ တွန်းပို့လိုက်သည်။

'စား....လိုတာရှိသလား....မြည်းကြည့်ပါဦး'

'အစ်မလက်ရာ ဘယ်တုန်းက လိုဖူးလို့လဲ'

ဟန်ဆောင်ခြင်း ကင်းမဲ့စွာဖြင့် စားသောက်နေသော ပိုးအိကို အမှတ်မထင် ငေးမိစဉ်....

'ဟဲ့ အငယ်... ငေးမနေနဲ့ ငေးရုံနဲ့မဝဘူး၊ ရော့....စားတော့၊ ဘယ်တုန်းကမှ ဒီအချိန် မစားဘူးဘဲ သူ့သူငယ်ချင်းလာလို့ စားတာဟေ့'

အစ်မ စကားကြောင့် ပိုးအိထံမှ မျက်နှာလွှဲကာ နယ်ပြီးသော ထမင်းပန်းကန်ကို သွမ်းယူလိုက်သည်။

တီတီ....တီတီ...

'ဟင်....ဘယ်သူပါလိမ့်၊ ကြည့်လိုက်ပါဦး အငယ်'

အစ်မ စကားကြောင့် သူ့ အိမ်ရှေ့ပဲ လှမ်းကြည့်လိုက်သည်။

မှတ်ဉာဏ်ကောင်းသော သူ့ အတွက်က သိလိုက်လေပြီ။ သူ့ အား ရှုံ့စင်စေသော ကားလေး....

ဟင်းခနဲ သက်ပြင်းချသံ သဲ့သဲ့ကြားလိုက်ရသည်။ ဘယ်သူ့ထံက ဖြစ်နိုင်သနည်း။ ပိုးအိထံကလား၊ အစ်မထံကလား။





'ကိုကျော်ဝေရှိပါသလား အန်တီ'

ချိုလွင်သော အသံလေးက ထွက်ပေါ်လာသည်။ သူ မနေသာတော့။ အသာထလိုက်သည်။

ပိုးအိကတော့ လုံးဝ သူနှင့်မဆိုင်သည့်အလား အစားအသောက်မပျက် ရှိနေချေသည်။

'ရှိတယ်....လာတက် သမီး'

'လာ...သင်း၊ ကျွန်တော့်အိမ်ကတော့ မြင်တဲ့အတိုင်းပဲ၊ ခပ်နုပ်နုပ်ပဲ'

'နုပ်တယ် ခန့်ညားတယ်ဆိုတာ အကြောင်းမဟုတ်ပါဘူး ကိုကျော်ဝေ၊ နေစရာ လုံလုံခြုံခြုံ အေးအေးချမ်းချမ်းရှိရင် ပြီးတာပဲမဟုတ်ဘူးလား၊ အိုင်တော့ ယူတို့ အိမ်ရိပ်လေးထဲ ဝင်လိုက်ရတာကိုပဲ ချမ်းမြေ့သွားတာပဲ'

တစ်ဘက်သား နားဝင်ချိုအောင် ပြောပြနိုင်စွမ်းရှိသော သင်းမော်ရီနှင့် အမေ့ကို မိတ်ဆက်ပေးပြီး ထမင်းစားဝိုင်းလေးသို့ ခေါ်ခဲ့ရသည်။

'အိုး....ယူပေါ် ရောက်နေတာကိုး၊ အိုင်တောင် ယူ့အိမ်ဝင်ခဲ့သေးတယ်၊ ယူ စူးမာတို့အိမ် သွားတယ်ဆိုလို့'

'အင်း....စူးမာတို့အိမ်သွားမယ်လို့ လိမ်ပြောခဲ့တာ'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေတို့က ကျော်ဝေတို့အိမ်သွားမယ်ဆိုရင် မလွှတ်လို့ ညာပြောခဲ့တာ၊ တစ်ခါတစ်ရံလဲ မှသားပါမှ လက်ခါချောရ မယ့် အဖြစ်ဆိုတော့လဲ မှသားသုံးလိုက်ရတဲ့ အခါလဲ ရှိတာ ပေါ့'

ပိုးအိက ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်သည်။

မိုးတိုးမတ်တတ် ဖြစ်နေသော သင်းမောင်ရီအား အစ်မ က.....

'ထိုင်လေ ညီမ'ဟုဆိုကာ အကဲခတ်နေသည်။ ထို့ကြောင့် သူက....

'အစ်မ ...ဒါ ပြီးခဲ့တဲ့အပတ်ကမှ ကျွန်တော်တို့ကျောင်းကို ပြောင်းလာတဲ့ ကျောင်းသူ အသစ်ပဲ၊ နာမည်က သင်း မောင်ရီ'

'ဟုတ်လား....ချစ်စရာလေး'

'သင်း....ဒါ ကျွန်တော့် အစ်မ မနှင်းဝေပါ၊ ကျွန်တော် တို့က မောင်နှမနှစ်ယောက်တည်း ရှိတယ်'

'မမက ကျက်သရေရှိတယ်နော်....ကိုကျော်ဝေလိုပဲ'

'အဟင်း....မြှောက်မပြောလဲ မှိုစင်းကော ကျွေးမှာပါ၊ စား စား ... သင်း'

အစ်မ၏ ဖော်ရွေတတ်သော ထုံးစံအတိုင်း သူ့အတွက် သုပ်ထားသော မှိုစင်းကော ပန်းကန်ကို သင်းမောင်ရီရှေ့ သို့ ချပေးလိုက်လေသည်။





'မှိုစင်းကောဆိုတာ ဘာလဲဟင်'

'မှိုစင်းကောဆိုတာ...မှိုစင်းကောပေါ့၊ ကိုင်း ... စား သူငယ်ချင်း၊ ကိုယ် မာလကာသီး ခူးရင်း အောက်မှာ စောင့် နေမယ်...စားလိုက်ဦး'

ပိုးအိက ပြောပြောဆိုဆို ထမင်းဝိုင်းမှ ထသွားလေ သည်။

'ဟဲ့ - ရွှဲ့မလေး တော်ပြီလား'

'အင်း'

အစ်မ အမေးကို လှည့်မကြည့်ဘဲ ထွက်သွားလေသည်။ ပိုးအိ ပန်းကန်၌ မှိုစင်းကော တစ်ဝက်မျှ ကျန်သေးသည်ကို တွေ့လိုက်ရသည်။

'ဒီကောင်မလေး.... မာလကာသီးတွေ စားထားတော့ ဘယ်စားနိုင်ပါမလဲ'

အစ်မ ပြောသကဲ့သို့ပဲ ဖြစ်လိမ့်မည် ထင်ပါသည်။

'မှိုစင်းကောဆိုတာ ဘယ်လိုလုပ်တာလဲဟင် အစ်မ... အရမ်းစားလို့ကောင်းတာပဲ'

သင်းမောင်ရီက မှိုစင်းကောကို တစ်လုပ် ခပ်အစားပြီး၌ မေးလိုက်သည်။

အစ်မကတော့ သူ့လှကျရာအတွက် ကျေနပ်ဂုဏ်ယူသော ပီတိဖြင့် ပြုံးပြုံးကြီးဖြစ်ကာ ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မှိုပွင့်နဲ့ အဖူးလေးတွေကို ဆီသတ်ပြီး ထမင်းဦးပေါင်းနဲ့ သမအောင် ရောမွှေတာပေါ့၊ လိုအပ်သလို ဆားတော့ နည်းနည်းထည့်တယ်၊ မှိုက ချိုပြီးသားဆိုတော့ အချိုမှုန့်တော့ အစ်မ မထည့်ဘူး၊ ဒါပေမယ့် အချို့ကလဲ အချိုကြိုက်တော့ နည်းနည်းတော့ ထည့်တယ်'

'ထမင်းဦးပေါင်းဆိုတာ ဘာလဲဟင်'

'သေဟဲ့နန္ဒိယ' ဟုသာ ကျော်ဝေ သူ့နဖူးသူ ရိုက်ချင်စိတ် ပေါက်သွားသည်။ ထမင်းဦးပေါင်းဆိုတာပင် နားမလည်သော မိန်းကလေး တစ်ဦးသည် မီးဖိုချောင်မှပင် ရောက်ဖူးပါလေစဟု တွေးလိုက်မိသည်။

စိတ်ရှည်သော အစ်မကတော့ အပြုံးမပျက် ရှင်းပြလေသည်။

'ထမင်းဦးပေါင်းဆိုတာ ကျက်လို့ ထမင်းရည်ငှဲ့နှပ်ပြီး နှပ်သွားလို့ အငွေ့တထောင်းထောင်း ထနေတဲ့ ထမင်းပေါ့'

'မပူဘူးလား'

'ပူမှပဲ သမသွားပြီး မှိုရဲ့အချိုဓာတ် စိမ့်ဝင်သွားတာပေါ့၊ အဲ... စားချင်တဲ့အချိန်ရောက်တော့ ရှောက်သီးစိတ်လေးညှစ်၊ ငံပြာရည်၊ ပဲမှုန့်၊ ကြက်သွန်နီ ဆီချက်ကလေးနဲ့ သုပ်ပြီး စားရတာပဲ၊ အဲဒါ မှိုစင်းကော့ပဲ'

'ကောင်းတယ်နော်... သမီး အခုမှပဲစားဖူးတယ်၊ ဟင်းချိုက်ကော'





'မှိုစင်းအောအတွက် အပွင့်နဲ့ အဖူးကို ယူလိုက်တော့ အရိုးချည်းပဲ ကျန်တယ်မှတ်လား၊ အဲဒီ အရိုးကိုနွှာပြီး ဟင်းချိုချက်ထားတာ၊ ဆူလာရင် ကြက်သွန်နီလေး ပါးပါးလှီးပြီး ခတ်၊ ရှောက်သီးစိတ်လေးညှစ်ပြီး အအိမ့်မြှ သောက်လို့ရတာပေါ့'

'ကောင်းတယ် အစ်မ... သင်းတော့ ဗမာထမင်းဟင်းတွေဆို သိပ်ကြိုက်တာပဲ၊ မှာမာတို့ ဟင်းတွေဆို ချိုရဲ — အိတောက်တောက်၊ ပေါ့ရွှတ်ရွှတ်ကြီး— စားရတာ စိတ်ညစ်တယ်'

'ဘယ်လိုဟင်းတွေမို့ လို့လဲကွယ်'

'ကြက်သားရှို့စ်တို့ ဆိတ်သားရှို့စ်တို့ပေါ့ အစ်မရာ.... တစ်ခါတစ်ရံ စားချင်စိတ်ကို မရှိတော့တာဘဲ—အာလူးကလဲ အဖြူထည်လေ'

'ဟုတ်လား'

အစ်မကတော့ အံ့အားသင့်စွာဖြင့် သင်းမေ့ခင်ရီကို ငေးကြည့်နေသည်။ ဘိုဆန်သော အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသော သင်းမေခင်ရီသည် အစားအသောက်မှအစ ဘိုဆန်ဆန် စားသောက်ရပုံရသည်။ အပူအစပ် မစားသဖြင့် သူမအသားအရည် ဖြူနေသလားဟုပင် ထင်မှတ်ရသည်။

ချဉ်ငန်စပ် ကြိုက်သော အစ်မအတွက် သင်းမေခင်ရီကတော့သည် အထူးအဆန်း ဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုစားတော့ ထမင်းမြိန်ရဲ့လား'

'အကျင့်ဖြစ်နေပြီကိုး အစ်မရဲ့စားလို့ရပါတယ်'

'ဩော်'

အထူးအဆန်းဖြစ်၍ စင်စားပုံရသော်လည်း သိပ်စားနိုင်ပုံမရချေ။ ဟင်းချိုခဏခဏသောက်ကာ နောက်ဆုံးတစ်ဝက်ဖြင့် လက်စသပ်ကာ....

'စားလို့တော့ ကောင်းတယ်....ဗိုက်တင်းနေလို့ မစားနိုင်တော့ဘူး အစ်မ'

'ရပါတယ်'

ဆန်တန်ဖိုးနားမလည်သူ သူဌေးသမီးနှင့် အရူရှိုကြီးသမီးကတော့ ထမင်းတစ်ဝက်စီ ထားကာ ထသွားကြလေသည်။

ဆန်တစ်ပြည်ရရန် မနည်းရှာဖွေနေရသော သူတို့မိသားစုထဲမှ အစ်မကတော့ သူတို့ချန်ထားရစ်သော ထမင်းများကို ဆက်စားပေတော့မည်။

'ဩော်....အန်တီတို့အတွက် ချောကလက်ပါတယ်'

သင်းမောင်ရီက ကျော်ဝေ့ အစ်မလက်ထဲ ချော့ကလက်ထုပ်ကို ထည့်ပေးလိုက်လေသည်။

အမေကမမြင်ဘူးသဖြင့် အထူးအဆန်းသဖွယ် ချော့ကလက်ထုပ်ကို ဖင်ပြန်ခေါင်းပြန် ကြည့်နေသည်။

'နိုင်ငံခြားက သင်းတို့ အန်ကယ် ပို့ပေး လိုက်တာပါ အန်တီ....ကျော်ဝေ....ပိုးအိနောက် လိုက်ရအောင်'

လှိုင်စာပေ



'သွားလေ'

အိမ်လေးပေါ်မှ နှစ်ယောက်သားဆင်းကာ ခေါင်းရင်းဖက်ရှိ မာလကာပင်ကြီးနား ရောက်ခဲ့ပါသည်။ မြေပေါ်တွင် တိုးလိုးလဲနေသော တံချူတန်လေးမှအပ ခူးဆွတ်သူကင်းမဲ့လျက်ရှိသည်။

'ဟင်....ပိုးအိကော ပြန်သွားပြီလား'

သင်းက အံ့အားသင့်စွာ မေးသည်ကိုသူက...

'ဟုတ်မှာပေါ့....ထင်တာပဲ'

ဟု မရေရာသော စကားကိုသာ ဖြေလိုက်နိုင်သည်။

ပိုးအိစိတ်သည် ခန့်မှန်းရ ခက်ခဲအောင် နက်နဲသည်ဟု ကျော်ဝေထင်သည်။

* * *

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"နောက်မှပေါ်တဲ့ ရွှေကြာပင်၊ နောက်ပေါက်တဲ့ ရွှေကြာပင်လို့လဲ ပြောလို့ရတယ်၊ ဆိုလိုတာက အခုမှပေါ်လာပေမယ့် အလျင်ပေါ်တဲ့ ကြာပင်တွေထက် အဦးအမြွက်ထားခံရတဲ့ ကြာပင်လိုမျိုးလို့ ဆိုလိုတာ"

အခန်း (၄)

'ယူမုန့်သွား မစားဘူးလား'

'မဆာလို့ပါ.. သင်းကော'

'သင်းက မုန့်ပါတယ်။ မုန့်ဟင်းခါးတွေ စားပြီး ဗိုက်နာတယ် ဝမ်းပျက်တယ်ဆိုပြီး မာမာက မုန့်ဘူးပဲ ထည့်ပေးတယ်၊ ယူစားပါဦးလား ပေါင်မုန့်နဲ့ စတော်ဗယ်ရီ ယိုထုပ်ပါတယ်'

'ကျေးဇူးပဲ ဒါပေမယ့် ကျွန်တော် အဲဒီလိုအစားအစာတွေ မကြိုက်တတ်လို့ပါ'





'ဒါဖြင့်အိုင် ယူ့ကို စာမေးချင်လို့ရမလား'

'ဟား...စာမေးချင်ရင် ဆရာမတွေ သွားမေးပေါ့၊ ကျွန်တော် က ဆရာတွေလှောက် တတ်ပါ့မလား'

ကျော်ဇေ အမှန်အတိုင်း ဖြေလိုက်သည်။ ဆရာမတွေရှိရက်နှင့် အားထားနိုင်ပါလျက် မိမိအား လာမေးသည်ဆိုတော့ တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ အတန်းထဲ၌ ပိုးအိသည်အမြဲ ပထမရသူဖြစ်သည်။

မေးစရာရှိလျှင် အတူထိုင်သော စာတော်သော ပိုးအိအား မေးသင့်သည်ဟုလည်း၊ တစ်သဖြင့် စိတ်ထဲရှိသည် အတိုင်း ပင်ဖြေလိုက်သည်။

'မဟုတ်ပါဘူး။ ယူက မြန်မာစာ တော်တော့ အိုင်က စကားပုံတွေနဲ့ ပတ်သက်ပြီး သိချင်လို့ပါ။ ယူက ရွှေးကိုင်ထိုက်တာ မြန်မာစာတော်တဲ့ ယူ့ကိုဆရာတင်တာကို ယူက စေတနာမရှိတော့လည်း ရပါတယ်'

'ဒီလိုမဟုတ်ပါဘူး ကျွန်တော်က သင်းအတွက်ပိုကောင်းမယ်ထင်တဲ့ စေတနာနဲ့ အကြံပေးတာပါ။ သင်းကဘာများ သိချင်လို့လဲ ပြောပါဦး'

'စကားပုံတွေရဲ့ အဓိပ္ပါယ်ပါ၊ အိုင်က မြန်မာစာမှာ အားနည်းတော့ စကားပုံတွေရဲ့ အဓိပ္ပါယ်ကို တော်ရုံနဲ့နားမလည်နိုင်လို့ ယူ့ကိုဆရာတင်တာပါ။ ဒါပေမယ့် အိုင်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ယူရဲ့အလိုးတန်တဲ့ အချိန်တွေကို ဖဲ့ပေးရမယ် ဆိုရင်တော့လည်း ရှိပါစေတော့'

မြန်မာစာ အားနည်းပေလို့သာပဲ အားများနည်းလျှင် ကမ္ဘဝါဖတ်တော့မလား ထင်မှတ်ရလေသည်။

'ရပါတယ်။ ပညာပါရမီဆိုတာ ဖြည့်ပေးလို့ကောင်းပါတယ်။ ကျွန်တော် ရှင်းပြပေးပါမယ်။ ဘာတွေနားမလည်ဘူးလဲ'

ကျော်ဝေက အေးဆေးစွာပင် မေးလိုက်သည်။ တကယ်တော့ သူ သင်းမောင်ရီ၏ အနေအထိုင် အပြုအမူတို့ကို မကြိုက်ပါ။

ကျောင်းသားများနှင့် ရောရောနှောနှော ရင်းရင်းနှီးနှီး ဆက်ဆံလွန်းသည်။ သူတစ်ယောက်တည်းကိုသာ ရင်းနှီးသည်မဟုတ်။ ဆိုရှယ်ကျသည်ဟု ပြောကြသည်။

အချို့ကလည်း စာတိုက်ပုံးဟုခေါ်နေသည်။ ဘာကြောင့် ထိုသို့ခေါ်သည်ကို ကျော်ဝေ နားမလည်သေး—

'ခုမှပေါ်တဲ့ ရွှေကြာပင်ဆိုတာ ဘာလဲဟင်'

'အင်း—နောက်မှပေါ်တဲ့ရွှေကြာပင်၊ နောက်မှပေါက်တဲ့ ရွှေကြာပင်လိုလဲ ပြောလို့ရတယ်။ ဆိုလိုတာက အခုမှပေါ်လာပေမယ့် အလျင်ပေါ်တဲ့ ကြာပင်တွေထက် အဦးအမြတ် ထားခံရတဲ့ ကြာပင်လိုမျိုးလို့ ဆိုလိုတာ'





'ဒါဖြင့်အိုင့်ကို ဘာဖြစ်လို့ အဲဒီလို နှိုင်းကြတာလဲ'

'ဘယ်သူတွေ ခေါ်လို့လဲ'

'ဒီလိုပဲ အချို့ပြောသံကြားလို့ မေးကြည့်တာ'

'ဪ'

ရောက်လာပြီး နှစ်လသုံးလအတွင်း တစ်ကျောင်းလုံးရှိ ကျောင်းသားများ ပါးစပ်ဖျားတွင် ရေပန်းစားလာသော သင်းမောင်ရီကို မလိုစိတ်ရှိသူများက ခုမှပေါ်တဲ့ ရွှေကြာပင်နှင့် နှိုင်းနှိုင်းခြင်း ဖြစ်ဟန်တူသည်။

သင်းမောင်ရီသည် ရဲတင်းဖျတ်လတ်သည်။

'အိုင်သိချင်တာက အဲဒီလိုဘာဖြစ်လို့ ခေါ်ရတာလဲ'

'ဪ…သင်းကနောက်မှ ရောက်လာပေမယ့် အရင်ရှိတဲ့လူထက်တွေကို ပေါ်ပြူလာဖြစ် ရေပန်းစားလို့ ဖြစ်မှာပေါ့'

သူက ခပ်အေးအေးပင်ရှင်းပြပြီး အိမ်စာကို ဆက်တွက်လိုက်သည်။

ထိုစဉ် ပိုးအိဝင်လာသည်။ တောက်လျှောက်ပင် သူတို့နှစ်ဦးဆီလျှောက်လာသည်။ ပိုးအိ၏မျက်နှာသည် ပုပ်သိုးနေသည်။ လမ်းလျှောက်ပုံမှာ ဒေါနှင့် မောနှင့် ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



'သင်း'

'ဆို သူငယ်ချင်း ဘာဖြစ်လို့လဲ'

'မိုက်ခ်ကိုကြည့်ပြောထား ငါ ဒီတစ်ချီတော့ နင့်မျက်နှာနဲ့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို ငါလုံးဝခွင့်မလွှတ်တော့ဘူးလို့'

'ဘာလုပ်လို့လဲ၊ မိုက်ခ်ကတော့လေ ပြောထားရဲ့သားနဲ့'

မိုက်ခ် မောင်ရီသည် ဆယ်တန်းကျောင်းသားဖြစ်သည်။ သင်းမောင်ရီ၏ အစ်ကိုလည်းဖြစ်သည်။

'ဘာလုပ်လို့ရမလဲ လုပ်ရဲလုပ်ကြည့်ပါလား မီးပွင့်သွားမှာပေါ့၊ ခုဟာက မထိတထိနဲ့စနေတာ'

'ဘယ်လိုစလို့လဲ'

'ဘယ်လိုစစပေါ့ နင့်ကိုသံတော်ဦးတင်နေရဦးမှာလား'

ကျော်ဝေ၏ ဖြတ်အမေးကို ပိုးအိက ဘုတောပစ်လိုက်သည်။

သင်းမောင်ရီက အပြုံးမပျက်ဘဲ...

'အိမ်မှာလဲ ယူ့အကြောင်းပဲ မေးနေလို့ အိုင်ဟန့်ထားပါရက်နဲ့ စဖြစ်အောင် စသေးတယ်၊ ဒါပေမယ့် အိုင့်ဘရားသားက ရှင်းပါတယ်၊ ယူ့တစ်ယောက်ထဲကိုပဲ စိတ်ဝင်စားဖူးတာ'

'သေလိုက်ပါလား၊ နင့်အစ်ကိုအူးယိုကို တစ်သက်လုံး မသုံးဘူးမှတ်'





ပိုးအိကတော့ ခပ်ဖြတ်ဖြတ်ပင်ပြောချလိုက်ပြီဟု ကျော်ဝေ သဘောကျသွားသည်။ ဘိုဆန်သော သင်းမောင်ရီကတော့ အပြုံးမပျက်ပင်....

'ရွှေယောင်းမကလည်း ဒေါနကြီးပဲ စပါယ်လေး ဘာလေးများ မရအူးလား'

'ထောင်တန်စကား ရယ်ဖော်ရအောင် လုပ်မနေနဲ့မိသင်း ငါက နင်နဲ့စိုပြီးတွဲလှက် မခြောက်ချင်လို့ ဒီလောက်အရေးတစ်ယူလုပ်ပြောနေတာ ယ်မှတ်၊ နောက်မှ ငါ့အဆိုးမဆိုနဲ့ ဒါပဲ'

ပိုးအိသည် ကျော်ဝေအပေါ်၌ တင်းမာရိမ်က သင်းမောင်ရီအပေါ်မှာ အနိုင်ယူလာသည်။ သဘောကောင်းသော သင်းမောင်ရီကလည်း ပိုးအိ ဘာပြောပြော ပြုံးပြုံးနှင့် ခွင့်လွှတ်နေလေသည်။

ကျော်ဝေကပင် ကြားမှ သင်းမောင်ရီကို အားနာသွားသည်။

ပိုးအိက ပြောချင်တာပြော၍ အားရသွားဟန်တူသည်။ လှည့်ထွက်သွားသည်။

ထိုအခါ သင်းမောင်ရီက ခပ်တိုးတိုး...

'ကိုကျော်ဝေ'

'ဘာလဲသင်း'



www.burmeseclassic.com

www.burmeseclassic.com



'ပိုးအိမြေပြောသွားတဲ့ စိုထဲ့လက်မှခြောက်စေနဲ့ဆိုတာ ဘာ
လဲဟင်'

ကလင်....ကလင်....ကလင်....

ကျောင်းတက်ခေါင်းလောင်းသံ မြည်ဟီးသွားသည်နှင့် တစ်ပြိုင်နက် အချိန်ကိုတစ်စက္ကန့်မျှ အလဟဿအဖြစ်မခံချင်သော ဆရာမက ဝင်ရောက်လာသဖြင့်....

သင်းမောင်ရီက ပခုံးကလေးတွန့် လျှာကလေး တစ်လစ် လုပ်ကာ သူ့မနေရာသို့ သုတ်ခြေတင်ထွက်ခွာသွားသည်။

ကျော်ဝေ သင်းမောင်ရီကို သနားသွားသည်။ သူကဲ့သို့ပင် ပိုးအိမ်၏မာနနှင့် ဂျုတ်ဆတ်ဆတ်နိုင်မှုတို့ သည်းခံပြီးတော့ သင်းရေဟု ရင်တွင်းမှ ပြောလိုက်မိသည်။

'ဟော့ကောင် ဘာငေးနေတာလဲ၊ တန်းထလုပ်လေ'

ဘေးမှလူအေးက တံတောင်နှင့် တွတ်လိုက်သောအခါ အသိအာရုံတို့သည် လုပ်ငန်းတာဝန်အပေါ် သတိရသွားသည်။

မိမိသည် အတန်းခေါင်းဆောင်ပါလား....

'တန်းထ'

' '

........

'အားလုံးသတိ....နှုတ်ဆက်'

'မင်္ဂလာပါ ဆရာမ'

'မင်္ဂလာရှိပါစေကွယ်....ထိုင်ထိုင်'

လှိုင်စာပေ



'တင်းခံနဲ့'ပင့်သက်မှောနှင့်အံဘူ ထိုင်လိုက်မိသည်။ သူငယ်ချင်း သံယောဇဉ်လေးတွေ၏ နှောင်ဖွဲ့မှုကတောင် သတိအာရုံကို နှောင့်ယှက်ဖျက်စီးတတ်သည်ဆိုတော့ ထိုထက်ပိုမိုသော ကိန်းဂဏန်းမေတ္တာနှောင်ဖွဲ့မှုဆိုပါက ဒီထက် ပိုဆိုးလိမ့်မည်ထင့်။

* * *

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"လုပ်ရဲရင် ခံရဲပါတယ်၊ ဒီကိစ္စမှာ ကျွန်တော့်အမှား မဟုတ်ဘူး၊ ငါ့မိဘက ရာထူးရှိတယ်၊ အာဏာရှိတယ်၊ ငွေရှိတယ်ဆိုပြီး အသားလွတ်ရှိုင်းစိုင်းမောက်မာပြီး ကိုယ့်မြန်မာမိန်းကလေးတစ်ယောက်ရဲ့ ကာယိန္ဒြေပျက်ပြားသွားအောင် စော်ကားနေတဲ့ကိစ္စမျိုးကို ကျွန်တော် လက်ပိုက်ကြည့်နေရမှာလား"။

## အခန်း (၅)

တိုက်တိုက်ဆိုင်ဆိုင်ပင် အမေက ဈေးသို့ခိုင်းလိုက်သဖြင့် သူထွက်လာသည်။

ပိတ်ရက်ဖြစ်သဖြင့် ပိုးအိ ရောက်လာမည်လား၊ သင်းမောင်ရီ ရောက်လာမည်လားဟု စိတ်မှာ တထင့်ထင့်နှင့် နောက်ဆံတင်းလျက်ရှိသည်။

သို့သော် အမေတို့အစ်မတို့ ရှိနေတာပဲဟူသော အတွေးနှင့် ခပ်သွက်သွက် လှမ်းထွက်ခဲ့သည်။

ဒေါ်ဘုမ အိမ်ရှေ့နားမှ မမျှော်လင့်သော မြင်ကွင်းကြောင့် သူ့ခြေထောက်တို့သည် ဂျက်နှင့်အပြိုင် ဖြစ်သွားသည်။





'မိုက်ခ်် ဒါနှင့်အတွက် အမြဲ'

ပိုးအိ၏လက်သည် လေထဲသို့ မြောက်တက်သွားပြီး မိုက်ခ်ခင်ရိပ ါးပေါ်သို့ကျရောက်လုကျရောက်ခင်ဖြစ်သွားသည်။

သို့သော် မိုက်ခ်မောင်ရိတ လက်မြန်ခြေမြန်ရှိသည့် အားစွာ သူ့ပါးပေါ်သို့ ကျရောက်တော့မည့် ပိုးအိလက်းကို သူ့ညာလက်နှင့် အကာအကွယ်ပြုကာ ဖမ်းယူဆုပ်ထားလိုက်သည်။

'ဒီလိုမလုပ်နဲ့လေ အပျိုကိုလူပျိုက ရည်းစားစကားပြောအဆန်းမဟုတ်ဘူး၊ ပါးရိုက်လောက်အောင် ကြီးမားအပြစ်ကျူးလွန်တာမဟုတ်ဘူး'

'လွှတ်စမ်း၊ ခွေးပါးစပ်က နတ်စကားထွက်လို့ ထွီ'

ပိုးအိက တံတွေးဖြင့် မိုက်ခ်မျက်နှာကို ထွေးရန် ကြိုးသည်။

ကျော်ဝေ သူတို့အနား ရောက်သွားပြီဖြစ်၍....

'မိုက်ခ် မင်း ပိုးအိလက်ကို လွှတ်လိုက်စမ်း'

'လွှတ်လိုက်ရင် ကိုယ့်ကိုရိုက်မှာပေါ့၊ ဒါကြောင့် ကိုယ်းထားတဲ့သဘောပါ သူငယ်ချင်း၊ အသားယူချင်လို့တ်ပါဘူး'

'ထွီ...ခွေးပါးစပ်က နတ်စကားထွက်လို့၊ လွှတ်စမ်း....စုတ်....နင့်လို ဘူးရှိမျိုးကို ငါ့ဖိနပ်တောင် မတိုက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သနလိုက်တာ....လွှတ်ဆိုလွှတ်နော်....ကျော်ဝေ ယောက်ဖမို့ လို့ကြည့်နေတာလား'

ကျော်ဝေ ထူပူသွားသည်။ အစကတည်းက ထူပူနေသော စိတ်ဖြင့် ဘာလုပ်ရမှန်းမသိသည့် သူ့အားပိုးအိက ဒေါ် တကြီး ပြောဆိုလာသောအခါ ပိုးအိလက်ကိုဆွဲထားသော မိုက်ခ်မောင်ရိလက်ကို လှက်ဝါးစောင်းဖြင့်ခုတ်ကာ —

'လွှတ်စမ်း....မိုက်ခ်'

'ခွပ်'

ဘယ်က ဘယ်လို ဖြစ်သွားသည်မသိ။ သူ့ပါးရိုး ပြ မတတ် နာကျင်လာသောအခါ သူ၏ သည်းခံနိုင်သော တရားသည် ကုန်ဆုံးသွားလေတော့သည်။

ဘာတစ်ပြန် ကျားတစ်ပြန်နှင့် သူနိုင် ကိုယ်နိုင် အပြိုင်ကြ မိုက်ခ်မှာ အရေးမလှဘဲ မြေပြင်ပေါ် ဗုန်းခနဲ လဲကျသွ ရသည်အထိ ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ပိုး က အနားမှာရှိသော ထင်းချောင်းတစ်ခုကို ကောက်ယူ ဆော်ထည့်လိုက်သောကြောင့်ဖြစ်သည်။

'ဟဲ့ ဟဲ့.... ကျော်ဝေ.... ပိုးအိ လန့်မယ်၊ ခေါ်ခဲ့ အိမ် ခေါ်ခဲ့စမ်း'

ဒေါ်ဘုမ ရောက်လာပြီး ကျော်ဝေအား သတိပေးလို သည်။





'ကျော်ဝေ....ကောင်လေး....နင် မိုက်လှချည်လား၊ နင့် ဖေမှာ ရာထူးရှိလို့လား၊ ငွေရှိလို့လား၊ နင် ဒီလောက် မ်းကားနေရတာ... တွဲခဲ့....တွဲခဲ့'

'နေပါစေ ဒေါ်ဘုမ၊ လုပ်ရဲရင် ခံရဲတယ်.... ဒီကိစ္စမှာ ျှန်တော့် အမှားမဟုတ်ဘူး၊ ငါ့ မိဘက ရာထူးရှိတယ်၊ ာဏာရှိတယ်၊ ငွေရှိတယ်ဆိုပြီး အသားလွှတ် မောက်မာ င်းစိုင်းပြီး ကိုယ့်ဗမာမိန်းကလေးတစ်ယောက် ကာယခြေ တ်ပြားအောင်စော်ကားနေတဲ့ကိစ္စမျိုးကို ကျွန်တော် လက် ်ကြည့်ရမှာလား၊ ကျွန်တော် မမှားဘူး၊ ဟေ့ ကောင် ်ခ်....နောက်ကို ပိုးအိမှမဟုတ်ဘူး.... မင်း ဘယ်မိန်းက လးကိုမှ မစော်ကားနဲ့၊ မင်းမှာ နှမရှိတယ်မဟုတ်လား.... ချင်း စာနာပါ'

မိုက်ခ်မောင်ရိအား ဆွဲထူကာ အင်္ကျီစကို ဆွဲကိုင်လှုပ် မ်းကာ ပြောပြီး လွှတ်ပေးလိုက်သည်။ မိုက်ခ် ပါးစောင် ် ဂျိစောင်း၌ သွေးများယိုစီးလျက်ရှိသည်။

ပတ်ဝန်းကျင်သည် လူပြတ်သော နေရာဖြစ်သဖြင့် သူတို့ ်ပွဲကို ဘယ်သူမှမသိဘဲ ဖြစ်သွားသည်။

ကျော်ဝေ....ဘာမှအားမငယ်နဲ့နော်၊ နင့်ဘက်မှာ ငါရှိ ယ်'

'ကိစ္စမရှိပါဘူး၊ အမှန်တရားဘက်မှာ ဥပဒေရှိပါတယ် ်လဲ ပါးစပ်က နည်းနည်း ဆင်ခြင်ဦး၊ ရှိုင်းရှိုင်းစိုင်းစိုင်း ပြောနဲ့ပေါ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်.... ဟုတ်တယ်၊ ကိုယ့်ကို ရည်းစားပြောတဲ့ အကောင်ကို မောင်မောင် ဘာဘာ ပြန်လုပ်နေရဦးမှာလား ကျော်ဝေရဲ့...စဉ်းစဉ်းစားစားလဲ ပြောပါဦး'

'အေးပါဟာ...မောင်မောင် ဘာဘာလုပ်ဖို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်ခါတစ်ရံ မိန်းကလေးတွေရဲ့ နှုတ်ကြမ်းမှုအပေါ် ရှက်ရမ်းရမ်းပြီး မရည်ရွယ်ဘဲ ဒေါသတကြီး ဖြစ်သွားတဲ့ ဖြစ်မှုတွေလဲ ရှိတတ်လို့ပါဟာ'

'နင် ဘာဖြစ်သေးသလဲ၊ နင့်ပါးစောင်က သွေးစတွေ ထွက်လိုက်၊ ရော့...'

သူမ ခါးကြား၌ ညှပ်ထားသော လက်ကိုင်ပဝါလေးကို ဖြုတ်ကာ သူ့အား လှမ်းပေးလေသည်။ မယူပြန်လျှင် စိတ်ဆိုးကာ အပြစ်တင်မည်စိုးသဖြင့် ယူလိုက်ရလေသည်။

ပါးစောင်သို့ သူမ၏ အဖြူရောင် လက်ကိုင်ပဝါလေးနှင့် မသုတ်ရက် သုတ်ရက် သုတ်လိုက်ရလေသည်။

ပဝါလေး၌ သွေးများ စွန်းထေးသွားလေပြီ။

'နင် ဘယ်နား နာသွားသေးသလဲ'

'နာတော့ နာတာပေါ့...ဒါပေမယ့် ရပါတယ်၊ အိမ်ရောက်ရင် ကြပ်ပူထိုးလိုက်ရင် သက်သာသွားမှာပါ၊ နင် ငါ့ဆီလာတာလား'

'အင်း...နင့်ဆီမလာလို့ ဘယ်သူ့ဆီလာရမှာလဲ'





'နင် အိမ်ပြန်တော့၊ တော်ကြာ မြသနာက မြေနီမုံ့ရှုလှုံ စိုက် ငါ့ဆီပဲ ရောက်လာမှာ၊ နင့်မိဘတွေကို နင် ပြောထားနှင့်'

'အင်း...ငါသိပါတယ်၊ ငါပြန်တော့မယ်'

'အေး'

'နင်လဲ အသွားအလာ သင့်ခြင်စိုးနော်'

'အေးပါ၊ မီးသွေးဝယ်ပြီး ပြန်မှာပါ'

ဒေါ်ဘုမတို့ လမ်းထိပ်၌ ပိုးအိနှင့်သူ လမ်းခွဲလိုက်သည်။ ရပ်ကွက်သည် ကျဉ်းကျဉ်းလေးဖြစ်သည်။ တစ်ခဏခြင်း ဒီကိစ္စသည် ပျံ့နှံ့သွားနိုင်သည်။ မီးသွေးအိတ်ကို ဝယ်ယူပြီး ထမ်းကာ ပြန်သွားစဉ်...

ဒေါ်ဘုမက အူယားဖားယား ပြေးထွက်လာကာ...

'ကောင်လေးရေ... ကျောင်းတော်က ရန်စ မအေးဘူး ထင်တယ်၊ ကျုပ် တောင်းပန်နေတဲ့ကြားက သူကတော့ မကျေအေးဘဲ ပြဿနာလုပ်လိမ့်မယ်ထင်တယ်'

'ပြန်သွားပြီလား'

'အေး...ဟိုအကော်အိမ်က သူ့သူငယ်ချင်း လိုက်ပို့ပေးလိုက်တယ်'

'လုပ်လဲလုပ်ပေါ့... ဘယ်တတ်နိုင်မလဲ ဒေါ်ဘုမရယ်... ကျွန်တော် မှားတာမှမဟုတ်ဘဲ'

'အေးပါဟယ်...လိုအပ်လာရင် ကျုပ်လဲ သက်သေလိုက်ပေးပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆာဝတ္ထုခြင်း ရှိင်းပင်း ကူညီတတ်ကြသည်မှာ လောက
ဓမ္မတာတစ်ရပ်ဖြစ်သည်။

'ရပါတယ် ဒေါ်ဘုမှ....သွားမယ်ဗျာ'

'အေး....အေး'

ကျော်ဝေ မီးသွေးအိတ်ကိုထမ်းပြီး ပြန်သာလာရသည်
စိတ်ထဲ၌ လေးလံလျက်ရှိသည်။ ဌာနဆိုင်ရာတစ်ခု၏ ညွှ
ကြားရေးမှူးတစ်ဦး သားနှင့် ငွေကို ရေလိုသုံးနိုင်သော
သူဌေးတစ်ဦး၏သမီး ဖြစ်ပွားသော ပြဿနာတွင် မိမိသည်
မြေဇာမြက်သာ ဖြစ်ပေမည်။

သို့သော် ဒီကိစ္စနှင့်ပတ်သက်၍ မိမိသည် အမှားအယွင်း
တစ်ခုကို ကျူးလွန်သည်ဟု ဘယ်သောအခါမှ နောင်တ
လိမ့်မည်မဟုတ်ပေ။

*  *  *



"ကျောင်းတစ်ကျောင်း ဖွင့်လှစ်နိုင်ခြင်းဟာ ထောင်ဆယ်ခု
ပိတ်လိုက်နိုင်ခြင်းနဲ့ ညီမျှတယ်လို့ ကျွန်တော်တို့ ပညာရေး
သာကမှာ အဆိုရှိကြတယ်။ ဒါကြောင့် ကျောင်းသား
ရွယ် လူငယ်တွေကို တတ်နိုင်သမျှ လမ်းမှားပေါ် မရောက်
အောင် ထိန်းသိမ်းသွားဖို့က ကျွန်တော်တို့ ဆရာ ဆရာမ
တွက် အဓိက တာဝန်တစ်ရပ်ပါပဲ...."

## န်း (၆)

ရပ်ကွက်လူကြီးများနှင့် ရဲစခန်းက လာရောက်၍ ခေါ်
သောအခါ ကျော်ဝေ စိတ်ထဲ အထူး လှုပ်ရှားသွားသည်။
တစ်သက်နှင့်တစ်ကိုယ် ယခုလိုအဖြစ်မျိုး မကြုံဘူးသဖြင့်
တ်ထဲ ယူကြုံးမရ ဖြစ်သွားသည်။

'နေ့လယ်က ရန်ပွဲမှာ တစ်ဖက်မှာခေါင်းကွဲပြီး သွား
ာ်ချောင်းကျူးသွားထဲအတွက် ဆေးရုံတင်ထားရတယ်ဆို
ာ့ မိဘများရဲ့ တိုင်ချက်ဖွင့်တော့ ကျွန်တော်တို့လို
ာ့ရှားအရ ရဲစခန်းကို ခေါ်သွားရမှာပဲ၊ နောက်မှ
ဆောာ်က စစ်ဆေး'



www.burmeseclassic.com

www.burmeseclassic.com



'အမလေး....ကျွန်မ သားလေးမှာ ဘာအဖြစ်ရှိလို့လဲ'

ဝမ်းနည်းလွယ်သော အမေက သားရှေ့မှာ ကာဆီး

တာ မျက်ရည်စမ်းစမ်းနှင့် ရှိနေသည်။

'ဟုတ်ပါတယ်... အမှန်အတိုင်းဖြစ်ရမှာပါ၊ အခု လေ

လောဆယ်တော့ လုပ်ထုံးလုပ်နည်းအရ ကျွန်တော်တို့ လ

ဆောင်ရမှာပဲ'

လက်ထိပ်တော့မခတ်ပါ၊ ရပ်ကွက်လူကြီးများကလ

သူ့ဘက်မှ ရပ်တည်ပေးသည်။ ရပ်ကွက်အကျိုးကို ထ

ဆောင်နေသော လူငယ်ဖြစ်သည့်အပြင် ပြစ်မှုတစ်စုံတစ်ရ

လည်း မရှိပါဟုဆိုကာ သက်သေလိုက်ပေးရန် တစ်ခါတ

လိုက်ပါလာသည်။

'အစ်မ ဒေါ်ဘုမနဲ့လှအေးသွားပြောလိုက်ပါ၊ ဆရာ

ဆရာကြီးဆီကို လှအေးနဲ့ အကြောင်းကြားပေးပါ'

'အေးအေး'

အစ်မက ဉာဏ်ရည်မကောင်းသဖြင့် ရှစ်တန်း နှစ်ခါ

ကာ ကျောင်းထွက်လိုက်ရသော်လည်း ရပ်ရေးရွာရေး

နှင့် လူမှုရေးကိစ္စ၌ သွားလာလှုပ်ရှားရဲသဖြင့် အစ်မကိုသ

မှာလိုက်ရသည်။

တစ်ဒင်္ဂတော့ တွန့်လှုပ်သွားသော်လည်း အမှန်တရ

သက်၍ ဥပဒေရှိသည်ဟု ယုံကြည်သည့်အလျောက် တွန့်လှ

ခြင်း ကင်းသွားသည်။





ရဲစခန်းရောက်သည်နှင့် အမှုစစ်ရဲက သူ့အား စတင်မေးမြန်းတော့သည်။

'အချင်းဖြစ်ပွားမှုမှာ မင်းက စတင်ပြီး ကိုယ်ထိလက်ရောက် မှုမှုတယ်ဆိုတာ ဟုတ်သလား'

'မဟုတ်ပါဘူး၊ မိန်းကလေးလက်ကို ဆွဲထားတဲ့ သူ့လက်ကို ပြုတ်သွားအောင် ဖြုတ်တဲ့သဘောပါ'

'မိန်းကလေး...ဘယ်ကမိန်းကလေးလဲ'

တစ်ဖက်မှ တစ်ကွက်ချန်ကာ တိုင်ချက်ဖွင့်သွားသည်ဟု သူနားလည်လိုက်လေပြီ...

'သူ...ရည်စားစကားပြောပြီး မရတော့ လက်ဆွဲတဲ့ မိန်းကလေးပါ၊ ကိုယ့်ဗမာမိန်းကလေး တစ်ယောက်ရဲ့ ကာယိန္ဒြေကို စော်ကားတဲ့ကိစ္စဖြစ်လို့ ကျွန်တော် ကြားဝင်ပြီး ဖျောင်းဖျပါတယ်၊ မရလို့ သူ့လက်ကိုဖြုတ်ဖို့ ကြိုးစားစဉ်မှာ သူကပဲ စတင်ထိုးတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော်ခုခံကာကွယ်ရင်း လက်လွန်သွားတာပါ'

'မင်းနဲ့သူ တစ်ကျောင်းတည်းလား'

'ဟုတ်ပါတယ်'

'ကျောင်းမှာစော ရန်စရှိသလား'

'မရှိပါဘူး'

'မိန်းကလေးကကော'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နဲ့ တစ်တန်းတည်းကပါ'

'..........'

သူ တွေဝေသွားရသည်။ ပိုးအိသည် မိန်းကလေးတန်မဲ့ ရဲစခန်းကိုလာရမည်။ သူကဲ့သို့ အစစ်အဆေးခံရတော့မည်။ သို့ဆိုလျှင် သူမ၏ဂုဏ်သိက္ခာကို ထိပါးစေတော့မည်။ ဟိုး လေးတစ်ကြော်လည်း ဖြစ်ပေတော့မည်။ မိန်းကလေးများ သည် အသက်နှင့်လူလုပ်ခြင်းမဟုတ်၊ အရှက်နှင့်လူလုပ်ခြင်း သာဖြစ်၍ ပိုးအိအတွက် သူသာလျှင် အနစ်နာခံတော့မည်။

'အမည်တော့ မသိပါဘူး'

အမှုစစ်က ပြုံးလိုက်သည်ကို သတိထားလိုက်မိသည်။ သူ လည်း မညာရည်ဝနေသူဖြစ်ပါက မိမိစကားကို ယုံချင်မှ ယုံပေမည်။

'ဒီအမှုအခင်းဖြစ်ပွားမှုကို ဘယ်သူတွေ မျက်မြင်သက် သေရှိနလဲ'

'ရှိပါတယ်'

'ဘယ်သူလဲ'

'ကျွန်တော်တို့ ကျောင်းမုန့်ဈေးတန်းမှာ မုန့်ဟင်းခါး ရောင်းတဲ့ ကျောင်းဈေးသည် ဒေါ်ဘုမအိမ်ရှေ့မှ ဖြစ်ပွား တဲ့အတွက် ဒေါ်ဘုမတွေ့ပါတယ်၊ ဖျန်ဖြေဖို့ ကြိုးစားပါ တယ်'





'နောက်ကော ဘယ်သူမြင်သေးသလဲ'

'မိုက်ခ်သူငယ်ချင်းက ဒေါ်ဘုမ အိမ်ဘေးကပါ၊ သူလည်း မြင်လိမ့်မယ်ထင်ပါတယ်'

'ဆရာ...မောင်ကျော်ဝေရဲ့ အတန်းပိုင်ဆရာမ၊ ကျောင်း အုပ်ဆရာကြီးနှင့် မျက်မြင်သက်သေတွေ ရောက်လာပါတယ် ဆရာ'

'ကောင်းပြီ၊ မောင်ကျော်ဝေကို မင်းတို့စားပွဲခေါ်သွား လိုက် ပြီးတော့ မျက်မြင်သက်သေတွေကို တစ်ယောက်ချင်း လွှတ်ပါ။ ပြီးမှ အတန်းပိုင်ဆရာမနှင့် ကျောင်းအုပ်ဆရာကြီး ကို လွှတ်လိုက်ပါ'

'ဟုတ်ကဲ့ဆရာ'

'မောင်ကျော်ဝေ မင်း သူနဲ့လိုက်သွား'

'ဟုတ်ကဲ့'

'ကျော်ဝေ အမှုစစ်ရုံးခန်းမှထွက်ခဲ့သည်။ အပြင်ဘက် တွင်ဆရာကြီး၊ ဆရာမနှင့်ဒေါ်ဘုမ၊ မိုက်ခ်သူငယ်ချင်း ကျော် အေးတို့ကို တွေ့သော်လည်း ရဲက စကားပြောဆိုခွင့်မပေးဘဲ ခေါ်ကာ သူတို့ရုံးခန်း၌ ထားထားသည်။

'ငါ့ညီ မင်းတော့ တကယ်ကို ကျားရှေ့မှောက်လျက်လဲ့ သွားလဲ'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အကောင်သားနဲ့မှ သွားဖြစ်ရတယ်လို့'

'ကျွန်တော်က မဖြစ်ပါဘူး၊ သူတို့က ဖြစ်တာပါ၊ ဥပဒေမှာဂုဏ်ရှိ၊ ငွေရှိတဲ့အကောင်သားနဲ့ ဆိုက်ကားသမားသားဆိုပြီး ခွဲခြားသတ်မှတ်တဲ့ ဥပဒေရှိလို့လားအစ်ကို'

သူ့ရင်က မရှင်းလင်းသောစကားကို မေးလိုက်သည်။

ရဲအရာရှိက သဘောကျစွာရယ်လိုက်သည်။ တော်သေးသည်။ သဘောကောင်း၍...

'တစ်ခါတလေတော့ လူတွေကြောင့် မှုတွေပြောင်းလဲသွားတာလည်းရှိတာပေါ့ကွာ၊ မင်း ငယ်ပါသေးတယ်နောက်တော့လဲ သိမှာပေါ့'

'ကျွန်တော်နားလည်တာကတော့ ဥပဒေမှာ ဘက်လိုက်ခြင်းမရှိရဘူး၊ ဥပဒေနဲ့အလုပ်လုပ်နေတဲ့ တရားသူကြီးတွေဟာလည်း အဂတိလိုက်စားမှု ကင်းရှင်းရမယ်လို့ နားလည်တယ်'

'အဲဒါ တရားရုံးရောက်တဲ့အခါ ပြေရှင်းရမှာပေါ့ကွာ၊ အခုလောလောဆယ်တော့ မင်းဟာ တရားခံဖြစ်နေပြီ'

'တရားခံ'

'ကျွန်တော့်မှာ အပြစ်မရှိကြောင်း ထင်ရှားနေရင်ကောဗျာ'





'ထင်ရှားတာ မထင်ရှားတာထက် မင်းကြောင့်သူ ခေါင်းကွဲသွားတယ်၊ လေးချက်ချုပ်ရတယ်၊ သွေးတစ်ချောင်းကျိုးသွားတယ်ဆိုတော့ မင်းဟာ တရားခံဖြစ်နေပြီ'

'ဒြော်....ဒါဖြင့် ကျွန်တော် အချုပ်ခံရမှာပေါ့....ဟုတ်လားအစ်ကို'

ကျော်ဝေတုန်လှုပ်သွားသည်။

ထာဝရသန့်စင် မှန်မြတ်နေသော မိမိဘဝ၌ အမည်းစက်စွန်းထေးရတော့မည့်အဖြစ်အတွက် တုန်လှုပ်သွားခြင်းဖြစ်သည်။

'ဒါပေမယ့် တစ်ခုတော့ရှိပါတယ်၊ မင်း အချုပ်တော့ မခံရပါဘူး'

'ဘာဖြစ်လို့လဲ'

'မင်း ကျောင်းအုပ်ဆရာကြီးကိုယ်တိုင် လိုက်လာပြီး မင်းအာမခံရမှာပါ၊ အဲဒီလို အာမခံရတော့ မင်းအချုပ်ခန်းထဲ မရောက်ဘူးပေါ့'

သဘောကောင်းပုံရသော ရဲသားကလည်း သူ့အား စိတ်ရှည်လက်ရှည် ရှင်းပြသည်။

'နောက်ပိုကောင်းတဲ့နည်း ရှိသေးတယ်'

'ဘာနည်းလဲ အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com



'တရားလိုအက်က ကျေအေးပြီး အမှုပြန်ရုပ်သိမ်းလိုက်ရင် ပေါ့ကွာ၊ အဲ့ဒါဆို ကိစ္စပြတ်ပြီ၊ မင်း ရုံးချိန်းလဲ လာစရာ မလိုတော့ဘူး။ ဘုရားစာသာ ရွတ်ပေတော့'

ဟူးခနဲ သက်ပြင်းမောကို ချလိုက်သည်။ ဆွမ်းခံရင်း ၄က် သင့်ရသည့် အဖြစ်မျိုးဆိုသည်မှာ ဒါမျိုးပဲ ထင်ပါသည်။

'ကိုင်း....စိတ်အေးအေးသာထား၊ သူတော်ကောင်း နတ်မ ့ပါလိမ့်မယ်ကွာ....ကာတွန်းဖတ်ဦး'

ရဲသား ချပေးသော ရုပ်ပြဇာတ်လမ်း ကာတွန်းကို စိတ်မပါတပါနှင့် လှန်လိုက်သည်။ သူတို့ခေတ်၌ ခေတ်အစားဆုံးသော စံရွှေမြင့် ကာတွန်း ဖြစ်နေသည်။ သူ ကြိုက်ပါသော်လည်း စိတ်မဝင်စားနိုင်ချေ။

သူ့ထံ ဘယ်သူ ရောက်လာလေမလဲဟု မျှော်တလင့်လင့် ရှိနေသည်။

စက္ကန့်တံ ရွေ့လျားမှုသည်လည်း ကြာလွန်းလှသည်။

ထိုစဉ် သူ့ အတန်းပိုင် ဆရာမ၊ ဆရာကြီးနှင့် စခန်းမှူး ရောက်လာသည်။

'လာ....မောင်ကျော်ဝေ'

'ဟုတ်ကဲ့ ဆရာကြီး'

'နောက်ဆိုရင် ဘယ်လို အကြောင်းအရာမဆို ခြေလွန် လက်လွန် မဖြစ်စေနဲ့၊ ဒေါသကို ချုပ်ထိန်းနိုင်ရမယ်၊ ကြားလား'





'ဟုတ်ကဲ့'

လက်ပိုက်ကာ ရိုကျိုးစွာ နာခံလေသည်။

'ကိုင်း .. စခန်းမှူးကို နှုတ်ဆက်လိုက်'

'ကျေးဇူးတင်ပါတယ် ဦးဦး'

'အေး .. အေး....အမှန်တရားဘက်က ဥပဒေရှိတယ်ဆိုတာ မင်း ယုံကြည်သွားပြီမဟုတ်လား၊ ဒါပေမယ့် မင်းကို တစ်ခု တော့ မှာချင်တယ်'

'ဟုတ်ကဲ့ ဦးဦး....မှာပါ'

'မညာနဲ့ ဟီးရိုးမလုပ်နဲ့'

'ဗျာ'

'နာမည်ကို သိရက်နဲ့ သူကလေး ထိခိုက်မှာစိုးပြီး ကိုယ့် ကိုကိုယ် အနစ်နာခံတဲ့ ဟီးရိုးမျိုးမလုပ်နဲ့ပေါ့ကွာ၊ ရှင်းရှင်း ပြောရရင် ခေါင်းခုတ်ရာ လက်ဝင်မလျှိုနဲ့လို့ ပြောတာ'

ကျော်ဝေ မျက်နှာနီရဲသွားသည်။ မိမိကလည်း လိမ်ညာ မိသည်ကိုး။

ဆရာကြီးနှင့် ဆရာမ သိရှိသွားခြင်းကို ရှက်ရွံ့သည့်နှယ် ခံစားလိုက်ရသည်။ မျက်နှာ ဘယ်နားထားရပါ့ မည်နည်း။

'ဒီကိစ္စမှာ ဆရာကြီး၊ ဆရာမတို့သာ ဝင်မပါပေးရင် မင်း မလွယ်ဘူးထင်တယ်'



www.burmeseclassic.com

'နို့....စောစောက ဦးဦး ပြောတော့ အမှန်တရားဘက်မှာ ဥပဒေရှိတယ်ဆို'

'ဟာ့ အေး ဟုတ်တယ်၊ မင်းတော်ပါတယ်၊ တစ်နေ့မှာ ရှေ့နေလုပ်စားတော့၊ စောစောက ပြောသွားတာကိုက သူက ခုခံကာကွယ်ပိုင်ခွင့်အရ ကာကွယ်တာတဲ့သဘောမျိုး ဖြစ်အောင် ပြောသွားနိုင်တယ် ဆရာကြီး၊ အာသလေးပဲ'

'ကျွန်တော်တို့ကျောင်းရဲ့ ကျောင်းသား ခေါင်းဆောင်လေး....အားထားရတယ်၊ ဒီလိုကလေးမျိုး မွဲတစ်ပေါက် မစွန်းအောင် ကာကွယ်ရမှာ ကျွန်တော်တို့ ဝတ္တရားပဲမဟုတ်လား ဆရာ၊ နောက်....ကျောင်းတစ်ကျောင်း ဖွင့်နိုင်ခြင်းဟာ ထောင်ဆယ်ခုကို ပိတ်လိုက်နိုင်ခြင်းနဲ့ ညီမျှတယ်လို့ ကျွန်တော်တို့ ပညာရေးလောက က အဆိုရှိကြတယ်၊ ဒါကြောင့် ကျောင်းသားအရွယ် လူငယ်တွေကို တတ်နိုင်သလောက် လမ်းမှားပေါ် မရောက်ရှိအောင် ထိန်းသိမ်းသွားဖို့က ကျွန်တော်တို့ကျောင်းရဲ့ အဓိက တာဝန်လိုဖြစ်နေတယ်၊ ကျောင်းမှာက ထောင်ကျပြီးတဲ့ ကျောင်းသားကို လက်ခံဖို့ရာမျိုးကျတော့ အတော်ခက်ခဲတဲ့ ကိစ္စမျိုးဖြစ်နေတယ်၊ ပြီးတော့ စောစောက အစီရင်ခံခဲ့သလိုပဲမဟုတ်လား။ ဒီကလေးရဲ့ ကွန်ဖြူးရေးတင်ရက်ကော့ကိုလဲ ဆရာတို့ တွေ့ပြီးသားဆိုတော့ ကျွန်တော်တို့ဟာ ဘက်လိုက်ခြင်း မဟုတ်ဘူးဆိုတာ သဘောပေါက်ပါတယ်နော်'





'ဟာ....ပေါက်ပါတယ်ဆရာကြီး၊ ကျွန်တော်လဲ အမှန်တရားဘက်က ဖြစ်စေချင်လို့ ဒီတိုင်ချက်ကို လက်ခံလိုက်တာတည်းက စေ့စေ့စပ်စပ်ပဲ စစ်ဆေးမေးမြန်းခဲ့တာပါ။ ကျွန်တော့်စောစောက အကြံပေးသလိုပဲ ဆရာကြီး ဆောင်ရွက်နိုင်ရင် ပိုကောင်းတာပေါ့ဗျာ'

'ကျွန်တော် ကြိုးစားပါ့မယ်၊ ဒီကလေးကို ကျွန်တော်တို့ ခေါ်သွားခွင့်ပြုပါ'

'ကောင်းပါပြီ'

'လာ မောင်ကျော်ဝေ'

'ဦးဦး....ခွင့်ပြုပါခင်ဗျာ'

'အေး အေး.... နောက်ကို မင်း ဘယ်လိုကိစ္စမျိုးနဲ့မှ ရဲစခန်းမရောက်စေနဲ့ ကြားလား'

'ဟုတ်ကဲ့....စိတ်ချပါ ဦးဦး'

ဆရာကြီး ဆရာမတို့နောက်သို့ ရိုကျိုးစွာ လိုက်ရင်း ရဲသားကိုပါ အပြုံးနှင့် နှုတ်ဆက်လိုက်သည်။ စခန်းအပြင် ရောက်တော့....

'ဒေါ်ဘုမတို့ကော'

'ပြန်သွားနှင့်ကြပြီ'

'ကိုင်း....မင်းက ဆရာမနဲ့လိုက်သွား။ ဆရာကြီး ဦးမောင်တို့အိမ် သွားလိုက်ဦးမယ်'

www.burmeseclassic.com



'မှတ်ကဲ့'

ဆရာကြီးအား ဘာကိစ္စလဲဟု မမေးရဲသဖြင့် မှတ်ကဲ့သာ လိုက်ပြီး ဆရာမနောက် ခပ်ကုပ်ကုပ်ကလေး လိုက်ခဲ့ရသည်။

'မောင်ကျော်ဝေ'

'ဗျာ... ဆရာမ'

'မင်းက ဘာဖြစ်လို့ ပိုးအိနာမည်ကို ထုတ်ဖော် မပြောသလဲ'

'သူ့ရဲ့စခန်းလာရမှာစိုးတာနဲ့'

'မင်းက သူ့ဘက်ကို ဒီလောက် ငဲ့ကွက်နေပေမယ့် သူ့အိမ်ဘက်က ခါးခါးသီးသီးပဲ'

'ဘာဖြစ်လို့လဲ ဆရာမ'

အချိန်ပိုင်း အနည်းငယ်အတွင်း အပြောင်းအလဲသည် မြန်ဆန်လွန်းလှသည်ဟု သူထင်လိုက်သည်။ လူ့စိတ်တို့သည် စက္ကန့်နှင့်အမျှ ပြောင်းလဲ၍နေသည်။

'သူ့သမီးက ပဲခူးကို သောကြာနေ့ ညနေကတည်းက သွားနေပါတယ်လို့ ပြောင်ပြောင်းတယ်လေ'

'ဩော်' သူ့ရင်ထဲ၌ အံ့ဩသလိုလို ရှိသည်။ သို့သော် သေသေချာချာ တွေးကြည့်ပြန်တော့လည်း ဆိုဝ်မအံ့ဩဖြစ်တော့။ အဘယ်ကြောင့် ဆိုသော် ယမန်စဉ် ကလေးအဝ ကတည်းက သူ့ရှေ့၌ပင် 'ဆိုက်ကားသမားသား၊ အကြော် သည်သားနဲ့မှ တွဲရသလား ပိုးအိရဲ့၊ နင့်မှာ ကစားစရာ





ဖော် ဒီလောက် ရှားသလား၊ အောက်တန်းစားတွေနဲ့မှ ပါ'

ဟုပြောကာ ပိုးအိအား ဆွဲခေါ်သွားတတ်သည်။ ငယ်က ပိုးအိသည် အာခေါင်ခြစ် ငိုကာ 'ကျော်ဝေနဲ့ပဲ ားမယ်၊ ကျော်ဝေနဲ့ပဲ ကစားမယ်' ဟု တစ်အော်ရင်း ခင် ပေ့ချိုရာသို့ ရုန်းရင်း ကန်ရင်း လိုက်ပါသွား သည်ကို မြန်လည် မြင်ယောင်လာတော့လည်း ယခုလို ဖခင် ဦးမင်းဆက်က သူနှင့် ပတ်သက်ချင်လိမ့်မည် တ်။

'ပြီးတော့ သူ့သမီးကို ကျောင်းထွက်လက်မှတ်ပေးဖို့ ာ်နေ့ သူလာယူမယ်တဲ့လေ'

'ဗျာ....'

ကျော်ဝေ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရသည်။ မိုးပြို စီးကြောက်သော တစ်တိတ်တူးငှက်ငယ်၏ စိုးကြောက် ျိုးလို ဦးမင်းဆက်လို 'လူကြီးလူကောင်း အမည်ခံ းဒကာ ကျောင်းဒကာ သူဌေးမင်း၌ ရှိနေခြင်းသည် းအဆန်းမဟုတ်။

သော်....ပိုးအိနှင့်ဝေးရမည့်အရေးအတွက် စိတ်ထိခိုက် သည်။

ဆရာမတော့ ပိုးအိအိမ်ကို ဝင်သွားဦးမယ်'

သွားပါနဲ့ ဆရာမ၊ သူတို့ကရိုင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါ့မလား၊ သူ့သမီးရဲ့ဆရာမအပေါ် ဒီလော
ရှိုင်းစိုင်းမယ် မထင်ပါဘူး သူငွေးတွေပဲ'

'ဆရာမရယ် ချမ်းသာတဲ့သူတိုင်း မယဉ်ကျေးပါ
အထူးသဖြင့် ပညာနဲ့ချမ်းသာလာတဲ့လူ မဟုတ်တော့၊ ဆ
သမားဂုဏ်တို့ ဘာတို့ကို နားလည်မယ်မထင်ဘူး၊ ဆရာမ
ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်မှာ ကျွန်တော် စိုးရိမ်လို့
ကျွန်တော့်ကြောင့်ဆိုရင်တော့ ဆရာမ မသွားပါနဲ့တော့

'တပည့်ရယ်၊ မင်းဒီလို လိမ္မာသိတတ်ပုံကြောင့်လ
ဆရာမသွားရမယ်၊ ကိစ္စမရှိပါဘူး၊ ဆရာမ မီးစင်ကြည့်
မှာပေါ့၊ အမိကက ဆရာမ ပိုးအိမ်နဲ့တွေ့ချင်တယ်၊ ပိုး
ဆန္ဒကို သိချင်သေးတယ်'

'ကျွန်တော်ပါ လိုက်ခဲ့မယ်'

'ရတယ် မင်းမလိုက်နဲ့ ဆရာမမင်းကိုပို့ပြီးရင် အဖေ
သွားမှာပါ'

'ကျွန်တော့်ကို လိုက်မပို့ပါနဲ့ ရပါတယ်'

'မပြောနိုင်ဘူးကွယ်၊ အမိုက်ကစ ပြာသာဒ်မီးလော
တယ်။ ရန်ငြိုးရန်စဆိုတာ မီးလိုပဲ တစ်ငွေ့ငွေ့လောင်ကျ
နေတတ်တော့ စိတ်ချထားလို့မရဘူး၊ ဆရာမကိုယ်တိုင်
တိုင်ရာရောက် လိုက်ပို့ပေးမယ်'

ကျော်ဝေ ဆရာမစကားကို မငြင်းဆန်ရဲတော့ပေ၊
သမားများက တပည့်များအတွက် အကောင်းဆုံးကို
ရွေးချယ်စဉ်းစားလမ်းညွှန်ပြသပေးသည်။ ဆိုးကျိုးကို





ာအခါမှ ပြုလိမ့်မည်မဟုတ်ဟု သူနားလည်ယုံကြည်သည်

လျှောက် ထပ်မံ၍ စကားမဆိုဝံ့တော့၊ ဆရာမနှင့်အတူ
တိတ်ဆိတ်စွာ လမ်းလျှောက်ခဲ့သည်။

ကောင်းကင်၌ မိုးသားတို့သည် ကြည်လင်စွာ ပြာစင်
နေသည်။

သို့သော် သူ့ရင်ထဲ၌ မကြည်လင်နိုင်တော့ပေ။ မှိုင်းမှုန်
သီလျက်ရှိသည်။

ဘဝတစ်ခုလုံး၌ မပြည့်စုံတော့သည့်နှယ် ဖြစ်သွားသည်။
ယ်ကတည်းက ကစားဖော်၊ ထိုမှ ကျောင်းသွားဖော်
ယ်ကျွမ်းနှင့် တကယ်ပဲခွဲခွာရတော့မည်လား။

'ကလင်....ကလင်'

'သား'

နောက်မှဆိုက်ကားဘဲလ်သံနှင့်အတူ ဖခင်အသံကို သူ
ကြားလိုက်ရသည်။

ဘယ်ကဘယ်လို သတင်းကြားပြီး လိုက်လာသည်မသိ၊
ဒွေးသီးခွေးပေါက်များနှင့် မျက်နှာပြင်၌ စိုးရိမ်ပူပန်မှု
ာများကပ်လျက်ရှိသည်။

'သား'

အမေးစကားကို ဘယ်ကဘယ်လို စတင်ရမှန်း သိဟန်
တူ၊ သောကလုံးသည် ရင်မှာဆို့နင့်လျက်ရှိပုံရသည်။

သူလည်း အဖေ့ကိုမြင်တော့ ဝမ်းနည်းသလိုလို ခံစား
ဆိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဒုးလုံးမြေလည်သွားပါပြီ ဦးဘကျော်၊ ကိုင်း
မှမောင်ကျော်ဝေ မင်းအဖေဆိုက်ကားနဲ့ လိုက်သွားပေ
အကျိုးအကြောင်းကို ရှင်းပြလိုက်ဦး'

'ဆရာမကို ဘယ်ပို့ပေးရမလဲ'

'ကျေးဇူးတင်ပါတယ် ဦးဘကျော်၊ ကျွန်မက ဒီနား
ကိစ္စကလေးရှိလို့ပါ၊ ကလေးကိုသာ အိမ်ပြန်ခေါ်သွားလို့
ပါ'

'ဟုတ်ကဲ့ဆရာမ... ဟုတ်ကဲ့'

အဖေသည် ဘုန်းကြီးကျောင်းမှ သင်ပေးသောအဓ
ပညာမျှသာ တတ်မြောက်သူဖြစ်သည်။ အမေလည်း
နည်းတူစွာပင်။ သို့သော်အဖေတို့သည် မရိုင်းစိုင်းပါ၊ ဓော
တက်လာသော တောသူတောင်သား ဖြစ်သော်လည်းအ
အဆိုကအစ မရိုင်းစိုင်းပါချေ၊ ဘုန်းကြီးကျောင်းထွ
ဖြစ်၍ ယဉ်ကျေးနေသလားဟုလည်း ထင်ရသည်။

'သား... ဘယ်လိုဖြစ်လာတာလဲ၊ အဖေတော့ ကြားကြ
ချင်း လိုက်လာတာပဲ'

'အိမ်ရောက်တော့မှပဲ ပြောတော့မယ်အဖေ၊ သားရင်
ဆို့နေလို့ပါ'

သူ့ရင်ထဲ တကယ်ပဲဆို့နင့်နေပါသည်။ မြသန္တာကိုထ
ရည်ပျော်လွဲလုပ်သွားသည့်ထဲတွင် ပိုးအိမပါသွားဟု သူ
ကြည့်ချင်ပါသည်။





သို့သော် မြသန္တာရုပ်ကို ဘာမှ ဂရုနဏမသိတဲ့နှင့်တော့
သူ မဆုံးဖြတ်ချင်ပါ။

'နင့်အမေတော့ အခုလောက်ဆိုရင် အရူးမီးဝိုင်းဖြစ်နေ
ရောပေါ့'

အဖေက သူ၏ ကြင်သူသက်ထားဇနီးမယားအတွက် စိုး
ရိမ်ကြောင့်ကြနေလေသည်။

'ဒီလိုအဖေ'

အဖေ ပူပန်မှုကိုသွေဖည်ကာ သူအကျိုးအကြောင်း ရှင်း
ပြလိုက်သည်။

အိမ်လမ်းထဲသို့ ဆိုက်ကားဝင်လာသည်။ အိမ်ရှေ့၌
လူများ ရှုတ်စိရှုတ်စိဖြစ်နေသည်။ ရပ်ကွက်သားချင်း သတင်း
မေးကြသည်ထင်ပါသည်။ ကူညီရိုင်းပင်းတတ်သောသဘာဝ
သည် သူတို့လိုဆင်းရဲသား လူတန်းစားများ၌သာ ရှိသည်
လားဟု သူတွေးလိုက်မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ဆရာမများ၏ ဆုံးမဩဝါဒများသည် တစ်ခါ တစ်ရံ အမှတ်မထင်တဲ့ နာခံတတ်သူ တပည့်များ၏ ဘဝကို အမြင့်မားဆုံးဖြစ်အောင် ပြောင်းလဲပြုပြင်ပေးနိုင်စွမ်းရှိတတ် လေသည်။"

အခန်း (၄)

'ကျော်ဝေ'

'ဗြော်... မသင်းမောင်ရီ'

စိတ်ထဲ ကသိကအောင့်နှင့် သင်းမောင်ရီအား မော့ကြည့် လိုက်သည်။

'ခဏထိုင်မယ်နော်'

သူ့ရှေ့ခုံကို နောက်ပြန်လှည့်ကာထိုင်လေသည်။ ခေါင်း ညိတ်ရုံမှအပ သူ့ဘာများ တတ်နိုင်ပါမည်နည်း။

'မိုက်ခ်ကြောင့် ယူဒုက္ခရောက်ရတဲ့အတွက် အိုင် စိတ် မကောင်းပါဘူး'





'ကိစ္စမရှိပါဘူး ဖြစ်ချိန်တန်လို့ဖြစ်ရတယ်ပဲသဘောထား ပါ၊ ဒါထက် မိုက်ခ်ကော ဆေးရုံကဆင်းပြီလား"

'ဆင်းပါပြီ၊ ဘာမှကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ဆေးရုံမတက်လည်းရတယ် ယူ့ကို သက်သက်အပြစ်ရစေချင်" လို့ ချဲ့နေကြတာ'

ကျော်ဝေ အံ့အားသင့်သွားသည်။ သဘောဖြူ အူတုံစင်း လေးပါလားဟုလည်း သဘောပေါက်လိုက်မိသည်။

'ဆေးရုံတစ်ရက် အတက်ပြပြီး သက်သက် အမှုဆင်နေ တာ၊ ချော်လဲလို့ အကျမတော်ရင်လဲ သွားတစ်ချောင်းကျိုး နိုင်တာပဲ၊ ဒါကို (an eye for an eye;a tooth for a tooth)ဆိုသလို သက်သက် ရန်ငြိုးဖွဲ့တာ'

'သင်း'

'ဆို'

'မိုက်ခ်က သင်း အစ်ကိုမဟုတ်လား'

'အင်းလေ....ယူ မသိဘူးလား'

'သိပါတယ်....ဘာဖြစ်လို့ သင်းက မိုက်ခ်ဘက်က မနာ ဆာလဲလို့ပါ'

'အဟင်း....ဟင်း....ဒါလား'

သင်းမောင်ရီကို မကြိုက်တာ ထိုအပြုအမူများကို ဖြစ် သည်။ ရယ်စရာမဟုတ်တဲ့ ရယ်တတ်သည်။ ရယ်ပုံကသော



www.burmeseclassic.com

www.burmeseclassic.com



အခါ သွားစွယ်ကလေးများပေါ်ကာ ပါးချိုင့်လေး နှ
ဖက် ခွက်ဝင်သွားသည်ကို သူမ၏ထူးခြားသော အလှဖြ
သည်။ အမြဲလိုလို ရယ်မောပြနေခြင်းအားဖြင့် သူမ အလှ
လှစ်ပြသကဲ့သို့ ရှိနေသည်။ ထို့ကြောင့် ကျောင်းသာ
တော်တော်များများ၏ စာပေးခြင်းကိုခံရသည်။ ကျွ်သည်ကို
လည်း အမျက်ဒေါသ မရှိဘဲ လက်ခံထားသဖြင့် သူမအာ
စာတိုက်ပုံးဟု ခေါ်ခြင်းဖြစ်သည်ဟု ကျော်ဝေသိလိုက်ရပြီ
သူမအတွက် စိတ်မကောင်းချင်....

'အိုင်က အမှန်တရားဘက်ကပဲ ရပ်တည်တတ်လို့ပါ၊ ပြီ
တော့ ယူကလဲ့ အိုင့်သူငယ်ချင်းပဲဟာ'

ကျော်ဝေ ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

'ဆရာကြီး အိမ်လာတုန်းက အိုင်ရှိတယ်၊ ဆရာကြီးက
ယူ့ရဲ့ဂုဏ်ပုဒ်တွေ ထုတ်ဖော်ပြပြီး ကျောင်းရဲ့ဂုဏ်ကို ယူဟာ
ဘယ်လောက် မြှင့်တင်ပေးနေတဲ့ အကြောင်းတွေ ပြော
တယ်၊ ပိုးအိလဲ ဒီတိုင်းပဲ စာတော်တော့ ကျောင်းက အာ
ထားရတဲ့အကြောင်းပါ ပြောတယ်၊ ပိုးအိဘက်က ရှုံးပြီ
ကျောင်းနုတ်သွားမယ်ဆိုရင် ကျောင်းနစ်နာတဲ့ အကြောင်
ပါ ပြောပြတယ်'

'ဒီတော့'

'ဒယ်ဒီက ပညာတတ်ပဲ၊ နားလည်တာပေါ့။ မိုက်ခိ
လူတစ်ယောက်အတွက်နဲ့ ကျောင်းမှာ တန်ဖိုးရှိတဲ့ လူတေ





ဆုံးရှုံးသွားမှာကို စိုးရိမ်တဲ့အကြောင်း တိုက်ရိုက်ဖွင့်မပြော
တာ တစ်ခုပဲရှိတယ်၊ ဒီတော့ ဒယ်ဒီကပဲ တောင်းပန်ပြီး
ရုံးခန်းကိုလိုက်ပြီး ဖွင့်ထားတဲ့အမှုကို ရုပ်သိမ်းပြီး ကျေအေး
ပေးလိုက်မယ်တယ်'

'ကျေးဇူးတင်ပါတယ်'

'ဒါပေမယ့် ပိုးအိဘက်ကတော့ တော်တော် တင်းမာ
တယ်နော်'

'ဘာဖြစ်လို့လဲ'

'ဆရာမ ဘယ်လိုပြောပြော မရဘူး၊ ကျောင်းထုတ်မှာ
ပဲတဲ့'

သူ့ရင်ထဲ ဆို့နင့်လာသည်။ ပိုင်ရှင်မရှိသော ပိုးအိ၏
နေရာလေးကိုကြည့်ကာ သူ့ရင်ထဲက လစ်ဟာလာသည်။
ငယ်စဉ်က ကလေးဘဝ၌သာဆိုပါက သူ ငိုကြွေးမိလိမ့်မည်
ထင်ပါသည်။

'ထုတ်ပြီးပြီလား'

'မသိဘူး....ဒီနေ့တော့ မလာဘူး'

'ဪ.... ဒီလိုဆို ခဏနော်၊ ကျွန်တော် ဆရာမဆီကို
သွားမလို့'

အိုင်လဲ လိုက်လို့ရမလား'

'သင်းသဘောပဲ၊ ကျွန်တော်က ဆရာမကို ကိုယ်ရေးကိုယ်
တာ ကိစ္စ ရှင်းဖွင့်စရာရှိနေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီ၍ အနောက်တိုင်းဆန်သော သင်းမောင်ရိက သူတစ်ပါးကိုယ်ရေးကိုယ်တာကို စပ်စုခြင်းသည် ရိုင်းရာကျသည်ဟု ထင်မြင် ယူဆပုံရသည်။ သူ့နောက်သို့ ဆက်မလိုက်လာတော့ပေ။

'ဆရာမ ဝင်ခွင့်ပြုပါ'

'လာ မောင်ကျော်ဝေ'

ဆရာမ နားနေရာ စားပွဲအနီးတွင် ကျော်ဝေသည် လက်ပိုက်၍ ရပ်လိုက်သည်။

'ဘာမေးစရာရှိလို့လဲ'

'ပိုးအိကို ကျောင်းထုတ်လိုက်ပြီလား သိချင်လို့ပါ'

'ဟင်း'ခနဲ သက်ပြင်းချပြီး ဆရာမ မျက်နှာပျက်သွားသည်။

'ဒီမနက်ဘဲ လာထွက်သွားတယ်'

'ဟင်'

ရင်ထဲ၌ ဟင်းလင်းပြင် ဖြစ်သွားသည်။

'ပိုးအိ ပါသလား ဆရာမ'

'မပါဘူး'

'ပိုးအိကို ဘယ်ကျောင်းမှာ ထားမှာတဲ့လဲ ဆရာမ'

'မောင်ကျော်ဝေ'

ဆရာမက သူ့မေးခွန်းကို မဖြေဘဲ။ သူ့အား စေ့စေ့ကြည့်ကာ ခေါ်လိုက်သည်။ ဆရာမမျက်ဝန်းသည် ကရုဏာ





ဒေါသော အရောင်များဖြင့် စူးစူးရှရှနိုင်သဖြင့် ကျော်ဝေ မရဲဆိုင်ဝံ့ဘဲ မျက်လွှာချလိုက်သည်။

'ပိုးအိကို မင်း မနာဘူးလား'

'ဗျာ'

'ပိုးအိကြောင့် မင်း ကံကောင်းလို့ ထောင်ထဲမရောက်တာတောင် မင်းစိတ်မနာဘူးလားလို့ မေးတာ'

'ပိုးအိမှာ ဘာအပြစ်ရှိလို့လဲ'

'ပိုးအိမှာ အပြစ်မရှိပေမယ့် ပိုးအိမိဘတွေမှာ အပြစ်ရှိနေတယ်၊ ပိုးအိကို သောကြာနေ့ ကျောင်းဆင်းကတည်းက ပဲခူးက သူ့အဘိုး သစ်တောမင်းကြီးအိမ်မှာ ပို့ထားပါတယ်ဆိုပြီး အလိဘိုင်ပြတယ်လေ၊ ပြီးတော့ အဲဒီမှာပဲ ကျောင်းထားတော့မယ်ဆိုပြီး ကျောင်းထွက် လက်မှတ်ပါ တောင်းတယ်၊ ဒီထက် ပိုကဲပြီး စွပ်စွဲရင် သူ့သမီးကို အသရေဖျက်မှုနဲ့ တရားပြန်စွဲမယ်လို့တောင် ခြိမ်းခြောက်လိုက်သေးတယ်'

ကျော်ဝေ ဆရာမ စကားကို လက်ပိုက်၍ နားထောင်ရင်း ရင်ထဲ၌ ကြေကွဲခြင်းဖြစ်မိသည်။

'ဆရာမတို့က ကြောက်လို့ မဟုတ်ပါဘူး၊ အမှန်တရားဘက်မှာ ဥပဒေရှိတယ်၊ ဒါပေမယ့် အမှုအခင်းဆိုတာဖြစ်အောင် ကြိုးစားရမယ်၊ ဒီလို ကြိုးစားတဲ့ကြားက ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာရင်လဲ အချိန်တိုတိုနဲ့ ပြီးရမယ့် ကိစ္စမှာ တိုတိုနဲ့ပဲပြီးလိုက်တာ အကောင်းဆုံးပဲ၊ ရေရှည်ဖြစ်သွားရင် မကောင်းဘူး၊ စိတ်မန်း၊ ငွေပန်းနဲ့ လူလဲနာတယ်၊ အထူးသဖြင့် မင်းတို့လို အနာဂတ် လူငယ်တွေဟာ အချစ်ခန်းတို့၊ ထောင်တိုရောက်သွားဖူးတယ်ဆိုရင်မဲ ဘဝကို အမည်းစွန်းဆိုးလိုက်သလို ဖြစ်သွားတတ်တယ်’

‘ဒါဖြင့်လဲ ဆရာမရယ်…ကျွန်တော်တို့ ယောကျ်ားလေးထက် မိန်းကလေးတွေရဲ့ဘဝဟာ ပိုဆိုးသွားမှာပေါ့နော်၊ ဒါကြောင့် ပိုးအိ ရဲစခန်းရောက်မလာခြင်းကိုဘဲ ကျွန်တော် ကျေနပ်ပါပြီ၊ မိန်းကလေးတွေရဲ့ဘဝဟာ ပန်းလေးတွေနဲ့ အတူတူပဲ၊ ထိလွယ် ရှလွယ် ညှိုးလွယ်ပါတယ်။ ဒါကြောင့် ရဲစခန်းရောက်တယ်ဆိုတဲ့ နာမည် ထွက်မသွားခြင်းကိုဘဲ ကျွန်တော်က ကျေနပ်နေရသူပါ။ ကျွန်တော် ကြေကွဲတာ တစ်ခုပဲရှိတယ်။ အဲဒါ ပိုးအိနဲ့ ခွဲခွာနေရခြင်းပါပဲ’ဟု….

သိုစကားစုကို ရင်တွင်း၌သာ မြောကြားနေမိခြင်းဖြစ်သည်။ ဆရာမ ပြောနေသော စကားများကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ဖြစ်နေရာမှ….

‘လောကကြီးမှာ ကိုယ်ဖြစ်ချင်တာထက်၊ မဖြစ်ချင်တာမျိုး ဖြစ်လာတဲ့အခါလည်း ရှိတယ်၊ အဲဒီအခါမျိုးမှာ ဖြစ်လာတဲ့အရာကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ဖြစ်ချင်တာကို ဖြစ်အောင် ကြိုးစားနိုင်ရမယ်၊ ဒါမှ လူအဓိပ္ပာယ်ရှိတယ်လို့





ဆရာမ ယူဆတယ်။ ဒီတော့ ငါ့တပည့်ရေ… ဖြစ်ချင်ရာ ဖြစ်ပါစေမ်းပါစေ၊ စိတ်မညစ်နဲ့ ဖြစ်သမျှကို ရင်ဆိုင်ပြီး ကိုယ့်ရည်မှန်းချက် အောင်မြင်အောင် ကြိုးစားလိုက်စမ်းပါ။ လောကကြီးကို လူတွေက ဖန်တီးကြတာပါကွယ်။ ဒီတော့ မင်း လူပီသနိုင်ပါစေလို့ပဲ ဆရာမ ပြောချင်တယ်’

ထိုစကားစုတို့သည် ကျော်ဝေ၏ အသိအာရုံ၌စွဲထင်ကာ ရင်ကျောက်တင် ခို့ဝင်သွားလေပြီဖြစ်ရာ ကြေကွဲမှု သောကတို့သည် မှေးမှိန်သွားလေသည်။

သူ့ အာကိုများ တွေ့[illegible]းမောစရာလိုသနည်း။ ဆရာ၊ ဆရာမများ၏ ဆုံးမဩဝါဒများသည် တစ်ခါတစ်ရံ အမှတ်ထင်ဘဲနှင့် နာခံတတ်သူ တပည့်များ၏ ဘဝကိုအမြင့်မားဆုံးဖြစ်အောင် ပြောင်းလဲ ပြုပြင်ပေးနိုင်စွမ်း ရှိတတ်လေသည်။

သူ့ ကြက်သီးမွေးညှင်းများ ‘ ထောင် ထ’ သွားအောင် ကြီးဖြာသွားသည်။

သူ၏ အတန်းပိုင်ဆရာမ ဒေါ်ထက်ထက်၏ ဆုံးမဩဝါဒသည် သူ၏ တွေဝေနေသော သောကစိတ်ကို အပြီးတိုင် ချေမှုန်းဖျက်သိမ်းပေးလိုက်လေသည်။

သူ ဆရာမရှေ့ကြမ်းပြင်ထက်၌ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလိုက်သည်။

‘ကျေးဇူးတင်ပါတယ် ဆရာမ— ကျေးဇူးတင်လွန်းလို့ ဆရာမကို ကျွန်တော်ကန်တော့ပါရစေ’

www.burmeseclassic.com



သူ ဦးသုံးကြိမ်ချပ်တွားကန်တော့လိုက်သည်။

'သာဓု…သာဓု…သာဓု… လောကကြီးကို အောင်မြ
သော လူသားတစ်ယောက်အဖြစ် စိတ်ချမ်းသာ ကိုယ်ချမ်း
သာစွာနဲ့ လျှောက်လှမ်းနိုင်ပါစေကွယ်'

'ပေးတဲ့ဆုနဲ့ပြည့်စုံပါစေ'

ဟု တီးတိုးပြောပြီး ထ,လိုက်သည်။ ဆရာကြီးထံ သွာ
ရောက်ကန်တော့ရဦးမည်။

ကျေးဇူးတရားကို ဗုဒ္ဓဘာသာ မြန်မာ့ဓလေ့ ထုံးတမ်း
အစဉ်အလာအရ လက်အုပ်ချီကန်တော့လိုက်ခြင်းဖြင့် အာ
အမှတ်ပြုရပေမည်။

ဆရာကြီးထံမှလည်း ဘဝတစ်သက်တာအတွက် မှန်မြတ်
သော ဆုတစ်ခုရလိုက်ပြန်သည်။

'သည်းခံခွင့်လွှတ်ခြင်းဟာ ယောကျ်ားကောင်းရဲ့ အင်္ဂါ
ရပ်တစ်ခုဖြစ်လို့၊ သည်းခံခွင့်လွှတ်ခြင်းဆိုတဲ့ ဝါဒကို ဆွဲကိုင်
ပြီး လောကကြီးကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး ရဲရဲရင့်ရင့်
လျှောက်လှမ်းသွားနိုင်အောင် ကြိုးစားလိုက်စမ်းပါတပည့်
ဆရာကြီး ဒါပဲပြောချင်တယ်'

'ဟုတ်ကဲ့'

'အေး… ဆရာကြီးတို့ ကျောင်းအတွက် ကျော်ဝေဟာ
နောင်တစ်ချိန်မှာ နိုင်ငံအတွက် ကျော်ဝေဖြစ်ပါစေကွယ်'





ကြက်သီး ဖြာသွားအောင် ခံစားလိုက်ရသည်။ နိုင်ငံ
အတွက် ကျော်ဝေ ဖြစ်ပါစေတဲ့။ နုငယ်သော နှလုံးသားသို့
ဆရာကြီးသည် သံမဏိစိတ်ဓာတ်သွင်းပေးလိုက်လေပြီ။

ဖြစ်စေရမည်။ ဖြစ်ရမည်။ နိုင်ငံအတွက် ကျော်ဝေ
ဖြစ်ရမည်။ ပိုးအိအတွက် ကျော်ဝေ မဖြစ်စေရဟု….။

* * *



www.burmeseclassic.com

www.burmeseclassic.com

ယခု မျက်မှောက်ခေတ် အခါသမယ၌....

## အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

'လှ....မောင်'

သင်းရယ်'

ပယင်းခန်း၏ စားပွဲတစ်နေရာ၌ အသင့်စောင့်နေသော [illegible] သင်းမောင်ရီနှင့်မျက်နှာချင်း ဆိုင်မိချိန်တွင် သူ့ ရင်တွင်း [illegible] တအံ့တသြနှင့် ကရုဏာမိုးစွေသွားရသည်။

သင်းမောင်ရီက သူ့အားဖက်ကာ ပါးပြင်သို့ "ရှတ်" [illegible] အနမ်းနှင့် နှုတ်အဆက်ကို သူ ထူပူစွာ ခံစားလိုက်ရသည် [illegible] ပတ်ဝန်းကျင်သို့ မလုံမလဲကြည့်မိသည်။ သူမ၏ ဘိုဆန်သော [illegible] အပြုအမူသည် မြန်မာနိုင်ငံ ဆိုသည်ကို မေ့နေဟန်တူသည် [illegible]





[illegible] ပြဿနာများကို ထိန်းသိမ်းထားသော မြန်မာနိုင်ငံ [illegible] လျှင်လည်း [illegible] အပြုအမူသည် ချစ်စရာ ကောင်းနေသည်။ [illegible] သော် ကွဲကွာနေသော ချစ်သူခြင်း၏တွေ့ဆုံမှုတွင် ကြည်နူး [illegible] ဘက်တော့ရှိပေမည်။

သူက်တော့် တို့ပြန် မနမ်းပါ။ သူ့ ရင်ခွင်မှ သူမကို [illegible] ခဲ့ပြီး [illegible] ထိုင်ခုံ [illegible] ကြည့်လိုက်သည်။ မျက်ရည်များဖြင့် ရွှန်းလက်နေသော သူမမျက်ဝန်း [illegible] လွမ်းမောခြင်းတို့နှင့် ပြည့်နက်နေသည်။ [illegible] လှအပဆုံး ရှာဖွေ၍မတွေ့နိုင်လောက်အောင် [illegible] မျက်လုံးပြာပြာ၊ [illegible]

'ဘာရောဂါတွေလဲ'

[illegible] ဂါပဲ'

'သင်းရယ် [illegible]

[illegible] လိုက်မိသည်' အသားမရှိသဖြင့် အတွေးမှု [illegible]

www.burmeseclassic.com



အရိုးပေါ် အရည်တင်လက်ကလေးပါလား။ ထောင်ထော မောင်းမောင်းအရပ်နှင့် လိုက်ဖက်စွာ ပြည့်ဖြိုးသောအသ အရေများ ဘယ်ရောက်ကုန်သလဲဟု သူတွေးလိုက်မိသ သို့သော် အဖြေရှာမရပေ။

'ဒါလင်နဲ့ အရမ်းတွေ့ချင်နေတာနဲ့ စွန့်စွန့်စားစား ထွက်လာခဲ့တာ'

'ကိုယ့်မြေကိုယ်ပြန်တာပဲ စွန့်စွန့်စားစားကြီး ကြိုးပ ရသေးသလား'

'ကြိုးစားရတာပေါ့ ဒါလင်ရယ်၊ အိုင်...အဲသင်းတို့ ဟိုနိုင်ငံသားအဖြစ် ခံယူလိုက်ပြီဆိုတော့ တိုးရစ်ဗီ (Tourist Visa)နဲ့ လာရတာ'

'ဗြော်...ဒါဖြင့် ပြန်ရဦးမှာပေါ့'

ကိုယ့်အမိမြေကို ဧည့်သည်အဖြစ်ရောက်ရှိလာသော မာပြည်မွေး မြန်မာမလေး (Tourist) အဖြစ် မြင် သည်။ ဝမ်းနည်းစွာဖြင့် စိတ်မှက်ရှုကာဒေါသော သည်။

'မာမာလည်း ဟိုရောက်ပြီးမကြာခင်မှာ ဆုံးသွားတ

'ဟုတ်လား....မောင်မသိဘူး။

'စာထဲထည့်ရေးလိုက်မပါသေးတယ် မောင်'

သူ တွေဝေစွာ စဉ်းစားလိုက်သည်။ သင်းအား အ ကြီးစွာ ချစ်မိခြင်းကြောင့် ကြီးမားသော အမျက်ထွ





သည်။ ထို့ကြောင့် သင်းထံမှရောက်လာသမျှ စာများကို မဖတ်ဘဲ မီးရှို့ခဲ့သည်။

သုံးလေးစောင်မျှလာပြီး နောက်ပိုင်း သင်းလည်း ထပ်မံ ရေးခြင်းမရှိတော့ချေ။

ငါးနှစ်ကြာ ကာလအတွင်း ယုံကြည့်မှုယ်ရာမရှိအောင် ပြောင်းလဲသွားသော သင်းအား တစိမ့်စိမ့်ကြည့်မိသည်။

'သင်း ဟိုမှာဘာလုပ်သလဲ'

'ရှာပဲ ဝင်လုပ်ရတာပေါ့ မောင်ရယ်'

'ရှ...ရှာ... ဟုတ်လားသင်း'

သင်း မျက်ဝန်းထဲ့သည် မာကြောလာသည်။ မာကြော သော မျက်ဝန်း၌ မျက်ရည်စများ စွန်းထေးနေသည်။

'တစ်ကောင်ကြွက်ဘဝနဲ့ သူများနိုင်ငံမှာ ရပ်တည်ရတယ် ဆိုတော့ အလုပ်တွေရွေးနေလို့မရဘူး ဒါလင် ရှာပဲ'

'ဘာလဲ...ရှာဆိုတာ'

'မြန်မာစကားနဲ့ပြောရင် စားပွဲထိုးပေါ့ ဒါလင်'

'သင်းရယ် မလုပ်နိုင်တော့ကွာ ပြန်လာခဲ့တော့'

'ပြန်လာချင်လွန်းလို့ သင်း အလုပ်တွေ အရမ်းလုပ်ပြီး ငွေစုပြီးပြန်ခဲ့တာပါမောင်၊ အပြီးတိုင် ပြန်လာနိုင်ဖို့လည်း ဒီတစ်ခေါက်ပြန်ရင် စီစဉ်မယ် သိလားမောင်၊ သင်းလေ... မောင်နဲ့ အရမ်းတွေ့ချင်လွန်းလို့လာခဲ့တယ်ဆိုရင် မောင်ယုံ ကြည်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'ယုံကြည်ချင်ပါတယ်'

[illegible]

သူမစကားသည် အပျားခတ်တုန်ရီသွားပြီး [illegible]

[illegible]

မငိုနဲ့တော့ ကလေးလည်းမဟုတ်တော့ဘဲနဲ့ [illegible]

သူက ယောကျ်ားကိုင် လက်ကိုင်ပဝါလေးနှင့် [illegible] သုတ်ပေးလိုက်သည်။

[illegible]

တွေကော မငိုရတော့ဘူးလား၊ ရင်ထဲ [illegible]

ရပ်ကွက်ထဲ [illegible] သော့ကိုကောက်ပေး [illegible]

ပေးတဲ့အနေနဲ့ မငိုရတော့ဘူးလေ၊ မောင်ရယ်

'သစ်ရွက် [illegible]

ငိုမှမဟုတ်မှ [illegible]

[illegible]

[illegible]

[illegible]

သလိုပဲ၊ မောင်ကျေးမှာနေဦး၊ ပြီးတော့ 'မေ [illegible]

လိုက်တည်းတော့'



[illegible] (Sir Thank) [illegible]

လိုက်နေမှာ [illegible] မြန်မာ [illegible]

ခရီးထွက်ချင်တယ်၊ မြန်မာ့ရေမြေ တောတောင်သဘာဝ

တွေရဲ့ အလှအပ [illegible] သိမ်း

ဆည်း [illegible]

ချစ်ဦးသူဖြစ်၍ အရွှေးအမူး မမေ့နိုင်အောင် [illegible]

ခဲ့ရသည်။ ထို့ကြောင့် သူမ၏ စိတ်အလိုကျဖြစ် [illegible] ရေးကို

[illegible]

ထို့ကြောင့်....

[illegible]

ချင်သလဲဆိုဒါ [illegible]

ဘာစားမလဲ'

'မြန်မာ့ ထမင်းဟင်း [illegible]

ထ [illegible]

'ကော်ဖီသောက်လိုက်ပါဦး ဒါလည်း ဒါ့မှမဟုတ် [illegible]

[illegible]

သောက်ဘူးထင်လို့ ဆင်း [illegible]

[illegible]

'မောင့်စိတ်ခေတ်က ဘယ်တော့မှ မပြောင်းလဲဘူးနော်'

လှိုင်စာဒေ

www.burmeseclassic.com



'စိတ်ခေတ်ပြောင်းလဲတယ်ဆိုတာ စိတ်ခေတ် ပျော့ညံ့သူတွေရဲ့အယူပ်ပဲ၊ မောင့်စိတ်ခေတ် ဘယ်တော့မှမပြောင်းလဲဘူး အဲဒီအထဲမှာ သင်းကိုချစ်တဲ့စိတ်လဲပါတယ်'

'မောင်ရယ်'

'ကိုင်း....လာသွားကြရအောင်ဟင်၊ သင်းပုံစံနဲ့က လူကြည့်စရာ ဖြစ်နေဦးမယ်၊ သွားလဲလိုက်ပါဦးလား၊ ထမိန်မပါဘူးလား'

'မပါဘူး မောင်'

'သေလိုက်ပါတော့လား' ဟုသာ ကိုယ့်နဖူးကိုယ်ပြန်ရိုက်လိုက်ချင်သည်။

အောင့်ဘီရှည်နှင့် ရှပ်အင်္ကျီဝတ်ထားသော သင်းမောင်ရီကို သူကြည့်ကာ စိတ်မောသွားသည်။

'ဒါဖြင့်လဲလာ....သွားရအောင်'

သူ့လက် ကမ်းပေးလိုက်သည်။

သင်းမောင်ရီက သူ့လက်ကိုဆွဲကာ အသာအယာ ထလိုက်သည်။

ဆန့်ကျင်ဘက်ဖြစ်နေသော သူတို့နှစ်ဦးထံသို့ မျက်လုံးများ ရောက်ရှိလာတတ်လေသည်။

ယောနှစ်နံစပ်ပုဆိုးနှင့် မာတင် ရှပ်အင်္ကျီ လက်ရှည်ကို လက်ခေါက် ဝတ်ထားတတ်သော သူသည် မြန်မာဆန်နေသည်။ သူမကတော့ တကယ့်ကို တိုးရစ်မလေးနှင့် တူနေ





သည်။ တိုင်းတစ်ပါးကို အထင်ကြီးမိသော မိန်းကလေးတစ်ဦးသည် အမိမြန်မာနိုင်ငံသားအဖြစ်မှ နိုင်ငံခြားသားဖြစ်ကာ ကိုယ့်မြေသို့ (Tourist Visa) နှင့် လာရောက်လည်ပတ်ရသော (Tourist) ဖြစ်နေရပါပကောလားဟု သူ ရင်နာစွာ တွေးရင်း သူမ လက်ကိုဆွဲကာ အင်းလျားလိတ် ဟိုတယ်အစောင်းမှ ထွက်ခဲ့ကြသည်။

* * *



www.burmeseclassic.com

"လောကကြီးမှာယုံကြည်မှုဆိုတာကလည်း အောင်မြင်မှုကို အပိုင်းနိုင်ဆုံး အချက်ကြီးတစ်ခုပဲလို့... [illegible]

* * *

**အခန်း (၉)**

'မန္တလေးရောက်ရင် ဘုရားကြီး အရင်ဖူးရတယ်၊ ဒါမှ သွားလေရာ လာလေရာ အဆင်ပြေပြီး ချောချောမောမော ဖြစ်တယ်လို့ အချို့က အယူရှိကြတယ်လေ'

'အဲဒီအချို့ထဲ မောင်ပါတယ်ပေါ့'

'မောင်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးပဲ၊ ဘယ်ဒေသရောက်ရောက်၊ အဲဒီဒေသမှာရှိတဲ့ တန်ခိုးကြီး ဘုရားတွေကို အရင်သွားရောက် ဖူးမြော်ပြီးမှ ကျန်နေရာကို လည်ပတ်တတ်တာ မောင့်ရဲ့ အလေ့အကျင့်လို့ ဖြစ်နေတယ် သင်း၊ ဒါကြောင့်ပါ၊ ကဲ...သင်း ခဏစောင့် မောင် ဘုရားဝတ်ပြုလိုက်ဦးမယ်'



ဘာသာမတူသူ နှစ်ဦးအတွက် ဝေးကွာမှုကို ဖော်ဆောင်နေသည်။

သူက ဘုရားဝတ်ပြုရာ [illegible] ရှိနေ၍ [illegible] သင်းသည် ယုံကြည်ကြည်နှင့် ငေးမောနေသည်။

မြန်မာနိုင်ငံ၏ အဆားရိပ်၊ တရားရိပ် ခိုဝင်သူ လူသားတို့၏ နှလုံးသားကို ချမ်းမြေ့မှု ပေးနိုင်စွမ်းရှိကြောင်း သင်း သဘောပေါက်လိမ့်မည်ဟု သူ ယုံကြည် သွားသည်။ [illegible] ဖြစ်သည်။

ယောကျ်ားတို့၏ ထုံးစံအတိုင်း ဘုရားရှိခိုးပြီးနောက် [illegible] ကြည့်နှင့် ရင်ဆိုင်တွေ့ဆုံလိုက်သည်။

သင်းက ပြုံးပြလိုက် [illegible] ချိုအပြုံးနှင့်ပြုံးကာ မေးခွန်းထုတ်လိုက်သည်။

'မောင်မောင်က သင်း ဘာတွေ ကန်တော့နေတာလဲ'

'မောင်... [illegible]'

'စောစောကလေ... မောင် ဘုရားရှိခိုးနေတုန်း'

သင်းသည် ရုတ်တရက် သဘောပေါက်ဟန်မတူ၊ [illegible] မျက်လုံးကလေးများဖြင့် [illegible] လေးကြည့်ပြီး...

www.burmeseclassic.com



'ဟင့်အင်း...မကောက်မိပါဘူး'

'ကောက်ပါတယ်....သုံးကြိမ်တောင်'

'ဩော်...ဟင်းဟင်း...သင်းက အဟုတ်မှတ်လို့၊ ဒါလင် တော်တော်နောက်တယ်'

'မဟုတ်ဘူးလား... ခုနက နဖူးနဲ့ကြမ်းပြင်ထိတာ သုံးကြိမ်တောင်၊ အဲဒါ ဘာလုပ်တာလဲ'

သူ တမင်မေးနေခြင်း ဖြစ်သည်။ ခရစ်ယာန်မလေးက ဘာဖြစ်၍ ဦးသုံးကြိမ်ချလိုက်သနည်း။ ဤသည်ကို သူသိချင်နေသည်။

'ဩော်...ဒါလား...ဦးချတာလေ မောင်၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ကိုးကွယ်ပါ၏လို့ စိတ်ထဲက ရွတ်ပြီး ဦးချလိုက်တာလေ'

'သင်း ဘာသာပြောင်းလိုက်ပြီလား'

'မပြောင်းပါဘူး မောင်၊ ဒါပေမယ့် ယခုလို တန်ခိုးကြီးဘုရား မြင်ရရင်ပဲ သင်းစိတ်ထဲက အလိုလို ကြည်ညိုလာပြီး ဦးချချင်စိတ်ပေါက်လာပြီး ချလိုက်မိတာပါ၊ ဘာဖြစ်လို့လဲ။ မောင် မကျေနပ်ဘူးလား'

'ကျေနပ်ပါတယ်...ကျေနပ်ရုံမကဘူး ဝမ်းသာ ပီတိဖြစ်မိတယ်၊ အိမ်ထောင်တစ်ခု တည်ဆောက်ဖို့အရေးမှာ အဓိက လိုအပ်ချက်ဟာ အချစ်ဖြစ်သလို ပဓာနကျတဲ့နေရာမှာလဲ





ဘာသာရေးလဲ ဖြစ်နေတတ်တယ်၊ သင်း မြန်မာပြည်ကို အပြီးတိုင် ပြန်လာတဲ့နေ့ဟာ မောင်နဲ့လက်ထပ်တဲ့နေ့ ဖြစ်ရမယ်'

'တကယ်လား....ဒါလင်ရှယ်'

သင်း မျက်ဝန်း၌ လွှမ်းမိုးရိပ်များ ဝေလျက်ရှိသည်။

'ဘာသာရေးဆိုတာ ယုံကြည်မှုတစ်မျိုးပဲလေ၊ ကိုယ်ယုံကြည်ရာကို ကိုယ် ကိုးကွယ်ဆည်းကပ်နိုင်ပါတယ်၊ ဒါပေမယ့် အိမ်ထောင်တစ်စု၊ မိသားတစ်စုမှာ ယုံကြည်ကိုးကွယ်မှုဆိုတဲ့ ဘာသာရေးဟာ တစ်မျိုးတည်းဆိုတော့ ပိုကောင်းတာပေါ့...မဟုတ်ဘူးလား'

'ဟုတ်ပါတယ် မောင်ရယ်.... သင်း ကြိုးစားနေပါတယ်၊ ထမဦးဆုံး ကြိုးစားမှုက မြန်မာပြည်ကို အပြီးတိုင် ပြန်လာဖို့ပါပဲ'

'ခုလို အမြင်မှန်ရတာကိုပဲ မောင်ဝမ်းသာရပါတယ်သင်းရာ...ဘုရားရင်ပြင်အနှံ့ လျှောက်ရအောင်'

မဟာမြတ်မုနိ အာရုံခံစောင်းတန်းထဲမှ ထွက်လာကြသည်။

'ဘုရားရိပ်ဟာ အင်မတန်အေးချမ်းတယ်နော် မောင်'
ဟုတ်တယ်သင်း၊ လောကကြီးမှာ အအေးချမ်းဆုံးနေရာကို ပြပါဆိုရင် ဘုရားရိပ် တရားရိပ်ရှိတဲ့ နေရာကိုပဲပြရတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးဝန်းသို့ စတင်ဝင်ရောက်လာကတည်းက [illegible] အမိုးအကာ [illegible] [illegible] သည် [illegible] စွာ အေးချမ်းနေလေသည်။

နေပူခံ ကျောက်ပြားလေးတွေကိုနင်းပြီး...ကြေးရုပ်ကြီးရှိရာ သို့ လျှောက်ခဲ့သည်။ [illegible] ကြေးရုပ်ကြီးကို [illegible] ဖြစ်သည်။ [illegible]

'နာတယ်မောင် အစပ်စားမိရင်ပဲဖြစ်ဖြစ် [illegible] စားမိရင်ပဲဖြစ်ဖြစ်ပေါ့ နာတယ်၊ အဲဒီအခါ မောင့်ကို အရမ်းသတိရတာပဲ'

'ဘာဖြစ်လို့လဲ'

'မောင်တိုက်တဲ့ ပဒ်မြင့်မိရဲ့ဆေးကို သတိရလို့ပါ'

'ကြော်....သင်းရယ်'

ကရုဏာမိုးတွေ ရွာနေရလေပြီ၊ သင်းကို သွားတားမြစ် [illegible] ကြားက [illegible] ထွက်သွားသဖြင့် [illegible] ကြီးဆိုးကာ အမျက်ထွက်၍ ဥပေက္ခာပြုခဲ့လိုက်သည်။ [illegible]



'မောင့်မေတ္တာ စေတနာနဲ့ သစ္စာတရားကို စော်ကားမိသလို ဖြစ်သွားတဲ့အတွက် သင်းကို ဘုရားသခင်က ဒဏ်ခတ်တာယ်ထင်တယ်၊ မောင်ရယ် သင်းလေ အရမ်းကို ဒုက္ခရောက်ခဲ့တာသိလား'

'ဒုက္ခတွေ ကင်းဝေးနေတဲ့အချိန်မှာ ဒုက္ခအကြောင်း မတွေးတာ အကောင်းဆုံးပဲ သင်း၊ မတွေးနဲ့တော့ မောင်နဲ့ သင်း နေရတဲ့ရက်က နှစ်ပတ်လောက်ပဲဆိုတော့ ပျော်ပျော်ပဲ နေလိုက်ပါသင်း၊ လောကကြီးမှာ နေတတ်ရင် ပျော်စရာတွေ အများကြီးပဲ'

ကြေးရုပ်ကြီးကို သူရှာသည်။ ဗိုက်ပြောင်ပြောင်၌ ချက်နှိုက်ခြင်းဖြင့် ဗိုက်နာသက်သာသည်ဟုဆိုသည်။ ထို့ကြောင့် ဗိုက်နာတတ်သော သင်းအား ချက်နှိုက်ခိုင်းမည်ဟူသောရည်ရွယ်ချက်နှင့်ဖြစ်သည်။

'ဟော...ဒီထဲမှာကိုး'

သော့ခတ်ထားသော ဇရပ်တစ်ခုအတွင်း၌ ကျိုးပျက်နေသော ကြေးရုပ်ကြီးများကို တွေ့လိုက်ရသည်။

'ဘာလဲ မောင်'

'ဟိုကြေးရုပ်ကြီးတွေလေ'

'ဘာဖြစ်လို့လဲ...ကျိုးပျက်လို့ နှမြောစရာကြီးနော်၊ ခြင်္သေ့ရုပ်ကြီးတွေကော'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အဲဒီအရုပ်ကြီးရဲ့နားကိုနှိုက်ရင်း နားေ
ဝါရှိသူအတွက် ပျောက်သွားတယ်၊ ဗိုက်နာလို့ချက်နှိုက်
ဗိုက်နာပျောက်တယ်တဲ့၊ ဒါကြောင့် သင်းကိုချက်နှိုက်ခို
မလို့'

'ပေါက်ပေါက်ရှာရှာ မောင်ရယ်'

'ပေါက်ပေါက်ရှာရှာ မဟုတ်ဘူး သင်းရဲ့၊ ဒါလဲ ယုံကြ
မှု တစ်မျိုးပဲပေါ့၊ တစ်ခါတရံ ယုံကြည်မှုဟာ ရောဂါ
ပျောက်ကင်းစေနိုင်တယ်'

'ဟုတ်ရဲ့လား မောင်ရယ်'

'ဟုတ်တာပေါ့ သင်းရဲ့၊ မောင် ဥပမာတစ်ခုပြောပြမယ်
မမက ငယ်ငယ်ကတည်းက နှာချေထတ်တယ်၊ နှာစေးတ
တယ်၊ တစ်ထောင်းထောင်း ထနေတဲ့ ဟင်းချိုပူပူငွေ့
များ ရှူရှိုက်မိတာနဲ့ တဟက်ချိုးထဲချိုးတော့တာပဲ'

'ဟုတ်တယ် သင်းမှတ်မိတယ် ဒါလုင်၊ သင်းနဲ့ တစ်
လမ်းမှာဆုံတော့ နေပူကြီးထဲ အစောင်းမပါလို့ဆိုပြီး
ချေနေတာနဲ့ လမ်းကြုံဖူးသေးတယ်'

'အင်း ...အဲဒီလိုနဲ့ အင်္ဂလိပ်ဆေးကော မြန်မာဆေ
ကော စုံပါတယ်၊ ကုတယ် မပျောက်ပါဘူး၊ ဒါနဲ့ မေ
တက္ကသိုလ်တက်ထဲ့နှစ်မှာ မမစွန်းလွန်းရိပ်သာမှာ တ
သွားအားထုတ်တယ်၊ ဥပုသ်ရက်ရှည်ယူပြီးတော့ပေါ့'

သင်းသည် သူ့လက်မောင်းကိုတွဲခိုကာ ငြိမ်သက်
လိုက်ပါလာသည်။ ငြိမ်သက်ခြင်းအပေါ်တွင် စိတ်ဝင်





င်း ရှိမရှိကို သိလိုသဖြင့် ဆက်မပြောဘဲ သူ နှုတ်ပိတ်နေ
ိုက်သည်။

'အင်း...မောင်၊ အဲဒီတော့ဘာဖြစ်သလဲလို့'

'ပြောမှာပေါ့သင်းရယ်၊ မောင် ဘာသာရေးအကြောင်း
ပြောတော့ သင်းမှနားလည်ပါ့မလားလို့ စဉ်းစားမိလို့'

'နားလည်ပါတယ် မောင်ရဲ့၊ သင်းက မြန်မာပြည်မှာ
မွေးဖွားကြီးပြင်းခဲ့သူပဲဟာ...နိုင်ငံခြားရောက်တာ ငါးနှစ်ပ
သေးတာပါ၊ မြန်မာနိုင်ငံနဲ့ ဗုဒ္ဓဘာသာရေးဟာ ခွဲခြား
မှုမရတာ၊ သင်း နားလည်ပါတယ်.... ဆက်ပြောပါဦး
မောင်'

'အဲဒီ စွန်းလွန်းနည်းက တရားထိုင်တဲ့အခါ အသက်ကို
င်းပြင်းရှူပြီး၊ ပြင်းပြင်းထုတ်၊ ရှူးရှဲ...ရှူးရှဲ.... ဆိုပြီး
ူလိုက် ထုတ်လိုက် လုပ်ရတယ်'

'ဟုတ်တယ်....ဟုတ်တယ်၊ သင်း ကြားဖူးတယ်'

'ပထမတော့ ရှူလို့မတတ်ဘူး၊ နောက်တော့ အရှူ
ထုတ် မှန်သွားပြီးတဲ့အခါ မောပန်းခြင်း လုံးဝ မရှိဘဲ
ကိုယ်တစ်ကိုယ်လုံးရှိတဲ့ အပုပ်ချွေးတွေလဲထွက်၊ အချို
နှာရည်တွေဘာတွေ ယိုစီးတာပေါ့၊ ဒါပေမယ့်....ဆက်
နေ၊ မရပ်ချင်တော့ဘူး၊ စည်းချက် ဝါးချက်မှန်သလို
းရှဲ ရှူးရှဲနဲ့ တစ်နာရီလောက် ရှူပြီးတဲ့အခါ အချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးခေါင်းလော့င်းသံ ပေါ်လာရင် အရှူ့ အထုတ်ရပ်ပြ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာတဲ့ အပူအအေးဝေဒနာ အ တို့ကို ရှုမှတ်ပြီး ခံစားရတယ်၊ အဲဒီလိုပဲ မြင်းမြင်းထန်ထ ရှူလိုက်၊ ပြီးရင် ဝေဒနာတွေကို မှတ်လိုက်နဲ့ တရားထိုင် နည်းဟာ အဆုပ်ရောဂါသည်တွေ၊ ရင်ကြပ်ပန်းနာသည် ထိတ်ခါနာသည်တွေကိုပါ ပျောက်ကင်းစေတာတယ်တဲ့…

'ဟုတ်လား'

'အဲဒါနဲ့ မမလဲ အားတဲ့ရက်တိုင်းလိုလို အဲဒီမှ တ ဝင်၊ တရားအားထုတ်တဲ့….ဟင်းချိန့်တွေ ခံနိုင်ရည်ရှိလ သလို၊ နေပူမိုးရွာပါ နှာမချေတော့ဘဲ၊ အအေးမိကဲ့အ လောက်သာ ချေတဲ့ သာမန် အနေအထားကို ရောက်သွ တယ်။ အရင်ကမျှားဆိုရင် အိပ်ရာက နိုးလာလို့ ခြင်ထော ကလေးလှပ်ပြီး ထွက်လိုက်တာနဲ့ကို နှာချေတာပဲ၊ အခု ဒီ မဟုတ်တော့ဘူး၊ မောင်တို့လို သာမန်အနေအထားဖြစ်သွ တယ်၊ အဲဒါ ယုံကြည်မှု အစွဲအလမ်းတစ်မျိုးပဲ၊ ဒီလိုနည် ရှူရှိုက်မှတ်လိုက်ရင် ပျောက်တယ်လို့ ပြောသံကြားဖူးပြ ယုံကြည်စွာနဲ့လုပ်ဆောင်တော့ ရောဂါပျောက်တဲ့အထိ တယ်။ ဒါကြောင့် လောကကြီးမှာ ယုံကြည်မှုဆိုတာ အောင်မြင်မှုကို အပံ့ပိုးနိုင်ဆုံးသော အရာတစ်မျိုးပဲလို့ တယ်'

'ထူးဆန်းတယ်နော် မောင်'

'ဒါ အထူးအဆန်း မဟုတ်ပါဘူး၊ လောကကြီးမှာ





လို့ ဖြစ်ထရှိတဲ့ သဘာဝတစ်ခုပါပဲ၊ တစ်ခါတရံ လောက ကြီးမှာ ဝတ္ထုတွေထက် ဆန်းကြယ်တဲ့ တကယ့်ဖြစ်ရပ်မှန် တွေဟာ ပြည့်နှက်နေတတ်တယ် သင်း'

သင်းက ခေါင်းကလေး ညိတ်ရုံသာ ညိတ်လိုက်သည်။ ပြီးတော့ မော့တိုက်သံနှင့်….

'ဖြည်းဖြည်းလျှောက်ပါ မောင်…သင်း မောလို့'

ဩော်…သူ၏ယောကျ်ားခြေလှမ်းကို သင်း လိုက်မမီဘူး ထင်ပါသည်။ သူ ခြေလှမ်းကို နှေးပစ်လိုက်သည်။

'ဘာကန်လဲ မောင်'

အရှေ့ဘက်စောင်းတန်းနံဘေး ရေကန်ကြီး၌ လူများ ကြည့်နေကြသည်။ ပေါက်ပေါက်၊ ဘီစကစ်များကို ပစ် ကျွေးနေကြသဖြင့်…

'လိပ်ကန်ထင်တယ်'

'သွားကြည့်ရအောင်'

'ကြည့်လေ'

'ဟာ….လိပ်ကြီးတွေက အကြီးကြီးပဲနော်… မုန့်ဝယ် ကျွေးဦးမယ်'

ကလေး တစ်ယောက်လိုပင် ပျော်မြူးနေသော သင်းကို ကြည့်ကာ သူ့ စိတ်အစဉ်ပါ လန်းဆန်းလာသည်။ ဘီစကစ် ကျိုးလေးများကို ပစ်ကျွေးနေသော သင်းကို ငေးမော ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'လိပ်ကြီးတွေက ကြီးလွန်းတော့ ကြောက်စရာတော
ကောင်းနေတယ်နော် မောင်'

'အင်း'

'လိပ်ခွံကြီးက မာလဲ မမာဘူးထင်တယ်'

ရေဖြင့် နူးပွနေသော လိပ်၏ဖြူလျော်လျော် ပွတ
အသားနှင့် လိပ်ခွံကို ကြည့်ကာ သူက ပြုံးကာ....

'သိချင်ရင် ကိုင်ကြည့်ပါလား'

'မောင် ဆင်းဖမ်းပေးပေါ့'

'တတ်တယ်'

ချစ်စနိုးနှင့် ထိပ်ထုရန် ရွယ်လိုက်မိသည်။

'သွားစို့ သင်း....မှောင်နေမယ်၊ ညစာ အချိန်လွန်သွား
မယ်'

'ရက်စ်....ဒါလင်'

ကလေးတစ်ဦးလို ပွင့်လင်းပြီး ချစ်စဖွယ်ကောင်းသေ
သင်း၏ အပြုအမူ အပြောအဆို အမူအရာသည် ပြောင်းလ
လုံး၀ မရှိပါချေ။

သို့သော် ခန္ဓာကိုယ်သည် ယခင်ကကဲ့သို့ သွက်လက
မရှိဘဲ လေးလံနေသည်ဟု သူ သတိပြုမိလာသည်။

'သင်း နေကောင်းရဲ့လား၊ မှောသေးသလား၊ ဆေ
ခန်းသွားမလားဟင်'

ယခင်ကချစ်သော အချစ်ပေါ်၌ အမျက်ကြီးခဲ့သည
သို့သော် ယခုလိုအမြင်မှန်ရ၍ မိမိရင်ခွင်သို့ အားကိုးတကြ





ဝင်လာသော ချစ်သူအပေါ် ယခင့်ယခင် ကာလများ
ထက် ပို၍ ကရုဏာဆင့်ကာ အချစ်ပိုမိသွားသည်။

'အဟင်း....မောင့်မေးခွန်းတွေက များလွန်းလို့ သင်း
ဘယ်ကစဖြေရမှန်းတောင် မသိတော့ဘူး'

'တဖြည်းဖြည်းဖြေ'

လှအေးသည် မန္တလေး၌ အခြေချကာ ကြီးပွားချမ်း
သာနေသူဖြစ်သဖြင့် လှအေးထံ၌ပင် တည်းခိုကာ၊ ကားကို
ငှါးယူသုံးခြင်းဖြစ်သဖြင့် မန္တလာခရီး၌ သူတို့အတွက်အဆင်
ပြေ ချောမွေ့နေသည်။

သင်းအတွက်ကား တံခါးဖွင့်ပေးလိုက်သည်။

'(So Thank) ဆိုးသင့်ခ် ဒါလင်'

သူမ၏ ဘိုဆန်သော အသုံးအနှုန်းများကို ချစ်သူဘ၀
အတည်းကစ၍ သူပြုပြင်ခဲ့ပါသော်လည်း မရချေ။ နှုတ်ကျိုး
နေဟန်တူသည်။ သူ ခွင့်လွှတ်ပြုံးနှင့်သာ နားထောင်နေလိုက်
သည်။

'ဒီညစာ....ဘာစားမလဲ'

'ဘာဖြစ်ဖြစ်ပါ၊ မောင်နဲ့ အတူတူသာဆိုရင် သင်း
အတွက် အားလုံးသော အစားအစာဟာ နတ်သုဒ္ဓါကြီး
ပါပဲမောင်'

ဒီတစ်ချီတွင်တော့ ချစ်စနိုး ခေါင်းခေါက်လိုက်မိသည်။
အဘယ်ကြောင့်ဆိုသော် ကားပေါ်ရောက်နေပြီ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင်၊ ပတ်ဝန်းကျင်ကို ငဲ့ကွက်စရာမလိုတော့ခြင်းကြောင့် ဖြစ်သည်။

ပတ်ဝန်းကျင်ကို အရေးမစိုက်တော့ဟုဆိုကာ ထင်ရာစိုင်းနေခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ် မဟုတ်ဟု သူထင်သည်။ ထို့ကြောင့် ချစ်သူ၏ခေါင်းကို ခေါက်လိုက်သည်ကိုပင်ပတ်ဝန်းကျင်ကို ငဲ့ကွက်ရသည်။

ပတ်ဝန်းကျင်၏အမြင်၌ ကလေးကလားများ နိုင်နေမလား၊ပတ်ဝန်းကျင်ကို မထေမဲ့မြင်ပြုရာများ ကျနေမလားဟု တွေးတောကာ မိမိသိက္ခာသမာဓိကို ငဲ့ကွက်ပြီး နေထိုင်ရလေသည်။

သင်းကတော့——

'ဒါလင်ရယ်၊ ဒါလင်နဲ့နေရတာ သင်း သိပ်ပျော်တာပဲ၊ ဘုရားသခင်ပေးတဲ့ ငြိမ်းချမ်းဆုလေးထင်တယ်'

ဟု ကန့်ကလျ ပြောကာ သူ့ပခုံးထက်မှီရင်း လိုက်ပါလာလေသည်။

ချစ်သူ၏ အနုအယ အချွဲအနွဲ့တို့သည် လုလင်ယောကျ်ားတို့၏ အလိုလာဆုံးအရာတစ်ခုဖြစ်သည်ဟု....။

* * *



"ဆယ်ကျော်သက်အရွယ် မိန်းကလေးများအတွက် လွှပ်[ါ]ဆိုပြနိုင်ရုံမျှနှင့် ငွေကို 'ဖောဖောသီသီ' ရနေပြီဆိုပါက၊ [ဉ]ာဏ်ရေး၌ စိတ်ဝင်စားနိုင်ပါတော့မလား၊ ငွေကိုလွယ်လွယ်[ရ]။ လွယ်လွယ်သုံးဖြုန်းနိုင်သော ထိုငွေရှာလုပ်ငန်း သံသရာ၌[လ]ျှင်လည်ရလိမ့်မည် ထင်ပါသည်။"

[အခ]န်း (၁၀)

'ဒါလင် ဘာစားချင်သလဲ'

'မောင်ကတော့ မန္တလေးကြာဆန်ချက်ကို အစားချင်ဆုံးပဲ၊ မန္တလေးမုန့်တီနဲ့ ကြာဆန်ဟင်းခါးဆိုတာ နာမည်အကြီးဆုံးပဲ'

'စားလေ၊ မှာလိုက်ပါလား'

'မရဘူး မတွေ့ဘူးလား၊ မိနူးမှာမရှိဘူး၊ တရုတ်အစားအစာတွေကြီးပဲ'

သူ့ရင်ထဲ မကျေမနပ်ခံစားလိုက်ရသည်။ မန်းသီတာ[ဟို]ရေပေါ်ဥယျာဉ် စားသောက်ဆိုင်၌ မြန်မာအစားအစာ[မျ]ား မရရှိနိုင်ပါချေ၊ မြန်မာပြည်မှ ဟုတ်ပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



'သင်း ဘာစားမလဲ မှာလေ'

'ဟင့်အင်း....သင်းက ဒါလင့်မျက်နှာကြည့်နေရရင် ဘာမှ မစားလဲရတယ်....မောင်ပဲမှာ'

'ဒီလိုဆို ဘဲကင်တစ်ခြမ်း၊ ကြက်ကန်းဘောင်ကြီးကျော် ရယ်၊ ငါးခေါင်းဟင်းချိုရယ် တော်ပြီနော်၊ ဘာစားဦး မလဲ၊ သောက်ဦးမလား'

'ဟင့်အင်း...အစက အပျော်သောက်တယ်၊ ဟိုရောက် တော့ ပင်ပန်းလို့သောက်တယ်၊ ဒီမှာ မောင်ရှိနေပြီပဲ ဘာမှသောက်စရာ မလိုတော့ဘူး'

'ရရဲ့လား'

ယခုလည်း ကရုဏာသက်စွာဖြင့်....

'ရပါတယ် မောင့်ကို အားမနာနဲ့'

'ရာသီဥတုက ပူတယ်မောင် ဘာမှမသောက်ဘူး၊အအေးပဲ သောက်တော့မယ်'

'ဒီလိုဆို ဆန်းကစ်မှာလိုက်မယ်'

'မောင့်သဘောလေ'

စားပွဲထိုးလေးအား လှမ်းမှာလိုက်သည်။

ရေပေါ်၌ မီးရောင်လဲ့လဲ့လေးများ ထွန်းညှိလိုက်သော အခါ ရေထဲ၌လည်း မီးလုံးလေးမှာ ငုံ့၍ ရေချိုးဆင်းကြ လေသည်။ နေမင်းကြီး ပျောက်ကွယ်သွားလေပြီ။

လှိုင်စာပေ



'မြန်မာနိုင်ငံလဲ အတော် ခေတ်မီ တိုးတက်လာပြီနော်၊ မောင်'

သူပြောလိုသော စကားများကို တံတွေးမျိုချလိုက်ခြင်း အားဖြင့်သာ ဖြေရှင်းလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ကာရာအိုကေဖြင့် သီဆိုကြမည့် အဆိုတော်မလေးများ၏ ဝတ်စား ဆင်ယင်မှုကို လည်း ကောင်း၊ စားသောက်ရင်း အပ်နှံဖြေကြမည့် ငွေကို ရေလို သုံးနိုင်နေသော လူများကိုကြည့်ပြီး စိတ်ထဲ၌ ရင်လေးနေ သည်။

အသားကပ်နေသော ဘောင်းဘီများနှင့် အင်္ကျီပွပွကြီးကို လည်းကောင်း၊ လည်ဟိုက်အင်္ကျီကျပ်ကျပ်ကို လည်းကောင်း ဝတ်ဆင်ထားသော မိန်းကလေးများသည် မြန်မာလေး များဖြစ်သည်။ မြန်မာဟူ၍ ကာလာရောင်စုံ ဖုံးအုပ်မှုကြား က ပေါ်လွင်နေသော မျက်နှာလေးများကိုကြည့်ပြီးတော့ သာ ဆုံးဖြတ်နိုင်သည်။

ထမင်းဝိုင်းကို တာဝန်ယူ ခင်းကျင်းပေးနေသော စားပွဲ ထိုးလေးသည်လည်း မြန်မာလူမျိုးများသာ ဖြစ်သည်။ ဘောင်းဘီအနက်၊ ရှပ်အင်္ကျီအဖြူနှင့် နက်တိုင် အနက် လေးများ တပ်ထားသော စားပွဲထိုး လုလင်များကတော့ သပ်ရပ်နေသည်။ အပြေးအလွှား စားပွဲထိုးရခြင်းတွင်တော့ ပူဆိုးနှင့် မဖြစ်နိုင်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဘဲကင်က နည်းနည်းမာတယ်နော်. ဒါလင်'

'အာ....'

သင်းကို သူ တုံ့ပြန်မပြောနိုင်ချေ။ သူ့အာရုံသည် မိုးထိမြင့်မားလာသော မန္တလေးမြို့ပေါ်ရှိ တိုက်ကြီးများကိုလည်းကောင်း၊ ဟိုတယ်ပျော်ပွဲစားရုံများနှင့် ပြည့်နှက်နေခြင်းကို လည်းကောင်း၊ မြန်မာများ ဈေး ဝယ်ပါက ခပ်တင်းတင်းနှင့် ဆက်ဆံ တတ်သော မြန်မာ ဈေးသည်များကို လည်းကောင်း၊ ငွေအသွန်ပေါ ပြီဆိုသမျှ ဈေးကိုမဆစ်တန်းဝယ်တတ်သော လူမျိုးခြား ဧည့်နိုင်ငံခြားသားများ ပြည့်ဖုံးနေသော မန္တလာမြို့ကို စိတ်၌ မြင်ယောင်ရင်းသက်ပြင်းချလိုက်မိသည်။

> 'ကမ်းစပ်×မင်းဟာ ကမ်းစပ်×တို့ဟာ ရေလှိုင်း
> လေးပေါ့အချစ်ရယ် ရေလှိုင်းလေးပေါ့အချစ်ရယ်×
> ကမ်းစပ်ကို လှိုင်းကလေးလာတယ် ×'

ဒီည အလှည့်ကျဟန်တူသော အဆိုတော် ငယ်ငယ်နုနုချောချော လှလှကလေးများ၏ လှုပ်ရှားမှုမှာ တကယ့်ကိုရေလှိုင်းကလေးများ၏ မြူးကြွ တက်ကြွလှုပမှုမျိုးနှင့်ပြည့်စုံနေလေသည်။

လှတော့ လှကြပါသည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုကိုမြတ်နိုးတတ်သော မိမိအတွက် မိန်းကလေးများ၏ အလှသည် ပူသောင်နေသည်။





'ညီလေး'

'အမိန့်ရှိပါ အစ်ကို၊ ဘာအလိုရှိပါသလဲ'

လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးနေသော စားပွဲထိုးလေးကို ခေါ်လိုက်သည်။

'အစ်ကို နည်းနည်းမေးချင်လို့'

'ဟုတ်ကဲ့...မေးပါ အစ်ကို'

'အဲဒီ အဆိုတော်လေးတွေက – နေ့စားလား.... လစားလား'

'လစားပါ'

'တစ်လ ဘယ်လောက်ရသလဲ'

'တစ်ထောင့်ငါးရာ'

'နေ့တိုင်းဆိုရသလား'

'မဆိုရပါဘူး....တစ်ပတ်မှာ သုံးရက်၊ လေးရက်လောက်ပါပဲ'

'ဩော်....'

'ဒါပေမယ့်.... လစာကြောင့် သူတို့ဆိုတာမဟုတ်ဘူးအစ်ကို'

'ဒါဖြင့် ဘာကြောင့်လဲ'

'ဘောက်ဆူးကြောင့်'

'ဘောက်ဆူး.... ဘောက်ဆူးက တစ်ည ဘယ်လောက်လောက်ရနိုင်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရတာပေါ့၊ တစ်ည တစ်ည သုံးထောင် သုံးထောင် ငါးရာ အဲဒီပတ်ဝန်းကျင်ကြားရတယ်'

'ဩော်....'

တအံ့တသြ ဖြစ်ရသည်။ သတင်းစာ၌ အယ်ဒီတာဖြစ် သော သူသည် လစာကို ခြိုးခြိုးခြစ်ခြစ် သုံးနေရသည်။ ဝါသနာအရ သတင်း၊ ဆောင်းပါး၊ ဝတ္ထုသာမရေးလျှင် သူ၌ အပိုဝင်ငွေရှိလိမ့်မည်မဟုတ်။

ထိုသို့ အပိုဝင်ငွေမရှိပါက သူယခုလို သင်းနှင့်အတူ ကျွ ခရီးပင် ထွက်နိုင်လိမ့်မည် မထင်ပါ။

ဆယ်ကျော်သက်အရွယ် မိန်းကလေးများအတွက် လှုပ် ခါဆိုနိုင်ရုံမျှနှင့် ငွေကိုဖောဖောသီသီ ရနေပြီဆိုပါက ပညာ ရေး၌ စိတ်ဝင်စားနိုင် ပါတော့မလား။ ငွေကိုလွယ်လွယ်ရ လွယ်လွယ် သုံးဖြုန်းကာ၊ ထိုငွေရှာ လုပ်ငန်း သံသရာ၌ ကျင်လည်ရလိမ့်မည်ထင်သည်။

'မောင်'

'ဟင်'

'အိတ်စကျူမီး အိုင် တစ်ခုခုသောက်ချင်တယ် ခွင့်ပြုပါ'

'ရပါတယ် ဘီယာလောက်ပဲသောက်နော်၊ ဖြစ်မလား'

'ရပါတယ်'

စားပွဲထိုးလေးက ကြားဖြတ်ပြောလိုက်သည်။





'ဟုတ်ကဲ့'

သူသက်ပြင်း ချလိုက်သည်။

'ဆောရီးနော် ဒါလင်'

'ရပါတယ် သင်းရယ်'

အရသာခံ၍ သောက်နေသော ငါးခေါင်း ဟင်းချို၏ အရသာပင် ဘယ်ပျောက်သွားသည် မသိလိုက်။ သူကိုကရု ဏာဒေါသောနှင့် ကိုင်လှုပ်လိုက်ချင်သည်။

'မောင်'

'ပြောလေသင်း မောင်နားထောင်နေတယ်'

'ဟိုမှာလေ သင်းအတွက် ပျော်စရာအဖော်ဆိုလို့ မောင် ရယ်'

'ကိုယ့်စိတ်ကိုယ် မနိုင်ဘဲ သူများနိုင်ငံကိုသွားချင်တာ ကို မောင်တို့တိုင်းပြည်မှာလည်း ရိုးရိုးသားသား ကြိုးကြိုး စားစားနဲ့ လုပ်ကိုင်ရာကနေ အောင်မြင် ကြီးပွားနေတဲ့ လူတွေပြည့်လို့'

'သင်းမှားပါတယ်။ သင်းကိုမဆူပါနဲ့တော့ မောင်ရယ်။ သင်းလေ တစ်ခါတလေ လောကကြီးကနေ အပြီးတိုင် ထွက်ပြေးချင်စိတ်တောင် ပေါက်တယ်သိလား၊ ဒါပေမယ့် သင်းရဲ့ဘဝမှာ အောင်မြင်မှုဆိုတာ ယခုထက်ထိ ဘာမှန်း မသိရသေးဘူး။ ဒါကြောင့် နောက်ဆုံးတော့ အောင်မြင် မှု တစ်ခုကိုရယူသွားချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမ၏လေသံသည် မောဟိုက်သံပါနေသည်။ ချစ်ခြင်း ပေါ်၌ ကရုဏာမိုး ဖွဲ့ရပြီဆိုတော့လည်း ပို၍ပင်ချစ်ရပေ ပြီ။ ရင်၌ မချိမဆန့် ဝေဒနာရပ်နှင့် သူမ၏ အေးအေး စက်စက် လက်ကလေးများကို ဖျစ်ညှစ်ကစားပေးရင်း...

'ကလေးတွေ နားလည်တဲ့စကားနဲ့ မောင်ပြောမယ်နော် သင်း'

'အစ်ကို....ဘီယာ'

ဘီယာဖန်ခွက် လှလှလေးနှင့် ရေခဲခွက်ကလေး ရောက် လာသည်။

သူတို့နှစ်ဦးကို စားပွဲထိုးလေးက တအံ့တသြ အကဲခတ် နေလေသည်။ ပုံပြင်မဟုတ်ပါ။

'ပြောပါဒါလင်'

ချစ်သူကိုရင်နင့်စွာ ငေးကြည့်ရင်း ပင့်မောကိုချလိုက် သည်။

'ငှက်တွေဟာ ပျံရင်းသေကြတယ်၊ လူတွေဟာ ကြံရင်း သေကြရတယ်။ ဒါကြောင့် သင်းလည်း ကောင်းခြင်း မကောင်းခြင်းအပေါ် ခွဲခြားနားလည်ပြီးရင် ကောင်းသော နေရာကို ရောက်ဖို့ကြံစည် အားထုတ်နေရမယ်'

'သင်း...ပြန်လာမှာပါ ဒါလင် သင်းမြန်မာပြည်မှာ ခေါင်းချမယ်။ ဟိုမှာသာ သင်းသေရရင် ခွေးသေဝက်သေ လိုအဖြစ်မျိုး ကြုံရမလားမှ မသိဘူး ဒါလင်ရယ်'





'သင်းရယ် စိတ်မပျက်နဲ့ဖြစ်လာသမျှ ဒုက္ခတွေကို ခါး ည်းရင်ဆိုင်ရမှာပဲ မောင့်မိတ်ဆွေ သူငယ်ချင်း တွေလည်း ဲဒီမှာရှိကြတယ်။ လိပ်စာတွေရေးပေးလိုက်မယ်၊ စာလည်း ရေးပေးမယ် လိုအပ်တဲ့အကူအညီ ရှိရင်တောင်းပါ။ ပြန်လာ လည်း ကြိုးစားပါ'

'ရက်စ် ခုချိန်မှာ သင်းအတွက် တစ်ခုတည်းသော ရည် ယ်ချက်ဟာ မြန်မာပြည်ကို အမြိုးတိုင်ပြန်လာခွင့်ရရေးပဲ'

'မောင်လဲ ကူညီမှာပါ၊ ဘာမှအားမငယ်နဲ့'

သူ အံ့သြခြင်းနှင့်အတူ စိတ်ထိခိုက်ရသည်။ သို့သော် ဆန်းဆန်းသွားသော သူမအသွင်ကြောင့် သူ ဘာမှ ထပ် ပြောတော့။ ဘယ်အထိများ ကမ်းကုန်အောင် ဒုက္ခတွင်း ာင်းကာ မိုက်တွင်းနက်ခဲ့သည်ကို မသိနိုင်။

'ဒါလင်'

'အင်'

'သူတို့ကို ဘောက်ဆူးမချဘူးလား'

'ဟင့်အင်း...မချချင်ဘူး'

'ဘာဖြစ်လို့လဲ ဒါလင်'

'ငွေကို လွယ်လွယ်ရ၊ လွယ်လွယ်သုံးပြီး ပျက်စီးသွားမှာ ိုးလို့လေ'

သူကတော့ ဘောက်ဆူးမချပါ။ သို့သော် ခေတ်ပေါ် ားသံရှင် မိန်းကလေးများ၏ ရင်ပတ်၌ ၂၀ဝိ/-များ အထပ်လိုက် သီးနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခနဲ သက်ပြင်းချလိုက်သည်။

'သင်းတော့ စာနာတယ် မောင်၊ သင်းလဲ ဒီဘဝမျိုး ထမ်းစာရှာခဲ့ရတာ'

မျက်ရည်များ ရစ်ဝဲလာသော သင်းအား အာရုံ ပြောင်းစေရန် ငါးခေါင်းဟင်းချိုထဲပါလာသော မုန့်ကြွက်ဆ ကွေးကွေးလေးကို ခက်ရင်းနှင့်ထိုးစိုက်ကာ....

'ဟ....သင်း'

'သိုင်းခ်'

'ပြီးရင် ပြန်ကြရအောင် စားနော်၊ သင်း မစား မောင် ခွံ့ကျွေးမယ်'

မြန်မာသံစဉ်မဟုတ်သော မြန်မာသီချင်းများသည် နားအတွင်း၌ ငြိမ့်ညောင်းမှုမရှိဘဲ ဆူညံ နှောင့်ယှက်လျက် သည်။ ဒီလိုနေရာမျိုးမှာ သူ ကြာရှည်စွာ မနေလို။

ကျေးငှက်သာရကာသံလေးများကို နားဆင်ပြီး မေ အေး ဆေးဆေး စာဖတ်လိုက်၊ စာရေးလိုက်လုပ်နေရသော အရသာလောက် မက်မောသောအရသာ သူ့၌ မရှိပါ။

'နေပါဦး၊ ဖြည်းဖြည်းပေါ့....ဒါလင်ရယ်'

'မနက်ဖြန်မနက် လေးနာရီခွဲလောက် ဘူတာရုံအရော က် သွားရမယ်လေသင်း၊ လားရှိုးရထားက လေးနာရီ ဆယ့် ထွက်မှာ'





'ရပါတယ်....ဒါလင်ရယ်'

သင်းအား ဘာမှမပြောလိုတော့ပါ။ ရောက်တုန်းရောက် ကို ချစ်သူ စိတ်ချမ်းသာပါစေတော့။

'ညီလေး'

'ဟုတ်ကဲ့....အစ်ကို'

'ညစဉ် ဒီလိုပဲ လူပြည့်သလား'

'ပြည့်ပါတယ် အစ်ကို'

'ဒါဖြင့် တစ်ည တစ်ည ဝင်ငွေက'

'နှစ်သိန်းကျော် အမြဲရှိပါတယ်၊ ပိုင်ရှင်က ဟိုမှာ.... ပ်လက်တို့နဲ့ တွေ့လား အစ်ကို'

'အင်း'

ည့်နိုင်ငံသား ဖြူဖြူဖွေးဖွေးကို တွေ့လိုက်ရသည်။ ရှင်ထဲမှာ မောသွားသည်။ လှာရောက် စားသောက်နေသူ များမှာလည်း မြန်မာလူမျိုး ခပ်ရှားရှားပင်။ ရှမ်းတရုတ် များ၊ တရုတ်၊ ကုလားများသာ။ သို့သော်ရှာကြံ၍ဖြေသိမ့် လိုက်သည်။ ဩော်....အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်တွေ ပါပဲဟု....

'သူက ဒီမြို့မှာ ဒီလိုမျိုးဟိုတယ် ရှစ်ခုပိုင်တယ်'

'ဟုတ်တယ်'

www.burmeseclassic.com



အုံ့ဩြစရာများနှင့် ပြည့်နှက်နေသည်။ မိမိတို့လို လူ
သည် ယခုလို ဟိုတယ်၌ တစ်ညတာ စားနိုင်ဖို့အရေး ခ
အောင် ကုန်းရုန်း၍ အလုပ်လုပ်ကာ စုဆောင်းခဲ့ရသ
သူတို့ကြတော့ ရင်းနှီးငွေများမှာ သန်းရာပေါင်းများ
ရှိပေမည်။ ချမ်းသာလှချည်လား.... ဘိုးဘွား အစဉ်အဆ
ကပဲ ချမ်းသာလာခြင်းလား။ ငွေကို ငွေနှင့်လိုက်မှုရသ
ကာလပေပဲ။ မတွေးတော့ပါဘူး။ သူ့အလုပ်က ချစ်သူအ
ဂရုစိုက်ဖို့။

'ရေခဲရေရမလား'

'ရပါတယ် အစ်ကို'

စားပွဲထိုးလေး ယူပေးသော ရေခဲရေကို သောက်
ဖြင့် ရင်ထဲပူလောင်နေသော အမျိုက်မီးကို ငြိမ်းသတ်
သည်။

'ဒါလှိုင်'

'အင်'

'သင်း ဝင်ဆိုရင်ရမလား'

'ရပါတယ် အစ်မ.... ညွှန့်သည်တော်အနေနဲ့ ကျွန်ုပ်
သွားပြောပေးရတော့မလား'

'သင်း'

သူ ဒေါ်သထွက်သွားသည်။

လှိုင်စာပေ



'မောင် ဂုဏ်ပြုသိက္ခာအပြည့်နဲ့ တည်ငြိမ်တဲ့ မိန်းမတစ်
ယောက်နဲ့ပဲ တွဲသွားချင်ပါတယ်'

'အနုပညာနဲ့ ပြည်သူတွေကို ဖျော်ဖြေတာ ဂုဏ်ပြုမဲ့တာ
ား မောင်'

'မောင့်မျက်စိထဲမှာတော့ မြန်မာမှု မြန်မာ့ဟန်နဲ့ မသိ
တဲ့....ဝတ်စားဆင်ယင်မှုကအစ သရုပ်ပျက်အနောက်တိုင်း
ီးဂီတ သံစဉ်တွေကို မြန်မာစာသားနဲ့ မြန်မာလူမျိုးတွေ
ောင် ပီပီသသ နားမလည်နိုင်အောင် သီဆိုတဲ့ ဂီတဖျော်
ဖြေမှုမျိုးကို လက်မခံနိုင်ဘူး၊ ဒီတော့ သင်း မဆိုရဘူး၊
င်းဘာသာသင်း တစ်ယောက်တည်းနေတဲ့အခါ ကြိုက်
လို နေနိုင်တယ်၊ မောင်နဲ့ သွားလာတဲ့အခါ မောင့်စိတ်
ကြိုက်ပဲ လိုက်ရမယ်'

'စ,တာပါမောင်ရယ်၊ အမှန်တော့လေ... မောင်ဟာ
င်းကို ချစ်သူအဖြစ် ရွေးချယ်ဖို့မကောင်းဘူး၊ ပိုးအိကိုပဲ
ွေးချယ်ဖို့ကောင်းတာ'

သူ့ရင်ထဲ စူးစူးရှရှ နာကြင်သွားသည်၊ တိမ်မြုပ်နေ
သော အသည်းထဲမှာ စူးသည် လှံ့ပ်ခတ်လိုက်တိုင်း နာကြင်
သွားတတ်ကြောင်းကို မသိ၍ သင်းသည် ပြောလိုက်လေ
သလား။

'ဒါထက် ပိုးအိကော ဘယ်ရောက်နေသလဲ မောင်'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'သင်းဆီက ဖုန်းမလာခင် တစ်ပတ်လောက်က သူ့ဆီ ဖုန်းလာတယ်၊ မောင့်ရုံးကိုပါပဲ'

'ဘာတဲ့လဲ မောင်'

'အဟင်းဟင်း... သူ့ထုံးစံအတိုင်းပေါ့၊ ကျော်ဝေ ရန်ကုန်ကို ပြောင်းလာပြီဆိုတာ သူငယ်ချင်း ဝတ္ထုရေးဆ အသိပေးတာတဲ့လေ'

ခိုးခိုးခစ်ခစ် ရယ်မောလိုက်သော သင်းကို ငေးကြည့် သည်။ နူးညံ့ကာ ချစ်စဖွယ်ကောင်းလွန်းသော သင်းသ ဘာကြောင့်များ အဝေလမ်း ကြမ်းတမ်းနေရပါ သနည်း

'နောက်တော့ကော မောင်'

'သူ့ကျောင်းလိပ်စာနဲ့ ဖုန်းနံပါတ်ပေးပြီး သာ နာရေးရှိရင် ငါ့ကို ဆက်သွယ်နိုင်ဖို့ပေးထားတာတဲ့... အ အားယားယား လာလည်ဖို့မဟုတ်ဘူးလို့ ပြောပြီး ဖုန်း သွားတယ်လေ'

'ပိုးအိကတော့လေ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ် ဘူးနော် ခပ်မာမာပဲ'

'မာမှာပေါ့လေ သူ့ဘဝကအမြဲတမ်း မှာနေနိုင်တဲ့ ကိုး ဒါပေမယ့် စိတ်ရင်းသိပ်ကောင်းပါတယ်'

ငယ်ကျွမ်းသူငယ်ချင်းအပေါ် အမြဲလိုလို အကာအကွ ပေးတတ်သည်မှာ သူ၏အကျင့်လို ဖြစ်နေသည်။

လှိုင်စာပေ



သင်းက ချစ်စဖွယ် မျက်စောင်းလေး ထိုးလိုက်ပြီး...

'သိပါတယ်။ ပိုးအိ၏ ပါစင်နယ် လော်ယာကြီးရယ်... းအိအတွက်ဆိုရင် အသက်ပေးဖို့တောင် ဝန်မလေးမှန်း'

ဝန်တိုသော မျက်စောင်းလေးလားဟု သင်းအား သူ ကြည့်လိုက်သည်။ အင်အားဖျော့သော သင်းမျက်လုံး၌ ကြက်ခွဲရိပ်များသာ ယှက်သန်းနေလေသည်။

'ရှင်းရအောင်'

'ဟုတ်ကဲ့'

ဗန်းကလေးထဲထည့်ထား ငွေရှင်းဖြတ်ပိုင်းကို ကြည့်လိုက် သောအခါ သူရင်မောသွားသည်။ ဝတ္ထုတိုနှစ်ပုဒ် စာမူခ ါလား 'ခုနှစ်ရာခုနှစ်ဆယ်' မောင်တော့ အရမ်းကိုထိခိုက်ာ နေပြီနော်'

'တော်ပါသင်းရယ် ချစ်သူအတွက် ဘယ်လောက်ကုန် ကုန်၊ ကုန်ချင်နေတာ မောင်တို့ ယောကျ်ားတွေရဲ့ အစွမ်း သတ္တိတစ်မျိုးလေ...အဟင်း'

ဘောက်ဆူးအဖြစ် ပြန်အမ်းငွေသုံးဆယ်အား စားပွဲထိုး လေးကိုပေးပြီး မိမိအမြင်အရ ပူလောင်နေသော မန်းသီတာ ရပေါ် ဉယျာဉ်စားတော်ဆက်ကို ကြောခိုင်း ထွက်လာခဲ့ လေသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ပါဘူး။ သင်းကိုလုံချည် ထပ်ချုပ်ပေးဦးမှ ပါ
ဟုလည်း စိတ်ထဲတွေးလိုက်မိသဖြင့်'

'ညဈေးဘက် ခဏလျှောက်ရအောင်နော် သင်း'

'မောင့်သဘောလေ'

မောင့်သဘောလေဟုသော သင်း၏ ခြေလှမ်းသည် မမှ
ချင်တော့သဖြင့်....

မောင်နဲ့ဆိုရင်လေ ဟိုသီချင်းထဲကလို နှစ်ယောက်ထဲ
မောင့်ရယ် ဧဝရက်တောင်ထိပ် တက်ရတက်ရ၊ ဝင်ရိုးစွန်း
ကိုပဲ သွားရသွား သဲကန္တာရပဲ ဖြတ်ရဖြတ်ရ၊ လိုက်မှာ
မောင်'

နှုတ်လျှာကလေးလေးနှင့် သူမသာ ကျန်းမာရေးကောင်
သူဖြစ်ပါက စိတ်ရှိလက်ရှိ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်
လှုပ်ရမ်းလိုက်မိ လိမ့်မည်ဖြစ်သည်။

ယခုတော့....

လှအေးအိမ်သို့သွားကာ သူမကို ထားခဲ့ပြီးမှပဲ သူတ
ခေါက် ပြန်ထွက်တော့မည်။

တော်သေးသည် လှအေးအိမ်၌ လူကြီးမရှိဘဲ။ လှအေး
လင်မယားနှင့် တစ်ခါလည်း သားကလေးနှစ်နှင့် အိမ်ဖေ
နှစ်ဦးရှိနေသဖြင့် သူတို့အနေအထိုင် လွတ်လပ်လေသည်။





လူကြီး မိဘတွေရှိပါက သင်းအားအတော့်ကို မျက်စိ
နောက်ပေလိမ့်မည်။

သင်းရယ်ဘဝကို ရေစုံမျောကာ ရွက်ကုန်ဖွင့်၍ လွှင့်ခဲ့
လေရော့သလားဟု နှမျောသဖြင့် သင်းအား တစ်ယု
တယ တွဲလိုက်မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"လူ့ဆိုတာတစ်သက်မှာ တစ်ခါထဲသေရမှာ၊ နှစ်ခါသေစရာ အကြောင်းမရှိဘူး။ သေခြင်းဟာ လူတိုင်း လျှောက်ရမည့် လမ်းရဲ့ နောက်ဆုံးဂိတ်ဆုံး မှတ်တိုင်ပဲ။ ဒါကြောင့် လူတိုင်း ရင်ဆိုင်ရမယ့် သေခြင်းတရားကို ကြောက်ဖို့မလိုဘူး။ ရင်ဆိုင်တတ်ဖို့ပဲလိုတယ်။"

အခန်း (၁၁)

×ဘဝသံသရာ၊ ရှည်လျားထွေပြား မနေမနားတစ်သားတည်းတစ်သွားထဲ သွားကြတာ×

ဆရာဦးသုခ၏ ဘဝသံသရာသီချင်းကို ပြန်ပြောင်းသတိရမိသည်။

ခေတ်သည် တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာသည့်တိုင် ဤလမ်း ဤခရီးသည် မပြောင်းလဲဘဲ ရှိနေလေသည်။ တစ်ရွေ့ရွေ့ သွားနေသော ရထားပေါ်ဆင်း သူအနည်းတက်သူအများဖြင့် လိုက်ပါလာကြရာ၊ ရထားတွဲလည်း ပို၍ရှည်လာသည်။ တွဲမိုးများကို လိုအပ်လျှင် လိုအပ်သကဲ့





သို့ ချိတ်ဆွဲမေးပါသော်လည်း ခရီးသည်တွေ ပိုမိုများပြားလာသဖြင့် မဆန့်နိုင်အောင် ဖြစ်နေသည်။

ရှီးရှီးတန်း၌လည်း ငပိငါးချည်သိပ်။ အထူးတွဲ၌လည်း ထို့နည်းတူစွာ...

'မောင်တို့ မြန်မာပြည်မှာ ခရီးသွားရတာ အဲဒါစိတ်ညစ်စရာ အကောင်းဆုံးပဲ'

ထိုစကားစုကို သင်းသည် အင်္ဂလိပ်လိုပြောသည်။

ခရီးသည်တွေဟာ သူတို့ ဝမ်းရေး အတွက် ဖြစ်ဖြစ်၊ သာရေး နာရေး အတွက်ဖြစ်ဖြစ် ခရီးသွားလာနေကြတာ။ ဘဝသံသရာစက်ဝန်းကို လည်ပတ်နေတဲ့ ဘဝခရီးသည်တွေပဲ ဘယ်သူမဆို သက်တောင့်သက်သာ သွားလာကြချင်တာပေါ့။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံဖြစ်နေလို့ တိုးတက်လာတဲ့ လူဦးရေနဲ့ ယာဉ်ရထားတွေဟာ လိုက်မမီအောင် ဖြစ်လာတော့လည်း အခက်အခဲဆိုတာ ရှိစမြဲပေါ့။ ဒါကို အပြစ်တစ်ခုရယ်လို့ မြင်ဖြီး ရှုံ့ချနေလို့ မရဘူးလေ'

အလက်တာန်းတွဲ လက်မှတ်ကို မန္တလေးဘူတာသို့ ရောက်ရောက်ချင်း သုံးရက်ကြိုတင် ဝယ်ထားသဖြင့်သာ ရရှိခြင်း ဖြစ်သည်။

'မဟုတ်ပါဘူး မောင်ရယ် ကြည့်ပါဦး သူတို့အနေနဲ့ ကိုမှ သူတို့မစီးရမ်တဲ့ အတိုင်းပဲအတင်းကို ခေါင်မိုးပေါ် တက်စီးကြတယ်။ ရထားကလဲ မထွက်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



'ထွက်မှာ မဟုတ်ဘူး ရွှေမှာဂုတ်ထိပ် တံတားရှိတယ် အဲဒီတံတားကိုဖြတ်ရင် ဘေးမှာခေါင်မိုးပေါ်မှာ လူတွယ်စီးခွင့်ပေးမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'ရထားဝိတ်နဲ့ လူဝိတ်နဲ့ တံတားပေါ်ရောက်ရင် ဟန်ချက်မညီဘဲ တိမ်းမှောက်သွားမှာ စိုးလို့ပေါ့'

သင်း၏အမေးကို မျက်နှာချင်းဆိုင် ခုံမှာရှိသော အဖွားကြီးက ဖြေကြားလိုက်သဖြင့် သူ့ဆက်သာခွင့် ရသွားသည်။

ရထားထိန်းနှင့် တွဲစောင့်များ ဘူတာရုံမှ တာဝန်ရှိသူများက ခေါင်မိုးပေါ်မှ ခရီးသည်များနှင့် ပြတင်းပေါက်မှ ခိုတွဲလိုက်ပါသူများကို ဆင်းခိုင်းကြသည်။

'ဆင်းကြနော် .. ဆင်းကြ ခင်ဗျားတို့ မဆင်းရင် လုံးဝ ရထားပေးမထွက်ဘူး'

တာဝန်ရှိသူများက အော်သည်။

သင်းသည် စိတ်ဝင်စားစွာ ခေါင်းကလေးပြူကြည့်နေသည်။

အချို့လည်း ဆင်းလာသည်။ အချို့လည်း ကျန်သေးသည်။

'ဆင်းလို့မရတော့ဘူးတဲ့'

လှိုင်စာပေ



ငိုအားထက် ရယ်အားသန်ရသည်။ တက်တုန်းကတော့ အလုအယက် ဖြိုးဖြိုးပျက်ပျက်နှင့် တက်သွားပြီးဆင်းရမည့်အခါ၌ မဆင်းတတ်တော့ဘူးတဲ့....

'ဇော စိတ်သည်လည်း တစ်ခါတစ်ရံ အောင်နိုင်မှုကို ပေးနိုင်သော စိတ်တစ်မျိုးဖြစ်သည်။

'ကိုင်း....ဒါဖြင့် လှေကားထောင်ပေးလိုက်'

ရုံပိုင်ကလည်းတာဝန်ရှိစွာနှင့် စီစဉ်ပေးသည်။

'နောက် စာပို့တွဲလာမှစီးကြ၊ စာပို့တွဲလာမှာပဲ ကိုယ့်အသက်အန္တရာယ်ထက် ဘာကိုမှ ပူပန်မနေကြနဲ့၊ စာပို့လာပါမယ်လို့ ပြောထားပြီးတာကိုပဲ ဇွတ်တက်နေကြတယ်'

မိမိတို့ ရထားတွဲစောင့်ကပြောလိုက်ပြီး မီးရထားအလုပ်သမား ဝန်ထမ်းတစ်ဦးယူလာပေးသော လှေကားကိုထောင်ပေးလိုက်သည်။

ဆင်းလာသူများကိုကြည့်ပြီး ပြုံးရမလို မဲ့ရမလို၊ကရုဏာသက်ရမလို၊ အပြစ်တင်ရမလိုဖြစ်မိသည်။

အဘယ့်ကြောင့်ဆိုသော် ကိုရင်များ၊ ဦးပဉ္စင်းများ၊ မိန်းမများနှင့် အသက်ကြီးကြီး အဘိုးအို့တို့ ဖြစ်ကြသည်။

ဘယ်လိုများ တက်ကြပါလိမ့်၊ လိုရာခရီးကို ရောက်ချင်သည့်'ဇော'က သူတို့ကို ရောက်အောင်တွန်းပို့ပေးလိုက်သည် ဆင်ပါသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံ ပလက်ဖောင်းစကြံနံပေါ်၌ လူအများ ပြည့်နှက်သွားသည်။ စိတ်ပျက်လက်ပျက် မျက်နှာများနှင့် နောက်ရောက်လာမည့် စာပို့ရထားကို မျှော်ရပေဦးတော့မည်။ 'ဟင်း'ခနဲ သက်ပြင်းကိုချလိုက်မိသည်။ ခက်ခဲသော တောတောင်များကို ကွေ့ပတ်ဖောက်ထွင်းပြီး ဆောက်လုပ်ထားသော ဤရထားလမ်းခရီးသည် တကယ့် ကိုရှည်လျား ထွေပြားသည်။ အကွေ့အကောက် အတက်အဆင်းများသည်။

ဥဩသံနှင့်အတူ မြင်ဦးလှိုင်ဘူတာရုံမှ ထွက်လာသော မန္တလေး...လားရှိုးရထားသည် ခရီးသည်များကို ငါးပိ ငါးချဉ်သိပ် တင်ဆောင်ကာ တာဝန်မြည့် အရွေ့ရွေ့ တအိအိဖြင့် ဆက်လက်ထွက်ခွာလာသည်။

'မောလိုက်တာ မောင်ရယ်'

သူ့ပခုံးထက်သို့ ခေါင်းမှီကာခိုဝင်လာသော သင်းအား သူဖေးမလိုက်သည်။

'နေမကောင်းဘူးလား သင်း'

'မဟုတ်ဘူးမောင် အသက်ရှူမဝတာ ရင်ထဲမှာ မော ကြပ်လာတယ်'

ပြတင်းပေါက် ဖွင့်ပေးထားပြီး ထိုဘက်၌ပင် သူမ ထိုင်စေပါသည်။ လစ်ပိုကျဲရှိုင်းတစ်ဘူး ဖောက်ကာ သူမ ပေးလိုက်သည်။





'ရပါတယ် မောင်ရဲ့'

သင်းကို အမြတ်နိုးဆုံးက ထိုအချင်းအရာလေးဖြစ်သည်။ ဘယ်လောက်ပဲ ဒုက္ခရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဝေဒနာခံစားရ ခံစားရ၊ အပြုံးလေးနှင့်တစ်ဖက်သားအား စိတ်ချမ်းသာစေရေးကိုသာ ဖန်တီးပေးတတ်သော ထိုအပြုံးလေးဖြစ်သည်။

'ရပါတယ် မောင်ရဲ့ လုပ်မနေနဲ့သောက်လိုက်၊ သင်းက ဘာရောဂါလဲ၊ ဆေးတွေလဲ သောက်တာမမြင်ပါလား'

'မမြင်ဆို ဘာရောဂါမှမရှိဘဲ မောင်ရဲ့၊ နောင်တဝေဒနာနဲ့ အလွမ်းရောဂါပဲရှိတာ၊ အဲဒီရောဂါဝေဒနာမှန်သမျှ တို့ဟာ မောင့်ကို တွေ့လိုက်ရလို့ အားလုံး လုံးဝကင်းစင် ပပျောက်သွားပြီတဲ့ရှင်'

'သင်းရယ်'

သင်းကို တယုတယမင် မြန်လည်ပွေ့ဖိုက်လိုက်မိသည်။

ခရီးသည်တွေကတော့ ကွက်ကြည့်ကွက်ကြည့်နှင့်။

မတတ်နိုင်ဘူး၊ ချစ်သူအပေါ် ဖေးမထားခြင်းသည် သိရိဩတ္တပ္ပတရား ကင်းမဲ့ရာမကျပါဘူးလေဟု ကိုယ့်ဘက် ကိုယ်ယက်သောအတွေးဖြင့် ရှာကြံဖြေသိမ့်လိုက်သည်။

ငါးနှစ်ကျော် ခွဲခွာနေရပြီး ပြန်လည်ဆုံတွေ့မှုက နှစ်ထပ်မျှသာ ဖြိုးလျှင် ပြန်လည်ခွဲခွာရပေဦးတော့မည်။ ထို့အတွက် အကြွင်းနာ အယုယများနှင့် မခွဲနိုင်မခွာရက် နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်နေခြင်းအတွက် ချစ်ပွဲသူတိုင်း နှဒ္ဒါလည်းခံစား ခွင့်လွှတ်နိုင်လိမ့်မည်ဟု သူထင်ပါသည်။

'အိပ်ချင်တယ် မောင်'

'ဂုတ်ထိပ်တံတား မကြည့်တော့ဘူးလား'

'ကြည့်မှယ်....အဲဒီရောက်တော့ နှိုးလေ'

'အင်း....အိပ်အိပ်'

တစ်ခဏတွင် သင်းသည် အမှန်တကယ် အိပ်ပျော်သွား ခြင်းလား၊ မှိန်းနေခြင်းလားကို သူသိအောင် မကြိုးစား၊ သင်း အိပ်ပျော်နေလျှင်လည်း နိုးမသွားစေရေးကိုသာ အာ[illegible] စိုက်လျက် ငြိမ်သက်ရင်း တစ်ဖက်တစ်ချက်မြင်ရသော တော တောင်အထပ်ထပ် ရှခင်းများကိုသာ ငေးမော၍ကြည့်နေမိ သည်။

မိုးရာသီကို ငံ့လင့်နေသော သစ်ပင်တို့၏ ခြောက်သွေ့မှု ကို အကြောင်းပြုကာ မြက်ခြောက်များကို တောမီးရှို့ပြီး တောင်ယာခုတ်ထွင်ပြီး စိုက်ပျိုးရေးလုပ်ရန် ကြိုးစားနေ သည်ကို တွေ့ရသည်။

ရထားလမ်းဘေး ရှို့ထားသောမီးကြောင့် အပူဟပ် ကိုလည်း ခံရသည်။

ဥတုရာသီ တောကိုမှီ၊ မြေဆီမြေနှစ် တော၌ဖြစ်သည် သော စကားရပ်တို့သည် တောတောင်၏ အပင်များ





ထိန်းသိမ်းခြင်းအားဖြင့် ရာသီဥတုနှင့် မြေဆီလွှာကို ထိန်း သိမ်းရာရောက်ကြောင်းကို လူတိုင်းသိသင့်သည်ဟု သူထင် သည်။

ဘာဖြစ်၍များ မီးရှို့နေကြပါလိမ့်၊ တောမီးလောင်ခြင်း လေပဲလား၊ သို့သော် ရှာနှင့်နီးသော တောမီးသည်ကား အမင်ရှိ၍ ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးခြင်းသာ ဖြစ် ပေမည်။

'သူငယ်လေးတို့က ဘယ်အထိသွားမှာလဲ'

'လားရှိုးအထိပါ'

'လမ်းဆုံးပေါ့'

'ဟုတ်ကဲ့'

'ဟန်းနီးမွန်း ထွက်တာလားကွယ်'

'မဟုတ်ပါဘူး'ဟု ဖြေလိုက်ရလျှင် ကောင်းမည်လား၊ သို့သော် အနေအထိုင် ပို၍လွတ်လပ်စေရန်....

'ဟုတ်ပါတယ်'

ဟုသာ ဖြေလိုက်သည်။

'ကလေးမလေးက နေမကောင်းဘူးထင်တယ်နော်'

'ဟုတ်ကဲ့'

အဘယ်မျှပင် မိတ်ကပ်များနှင့် တန်ဆာဆင်ထား စေ ကာမူ ကျန်းမာရေး ချို့ယွင်းမှု အသားအရေ လျော့ပါးမှု တို ဖုံးကွယ်၍မရပါချေ။



www.burmeseclassic.com

www.burmeseclassic.com



'ခရီးကကြမ်းတယ်၊ ဘယ်အထိ ဆက်သွားဦးမှာလဲ မူဆယ်အထိလား ဟိုဘက်ကော ဆက်မသွားတော့ဘူးလား ရှောက်တုန်းရောက်ခိုက် သွားလိုက်ပါလား၊ ဒီစွည်းတွေ အရမ်းပေါတယ်'

မလေးဆက်က မပြတ်သော အဒေါ်ကြီး၏စကားကို စိတ် မဝင်စားသော်လည်း လောကဝတ်အရ...

'ဘာပစ္စည်းတွေလဲ'

'တရုတ်ပစ္စည်းတွေပေါ့'

'ငြိမ်းချမ်းရေးယူပြီး၊ နောက်ပိုင်းမှာ တရုတ်-မြန်မာ ကူးလူးဆက်ဆံနေကြတာ၊ ဘာမှ အနှောင့်အယှက် မရှိဘူး သွားလို့ရတယ်'

'ဟုတ်လား'

'ဟုတ်တာပေါ့၊ ကောင်းလွတ်ကုန်တွေတော့ ဝယ်ယူသယ်ပိုး ရတာပေါ့၊ သူငယ်တို့လည်း လည်ရင်းပတ်ရင်း စရိတ်ကျေ သွားအောင် မူဆယ်အထိသွားလိုက်ပါလား'

'အခြေအနေအရပဲ အဒေါ်ရယ်၊ သင်း၏ကျန်းမာရေး အခြေအနေကိုကြည့်ပြီး သွားနိုင်ရင် သွားတာပေါ့'

'အေး....အေး... သွားလိုက်ပါကွယ်၊ အမှားမရှိပါဘူး'

အဒေါ်ကြီးထံမှ မျက်လုံးကို ရှုပ်သိမ်းကာ ပတ်ဝန်းကျင် သို့ ငေးမော၍ကြည့်လိုက်သည်။





ညို့မှိုင်း အုပ်ဆိုင်းနေသော တောင်ကမ်းပါးယံကို အတု ...ကို နက်ရှိုင်းသော ကိုက်တွင်း ချောက်ကမ်းပါးကို ...စဉ်း ...၏ အသိဉာဏ် စွမ်းပကားဖြင့် တီထွင်ဆောက်လုပ်ထား ...သော ဂုဏ်ထိပ်တံတားကို အားရနှံ့ မြင်တွေ့လိုက်ရသည်။ ...ကားသည်လည်း တရွေ့ရွေ့ဖြင့် ရပ်သွားသည်။

'သင်းရေ'

မနိုးရက် နိုးရက်ဖြင့် အသာ ခေါင်းကိုမကာ နိုးလိုက်မိ ...သည်။

ထိုအခါ သင်းသည် ခေါင်းမထောင်သေးဘဲ 'သင်းသိပါ ...ယ် ဒါလင်ရယ်....သင်းမအိပ်ပါဘူး၊ အမောင့်တကော ဒါလင် ...ငွေ့မှာ ခိုလှုံရတာ အရသာရှိလွန်းလို့ အိပ်ချင်ယောင် ...ဆောင်နေတာ'

'ကြည့်စမ်း....မိလည်လေး၊ ထတော့...တိုမှာ ဂုတ်ထိပ် ...တားရောက်ပြီ'

ရထားသည်လည်း ဂုတ်ထိပ်ဘူတာ၌ ခေတ္တရပ်နားလိုက် ...သည်။

သင်းသည် ထိုအခါကျမှ ခေါင်းထောင်ကာ မြင်ပျခင်း ... အကဲခတ်ရင်း....

'ဟိုမှာတော့ ဖဲတားတို့၊ လိုက်ခေါင်းတို့ မိုးပျံရထား ...မ်းတိုက်တော့ ရှိုးနေပါပြီ၊ ဒါပေမယ့် မြန်မာ့ကင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ပိုလှအောင်ထင်တယ်မောင်၊ ဘာဖြစ်လို့လဲဆိုတော့.... မေ
ဘာယ်လိုထင်သလဲ'

'မောင့်အထင်ပြောရရင် သင်း မြန်မာပြည်ကို ချစ်
လာလို့ မြန်မာ့ရှုခင်းအလှကို ကြည့်တတ်၊ မြင်တတ်၊ မြတ်
တတ်လာတာပေါ့၊ ဟုတ်ဖူးလား'

'မဟုတ်ဘူး မောင်၊ ချစ်တဲ့သူနဲ့အာ အတူတကွ သွား
နေထိုင်ရရင် မြင်မြင်သမျှသော အရာအားလုံးဟာ အ
ဆုံးပဲလို့ စိတ်ကကို ထင်နေတာ မောင်ရဲ'

သင်း၏ တွတ်တီးတွတ်တာ စကားအရာတို့သည်
နှလုံးအိမ်သို့ ထာဝရ ကြည်မွေ့ ကိန်းဝပ်နေတတ်ကြောင်း
သင်းနှင့် ခွဲခွာပြီးမှ သူသိလေသည်။

နှုတ်ချိုလျှိုတစ်ပါး ယှသကဲ့သို့နှုတ်၏ချိုသာခြင်းကြော
သူ၏ သိပ်သိပ်သည်းသည်းနိုင်သော စိတ်အစဉ်ကို နှစ်
လှမျှား စိုးမိုး အနိုင်ယူသွားနိုင်ခဲ့လေသည်။

ကောင်းကင် မိုးသားပြာလွင်လွင်အောက်မှ နှစ်ပရိ
ကြာညောင်းစွာ မညောင်းမညည်း ရပ်တည်နေခဲ့သော ဂုတ်ထိ
တံတား၏ သစ္စာတရားရှိမှုကို သူသဘောကျနေသည်။

ထို့ကြောင့် ဂုတ်ထိပ်တံတားနှင့်ပတ်သက်သော သမိုင်
ကြောင်း ရိုက်ထုတ်ထားသည့် ဆိုင်းဘုတ်လေးကို ဖတ်လိုက်
သည်။

လှိုင်စာပေ



ဂုတ်ထိပ်တံတား

စာချုပ်ချုပ်သည့်နေ့ ၂၀-၄-၁၀၉၉

ဆောက်လုပ်သည့်အချိန်ကာလ- ၉ လ

ဆောက်လုပ်ပြီးသည့်နေ့- ၁-၁၁-၁၉၀၀

တံတားကြီး၏တန်ဖိုးငွေ- ၁၁၃၂၀၀ ကျပ်

တံတားကြီး၏ အလျားပေ- ၂၂၆၀ ပေ

တံတားကြီး၏အမြင့်ပေ- ၃၂၀ ပေ

ချောင်းဆုံမြစ် ရေမျက်နှာပြင်မှ

ဂုတ်ထိပ်တံတား သံလမ်းအထိ

အမြင့်ပေ- ၈၂၀ ပေ

ဟူသော သမိုင်း အမှတ်အသားလေးနှင့် ဣန္ဒြေကြီးစွာ
တည်လျက် လူသားများအကျိုးကို သည်ပိုးနေခဲ့သော
ဂုတ်ထိပ်တံတားကြီး၏ သက်တမ်းပင် နှစ်ပေါင်း တစ်ရာ
ကျော်တော့မည်ပါလား။

'ဒါလင်'

'အင်'

'ဂုတ်ထိပ်တံတားကြီးက အိုင်တို့ အဘိုး အဘွားတွေထက်
သက်ကြီးတယ်နော်'

'အင်းပေါ့'

လှိုင်စာပေ

www.burmeseclassic.com

'ကြည့်ရတာ ကြောက်စရာကြီးနော်၊ အိုမင်းမစွမ်းဖြ
နေသလိုကြီးပဲ'

'ကြောက်စရာမလိုပါဘူး သင်းရဲ့ နွားမျိုးသန့်လှ နွားဖ
ပေါင်ကျိုးသလောက်ပါပဲတဲ့၊ ဒီဓာတ်အိုကို ဖြတ်သန်း
တာ နှစ်ပေါင်း တစ်ရာဖြည့်တော့မယ်...ဘာမှဖြစ်သမကြေ
ခဲ့ဖူးဘူး၊ ဖြစ်တော့ကော ဘာဖြစ်သေးလဲ၊ လူဆိုတာ တ
သက်မှာ တစ်ခါတည်းသေရမှာ၊ နှစ်ခါသေစရာ အကြောင်
မရှိဘူး။ သေခြင်းဟာ လူတိုင်း လျှောက်ရမယ့် လမ်း
နောက်ဆုံးဂိတ်ဆုံးမှတ်တိုင်ပဲ။ ဒါကြောင့် လူတိုင်း ရောက်ဆိုင်
မယ့် သေခြင်းတရားကို ကြောက်ဖို့မလိုဘူး။ ရင်ဆိုင်တ
ဖို့ပဲ လိုတယ်'

'မောင်ကတော့လေ စာရေးဆရာရယ်လို့ မပြောရဘူး
အားကြီး ပြောတတ်တယ်၊ ခု သင်း သေရမှာ မကြော
ပါဘူး၊ မောင်ရှိနေပြီပဲ။ မောင့်ရင်ခွင်နဲ့ အမိမြန်မာပြ
မှာ သေခွင့်ရရင် သင်းအတွက် သေပျော်ပါပြီ မောင်'

'သင်းကလဲကွာ...ဘာစကားတွေ လျှောက်ပြောနေတ
လဲ။ နေခွင့်ရတဲ့ ကာလလေးမှာ ပျော်ပျော်လေး နေစမ်းပ
သင်း ပျော်နေတာကိုပဲ မောင်က ထာဝရ မြင်ချင်နေ
သူပါ။ ဟော...ရထားထွက်ပြီ'

ရထားသည် တဖြည်းဖြည်း ဘီးလှိမ့်ရှိ လှိမ့်ကာ ဂုတ်ထိ
တံတားကို စတင်ဖြတ်သန်းသည်။





တအိအိနှင့် ရထားလှုပ်ခါမှုကိုပဲ တံတားလှုပ်သလိုလို့ဟု
ခရီးသည်အချို့က ထင်မှတ်လေသည်။

'အသည်းယားစရာကြီး မောင်ရယ်'

သင်းက သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်သောအခါ
သင်း လက်သည် အေးစက်နေသည်ကို သူ သတိပြုမိလေ
သည်။

ထို့ကြောင့် သင်းလက်ကလေးကို သူ့ ညာလက်လေး
ဖြင့် ပြန်လည်အုပ်မိုး ဆုပ်ကိုင်အားပေးလိုက်မိသည်။

စိတ်ထဲ၌ အမှတ်မထင်လေး ပိုးအိ ဝင်ရောက်လာသည်။
ပိုးအိ၏ပုံစံသည် လူပုံ ခွဲနဲ့ ပျော့ပျော့ပျောင်း သလောက်
စိတ်က ထန်သည်။ မာကြောသည်။

သူတို့ စတိတ်၌ရှိစဉ်က ကျိုက်ထီးဆိုင်းကွင်း၌ ပြည်ဆောင်စုနေ့
အထိမ်းအမှတ်ပွဲတော်ကို ခမ်းခမ်းနားနား စည်ကားဆိုက်
မြိုက်စွာ ကျင်းပစဉ်ကာလဖြစ်သည်။

ပိုးအိက သူ့အား ကျောင်းအဆင်းတွင် ကွင်းထဲလိုက်ပို့
ခိုင်းတတ်သည်။ အကြောင်းမှာ...

'ရဟတ်စီးချင်လို့' ဟူ၍ဖြစ်သည်။

ရဟတ်တောင်မှ အမြင့်ဆုံး ရဟတ်ကို ရွေးချယ်ကာ
စီးတတ်သည်။

'မကြောက်ဘူးလား' ဟု မေးလျှင်...

'ကြောက်စရာမလိုပါဘူး....အသည်းတအေးအေးဖြစ်တဲ
မှာ ဟာလာတာင်းလင်းဖြစ်သွားသလို ခံစားမှုမျိုး တမင်

www.burmeseclassic.com



ခံစားချင်လို့ကို ရဟတ် လာလာစီးပြီး ခံစားရတာ ကျော်ဝေရဲ့...နင်ကော အဲ့ဒီ အရသာ မကြိုက်ဘူးလားဟင်’

‘မကြိုက်ဘူး’ ဟု သူ ဖြေခဲ့ဖူးသဖြင့် ‘နင်ဟာ ယောကျ်ားတန်မယ့် ပျော့ညံ့တယ်’ ဟုပင် သူ့အား ပြောခဲ့သေးသည်ကို သတိရမိလေသည်။

‘ဒါလင်’

‘အင်’

‘မေးနေတာ မကြားဘူးလားလို့’

‘ဘာမေးလိုက်တာလဲ’

‘ဒါလင် ရင်ထဲဘယ်လိုနေသလဲ’

‘ဘယ်လိုမှမနေဘူး သင်းကော’

‘တစ်မျိုးကြီးပဲ ရင်ထဲလှုပ်လှုပ်....သှုပ်လှုပ်နဲ့’

‘ဒါဖြင့် မျက်စိလေးမှိတ်ပြီး မှိန်းနေလိုက်နော်’

‘ရက်စ်ဒါလင်’

သူသည် သင်း ခေါင်းလေးကိုဖေးမကာ သူ့ပခုံးထက်သို့ မှီတွယ်စေသည်။

ပိုးအိသာဆိုလျှင် ခေါင်းမြူကာ အသေးစိတ် အစအဆုံး လေ့လာပေလိမ့်မည်ထင်ပါသည်။

ယခု ပိုးအိ ဘာလုပ်နေသလဲ၊ အိမ်ထောင်မကျသေးဘူးဆိုတာတော့ သူသိနေသည်။ ပိုးအိလို ယောကျ်ားလေးကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်သော မိန်းကလေးသည် တော်ရုံယောကျ်ားကို စိတ်တိုင်းကျလိမ့်မည်မဟုတ်ဟု ထင်ပါသည်။





‘ဒါလင်’

‘အင်....’

‘ပိုးအိ အိမ်ထောင်ကျပြီလား’

သူ အံ့သြသွားသည်။ သူ့အတွေးအိမ်ကို သင်းများ ပေါက်ထွင်းမြင်လေသလားဟု......

‘ဟင်းအင်း’

‘ကောင်းပါတယ်၊ ပိုးအိဘဝက အဘက်ဘက်က ပြည့်စုံပြီး အရမ်းကိုသာယာ ဖြောင့်ဖြူးတယ်နော်၊ သူ့မိဘတွေကော အရင်လို မာနကြီးကြသေးသလား’

‘အဘွားကြီး ဆုံးသွားတဲ့နောက် အဘိုးကြီးလဲ ဘုန်းကြီးဝတ်သွားတယ်၊ ပိုးအိက ကျောင်းအစ်မတွေ ဘာတွေဖြစ်လို့’

‘ဩော်....ပိုးအိနဲ့ တွေ့ချင်လိုက်တာ’

‘ရန်ကုန်ပြန်ရောက်ရင် သွားတွေ့တာပေါ့’

တူညီသော သတိရမှုသည် သူနှင့်သင်းမောင်ရီ၏ စိတ်အတွင်းတို့ တစ်ပြိုင်နက်ဝင်ရောက်လာခြင်းကို အံ့အားသင့်မိသည်။

ပိုးအိကကော မိမိတို့အား သတိရနေပါမည်လား....

ဂုတ်ထိပ်တံတားကို လွန်မြောက်သွားပြီဖြစ်၍ ရထားသည် မြန်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဂုတ်ထိပ်လိုက်ဂူအတွင်း ရထားဝင်သွားသော အခါ အလင်းရောင်ဟူသမျှ မြူမှုန်မျှစာ၍ပင်လှမ်းကပ်ပင် မမြင် တွေ့ရချေ။

ထိုစဉ် မမျှော်လင့်သော အနမ်းတစ်ခု သူ့ပါးပြင်၌ တ ဆိပ်ခတ်နှိပ်သွားလေသည်။

'ဩော်... သင်းရယ်'

တိုးတိုးတိတ်တိတ် ကြိတ်ရယ်သံလေးသည် သူ့ရင်တွင်းကို လှုပ်လှုပ်ရှားရှားဖြစ်အောင် ဖန်တီးပြုစားသွားလေသည်။

* * *



"နောင်တရပြီးပြီဆိုရင် ပြုပြင်ပြီး ကိုယ့်ဘဝကိုယ်လျှောက် လှမ်းဖို့ပဲ လိုတော့တယ်၊ အတိတ်ရဲ့မှားယွင်းမှုကို သမင် လည်ပြန်ကြည့်ပြီး တမ်းတခံစားနေမယ်ဆိုရင် အနာဂါတ် ဟာ ဘယ်နည်းနဲ့မှ သာယာလှပမှာမဟုတ်ဘူး၊ အတိတ်ရဲ့ ဆိုးရွားမှုတွေကို ပြည်ဖုံးကားချပြီး မေ့ထားလိုက်ပါ။"

အခန်း (၁၂)

နယူးအာရှဟိုတယ်၏ လှေကားထစ်များပေါ်မှအဆင်း တွင် မမျှော်လင့်သောသူကို တွားခနဲ တွေ့လိုက်ရသည်နှင့် သုံးဦးသား ကြက်သေသေကာ မှင်သက်နေမိသည်။

ထိုကြားတွင် သတိအကောင်းဆုံးသူမှာ သင်း ဖြစ်နေ သည်။

'ဟိုးအို...နင်...နင် ဒီရောက်နေတယ်'

'အင်း...မိသင်း၊ နှစ် ဘယ်တုန်းက မြန်မာရောက်သလဲ'

မိန်းမသားနှစ်ဦးက တစ်ယောက်လက်ကို တစ်ယောက် ဆွဲကာ ဝမ်းသာအယ်လဲဖြစ်နေချိန်၌ သူ့ရင်ထဲ လှိုက်ဖိုလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့သုံးဦး ပြန်လည်ဆုံဆည်းမှုသည် မမျှော်လင့်သောနေရာ၊ မမျှော်လင့်သော ကာလ၌ဖြစ်၍ ရုတ်တရက် အံ့ဩ၍ မကုန်နိုင်အောင် ဖြစ်မိသည်။

'အိုင်ရောက်တာ ငါးရက်ရှိပြီ (Tourist Visa) နဲ့လေ'

'ဪ....ဒီလိုဆို နင်ပြန်သွားရဦးမှာပေါ့'

'အင်း....ဒါပေမယ့် အိုင်ပြန်လာဖို့ ကြိုးစားနေပါတယ်၊ နောက်တစ်ခါ အပြီးတိုင်ပြန်လာမှာပါ'

'အေးပါ ပြန်လာခဲ့ပါသူငယ်ချင်း ကိုယ့်ပြည် ကိုယ့်ဒေသလောက် ပျော်စရာကောင်းတဲ့ နေရာမရှိဘူးလို့ ငါထင်တယ်၊ ကျော်ဝေကကော နင့်ကို နားမချဘူးလား'

သင်းကပြုံးလိုက်သည်။ ခေါင်းတစ်လုံးနီးပါး မြင့်မားသော သင်းသည် ပိုးအိနှင့်နှိုင်းယှဉ်သော်လည်း ဖြူဖွေးဝါညက်ကာ ပြည့်ဖြိုးစိုပြေနေသော ပိုးအိ၏အလှကြောင့် မှေးမှိန် ပျောက်ကွယ်သွားသည်။

မည်သည့်အချိန်ကြည့်ကြည့် ခန့်ညားနေတတ်သော ပိုးအိသည် နက်မှောင်သောဆံပင်အုံကို နောက်တွဲဆံထုံးထုံးကာ သစ်ခွပန်းတစ်ပွင့်မန်ထားသည်။ ယောလုံချည်နှစ်နံစပ်အဖြူခံပေါ်၌ ရောင်စုံချိတ်အဆင်နှင့် ပန်းဆီရောင် ဇာလက်ရှည်လေးနှင့် မြန်မာဆန်ဆန် ယဉ်ကျေးလှပနေသော သူမအလှသည် ကျက်သရေအပေါင်းနှင့် ပြည့်ဝခန့်ညားနေသော လမင်းကြီးနှယ် တင့်တယ်လျက်ရှိသည်။





'လာ....အေးအေးဆေးဆေး စကားပြောကြရအောင် နင်တို့ ဒီမှာပဲတည်းသလား'

'အင်း....အခန်း( ——... )

ပါလာခန်း၌ ထိုင်မိကြသည်။

'ကဲ....သမီးတို့ နားချင်သွားနားကြ ဆရာမ စကားပြောလိုက်ဦးမယ်၊ ဒါ ငါ့တပည့်တွေလေ'

သူနှင့်ရွယ်တူ မိန်းကလေးနှစ်ဦးက ပြုံးပြပြီး ထွက်သွားသည်။

'နင်တို့ ဘာလာလုပ်ကြတာလဲ'

'အပျော်သက်သက် ခရီးထွက်တာ'

ပိုးအိ အမေးကို ကျော်ဝေက ဖြေလိုက်သည်။ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်လာသည်။ ပိုးအိသည် မိမိတို့အား မည်ကဲ့သို့ ပက်ပက်စက်စက် ဝေဖန်လေမည်လည်းဟု....

'ဟန်းနီးမွန်း မဟုတ်ဘူးလား'

'မဟုတ်ပါဘူး'

'ဘာလဲ နင်တို့က (Living together) လား'

'ဟာကွာ၊ ပိုးအိကလဲ နင် ငါ့အကြောင်းကို မသိဘူးလား၊ သစ္စာဆိုရဲတယ်'

ပိုးအိကို သူလန့်သွားသည်။ စိတ်လည်းပျက်သွားသည်။ ငယ်စဉ်ကကဲ့သို့ ဖောဖောဒိုင်းဒိုင်း အကျင့်က မပျောက်သေး။



www.burmeseclassic.com

www.burmeseclassic.com



'နှင့်အကြောင်းကို ငါဘာမသိစရာ အကြောင်းရှိသလဲ၊ နှင်ဟာ ယောကျ်ားတစ်ယောက်ဖြစ်တယ်၊ ယောကျ်ားဆိုတာ ရသာမျှ အခွင့်အရေးကို အပြည့်အဝ အသုံးချတတ်တယ်။ သစ္စာဆိုတာ နှစ်ဦးနှစ်ယောက်တည်း သိနေရုံနဲ့ ပြီးတာမှ မဟုတ်ဘဲ၊ အများသူငါရဲ့အမြင်မှာလဲ သန့်ရှင်းကြည်လင်နေရတယ်'

'အိုင်နဲ့သူဟာ ချစ်သူအဆင့်ထက် မကျော်လွန်ပါဘူး ပိုးအိရာ'

'ဒါတွေကို ငါရှင်းချက် ထုတ်ခိုင်းနေတာ မဟုတ်ဘူး... နှင်တို့ ယူစရာရှိရင် ဘာလို့ အချိန်ဆွဲနေတာလဲ မြန်မြန်ယူလိုက်ကြလို့ ပြောခဲ့လို့ပါ၊ အထူးသဖြင့် မိသင်း နှင်ဟာ မိန်းမဖြစ်တယ်၊ နှင့်ဘာသာနှင် ဟိုနိုင်ငံမှာ အယ်လိုပဲ နေခဲ့နေခဲ့ အခု မြန်မာပြည်ရောက်ပြီဆိုတော့ မြန်မာမိန်းကလေး ပီပီ ကိုယ်ရဲ့ကိုယ်ကျင့်တရားကို အတတ်နိုင်ဆုံး စောင့်ထိန်းစေချင်တယ်'

'ပိုးအိရာ နှင်က တွေ့လိုက်တာနဲ့ ဆရာ့ပီပီ ဆရာလုပ်တော့တာပဲ၊ ငါက နှင့်တပည့်မဟုတ်သလို ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့လူလဲ မဟုတ်ဘူး... သင်းကိုဆို ငါလက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေးဖြစ်လို့ ပိုပြီးတော့တောင်မြတ်နိုးတန်ဖိုးထားသေးတယ်၊ နှစ်ယောက်ခန်း ယူထားတာက





သင်းရဲ့ကျန်းမာရေးအခြေအနေအရ အနီးကပ်စောင့်ရှောက်ချင်တယ်ထင်လို့ပါ'

ပိုးအိက ပြုံးလိုက်သည်။ သင်း၏လက်ကို ဆွဲယူကာ...

'ဟုတ်လား... ဟုတ်မှာပါလေ၊ နှင့်နဲ့ငါ နှောက်တော့မှ ကောင်းနိုင်လိမ့်မယ်၊ ခုကြည့်စမ်း... မိသင်း နှင်နေကောင်းရဲ့လား'

သင်း မျက်လုံးသည် ရီဝေနေသည်။ မျက်ရည်များရစ်ဝဲသောခြင်းကို မျက်တောင်ကော့နက်မှောင်ရှိုင်းတို့ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ သိမ်းဆည်းလိုက်လေသည်။

'နှင် ငိုနေသလား၊ ငါက နှင့်အတွက် ပြောတာပါ မိသင်းရာ၊ နှင် မြန်မြန်ပြန်လာပြီး ကျော်ဝေ့ကို လက်ထပ်လိုက်တော့၊ ဒီကောင်က နာမည်ကြီး စာရေးဆရာဖြစ်လာပြီဆိုတော့ မျိုးတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ပြီး စိုင်းမိုင်းလည်နေတာ၊ ငါ့တပည့်တွေကိုတောင် သူ့ကလေးခင်နှာမည် ပြောရဲသေးဘူး... နှင်တို့ ဒီကခန့ တယ်ခရီးစဉ် ရှိသေးသလဲ'

'မရှိပါဘူး...ဒီမှာပဲ အနားယူပြီး မန္တလေး ပြန်ဆင်းမယ်၊ အချိန်ရရင် ပုဂံညောင်ဦးဘက်လှည့်ပြီး ပြန်မယ်'

သူနှင့် ပိုးအိသာ အပြန်အလှန် စကားပြောနေရသည်။ သင်းကတော့ စကားမပြောနိုင်ဘူး ပိုးအိ၏ ဖူးမှုကိုနေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးကို ငေးကြည့်နေသည်။ ပိုးအိနှင့် သူ
ယှဉ်လိုက်သောအခါ သူမ အသားအရည်သည် ခြောက်ခန်
ကာ မွဲခြောက်ခြောက် ဖြူလျော်လျော် ဖြစ်နေသည်။

'ဒီလိုဆိုရင် ငါတို့ ရေပူစမ်းသွားရင် နင်တို့ကို ခေါ်
မယ်'

'ကောင်းသားပဲ၊ ဒါထက် နင်ကချည်းမေးနေတာ၊ နင်က
ကော ဒီကို ဘာသာလုပ်တာလဲ၊ ကျောင်းဖွင့်နေပြီ မဟုတ်
လား'

'အေး....ဟုတ်တယ်၊ ဒါပေမယ့် ငါ ခွင့်ယူလာတာ
ငါ့တပည့် (Chinese) တစ်ယောက်နဲ့လာတွေ့တာ'

'ဘယ်လို'

သူ့နားထဲ ရှုပ်ထွေးသွားသည်။

'အခုခေတ်က အရမ်း ပြောင်းလဲနေပြီ မဟုတ်လား
တရုတ်ပြည်က လူမျိုးတွေကို လားရှိုးအထိ လည်ပတ်ခွ
ပေးထားတယ်၊ နှစ်ရက်ပဲ၊ လားရှိုးနယ်နိမိတ်ထက်တော
မလွန်ရဘူး၊ အဲဒီတော့ ငါ ဆရာမဖြစ်စမှာ သင်ပေးခဲ့ဖူး
တပည့် မောင်နှမတစ်စုက နောက်ပိုင်းမှာ ထိုင်ဝမ်ကို အပြ
ပြန်သွားကြတယ်၊ နှစ်အတော်ကြာမှ ငါ့ဆီကို အဆ
အသွယ်လုပ်တယ်။ ဆရာမကို ကန်တော့ချင်လို့တဲ့လေ.... ဒီ
ဒီလိုပဲ လာလို့ရတယ် သူတို့လာခဲ့မယ်၊ ဆရာမလဲ လားရှိုး
လာရောက်တွေ့ဆုံပါလို့ ဖိတ်ခေါ်လို့ ငါ လာခဲ့တာ'





'ပြော်....တွေ့ပြီးပြီလား'

'မနက်ဖြန်မှ ရောက်မယ်တဲ့၊ သူတို့အတွက် သီးသန့်ဖွင့်
ားတဲ့ ရတနာသီဂီဟိုတယ်ကို ငါသွားတွေ့ပြီးပြီ'

'တပည့်တွေ အရမ်းပေါများနေပြီပေါ့'

'ပေါတာပေါ့... ဆရာအာဝဆိုတာ တပည့်မရှားတစ်ပြား
ရှိလေ၊ ဆရာ့လစာဟာ ငါ အဝတ်တစ်စုံဖိုး မရှိပေမယ့်
ါ ဂုဏ်ယူတယ်၊ အခုလို တစ်ပြည်ရပ်ခြားကနေပြီး ဆရာမကို
န်တော့ချင်လို့ ဆိုပြီး တကူးတကန့် စီစဉ်မှုမျိုး ကိုလ
ါက ဂုဏ်ယူစွာနဲ့ လက်ခံရတာပေါ့၊ သန်ဘက်ခါ ပြန်မယ်'

'မြန်လှချည်လား'

'မြန်မြန်ပဲလေ.... ကျောင်းက ခွင့်ယူလာရတာ....တပည့်
ကောင်းတွေအတွက် အချိန်ပေးမှုမှာ လက်ရှိတပည့်တွေ မထိ
က်စေချင်ဘူးလေ'

သင်းကို တဒင်္ဂ မေ့လျော့ထားမိသည်။ ပိုးပိုး ပေါက်
ပါက် မျက်ရည်စက်များနှင့်အတူ သူမမျက်နှာပြင်သို့ လက်
ါးနှင့်အုပ်ကာ ငိုကြွေးလိုက်သောအခါမှ သတိပြုလိုက်မိ
ည်။

'အို....သူငယ်ချင်း....ဘာဖြစ်လို့လဲ'

ပိုးအိက သူမ ပခုံးကို ဖက်တွယ်ကာ မေးလိုက်သည်။

သူကတော့ မျက်နှာချင်းဆိုင်ခုံမှာဖြစ်၍ သူမနှင့်အလှမ်း
ားနေသည်။ ပြီးတော့ ပိုးအိကို လန့်သည်။ ပိုးအိမျှ၌
မှုအား တယုတယ မချော့ရဲ....



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိရှေ့သို့ ရောက်လျှင် သူသည် ဆရာရှေ့သို့ ရောက်သွားသော အပြစ်ရှိသည့် တပည့်တစ်ဦးပမာ ခံစားနေရသည်။

'တိတ်.... သူငယ်ချင်း၊ တစ်ခါတစ်ရံ ငိုတယ် ဆိုတာ လောကကြီးကို အရှုံးပေးရာရောက်လွန်းတယ်

'သောကကို ထွက်ပေါက်ပေးတဲ့အနေနဲ့ အိုင်ငိုတာပါ'

'သောကကို ထွက်ပေါက်ပေးတဲ့အနေနဲ့ဆိုရင် ငိုစရာမလိုဘူး။ ရင်ထဲက သောကတွေကို မျှဝေပေးလိုက်ပေါ့၊ နင့်သောက မျှဝေမှုကို လိုလိုချင်ချင်နဲ့ လက်ခံယူမယ့် နင့်အချစ်ဆုံးချစ်သူနဲ့ သူငယ်ချင်းရှိနေတာပဲ၊ ဒီလူတွေကိုမှ မင်းမမျှဝေရင် ဘယ်သူဝေမလဲ'

'သင်း....ဝမ်းသာလို့ပါ၊ ပြီးတော့ ဝမ်းလဲနည်းတယ်'

မျက်ရည်များကိုသုတ်ပြီး သူမ၏သောကကို ဖြေဆည်နိုင်ရန် ကြိုးစားနေသော သင်းကို သူ မကြည့်ရက် မျက်နှာလွှဲထားလိုက်သည်။

အမြဲ ပြုံးပျော်နေတတ်သော သူမ၏ မျက်ရည်များ ဝေနေရလောက်အောင် ဒုက္ခရောမကြီးနှင့် ရင်ဆိုင်ခဲ့ရသည်ထင်ပါသည်။





'သူတို့နှစ်ယောက်ရဲ့ ရည်ရွယ်ချက်ဟာ သိပ်မှန်ခဲ့တယ်။ ိုလူနှစ်ယောက်ကြားမှာ အနီးကပ်ဆုံး ရှိနေလျက်နဲ့ အိုင် ာ တလွဲဆံပင်ကောင်းပြီး ရည်ရွယ်ချက်မှားခဲ့လို့ ဒုက္ ်လယ် ဝေခဲ့ရတာကိုတွေးပြီး နောင်တရလို့ပါ'

'နောင်တရပြီးပြီ ဆိုရင် ပြုပြင်ပြီး ကိုယ့်ဘဝ ကိုယ် ျာက်လှမ်းဖို့ပဲ လိုတော့တယ်။ အတိတ်ရဲ့ မှားယွင်းမှုကို ပြင်လှည့်ပြန်ကြည့်ပြီး တမ်းတ ခံစားနေမယ်ဆိုရင် အနာ ်ဟာ ဘယ်နည်းနဲ့မှ သာယာ လှပမှာ မဟုတ်ဘူး။ တိတ်ရဲ့ ဆိုးရွားမှုတွေကို မြည်ဖုံးကားချပြီး မေ့ထား ာ်ပါ သူငယ်ချင်း'

'ပြောတတ်လိုက်တာ ပိုးအိရယ်....။ အိုင်လေ.... ယူ့ကို ှမ်းကို လေးစားဂုဏ်ယူတယ် သိလား'

သူငယ်ချင်း နှစ်ယောက်၏ ပြောဆိုနေမှုကို ကျော်ဝေ ည် ပွဲကြည့်ပရိသတ်တစ်ဦးအနေနှင့်သာ ကြည့်နေမိသည်။

ပိုးအိသည် ငယ်စဉ်ကအတိုင်းပင် လေသံက ဒဿနများ အထက်စီးလေသံက မကျ။

ငယ်စဉ်ကတော့ ကြီးကျယ်သော ကောင်မလေးဟုထင်ခဲ့ ည်။ ယခုတော့ ဆရာမတစ်ဦး ဖြစ်နေပြီ။ လူကြီးဖြစ်နေပြီ တော့ သူမ၏ စကားအရာများသည် လူငယ်များကို းစွာ ပြုပြင်ပေးနိုင်လိမ့်မည်ဟု သူ မျှော်လင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း.... ခဏအေးအေးဆေးဆေး စကားပြောရအောင် နင်တို့ ညစာစားပြီးပြီလား'

'မပြီးသေးဘူး၊ နင်ကော'

'ပြီးပြီ၊ ဒါဖြင့်ဒီလိုလုပ် နင်တို့သွားစားပြီး နန်းဟောဝ ဥယျာဉ်ကိုလာခဲ့၊ စကိတ်ကွင်းနားကစားသောက်ဆိုင်မှာ င တို့ စောင့်နေမယ်'

'ကောင်းပြီလေ'

'ဘာနဲ့သွားကြမလဲ သိပ်လမ်းလျှောက်မနေနဲ့ မိသ ကြည့်ရတာ ကျန်းမာရေးကောင်းပုံမရဘူး၊ တက္ကဆီငှားသွ ဒီမြို့က တက္ကစီပေါတယ်၊ ငါတို့ရန်ကုန်မှာလို ဘီခြောက် တို့ သုံးရာ့ခြောက်ဆယ်တို့ မဟုတ်ဘူး၊ နံပါတ်နက်ဆလွ အက်စ်အီးတို့ မာစီတီးတို့ရတယ်၊ မန်နေဂျာကိုပြောပြီး ဖုန် ဆက်မှာလိုက်ရင်ရတယ်'

'အိုကေ'

'ဒါဖြင့် ငါအပေါ်တက်လိုက်ဦးမယ်၊ ရေချိုးပြီးရ နန်းဟောဝန်ဘက်မှာ ငါစောင့်နေမယ်'

'ကောင်းပြီ'

'မိသင်း နင်ဘာမှအားမငယ်နဲ့ နင်လိုအပ်တဲ့အကူအ ငါပေးမယ်၊ ငွေလိုရင်လဲပြောနော်'





ပိုးအိ၏စေတနာကို သူယုံကြည်သည်။ သူတို့နှစ်ဦးမလှုပ်ရှားနိုင်မီ သူမ ထွက်ခွာသွားသည်။ အသက်သုံးဆယ်အရွယ် ဝင်ရောက်နေပြီဖြစ်မည့်သော မိန်းမသားတစ်ဦး၏ အဆီအသားတက်မှုမျိုး သူမတွင်မတွေ့ရသော်လည်း ပြည့်ပြည့်တင်းတင်းနှင့် ခန့်ညားမှုကိုဆောင်နေသည်။

'ပိုးအိက အရမ်းကိုလှလာတယ်နော် မောင်'

'ထင်လို့ပါ မောင့်မျက်စိထဲတော့ သင်းပဲလှတယ်'

'ဆိုးသင့်ခ်မောင် သင်း စိတ်ချမ်းသာအောင် ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အမှန်တော့လေ သင်းနဲ့ မောင်နဲ့ ချစ်သူဖြစ်ဖို့မကောင်းဘူး၊ ပိုးအိနဲ့မောင်နဲ့သာ'

'တော်... သင်း သာတွေလျှောက်ပြောနေတာလဲ၊ မောဝီ တားစုံစမ်းလိုက်ဦးမယ်'

'အိုကေ'

သင်းကို ပါလာ၍ထားခဲ့ပြီး မန်နေဂျာရှိရာ ကောင်တာသို့ သူထွက်ခဲ့သည်။

သူ့ရင်ထဲ၌ အိပ်မက်မက်နေသကဲ့သို့ ခံစားရသည် အမှန်တကယ်လည်း အိပ်မက်ပါပဲ။

သင်း ပြန်ရောက်လာမှုအတွက်လည်း အိပ်မက်ပါပဲ။

အမှတ်မထင်ဘဲ ပိုးအိနှင့်ဆုံတွေ့လိုက်မှုဟာလည်း အိပ်မက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကာလကတည်းက သင်းသည့် လှူဘာဝထဲ ချ
အဖြစ် ဝင်ရောက်လာမှုကပင် စတင်ခဲ့သော အိပ်မက်
ပြီးဆုံးခြင်းမရှိအောင် သံသရာရှည်လျက်ရှိချေသည်။

လှူဘာဝ သံသရာစက်ဝန်း လည်ပတ်နေသရွေ့ က
အံ့ဩမကုန်နိုင်ဘဲ တိုက်ဆိုင်မှုလေးများ၊ ဆုံဆည်းမှု
များက အမြဲတမ်းလိုလို ကြုံတွေ့နေလိမ့်မည်ထင်ပါသည်

* * *



"လွန်လေပြီးသောကာလ၏...
၁၉၇၀ မှသည် ၁၉၈၀ ဝန်းကျင်၌ဖြစ်သည်။"

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၃)

"လက်ရှုပ်တယ်၊ လည်ပင်းရှုပ်တယ်၊ နားရှုပ်တယ်၊ မရှိလဲရတာပဲ၊ လောကကြီးမှာ စိန်၊ ရွှေ လက်ဝတ်တန်ဆာတွေဟာ မရှိလည်းရတယ်၊ မဝတ်လဲရတယ်၊ ငါ…အဲ့ဒါတွေမမက်ဘူး၊ အရေးကြီးတာ ပညာပဲ၊ ဒါကြောင့်ပညာပဲ ငါမက်တယ်"

### အခန်း (၁၃)

မာလကာပင်ကို မော့ကြည့်လိုက်သည်။ ရွက်ပုန်းသီးလေးများ ရှိနေသည်။

တွေ့မြင်နေရသော်လည်း တမင်ပင် ခူးရန်လက်တွန့်လျက်ရှိသည်။ ပိုးအိမ်များပြန်လာ၍ ခူးစရာမရှိတော့ဆိုလျှင် ခက်နေမည်။

ကိုးတန်းကျောင်းပြီး နေရာသိဉ္စလည်း ပိုးအိကိုမျှော်လင့်သေးသည်။ ရောက်မလာခဲ့ချေ။ ဆယ်တန်းစာမေးပွဲပင်ဖြေပြီးနေပြီ။

အမှန်တကယ်ဆိုလျှင် ပိုးအိသည် သူ့ထံ စာထည့်ရ်ရသည်။ စာထည့်ပြီး လိပ်စာပေးလိုက်လျှင် သူ သင်္ရလာတိုင်း ပိုးအိကို သွားတွေ့လိုက်မည်။

လွှင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သတိရလာတိုင်း မာလကာပင်ကို မော့ကြည့်ရင်း ရင်တွင်းက တမြေ့မြေ့ ခံစားနေရသော ဝေဒနာဆိုးက သူ့အားနှိပ်စက်နေသည်။

မိုက်ခ်နှင့် သူရန်ဖြစ်ပြီးကတည်းက ပျောက်သွားလိုက်သည်မှာ ပိုးအိ၏သတင်း အစအနပင် မကြားရ။

ပဲခူး ဘယ်ကျောင်း၌နေမှန်းပင်မသိရ။

ထိုစဉ် သူ၏အမြင်လောကအမှောင်သို့ ကျရောက်သွားသည်။ မျက်လုံးကို တင်းကျပ်စွာ ပိတ်နှောင်ထွေးခြင်း ခံလိုက်ရသည်။

မျက်လုံးပေါ်မှ လက်ကလေးများကို သူစမ်းကြည့်သည်။ ပျော့ပျောင်းနူးညံ့သော လက်ကလေးများက ပိုးအိလေလား၊ သင်းလေလား။

လက်ချောင်းကလေးများသွယ်နေပုံကတော့ နှစ်ယောက်စလုံးတူညီနေသည်။

လက်စွပ်ကိုစမ်းကြည့်သည်။ ရင်ထဲဟာသွားသည်။

ရွှေကြီးပဲဝတ်တတ်သည်မှာ သင်းမော်ရီမှတစ်ပါး မည်သူမှမဖြစ်နိုင်။

'သင်း'

မျက်လုံးပေါ်မှ တင်းကျပ်နေသော လက်ချောင်းလေးများ လျော့ပါးသွားသည်။





ပြာဝေသွားသော မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ တဖြည်းဖြည်း အားယူလိုက်သည်။

'ဟင်...ပိုးအိ'

အံ့ဩဝမ်းသာစိတ်ဖြင့် သူ့ရင်ထဲမှ စကားသံတို့သည်ပင် ပျောက်ကွယ်သွားသည်။

'ပိုးအိ'

ပိုးအိက ပြုံးကာ တံချူကိုကောက်ကိုင်လျက် မာလကာသီး ပွပွများကိုရှာဖွေနေသည်။

ခစ်...ခစ်ခစ်....

သူ့နောက်ဆီမှ တိုးတိုးတိတ်တိတ်နှင့် ခိုးခိုးခစ်ခစ်ရယ်သံထွက်ပေါ်လာသည်။

ထို့ကြောင့် သူချာခနဲလှည့်ကြည့်လိုက်သည်။

သင်းမော်ရီ...

ဩော်...သူတို့နှစ်ယောက်က မိမိအား တိုင်ပင်၍ လှည့်စားခြင်းကိုး။

သင်းမော်ရီလက်၌ စောစောက သူစမ်းမိသော လက်စွပ်ကလေးရှိနေသည်။ ပိုးအိလက်၌ ဘာမှမရှိ။

ပိုးအိသည် လောကကြီးကို ခွတိုက်ဖို့သက်သက် မွေးဖွားလာသော မိန်းကလေးလားမသိ။

စိန်၊ ရွှေ၊ ကျောက်မျက်ရတနာများကို လုံးဝ ဝတ်စား ဆင်ယင်မှုမရှိချေ။ လက်ရှုပ်တယ်၊ လည်ပင်းရှုပ်တယ်၊ နား



www.burmeseclassic.com

ချုပ်တယ်၊ မရှိလည်း ရတာပဲ။ လောကကြီးမှာ စိန်၊ ရွှေ လက်ဝတ်တန်ဆာဟာ မရှိလည်းရတယ်၊ မဝတ်လည်းရတယ်။ ငါ အဲဒါတွေ မမက်ဘူး၊ အရေးကြီးတာ ပညာပဲ။ ဒါကြောင့် ပညာပဲ ငါမက်တယ်'ဟု ခပ်ပြတ်ပြတ်ဖြင့် ပြောပြသည်။

'နင်တို့နှစ်ယောက်ပေါင်းပြီး ငါ့ကို အရွှးလာလုပ်တာပေါ့'

'နင် ရှုံးသွားလို့လား'

'အင်း'

'ဒါဖြင့် ငါသွားတော့မယ်....အရှုံးနာ‌း ငါ မနေရဲဘူး။ အရှုံးဆိုတာ စိတ်မှန်တာမဟုတ်ဘူး'

ပိုးအိက သူ့ထုံးစံအတိုင်း ခပ်တည်တည်နှင့် ပြောလိုက်သည်။

ခပ်မွှမွှ မာလကာသီးသည် ပိုးအိ၏တံချူဖျားတွင်ပါလာသည်။

အလှသွေးကြွယ်ဝကာ အပျိုကြီးအသွင်သို့ ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်သော ပိုးအိကို တအံ့တသြ ငေးမိသည်။

နုပ်ချေးတွဲလောင်း၊ ဂါဝန်လေးဖားဖားအဝတည်းက ချစ်ခင်တွယ်တာ ကစားခဲ့ရသော ငယ်ကျွမ်း အူယော်ချင်းသည် ယခုတော့ အပျိုကြီးဖြစ်နေပါပကောလား။





'ဟယ်....ယူကဲ ရှာတတ်တယ်တော့၊ အိုင် ရှာတိုင်း အဲဒီလို အသီးမျိုး တစ်ခါမှမတွေ့ဘူး'

'ဘုရားက ငါ့အတွက် ဖွဲ့ကပ်ပေးထားတာလေ....နင် စားချင်လို့လား'

'အင်း....ရပါတယ်၊ ယူစားပါ'

'ရော့....ငါ ထပ်ရှာမယ်'

ပိုးအိက စိတ်ရင်းကောင်းသူဖြစ်ကြောင်း ငယ်ပေါင်းသူသဒ္ဒါလျှင် အသိဆုံးဖြစ်သည်။

ပိုးအိ ဦးဦးဖျားဖျား ရှာဖွေတွေ့ရှိသော မာလကာသီးကို သင်းမောင်ရိထံသို့ ပစ်ပေးလိုက်သည်။

သင်းမောင်ရိက ရေမြေအေးကာ ဒန်း၌ ထိုင်ရင်း တဂျွတ်ဂျွတ်နှင့် စားနေလေတော့သည်။

ကောင်းကင် မိုးသားတို့သည် ကြည်လင်မေသည်။ သူ့ရင်၌လည်း ပိုးအိကို ပြန်လည် တွေ့ဆုံခြင်းအတွက် အတိုင်းအဆသော ပျော်ရွှင်ကြည်နူးမှုကို ရရှိခံစားနေရသည်။

'ပိုးအိ'

'ဘာလဲ'

'နင် ပြန်ရောက်လာပြီလား'

'အင်း....ရောက်လို့ နင်နဲ့တွေ့တာပေါ့'

'အပြီးပြန်လာတာလား'

www.burmeseclassic.com



'အင်း....'

'ဖြေနိုင်လား'

'ကျော်ဝေ ငါ့ကို ခွေးခြေတစ်လုံး ယူပေးစမ်း'

ပိုးအိသည် သူ့အမေးကို မဖြေအားဘဲ သူ့အား လှမ်းခိုင်းလိုက်သည်၊ သူ၏ ဘုရင်မ စေစားရာသို့ တုန့်ဆိုင်းမနေဝံ့ဘဲ အိမ်ဘေးနားမှ ခွေးခြေကို သွားယူကာ သူမခြေနား ချပေးလိုက်သည်။

သူမက ခွေးခြေပေါ်တက်ကာ မာလကာသီးကို ခူးလေသည်။

'မေးနေတာ ဖြေဦးလေ'

'ဘာလဲ'

'စာမေးပွဲဖြေနိုင်ရဲ့လားလို့'

'နင် အဲဒီမေးခွန်း ငါ့ကိုမေးဖို့ လိုအပ်လို့လား'

'ဪ...ဟုတ်သားပဲ။ အောလ်ဒီ ရနိုင်တဲ့သူကို ငါက ဖြေနိုင်သလားလို့ မေးလိုက်တာ နင့်ကို စော်ကားသလို ဖြစ်သွားတာပေါ့'

'တော်စမ်းပါ ကျော်ဝေ....ယောကျ်ားတန်မဲ့ ခနိုး ခနဲ့ စကားမျိုး ပြောတာကို ငါမကြိုက်ဘူး'

ဒေါသကြောင့်ထင်သည် သူမ ခူးလိုက်သော မာလကာသီးကို တံချူနှင့် ဆတ်ခနဲ အဆွဲ၌ အရှိန်လွန်ကာ ခွေးခြေနှင့် သူမ လဲကျသွားသည်။





သူက ပိုးအိကို လှမ်းပွေ့လိုက်သဖြင့် ပိုးအိ မြေကြီးနှင့် မိတ်ဆက်ခွင့် ရမသွားချေ။

သို့သော်...နုထွေး ဝါညက်သော သူမ ပါးပြင်နှစ်ဖက်၌ သွေးရောင် လွှမ်းသွားခြင်းက အလှဆုံးဖြစ်နေသည်။

တစ်ခါတစ်ရံ မိန်းမသားများ၏ ရှက်ရောင်သန်းသော အလှသည် ဘယ်ပန်းချီဆရာမှ ရေးဆွဲ၍ ရနိုင်အောင် လှလွန်းသည်ဟု သူထင်သည်။

သူ့ရင်၌ တဒိန်းဒိန်း တဒိုင်းဒိုင်းနှင့် ရင်တွင်းကဲဗီယာ ပေါင်းစုံ၏ လှုပ်ရှားမှုကို သူ စတင် ခံစားနေရလေပြီ။

'ဖယ်'

'အင်း

သင်းမောင်ရီကဲတော့ ခိုးခိုးခစ်ခစ် ရယ်လျက်ရှိသည်။

ပိုးအိက သူ့အား မျက်စောင်းထိုးကာ အိမ်ပေါ်သို့ တက်သွားသည်။

လဲကျနေသော ခွေးခြေ၊ တံချူနှင့် အက်ကွဲနေသော မာလကာသီးပွလေး ကျန်ရစ်ခဲ့သည်။

သူ မာလကာသီးကို ကောက်ယူလိုက်သည်။ ပြီးတော့ ရေဆေးလိုက်စဉ် -

'အချိန်မရလို့ ပြန်တော့မယ် ကြီးကြီး.... အိမ်က ဒီကိစ္စ မှန်းသိရင် ပိုးအိကို ရန်ကုန် ပြန်မခေါ်ဘူးပြောတယ်။ ဒါကြောင့်ပါ...နောက် သူတို့လစ်ရင် လာခဲ့ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး အေး'

အမေအား နှုတ်ဆက်ကာ ပိုးအိ ဖလှကားပေါ်မှ ပြန်ဆင်းလာသည်။

'ကျော်ဝေ....ဒါပြန်မယ်'

'မာလကာသီး'

'မြေပေါ်ကျပြီးသားအသီးကို ငါ ဘယ်တုန်းက စားလို့လဲ၊ မိသင်း ငါသွားမယ်....နင် နေခဲ့ဦးမလား'

'ရက်စိခ် .. အိုင် နေခဲ့ဦးမယ်'

'ဒါဖြင့် သွားမယ်'

ပိုးအိသည် သူခြံဝန်းအတွင်းမှ ခြေလှမ်းမှန်မှန်နှင့် ထွက်ခွာသွားသည်။

ကျော်ဝေသည် လက်ထဲမှ မာလကာသီးအက်အက်လေးကို ကိုင်ကာ ငေးမော ကျန်ရစ်ခဲ့သည်။

ရင်ထဲ၌ လစ်ဟာ၍ ကျန်ရစ်ခဲ့သည်။

'ကျော် ...'

'အင်'

'ပိုးအိက ယူ့ကို အရမ်းနိုင်တယ်နော်'

'သူငယ်ချင်းတွေဆိုတော့ အနိုင် အရှုံး တွက်ယူလို့ မှ ပါဘူး'

'ယူ ပိုးအိကို အရမ်းချစ်တာပဲလွား'

လှိုင်စာပေ



'သင်း တယ်လိုမေးလိုက်တာလဲ'

'အို....ယူကလဲ အိုင်မေးတာက ယူ ပိုးအိကို အရမ်းကို ချစ်သလား....အဲဒီ အချစ်က သူငယ်ချင်းအချစ်ကို ပြောတာ နော်....ယူက တလွဲတွေးနေပြန်ပြီ'

'မူလတန်းဘဝက မတိုင်ခင် မူကြိုမှာကတည်းက ဖျာ စ်ချပ်ကို အတူအိပ်ပြီး ချစ်ခဲ့ရတဲ့ ငယ်သူငယ်ချင်းတွေပါ င်း....'

'အိုင်သိပါတယ်၊ ဒါပေမယ့် ယူချစ်သလေဝက် ပိုးအိက ်ပုံမရဘူး'

'သင်း ဘာကိုကြည့်ပြီးပြောနိုင်သလဲ'

ပိုးအိကိုအိုင်မေးတယ်၊ ဘာဖြစ်လို့ ပဲခူး ပြောင်းသွား ာလဲလို့'

'ဒီတော့...'

'မိဘက ကောင်းမယ်ထင်လို့ ပြောင်းပေးတော့ ပြောင်း ာပေါ့တဲ့'

ကျော်ဝေ့ ရင်၌ လှိုင်းထလာသည်။ ထိုလှိုင်းသည်ဒေါသ ်းတော့မဖြစ်နိုင်ပါ။ ကြေကွဲမှုလှိုင်းဖြစ်လိမ့်မည်ထင်သည်။

'ဒါနဲ့ အိုင်လဲ ယူ့ကို ရဲစခန်းကအရေးယူတဲ့ကိစ္စ မသိ သွားမေးလိုက်တယ်'

'........'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ထဲမှာ ထင်တော့ထင်နေတယ်၊ ဒါပေမယ့် ပဲ့ ... ရောက်ပြီး အတော်ကြာမှသိတယ်တဲ့ ကိစ္စအားလုံးပြီးနေ ... ဆိုတော့လဲ သူ ဘာတတ်နိုင်တော့မလဲ၊ ယူ့ အချုပ်မခံရတာ ... သူကျေနပ်သွားတယ်တဲ့'

ဟုတ်မှာပါ၊ ပိုးအိပြောတာလည်းမှန်သည်။ သူ ဒု ... ရောက်မှန်းသိလျှင် ပိုးအိဘယ်နည်းနှင့်မှ နေနိုင်မည်မဟု ... ဟု...

ပိုးအိမသိအောင် လူကြီးမိဘများက ပိပိရိရိ စီစဉ်က ... လုပ်သွားသည့်ကိစ္စတွင် ပိုးအိသည် တရားခံမဟုတ်၊ အပြ ... မရှိ...

ပိုးအိအတွက် သူသည် ထာဝရရှေ့နေဖြစ်နေပြီ ထင် ... သည်။

ပိုးအိ မစားလိုဘူးဟူသော မာလကာသီးကို သင်းမော ... ရီက...

'ပေး... အိုင်စားမယ်'

မပေးဘူးဆိုလျှင် ကောင်းမည်မဟုတ်၊ သူသည် အား ... တတ်သည်။ မိမိ၏ ငြင်းပယ်မှုကြောင့် တစ်ဖက်သား ... မကောင်းဖြစ်သွားမှာ စိုးရိမ်သဖြင့် ကမ်းပေးလိုက်သ ...

ရန်ကုန်မြို့ ဆင်ခြေဖုံးမြို့နယ်တစ်ခုအတွင်းတွင် နေ ... ကြသော ပိုးအိ၊ သင်းမောင်ရီနှင့်သူသည် အလွှာခြင်းမ ... ကွာခြားနေသည်။





'ပိုးအိတို့ အင်းလျားလမ်းကို ပြောင်းကြတော့မယ်ထဲ့ ... လ'

'ဟုတ်လား... ငါ့ကို မပြောသွားပါလား'

'ယူ့ စိတ်မကောင်းဖြစ်မှာစိုးလို့ နေမှာပေါ့'

'ဘယ်တော့လဲ'

'ရွှေ့အပတ်ထဲ'

'ဩော်....'

ပိုးအိသည် နှုတ်ဆက်ဖို့လာခဲ့ခြင်းဖြစ်မည်။ ကျော်ဝေ့ရင်ထဲ လစ်ဟာလျက်ရှိသည်။

'ယူ့ စိတ်မကောင်းဖြစ်သွားသလား'

သင်းမောင်ရီက သူ့အနီး၌လာရပ်သည်။ သူ့အား အား ... ရွာဖြင့် ပြုံးပြလိုက်သည်။ ပိုးအိ မရှိတော့သည့်နောက်ပိုင်း ... င်းသည်သာ သူနှင့် အရင်းနှီးဆုံးသော သူငယ်ချင်း ဖြစ် ... ည်။

'ဟေ့.....ဒီနှစ်ယောက် ဘာလုပ်နေကြတာလဲ'

လှအေး၏အသံကြောင့် လူချင်းနီးကပ်နေသော သူတို့ ... ဦးစလုံး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

လှအေးက သူတို့နှစ်ဦးကို အမြဲစသည်။ ပိုးအိ မရှိတော့ ... ည်ကလွဲပြီး သူတို့နှစ်ဦးသည် အမြဲတစ်တွဲတွဲဖြစ်သည်။ လှ ... းကတော့ တစ်ခါတရံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'စကားပုံတွေကော တော်တော်တတ်ပြီလား .. ဟင်း'

'အင်း .. မေးချင်တာမေးရပြီ၊ ဆရာကောင်းတပည့် ပ

ကောင်းပန်ပြမယ်'

သင်းမောင်ရီနှင့် လှအေးသည် တွေ့လိုက်လျှင် အေးဧ

မရှိ အမြဲစကားနိုင်လုတတ်သည်။ တကျက်ကျက်....

'ဒါဖြင့် မေးမယ်'

'မေး'

'မြင်ရုံသာမြင်ရ၊ မကြွင်ရ....ဆိုတာဘာလဲ'

ကျော်ဝေက အေးအေးဆေးဆေးပင် မာလကာ

များကို ခူးဆွတ်နေလိုက်သည်။ မာလကာသီးများကို မေ

သည်သင်းလိုက်လျှင် သူ မုန့်ဖိုးတော့ အသာလေးရသည်

အိမ်ရှိ အသီးအနှံလေးများက သူ၏ကျောင်းစရိ

ကာမိနိုင်စွမ်းရှိသဖြင့် သူဂရုတစိုက် ခူးဆွတ်နေမိသည်။

'ကဲ....ဖြေ'

'ဒါလေးများ လွယ်လွယ်လေး၊ မြင်ရုံသာမြင်ရပြီး

ကြွင်ပေါင်းသင်းခွင့်မရတာမျိုးကိုပြောတာ၊ နောက်ပြ

မြင်တွေ့နေရပြီး ပိုင်ဆိုင်ခွင့်မရှိတာမျိုးကို ပြောတာပေ

ဟုတ်လား'

'ဒီလိုဆို....ဥပမာပြစမ်း၊ ငါက ဥပမာတို့ သာဓကပ

ရှင်းတာ'





'ယူ သက်သက်မကပ်နဲ့ကွာ၊ အိုင်ပြောတာ ရှင်းရှင်းလေး

သာကို'

သင်းမောင်ရီသည် ယောကျ်ားလေးရယ်လို့ ရှိုးတိုးရှန့်

တန့်မရှိ၊ ရဲတင်း ပြောဆိုတတ်သည်။

'ကျော်ဝေနှင့် ရင်းနှီးပြီးနောက်ပိုင်း ပေးသမျှ စာကို

သည်း လက်မခံတော့သဖြင့် စာတိုက်ပုံးအမည်ပျောက်သွား

လေသည်။

သူမအလှက ပြိုင်ဘက်မရှိ ထင်ရှား ကျော်ကြားခဲ့လေ

သည်။

'ဒါပေမယ့် (Example) ပါတော့ ပိုရှင်းတာပေါ့

မဟုတ်ဘူးလား'

'ဒါဖြင့်....ဥယျာဉ်မှူးကွာ'

'ဘာဖြစ်လို့လဲ'

'ဥယျာဉ်မှူးဆိုတာ သူစိုက်ထားတဲ့ပန်းတွေကို မြင်ရုံသာ

မြင်ရပြီး ပိုင်ဆိုင်ခွင့်မရတဲ့ ဘဝမျိုးဖြစ်လို့ပေါ့'

'အိုကေ....ငါသဘောပေါက်ပြီ၊ မြင်လဲမြင်သွားပြီ'

'ဘာမြင်တာလဲ'

'နောက် သာဓကတစ်ခုလေ'

'ဘာလဲ'

'ကျော်ဝေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

'ကျော်ဝေလဲ...သင်းဆိုတဲ့ အလှပန်းလေးကို မြင်ရုံသ
မြင်ရ... ခင်ရပြီး'

'လှအေး...သွား...ယူမကောင်းဘူး'

လှအေးအား လိုက်ထုရန် ပြေးလိုက်သည်ကို လှအေး
တဟားဟားရယ်မောကာ ထွက်ပြေးသွားလေသည်။

ကျော်ဝေ မျက်နှာမထားတတ်တော့....

သင်းမောင်ရီလည်း ထိုနည်းတူစွာဖြစ်လေမည်။

ကျေးငှက်သာရကာ သံလေးများ၏ အောက်က
အောက်ကလာသံလေးများနှင့် လေတိုက်ခတ်မှုကြောင့် သ
ရွက်များ တိုးတိုးတိတ်တိတ် ညည်းညူသံလေးများမှ
ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်ရှိသည်။

'အိုင် ပြန်တော့မယ်'

သင်းမောင်ရီက မူမမှန်သောအသံနှင့်ပြောပြီး ထွက်
သွားခြင်းကို သူသည် တားဆီးရန် မေ့လျော့လျက်
ခေါင်းညိတ်လိုက်သည်။

ပတ်ဝန်းကျင်လေ၏ တိုက်ခတ် ပံ့ပိုးပေးမှုကြောင့် သ
ရွက်ကလေးများ လှုပ်ခတ်သလို သူ့နှလုံးသားသည်လည်း
လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားပါလား။

အရုပ်မြင့်မြင့်နှင့် ခပ်တောင့်တောင့်လေး ထွက်သွ
သော သင်းမောင်ရီကို သူ ငေးမော ကြည့်မိသည်။





'ဟင်'

သူ မျက်လုံး လွှဲဖယ်ချိန်မရလိုက်။ သူရှက်သွားသည်။

ပတ္တမြားရောင်သန်းနေသော မျက်နှာနှင့် သူ ရယ်ရမလို
ငိုရမလို တည်တည်ကြီး ဖြစ်သွားခြင်းကို....

သင်းမောင်ရီက ဟက်ခနဲ ရယ်ကာ မျက်စိတစ်ဖက်မှိတ်
ပြပြီး ထွက်ခွာသွားလေသည်။

သူ့ရင်ထဲရှိ ကလီဇာတွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကျန်ရစ်
ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မြန်မာနိုင်ငံမှာ ဂုဏ်အရှိဆုံးသော အလုပ်ဖြစ်တဲ့ ဆရာဝန် အလုပ်ကို လုပ်ဖို့အတွက် အမြင့်မားဆုံးသော အမ် အမှတ်ကို ငါမီပါတယ်။ ဒါပေမယ့် ငါဝါသနာမပါဘူး။ ဂုဏ်ရှိရှိသက်သက်အတွက် ဝါသနာမပါတဲ့ လုပ်ငန်းတစ်ရပ်မှာ ငါ့ဘဝကို နှစ်မြုပ်ရမလား။ အဓိပ္ပာယ်မရှိဘူး"

## အခန်း (၁၄)

'နင် ရူးနေသလား ဖိုးအိ'

သူ ဖိုးအိကို အားမလို အားမရ ကရုဏာ ဒေါသော ဖြင့် အပြစ်တင်လိုက်မိသည်။

လှအေးအိမ်၌ လှအေး ဂုဏ်ထူးတစ်ဘာသာနှင့် အောင် သောကြောင့်မိဘများကဝမ်းသာအားရ ဂုဏ်ပြုစာ လှအေး အကြိုက် ဆွန်းနို့ ခေါက်ဆွဲ ချက်ကျွေးသည်။

ကံကောင်း ထောက်မစွာဖြင့် သင်းမောင်ရီက ဖိုးအိ ဖုန်းဆက်ခေါ်လိုက်ရာ ဖိုးအိ ရောက်လာသည်။





ခြောက်ဘာသာ ဂုဏ်ထူးနှင့် အောင်မြင်သော သူမ အတွက် ဖခင် ဦးမင်းဆက်က ဝမ်းသာအားရ ဂုဏ်ပြုလိုက်သော ထိုခေတ်၏ နောက်ဆုံးပေါ် တိုရိုတာဆလွန်းကားကို ကိုယ်တိုင်မောင်းနှင်လျက် ရောက်လာသည်။

စားသောက်ရင်း....

'နင်ကတော့ အမ်စီပဲပေါ့'

'မဟုတ်ပါဘူး၊ ငါကယ်မက်စရီမေဂျာပဲ ယူမယ်' ဟု ဆိုသော ဖိုးအိကို သူ တအံ့တဩ ဖြစ်သွားခဲ့သည်။

'လူတစ်ဦး တစ်ယောက်ချင်းဟာ ခံယူချက်တူညီနေမယ် ဆိုရင် လောကကြီးရယ်လို့ ဖြစ်လာပါမလား'

'ဒါပေမယ့် အုတ်တစ်ချပ်နိုင်တဲ့ နင်ဟာ နှမ်းတစ်စေ့ သယ်မယ်ဆိုတာမျိုး ဖြစ်မနေဘူးလား'

'အဟင်းဟင်း....နင်က ဆရာဝန်မှ အုတ်တစ်ချပ်နိုင်တယ် လို့ ထင်သလား၊ ငါက ဆရာမလုပ်မယ်၊ ဆရာမတောင်မှ (အက်စ်-အေ-တီ) ဆရာမပဲလုပ်မယ်။ ဆရာ၊ ဆရာမဆိုတဲ့ အလုပ်ဟာ အမွန်မြတ်ဆုံးပဲ၊ အနာဂတ်လောကနိုင်ငံသစ်ကို တည်ထောင်ဖို့အတွက် ပံ့သွင်းရ အလှယ်ကူဆုံး အရွယ်လေး တွေကို လမ်းညွှန်ပြသ သင်ကြားရတဲ့ ဆရာမပဲ ငါလုပ်မယ်၊ ငါကတော့ ငါ့အထင်နဲ့အမြင်အရဆိုရင်လေ... ငါ့ရည်ရွယ် ချက် လုပ်ငန်းဟာဆိုရင် နှမ်းတစ်စေ့ မဟုတ်ဘူး...နှမ်းတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာကို သယ်ပိုးနိုင်တယ်လို့ထင်တယ်။ ငါ့အထက်တန်းပြ ဆရာမပဲလုပ်မယ်၊ ဒါ ငါ့ရွေးသလား.... ကျော်ဝေ ပြောစမ်း'

သူ ပိုးအိကို တအံ့တဩ ငေးမိသည်။ တစ်ခါတစ်ရံ ပိုးအိ၏ ဦးနှောက်အသိတရားကို သူလိုက်မမီအောင် ဖြစ်သွားသည်။

'မြန်မာနိုင်ငံမှာ ဂုဏ်အရှိဆုံးသော အလုပ်ဖြစ်တဲ့ ဆရာဝန်အလုပ်လုပ်ဖို့အတွက် အမြင့်မားဆုံးသော အမှတ်ကို ငါ ရခဲ့တယ်၊ ဒါပေမယ့် ဝါသနာမပါဘူး။ ဂုဏ်ရှိရုံသက်သက်အတွက် ဝါသနာမပါတဲ့ လုပ်ငန်းတစ်ရပ်မှာ ငါ့ဘဝကို နှစ်မြှုပ်ရမလား၊ အဓိပ္ပာယ်မရှိဘူး။ အဟင်း... ဟင်း....ကျော်ဝေ နင်မှမဟုတ်ဘူး၊ ဖေဖေ မေမေ ဦးလေး အဒေါ်တွေအားလုံးနဲ့ ငါနဲ့ တစ်ရန်ပဲ။ သူတို့ကလဲ ဆရာဝန်မှ ဆရာဝန်၊ ငါကလဲ ဆရာမမှ ဆရာမ၊ မကျေလည်ကြဘူး။ ဒါပေမယ့် ငါမမှုပါဘူး....ငါ့ကို ရွေးတယ်လို့ထင်ထင် အရေးမစိုက်ဘူး။ ငါမှန်တယ်ထင်လို့ထင်ရင် ငါလုပ်ရဲတယ်။ တစ်လောကလုံးနဲ့ငါ တစ်ယောက်တည်းဖြစ်ပါစေ ရင်ဆိုင်ရဲတယ်၊ ဒါပါပဲ။နောက်ကို ငါ့ကို ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှမပြောနဲ့တော့၊ ငါ အေးအေးဆေးဆေး စားမယ်၊ လှအေး... ငါ့ကို အသည်းအမြစ်ဖတ်နဲ့ ငါးဖယ်များများ ထည့်ပေးနော်...'





'အေးပါဟဲ့....အကောင်းဆုံးရဲ့ အနှစ်အရသာ ဟူသမျှတို့ကို နင်ရစေပါ့မယ်'

လှအေးကလည်း ခပ်ရွှတ်ရွှတ်နှင့် ပြောဆိုကာ ပိုးအိ၏ ခေါက်ဆွဲပန်းကန်ထဲသို့ ကြက်သားဖတ်များ၊ ဘဲဥဖတ်များနှင့် ငါးဖယ်ဖတ်လေးများကို ရှာဖွေကာ ထည့်ပေးလေသည်။

'ကျော်ဝေ....နင်စားပြီးပြီလား'

'ဘာယ်စားရဦးမလဲ.... နင့်ကိုစောင့်တယ်၊ အခု နင်ရောက်ပြန်တော့လဲ သင်းကို စောင့်တယ်'

'ကောင်းပါတယ်....ဒါဖြင့် ဆက်စောင့်လိုက်ဦး၊ နောက်ကျတဲ့လူကို စောင့်ရမှာက အားနာထက်တဲ့သူရဲ့ လူမှုရေးဝတ္တရားဖြစ်လို့ ကျော်ဝေကဲတော့ စောင့်နေဦးပေါ့'

ပိုးအိကို သူ ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးပြလိုက်သည်။ ရှိပါစေတော့လေ။ သူမ စိတ်ချမ်းသာသကဲ့သို့ ပြောပါစေ။

'နင်ကော အာရ်အိုင်တီ တက်မှာလား'

'မတက်ဘူး....နင်သိတဲ့အတိုင်းပဲ။ ငါ့ရည်ရွယ်ချက်ဝေးဆိုတော့....ဘားမိစ်မေဂျာပဲယူပြီး သတင်းစာတိုက် တစ်ခုခုမှာ အလုပ်ရရင် အလုပ်ဝင်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ်.. ရည်မှန်းချက်နဲ့ လူသားဟာ ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျပ်ပြည့်တဲ့ လူသား တစ်ယောက်နဲ့ တူတယ်တဲ့'

'တယ်ဟုတ်ပါလား...ဘယ်စာဆိုက ပြောသလဲ'

လှအေးက မြောင်ချော်ချော်နှင့် ဝင်မေးလိုက်၏။

'ငါပြောတာ'

'ကောင်းပါကွာ'

သူ ပြုံးလိုက်မိသည်။ ပိုးအိနှင့် မဆုံတွေ့ရသည်မှာ ကြာပြီဖြစ်၍ သူငယ်ချင်းဟောင်းများဖြင့် စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်နေကြသည်။

ပိုးအိကလည်း သူနေခဲ့သော ပဲခူးမြို့မကျောင်းအကြောင်း ဆယ်တန်းအတွက်ဆိုလျှင် ကင့်(Camp) သွင်းကာ ဆရာ၊ ဆရာမများက အားသွန်ခွန်စိုက် ကြိုးပမ်းသဖြင့် တစ်ပြည်လုံး ပထမဆုကို ရရှိခြင်းဖြစ်ကြောင်း ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေသည်။

'ဒါကြောင့်လေ....ငါ့ရဲ့ ဝါသနာနဲ့ ရည်ရွယ်ချက်ဟာလဲ ပိုပြီး ခိုင်မာလာတာသိလား။ အချို့ အချို့သော ဆရာဆရာမတွေဟာ ဝါသနာ၊ အနစ်နာ၊ စေတနာနဲ့ ကိုယ်ကျိုးထက် ကျောင်းသားအကျိုးကို ရှေ့ရှုတတ်တဲ့ စေတနာမျိုးကို သာမန်လူသားတို့ မထားနိုင်ဘူး။ ဆရာ ဆရာမတွေက





သာ ထားနိုင်တာ။ ဒါကြောင့်လဲ ပူဇော်ထိုက်သူတွေအဖြစ် အနန္တော အနန္တဂိုဏ်းဝင်ရတာပေါ့။ ငါ ဆရာမဘဲလုပ်မယ်၊ ပညာကိုတန်ဖိုးထားတတ်တဲ့ တပည့်တွေ မွေးထုတ်မယ်'

'ကောင်းတယ်.... သမီးရဲ့ ရည်မှန်းချက် သိပ်ကောင်းတယ်... ပညာပါရမီ ဒါနမျိုးဆက် ကောင်းခဲ့လို့ ဒီဘဝမှာ ပညာထူးချွန်သလို ဘဝအဆက်ဆက် ထူးချွန်ဦးမှာပဲ'

လှအေးအဖေက ဝင်ပြောလိုက်သဖြင့် ပိုးအိက လှအေးအား လက်မထောင်ပြလိုက်သည်။ တစ်ခါတစ်ရံကလေးဆန်သကဲ့သို့ ရှိသည်။

များသောအားဖြင့် ခပ်တည်တည်နှင့် တစ်လောကလုံး သူ့လုပ်စာစားသည့်ပုံစံအတိုင်း နေတတ်သည့် ပိုးအိကို မာနကြီးသည်ဟု ထင်ကြသည်။

အမှန်တော့ ပိုးအိသည် စာဖတ်ကာ အေးအေးဆေးဆေး နေတတ်သူဖြစ်သည်။

ထိုစဉ်.... သင်းမှောင်ရီ၏ ကားကလေးရောက်လာသည်။ တံဆိပ်နှင့် သူ့ဖခင်၏ ကားလေးဖြစ်သည်။

ကားကချက်ချင်းပြန်ထွက်သွားသည်။

'ဟော... ပိုးအိတောင် ရောက်နေပြီ'

'အင်း.... ငါတော့ မစောင့်နိုင်လို့စားနှင့်ပြီ၊ ဝမ်းချင်းဆုံချင်တဲ့ လူကတော့ စောင့်နေလေရဲ့ ဟုတ်တယ်နော် လှအေး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါ၊ မှန်ပါဗျာ'

သူ့ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ မျက်နှာရဲကာ ပိုးအိကို လှမ်းကြည့်ကာ——

'နင်ကတော့လေ'

သူမျက်နှာမထားတတ်။ ပိုးအိကတော့ ခတ်တည်တည်နှင့်....

'ဘာလဲ ဖှုတ်တာပြောတာပဲ နင်ကများ နာရတယ်ရှိသေး၊ 'ငါတို့မိန်းကလေးဘက်က ရှက်ဖို့ထားပါဦး....မဟုတ်ဘူးလားမိသင်း'

'ယူတို့ကလဲကွာ'

သင်းမောင်ရီကလည်း သူမ၏ဖွေးဥသော မျက်နှာလှလှကတော့ စတော်ဘယ်ရီရောင်လေးမြေးရှံမျှ လှလှပပလေးရှက်ရောင်သန်းသွားသည်။

သို့သော်....

သင်းနှင့် သူ စားမွဲဝိုင်း၌ အတူထိုင်မိကြသည်။

'လှအေး.... ယူကောစားပြီးပြီလား'

'စားကြပါ.... ငါက သူများပါရမီဖြည့်ရရှံနဲ့ ဝနေပါပြီကွာ'

သင်းမောင်ရီ ပန်းကန်ထဲသို့ လှအေးက ဟင်းထည့်ပေးရာ....





'နင်ကော အသည်းယူဦးမလား၊ ယူမနေပါနဲ့တော့ နင်က အသည်းရပြီးသားပဲ'

'ဘာလဲဟာ.... ယူက အိုင်တို့ကိုပဲ စနေတာပဲ'

သင်းမောင်ရီ၏ မျက်လုံးမြာပြာလေးက လှအေးထံသို့ မျက်စောင်းဝေ့သွားသည်။

'စားကြ သူငယ်ချင်း.... အားမနာနဲ့.... သင်းကမိန်းခလေး ပီပီ ကျော်ဝေ့ပန်းကန်ထဲ အချဉ်လေး ဘာလေးညှစ်ပေးလိုက်ဦးလေ'

'အို့မယ်လေးဟဲ့နော်.... ယူပြောတာနဲ့ လက်တွန့်သွားပြီ'

သင်းမောင်ရီက လှအေးမပြောမီကပင် သူ့ပန်းကန်ဆီသို့ ရှောက်သီးစိတ်ကလေး ညှစ်ပေးရန် လက်လှမ်းပြီးဖြစ်နေသည်။

သူကလည်း ဘဲဥကြိုက်တတ်သော သင်းမောင်ရီအတွက် ဘဲဥစိတ်ကလေးများကိုယူကာ ထည့်ပေးပြီးဖြစ်နေသည်။

'စေတနာတွေ.... စေတနာတွေ.... ပိုးအိ ... နင်ကော အားမွကျဘူးလား'

'မကျပါဘူး၊ နင်ကျရင် နင်ကောက် လိုက်ပေါ့'

'ဘာကောက်ရမှာလဲ'

'အားလေ'

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံလေးများ ဝေလွင့်သွားသည်။ ဘဝ၌အခက်အခဲဆုံးလို ဖြစ်နေသော ဆယ်တန်းစာမေးပွဲကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီ ဆိုတော့လည်း လွတ်လွတ်လပ်လပ် ပျော်ရွှင်စွာ ရယ်မောနိုင်ကြလေပြီ။

ကျော်ဝေရင်၌ ရှင်မြူးသွားသည်။ ရယ်ခဲသော ပိုးအိထံမှ ရယ်မောသံလေးများ ကြားလိုက်ရခြင်းကြောင့်လား... သင်းမောင်ရီထံမှ ခေါက်ဆွဲအကျွတ်ကြော်လေးများ ချေထည့်မေးကာ... ရှောက်သီးစိတ်ကလေးများ ညှစ်ပေးမှုကြောင့် လား....

သူဝေခွဲ၍ မရနိုင်။ မည်သို့ဆိုစေကာမူ သူ့ရင်ထဲ၌ ပျော်ရွှင်မှု နတ်သားလေးက ခုန်မြူးထူးလျက်ရှိသည်။

'နှင်ကော ဝမ်းဒိပ္ပါတဲ့အတွက် ကျေးဦးမှာလားသင်း'

'ကျေးမယ်လေ...နေဦး ကရဝိတ်မှာသွားစားရအောင်.... တစ်နေ့လူစုမယ်... ယူကော အောဒီပါတာ မကျေးဘူးလား'

'ကျေးဖို့နေနေသာသာ တစ်အိမ်သားလုံးနဲ့ ဖိုက်တင်ပလေးနေရလို့ ဘာအစီအစဉ်မှုကို မလုပ်နိုင်သေးဘူး'

'ဘာဖြစ်လို့လဲ'

သင်းမောင်ရီက လက်ဖက်အစ်ကို လက်ကမချဘဲ တစ်မြုံ့မြုံ့ဝါးရင်း ပြောနေသော ပိုးအိကို လှည့်ကြည့်ကာ တအံ့တဩ မေးလိုက်သည်။

လှိုင်စာပေ



'ကျော်ဝေ မေးကြည့်'

ပိုးအိက သူ့အား မေးငေါ့ကာ ပြောလိုက်သဖြင့် သင်းမောင်ရီ၏ မျက်ဝန်းသည် သူ့ထံသို့ ရောက်လာသည်။

'ဘာဖြစ်လို့လဲဟင်'

'ဩော်... သူ့မိဘတွေက သူ့တို့ အမ်စီထက်စေချင်တယ်၊ သူက... မေဂျာယူပြီး ဆရာမပဲ လုပ်မလို့တဲ့'

'ဟင်'

'မအံ့ဩနဲ့သင်းရေ.... ငါတော့ တစ်ခု စဉ်းစားထားတယ်'

လှအေးက ကြားမှဝင်ဖောက်သည်။

'ဘယ်လိုစဉ်းစားထားလို့လဲ'

'ပိုးအိကို ရှုသွင်းပြီး အဲ့ဖွယ် အထူးအဆန်းအဖြစ် ပြမလို့'

'ကောင်စုတ်ကောင်နှာ... ဒါ့ကြောင့် နှင်တို့ကိုအပေါင်းအသင်းမလုပ်ချင်တာ.... သာမန်လူတွေတွေးတဲ့အတွေးမျိုးပဲ နှင်တို့တတ်တယ်... မှန်တာတွေးတဲ့ လူကြတော့ အရူးအထူး ဖြစ်ကောမှတ်လား ... ဟင်း.... မိန်းမရှုပ်ဆိုးဆိုးနဲ့ ရမယ်အကောင်'

ပိုး‌အိ၏တစ်တစ်ခွခွအပြောကို လှအေးက ရယ်မောကာ....

'သာမန်လူတွေတွေးတဲ့အတွေးပဲ တွေးပါရစေ... သူများထက်မထူးပါရစေနဲ့၊ သူများနဲ့ ထူးနေပူးဟိုဟာပေါက်'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့.... မစုတ်ပဲ့နဲ့.... ငါ့ခေါက်ထဲ လိုက်ရ'

ခေါက်ထည့်လိုက်ရဟူသော စကားကပင် နောက်ကျ
သေးသည်။ ပိုးအိုလက်မှ ရေနွေးပန်းကန်လုံးသည် လှအေး
ခေါင်းပေါ်သို့ ကျရောက်ပြီးသား ဖြစ်သွားသည်။

ရယ်မောသံလေးများသည် မင်္ဂလာကို မင်္ဂလာဆင့်စေ
သည်။

သူငယ်ချင်းဘဝ ရင်းနှီးနောက်ပြောင်မှုဆိုသည်မှာ လူ
ငယ်တို့ဘာသာဘာဝကို ပျော်ရွှင်ကြည်နူးအောင် ဖန်တီး
ထားတတ်သော သဘာဝတရားတစ်ခုပင် ဖြစ်သည်ထင်ပါ
သည်။

* * *



"နှလုံးသားရေးရာမှာ ဘေးက ပံ့ပိုးပေးစရာမလိုဘူး။
ယ် နှလုံးသားကို ကိုယ်ပဲအသိဆုံးဖြစ်ရမယ်၊ ပတ်ဝန်းကျင်
ပံ့ပိုးပေးလို့ မြှောက်ထိုးပင့်ကော်လုပ်ပေးလို့ မိန်းကလေး
စ်ယောက်ကို ချစ်ရေးဆိုလိုက်ရတယ်ဆိုတာကလဲ့ ကြံ့ခိုင်
ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုးမဟုတ်ဘူး"

န်း (၁၅)

'နင်ရောက်နေတာ ကြာပြီလား'

'ခုနလေးတင်ပဲ....ရော့'

ကျောင်းမလာခင်က မာလကာသီးခူးဆွတ်ကာ ဖောက်
ပေးရသည့် ရှက်ပုန်းသီး ပွပွကြီးတစ်လုံးတွေ့သဖြင့် ပိုး
သတိရကာ ခူးဆွတ်ပြီး လွယ်အိတ်ထဲ ထည့်ယူလာ
။

သူကမ်းပေးသော မာလကာသီးကို မယူဘဲ ...မှောင်
ာ...



www.burmeseclassic.com

www.burmeseclassic.com



'ဒါ ဘာလုပ်ရမှာလဲ'

'နင်စားဖို့ပေါ့'

'ငါဘယ်တုန်းက သူများခူးပေးတာစားလို့လဲ၊ နင် ... ငါနဲ့ အနေဝေးတာနဲ့ ငါ့အကြောင်းတွေတောင် မေ့ ... ထင်တယ်'

'မမေ့ပါဘူး၊ ကလေးစိတ်နဲ့လူကြီးစိတ် ကွာခြားမှု ... ရှိမလားလို့လေ'

'ဘယ်တော့မှ မပြောင်းလဲဘူး၊ မာလကာသီးဟာ အကြိုက်ဆုံးသီးနှံဖြစ်လို့ ဘယ်လိုနည်းနဲ့ရရ စားမှာပဲ ... နှင်က ငါ့ကိုစမ်းတာလား'

'မဟုတ်ပါဘူး ပိုးအိရာ' နင်ဟာ သိပ်ကို အတွေး ... တာပဲ၊ မစားချင်နေ့'

သူ လွယ်အိတ်ထဲ ပြန်ထည့်လိုက်သည်။

'ဘာလဲ....နင် သင်းကိုပေးမလို့လား'

'အေးလေ။ နင်မှ မစားတော့လဲ သင်းကို ပေးရမှာ ...

'နင် ဘယ်သူ့ဖို့ ရည်စူးယူလာတာလဲ'

'နင့်ဖို့ပေါ့'

'ငါမစားဘူးဆိုတာနဲ့ အခြားတစ်ဦးဆီ ရည်ရွယ် ... ပြောင်း သွားတယ်ပေါ့'

'နင်မှ မစားဘဲ စားမယ့် သူကိုပေးတော့ အကျိုး ... ပေါ့'





'ငါမစားရင် လွှင့်ပစ်လိုက်ပေါ့'

'အကျိုးမဲ့ ငါမလုပ်တတ်ဘူး၊ ပေါများခြင်း လျှံပယ် ... င်းဆိုတာ ငါတို့ဘဝမှာမရှိတော့ အလဟဿ ဖြစ်သွားရ ... ာမျိုး ငါဘယ်တော့မှ မလုပ်ဘူး၊ နင်မစားဘူးဆိုရင် ... င်းကိုပေးမယ်....သင်းစားမယ်၊ ဒီလိုဆိုခူးဆွတ်ပြီး ဘတ်စ် ... ်စီးပြီး သယ်လာခဲ့ရတဲ့ငါ့အတွက် အကျိုးရှိသွားတာပေါ့ ... ဟုတ်ဘူးလား'

ပိုးအိက မျက်မှောင်ချိုကာ သူ့ကိုကြည့်သည်။

သူသည် ယောကျ်ားဖြစ်သည်။ မိန်းကလေး တစ်ဦး၏ ... က်လုံးကို ပြန်လည်ရင်ဆိုင်၍ ကြည့်နိုင်စွမ်းရည်ရှိသည်။

ပိုးအိကို ငယ်ကတည်းက အလျှော့ပေးတတ်သည်မှာက ... ည်း အနိုင်လိုသူကို အရှုံးပေးလိုက်ခြင်းဟူသော မေတ္တာ ... ရားကြောင့်ဖြစ်သည်။

ယခု....

ပိုးအိ မျက်နှာမလွှဲဘဲ....

'နင့်ကို ငါတစ်ခုမေးမယ်...နင် မှန်မှန်ဖြေ'

'မေး'

'နင်နဲ့သင်း ဖြစ်နေပြီလား'

'မဖြစ်ဘူး၊ နောင်ကိုလဲ ဖြစ်မှာမဟုတ်ဘူး'

'ဘာဖြစ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာသာမတူဘူး၊ ပြီးတော့ ဂုဏ်ချင်းမတူညီဘူး'

'ဘာသာမတူဘူးဆိုတာတော့ ငါလက်ခံပါတယ်၊ ဂုဏ်ချင်းမတူညီဘူးဆိုတာတော့ ငါလက်မခံဘူး၊ လူလူချင်းမှာ မတူမတန်စရာ ဘာအကြောင်းမှမရှိဘူး၊ ဂုဏ်သရေရှိလူကြီးမင်းရဲ့သားပါပဲ....မိုက်ခ် ဘာဖြစ်သလဲဆယ်တန်းနှစ်ခါကျလို့ လမ်းပေါ်ရောက်သွားပြီး ဖိုးစွဲ ဒုက္ခရောက်နေပြီမှတ်လား၊ ဆေးရုံတက်ဖြတ်လိုက်၊ အိမ်ရောက်ပြန်စွဲလိုက်၊ အိမ်ကပစ္စည်းတွေ ခိုးလိုက်နဲ့ သံသရာလည်နေတာ၊ ငါတော့ထင်တယ် မိဘဂုဏ်ကိုအမှီပြုပြီး ကိုယ့်ဂုဏ်လို့ထင်တာ မှားယွင်းတဲ့ အယူအဆပဲ၊ ကိုယ်ပိုင်အရည်အချင်းရှိအောင် ကြိုးစားရမယ်၊ ကိုယ်ပိုင် အရည်အချင်းနဲ့သာ ပြိုင်ဆိုင်ရမယ်လို့ထင်တယ်၊ ဒီတော့ သင်းနဲ့နင့်ကြားမှာ ဂုဏ်ခြင်းမတူညီဘူးဆိုတဲ့ စကားကို ငါလက်မခံနိုင်ဘူး'

'နင်က သဘောတူလို့လား'

'ဒီအမေးကို ငါဘယ်တော့မှ ဖြေမှာမဟုတ်ဘူး၊ အချစ်နဲ့ စစ်မှာ ကြားဝင်တဲ့သူဟာ အမိုက်မဲဆုံးပဲတဲ့ ဒီတော့ ငါ ဘယ်တော့မှ လူမိုက်အဖြစ်မခံဘူး၊ ပြီးတော့ နှလုံးသားရေးမှာ ဘေးကပံ့ပိုးစရာမလိုဘူး၊ ကိုယ့်နှလုံးသားကို ကိုယ်ပဲ အသိဆုံးဖြစ်ရမယ်၊ ပတ်ဝန်းကျင်က ပံ့ပိုးလို့ မြှောက်ထိုးပင့်ကော်လုပ်ပေးလို့ မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုလိုက်ရတယ်ဆိုတာလဲ ကြံ့ခိုင်တဲ့ယောကျ်ားတစ်ဦးရဲ့ စိတ်ဓာတ် မဟုတ်ဘူးလို့ ငါထင်တယ်'





'အေးပါ....ငါသိပါတယ်၊ လောလောဆယ် ငါ့နှလုံးသားကို ငါမေးချိန်မရသေးဘူး၊ ဘဝတက်လမ်းအတွက် ငါ့မှာ နှလုံးသားကိုတောင် ခဏဖယ်ထုတ်ထားရတဲ့ အချိန်မျိုးဆိုတာ နင်သိပါတယ်၊ သင်းကိုလည်း သူငယ်ချင်းတစ်ယောက်လို၊ ညီမတစ်ယောက်လို သံယောဇဉ်ဖြစ်မိတာက လွဲရင် မပိုပါဘူး'

'ငါကလဲ မစွပ်စွဲပါဘူး၊ ဒါပေမယ့် နင်နဲ့သင်းနဲ့ရဲ့ အရမ်းကို အနေနီးလွန်းသလားလို့ပါ ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိဆိုသလိုမျိုး ဖြစ်သွားပြီလားလို့'

'စိတ်ချ....ငါ့နှလုံးသားပြဿနာ ပေါ်လာပြီဆိုရင် နင့်ကို ငါအရင်ဦးဆုံး အသိပေးမယ်'

'ဒါတွေ အသာထားဦး၊ မိသင်း မလာသေးပါလား'

'ဟုတ်ပါရဲ့ ဒီနေ့ဘာဖြစ်လို့ နောက်ကျနေပါလိမ့်'

ပိုးအိကောသူပါ အဓိပတိလမ်းမဆီသို့ မျှော်ရှုကြည့်လိုက်သည်။

တစ်ပတ်မှာတစ်ခါ ကြာသပတေးနေ့၌ ကြုံတောင့်ကြုံခဲ အောင့်အချိန်လေးသည် သုံးဦးစလုံး၌ တိုက်တိုက်ဆိုင်ဆိုင်ရှိသည်။

ထိုအခါ....ထိုနေ့၊ ထိုအချိန်လေးကို ဓာတုဗေဒ အဓိက ယူသူပိုးအိ၊ အင်္ဂလိပ်စာအဓိကယူသူ သင်းမောင်ရီနှင့်မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



တအားစိတထူသူကျော်ဝေ ဟူသော သူငယ်ချင်းသုံးဦးသည် အင်ပုတ်ပင်အောက်၌ ဆုံဆည်းရန်ချိန်းဆိုကာ တစ်ပတ် မျက်တန်း ဆုံတွေ့နေကြဖြစ်သည်။

ဒီနေ့မှ သင်းမှောင်ရီ နောက်ကျနေသည်။

'လာဟာ....ဘာဖြစ်သလဲမသိဘူး၊ သူ့ အတန်းဘက် သွား စုံစမ်းရအောင်'

ဘယ်နေရာမဆို စိတ်မြန်လက်မြန်ရှိသော ပိုးအိ ထ လိုက် သည်။

သူနှင့်ပိုးအိယှဉ်တွဲကာ အဓိပတိလမ်းကို ကျော်ဖြတ်ပြီး ဗိဇ္ဇာ အဆောက်အအုံဘက်သို့ လျှောက်ခဲ့ကြသည်။

'ဩော်....ပိုးအိ၊ နှင့်ကို ငါမေးမယ် မေးမယ်နဲ့ မမေးဖြစ် တာတစ်ခုကို အခုမှပဲမေးရတော့မယ်'

'ဘာလဲ....မေးလေ'

'နှင် ပဲခူးရောက်သွားတော့ ငါ့ဆီကို စာရေးဖို့မကြိုးစား ဘူးလား'

'ဘာလို့ ကြိုးစားရမှာလဲ'

မာကြောလှသော ပိုးအိအသည်းကို သူ မယုံကြည်နိုင် အောင် ဖြစ်သွားသည်။ သာမန်အသည်းနှင့် မိန်းကလေးမှ ဟုတ်ပါလေစ။

'နှင် ငါ့အကြောင်းတွေ မသိချင်ဘူးလား၊ ငါနဲ့ မတွေ့ ချင်ဘူးလား၊ ငါ့ကို သတိမရဘူးလား'





'အဟင်း....ဟင်း.... နှင် မေးခွန်းတွေက များလှချည် လား'

'ဒီထက်တောင်မက မေးချင်သေးတယ်'

'မေးလေ'

'တော်ပါပြီ....ငါ နားလည်ပါပြီ'

ပိုးအိ အပြုံးက မခံချင်စရာကောင်းလှသည်။ လှောင်ပြုံး၊ ခနဲ့ပြုံးဟု ထင်သည်။

'ဘာနားလည်တာလဲ'

'နှင်ဟာ ငါက ခင်တွယ်ရသလောက်မခင်တွယ်ဘူးဆိုတာ ငါ နားလည်ပါပြီလို့'

'ခင်တွယ်ခြင်းဆိုတဲ့ အတိမ်အနက်ကို နှင် ဘာပေတံနဲ့ တိုင်းတာပြီး ပြောတာလဲ'

'နှင် ငါ့ကို စာရေးပြီး ဆက်သွယ်နိုင်ပါရဲ့နဲ့'

'နှင်က လွယ်လွယ်လေး တွေးလိုက်တာကိုး၊ ဒီမှာ.... ကျော်ဝေ....ငါက လူတစ်ယောက်ကို သဘောမကျဘူးဆိုရင် အရေးလုပ်ပြီးတော့ကို စကားပြောမနေဘူး.... နှင်ဟာ ငါ့ရဲ့ သူငယ်ချင်းပါ၊ နှင့်ကို သဘောကျလို့ကို ငါ နှင့်ကို အခု ထက်ထိ ငယ်စာရင်းက မပယ်တာပေါ့၊ သတိရတယ် မရ ဘူးဆိုတာ စာရေးပြမှ နှင်သိရမလား၊ နောက်ပြီးချက်က



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိဘ၊ အဘိုး အဘွားတွေက နင်နဲ့ဆက်သွယ်တာ ဘယ်နည်းနဲ့မှ ကြိုက်မှာမဟုတ်ဘူး၊ အလစ်လဲ မပေးဘူး၊ ငါက စာရေးလိုက်ပါပြီတဲ့....နင်က ပြန်မယ်၊ အိမ်က စာတိုက်ပုံးသော့က အဘွားလက်မှာ.... ဘယ်နည်းနဲ့မဆို ငါ့လက်ထဲရောက်မှာ မဟုတ်ဘူး။ ဒီတော့ ငါလဲ စိတ်ညစ်ရမယ်။ အဲဒီတော့ ဘာမှမလုပ်ရင် ဘာမှဖြစ်မလာဘူး၊ ငါလဲ စိတ်မညစ်ရဘူးပေါ့။ ဒါကြောင့် ငါ စာပေး စာယူနဲ့ အဆက်အသွယ်မလုပ်တာ....ရှင်းပြီလား။ သတိရတယ်ဆိုတာ စာရေးပြမှ နင်သိမှာလား... အချိန်နဲ့ အခြေအနေပေးတော့ နင်နဲ့ ငါ ဆုံတွေ့ရပြီပဲဟာ....အတိတ်ကို မေ့ပြောက်ရေနွေးပြီး တသသ ဖြစ်မနေစမ်းပါနဲ့....အဲဒါ ပျော့ညံ့တဲ့စိတ်ပဲ'

ကျော်ဝေ ဘာပြောရတော့မည်နည်း။

'ခံစားမှု ဆိုတာကလေ....စာရေးပြမှ၊ ဖွင့်ပြောမှ.... သိမှာလား။ တစ်ခါတစ်ရံ စာမရေးဘဲ၊ ဖွင့်မပြောဘဲလဲ သိရှိနိုင်တဲ့ ခံစားမှုတွေ ရှိတတ်ပါတယ်'

'အေးပါ....ငါမှားပါတယ်၊ ငါက နင့်ရဲ့ဆက်သွယ်မှုကို မျှော်လင့်နေတဲ့သူဆိုတော့ ငါ့ရဲ့ ဆန္ဒစောမှုဟာ ငါ့ရဲ့ အမှားပါပဲ'

'နင် ငါ့ကိုသတိရတော့ ဘယ်လိုဖြစ်နေလို့လဲ၊ မစားနိုင်၊ မအိပ်နိုင်၊ စာမကျက်နိုင် ဖြစ်နေလို့လား'





'ဒီလိုတော့ မဖြစ်ပါဘူး၊ ဒါပေမယ့် သွားသွား လာလာ နင့်ကို သတိရနေတယ်.... မာလကာသီး ခူးရင် ပိုဆိုးတယ်'

'ငါလဲ ဒီလိုပါပဲ၊ ဒါပေမယ့် အဲဒီတုန်းကသာ ငါဟာ စိတ်အလိုလိုက်ပြီး နင့်ကို ဆက်သွယ်လိုက်မယ်ဆိုရင် အခုလို နင်နဲ့ငါနဲ့ အေးချမ်းစွာ ပြန်လည်ဆုံဆည်းမှုမျိုး ဖြစ်လာတော့မှာ မဟုတ်ဘူးလို့ ငါထင်တယ်လေ....ကျော်ဝေ'

'မှန်တယ်၊ ငါ တစ်ခုမေးဦးမယ်'

ဘာလဲ'

'အခု နင်နဲ့ငါ ပြန်ဆက်သွယ်နေတာကိုကော နင့်အိမ်က သိလား'

'သိတယ်'

'ဘာမှ မပြောကြဘူးလား'

'ပြောတယ်'

'ဘာပြောလဲ'

'ဘာမှမပြောတော့ပါဘူး။ ငါက ကြိုပြီး ပိတ်ပြောထားလိုက်လို့ပေါ့'

'ဘယ်လိုပြောထားလိုက်သလဲ'

'နင် အရိပ်မြင် အရမ်းသိချင်တာပဲလား'

ပိုးအိက သူ့ကို မချိုမချဉ် အပြုံးနှင့်ကြည့်ကာ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးနှင့် အမေးကြောင့် သိချင်စိတ်က ထိန်းမရအောင် ဖြစ်သွားသည်။

'သိချင်တာပေါ့'

'တစ်ခါတစ်ရံ လောကကြီးမှာ မုသားသုံးမှ လက်ခံချောသွားရတဲ့အခါ ရှိတယ်မဟုတ်လား။ ဒါကြောင့် ငါ မုသားသုံးလိုက်တယ်'

'ဘယ်လို သုံးလိုက်သလဲ'

'နင်နဲ့သင်းမာ ရည်းစားဖြစ်နေကြပါပြီ...စိတ်မပူပါနဲ့၊ ကျော်ဝေနဲ့ သမီးနဲ့က သူငယ်ချင်းထက် မပိုပါဘူး လို့လေ'

သူ့ရင်ထဲ ခံရခက်သော ဝေဒနာရှပ်ကို အမည်မတတ်နိုင်အောင် ဖြစ်သွားသည်။

ကျော်ဝေ ဟူသော ဆိုက်ကားသမား သား၊ အကြော်သည် သားနှင့် ချစ်ကြိုက်သွားမှာ စိုးကြောက်သော ဂုဏ်ကြီးရှင်၊ ငွေရှင် ပိုးအိ ဖခင် ဦးမင်းဆက်ကို သူသွားတွေ့လို စိတ်ပင် ပေါက်သွားသည်။

ရှိပါစေတော့ ပုခုံးခြင်းယှဉ်နိုင်သော တစ်နေ့တော့ ဦးမင်းဆက်ထံသို့ သွားရောက်လည်ပတ်လိုက်ဦးမည်ဟု စိတ်တွင်းကြိတ်၍ သံမိဋ္ဌာန်ချလိုက်သည်။

လှိုင်စာပေ



'ဘာလဲ နင်က ပိုးကြိုင်းတုတ်ဖြစ်သွားပြီလား'

'ဘာမှမဆိုင်ဘူး'

သူ ကြွက်မြီးတို့စွာ ပြောလိုက်သည်။

'ဆိုင်သလား မဆိုင်သလားကို အချိန်ကစကားပြောမှာပေါ့လေ မဟုတ်ဘူးလား'

ဝိဇ္ဇာ အဆောက်အဦမှ တောင်ငူ ဆောင်ဘက်သို့ ထွက်လာခဲ့၏။

သင်းမောင်ရီနှင့် တွဲနေကျ မေသင်းခိုင်ကို တိုက်တိုက်ဆိုင်ဆိုင်ပင် အာရှစီအနီး၌ တွေ့လိုက်ရသဖြင့်....

'မေသင်းရေ... မိသင်းတစ်ယောက်မတွေ့ဘူးလား'

'ဒီနေ့ကလပ်စ်ကို မတက်တာပိုးအိ'

'ဟုတ်လား'

'နောက်နေ့လာရင် ဘာပြောပေးရမလဲ'

'နေပါစေ.... ပိုးအိအခုပဲ ဖုန်းဆက်လိုက်မယ်.... သွားမယ်နော်'

စိတ်နှင့်အတူကိုယ်ပါပါတတ်သော ပိုးအိသည် ချက်ချင်းပင် အာရှစီထဲရှိ တေးဆိုင်များဆီသို့ ဦးတည်လိုက်သည်။ တယ်လီဖုန်းဆက်၍ သင်းအား မေးပေတော့မည်။

ပိုးအိ၏ သင်းမောင်ရီအပေါ် ထားရှိသော သံသယာဇဉ်ကို သူ့အံ့အားသင့်သွားသည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော သမီးဖြစ်၍ ပိုးအိ၏ တွယ်တာမှုသည် သေးသေးသေးတော့ မဖြစ်နိုင်။ ဗူဗြဲကြီးကာ သို့ ရှုတ်မှုနိုင်သော ပိုးအိ၏ရင်တွင်း ဆန္ဒကို သူ အကဲမခတ်တတ်၍သာ ဖြစ်မည်။

ယခု....

'ဟဲ့လို.... သင်းမှောင်ရီကို ကျေးဇူးပါရှင်'

• • •



"ဘဝဆိုတာ ရှန်းကန်ခြင်းပဲ၊ အဲဒီလိုရှန်းကန်လှုပ်ရှားရတာကိုကပဲ လူ့ဘဝရဲ့အရသာတစ်ခုလို့ ငါခံယူထားတယ်လေ"

အခန်း (၁၆)

'ဟင် ဟုတ်လား.... ဒါဖြင့် ငါအခုချက်ချင်းလာခဲ့မယ်'

ဂျီလောက်ကန်မြည်အောင် ဖုန်းချလိုက်သံသည် သူ၏ သိလိုစိတ်ကို နှိုးဆွလိုက်သည်။

'ဘာတဲ့လဲ'

'မိုက်ခ်ဆုံးသွားပြီတဲ့'

'ဘာဖြစ်လို့လဲ'

'လာလာ.... နင်ပါလိုက်ခဲ့.... သူ အရမ်းငိုနေတယ်.... မိုက်ခ်ဆုံးတာ သွေးရိုးသားရိုးမဟုတ်ဘူး'

'ဘာရောဂါနဲ့တဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'နှင်ကလဲ အပေါ်ဟာ....ငါလူကြားထဲ မပြောချင်ဘူး.... နှင်လိုက်မယ်မှတ်လား'

'အင်း.... လိုက်မယ်'

မိုက်ခ်နှင့် သူ ရန်ဖြစ်ခဲ့ဖူးသည် မှန်သော်လည်း ယခုလို နာရေး ရှိလာသောအခါ သူမနေနိုင်၊ လောကဝတ္တရား အရ လူမှုရေးက ရှိနေသည်။ သာရေးထက် နာရေး၌ တာဝန် ကျေပွန်ရန် လိုအပ်သည်။

ကားပေါ် ရောက်တော့မှ ပိုးအိက——

'နံပါတ်ဖိုးထိုးရင်း သေတာဖြစ်လိမ့်မယ်... ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ သတင်းကို အန်ကယ် ကြားတော့ ရှော့ခ် ဖြစ်သွားလို့ ဆေးရုံတင်ထားတာ သတိမရသေးဘူးတဲ့'

'ဘယ်တုန်းကဖြစ်သွားတာလဲ'

'မိုက်ခ်က မနေ့ကညနေမှာဆုံးတယ်။ အန်ကယ်လ်ဆီဖုန်း ဆက် အကြောင်းကြားတော့ ဖုန်းကိုင်ရင်း တန်းလန်းနဲ့ကို မူးလဲသွားတာတဲ့'

'ဖြစ်ရမယ်... ယောကျာ်းလေးတွေဟာ အရွယ်ရောက် လာပြီဆိုရင် အပေါင်းအသင်း ခုံမင်တတ်တယ်၊ စူးစမ်း တတ်တယ်၊ ဒီကြားထဲ ငွေကို သုံးနိုင်လွန်းတော့ ပျက်စီး တတ်ကြတယ်.... ဆေးလိပ်ကိုစတိုင်ကျမယ်ထင်ပြီး သောက် ရာက စွဲသွား၊ ဒီကြားထဲ ကိုယ့်စိတ် ကိုယ်နိုင်မယ်ထင်ပြီး





ပါတ်ဖိုးကိုထည့်သုံးရာကနေ နောက်ဆုံး နံပါတ်ဖိုးရဲ့ကျေး နဲ့ဘဝနဲ့ အသက်ဆုံးပါးရတယ်— ဟင်း— မိုက်ခ်အရမ်း မိုက်တာပဲ'

'အေး.... နှင်စာရေးဆရာဖြစ်တဲ့အခါ လူငယ်ပြုပြင်ရေး ဆောင်း ပါးတွေများများရေးပေးပေါ့'

'နှင်ဆရာမဖြစ်တဲ့အခါ လူငယ်တွေ လမ်းမှားမရောက် အောင်သာ ပြုပြင်ပေးပါ။ စာတွေထက် လက်တွေ့ဘဝက ပိုးထိရောက်တယ်'

'အင်း.... ငါ့အတွက်တော့ မိုက်ခ်နဲ့ နှင်ဟာ ကျောင်း သားတွေကို သင်ကြားတဲ့အခါ အကောင်းဆုံးသော သာ ဓကတွေ ဖြစ်ကုန်တော့မှာပဲ'

'လေးစားပါတယ် ဆရာမကြီးရယ်'

'တွန်း....ဘာလဲခနဲ့တာလား၊ ရွဲ့တာလား'

'နှစ်မျိုးစလုံးပဲ'

ပိုးအိက အပြုံးလေးနှင့် မျက်စောင်းထိုးလေသည်။ ပိုးအိ၏ ကားမောင်းကျင်လည်မှု ရဲတင်းမှုကို သူအံ့အား သင့်မိသည်။

ဘယ်အရာမဆို တတ်မြောက် လွယ်ကူသော ပိုးအိ၏ နောက်ကိုလည်း သူလိုက်မမီအောင် သဘောကျသည်။ ညာတော်သဖြင့် စတိုင်ပင်ရသည်။ ထိုစတိုင်ပင်ခြင်း များ မလိုလားသော ဘာသာကို သာရအောင်ယူခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမှန်တယ်ထင်သည်ကို လုပ်ရခြင်းအတွက် ကျေနပ် နေတတ်သော ပိုးအိကို သူချီးကျူးမိသည်။

ဥစ္စာနေ မာန မတက်ဘဲ ရိုးရိုးကုပ်ကုပ်နှင့် ကြိုးစာ အားထုတ်တတ်သော ပိုးအိကို သူလေးစားသလို လန့်လည် လန့်သည်။ စိတ်မထင်လျှင် မထင်သလို ပြောတတ်ဆိုတ သည်။

'သူတို့လည်း တော်တော်အထိ နာသွားတယ်၊ မိုက်ခဲ အမြန်းက အိမ်တစ်လုံးရောင်းရတဲ့ ဘဝကိုရောက်တာပဲ'

'အငယ်ကောင်လေးကတော့ လိမ္မာရဲ့လား'

'အခုချိန်ထိတော့ လိမ္မာပါတယ်။ ကိုးတန်းတော့ရောက် နေပြီ။ သူ့အကိုကို နမူနာယူပြီး လိမ္မာသင့်တယ်သို့ ငါထ တာပဲလေ'

'နှင်....သူတို့အိမ် အဝင်အထွက်ရှိသလား'

'တစ်ခေါက်ပဲ ရောက်ဖူးတယ်၊ သင်းကိုလိုက်ပို့ပေးတာ သင်းက သဘောလွယ်တယ်၊ နှင်နဲ့ငါလို သူငယ်ချင်းနဲ့ မတွေ့ဘဲ သူ့ကို မြှောက်ထိုးပင့်ကော် လုပ်ပြီး ညာစားမယ် သူငယ်ချင်းမျိုးနဲ့သာ တွေ့ရင်တော့ သူလဲပျက်စီးမှာပဲ'

'အင်း....ဟုတ်တယ်။ ဝတီတ်တုန်းက တောင်မှ စာတို ပုံးလို့ အမှည့်ထွက်သွားသေးတယ်'

'နောက်ပိုင်း နှင်အပြုပြင်ကောင်းလို့ ရီးစားကိစ္စ က ရှင်းသွားတယ် မှတ်လား'





'သင်းက သဘောကောင်းတာပါ'

'ဟုတ်ပါတယ်။ လောကကြီးမှာ သဘောကောင်းနေလို့ မရဘူး။ ဆိုးသင့်ရင် ဆိုးရမှာပဲ'

အင်းစိန်နဲ့သာ ကုန်းဘက်အိမ်ခြံဝန်း တစ်ခုသို့ ကား းဝင်လိုက်သည်။ အိမ်ကြီးကတော့ ခန့်ညားထည်ဝါလျက် သည်။ ခြံဝန်းကလည်း တစ်ကေမျှ ကျယ်ဝန်းသည်။ ယခင် င်းတို့သည် သူတို့ရပ်ကွက်မှ အိမ်ကိုအငှားတင်ပြီး အင်းစိန် က် ပြောင်းနေသွားခဲ့သည်။ ယခုတော့ သူတို့ရပ်ကွက်မှ မ်ကိုရောင်းလိုက်ရပြီဟု သိလိုက်ရသည်။

'လာ....ပိုးအိနဲ့ ကျော်ဝေ'

ငိုထားပုံရ၍ နီရဲမို့အစ်နေသော မျက်နှာလေးက သနား င်နာစရာကောင်း၍ နေလေသည်။

'အလောင်း ဘယ်မှာထားသလဲ'

'ဆေးရုံကြီးက အအေးတိုက်မှာပဲ'

'အန်ကယ်လ်ကော'

'ဆေးရုံမှာ မာမာလည်း အဲဒီမှာပဲ'

'ငါတို့ ဘာလုပ်ပေးရဦးမလဲ'

'ရပါတယ် ထိုင်ဦးနော်'

သင်းမောင်ရီတို့ ဘာသာရေးအရ မည်သို့လုပ်ဆောင် မည်ကို သူမသိနိုင်၊ သို့သော် တတ်နိုင်သမျှ ကူညီပေး လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်သုံးလေးဦးစကို တွေ့လိုက်ရသည်။ အမျိုးတွေ
ထင်သည်။

'ပါပါကပြန်ပြီးမှ ကောင်းပါ့မလား မသိဘူး'

'ကောင်းသွားမှာပါ'

သူကတတ်နိုင်သမျှ အားပေးစကားမျိုးဖြင့် ပြောချင်ပါ
သည်။ သို့သော် မိဘမောင်ဘွားအတွက် သောကမိုးစွေက
မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေသော မိန်းမလှလေး
သူမချော့တတ်။ သူမ၏ မျက်ရည်စက်များက ပင်လျှင် 
ရင်ကို နှိပ်စက်ကလူပြုလျက် ရှိလေသည်။

'အအေးသောက်လိုက်ပါဦး'

'ရပါတယ် မိသင်းရယ်။ ငါဘာကူညီရမလဲပြော၊ ကား
အကူအညီ လိုသလား၊ ငါ့ဘတ်စ်တစ် စင်းတော့ ကူမယ်
ဒီကားနဲ့လဲ နင့်ကိုပို့ပေးမယ်'

'ဆိုးသင့်ခ်'

သင်းမောင်ရီ သူတို့ကို စကားကောင်းကောင်း မပြော
နိုင်ရှားရင်မှာ ဆို့လျက်ရှိသည်။

'ခက်တာက ညဘက်ဆိုအိမ်မှာ ကိုယ်တို့ သားအမိ
ယောက်ထဲ ဖြစ်နေတယ်၊ ဂျီးက ဒယ်ဒီကို သွားစောင့်
တယ်'

'ဟုတ်လား....ဒီလိုဆိုနင်နဲ့ လှအေးနဲ့ လာအိပ်ပေးလို
ပါလား ကျော်ဝေ'





အိမ်ကြီး ရခိုင် ကိုယ့်ခြံကိုယ့်ဝန်းနှင့် နေကြသော လူ
တန်းစားအတွက် နာရေး၌ ပတ်ဝန်းကျင် ရပ်ရွာ၏ အကူ
အညီမရရှိနိုင်ခြင်းသည် အဆန်းမဟုတ်ဟု ထင်ပါသည်။

ကားကလေးများနှင့်လာလိုက်၊ သတင်းမေးပြီးပြန်သွား
လိုက်နှင့် ဝတ္တရားကျေပွန်နေတတ်သော လူ့မလိုင် လူတန်း
စားမျိုး ထင်ပါသည်။

အချို့က တယ်လီဖုန်းနှင့် သတင်းမေးရုံမျှဖြင့်ပြီး ပြည့်
စုံသွားပြီဟု ထင်တတ်ကြသေးသည်။

'မှာမှာက ကြွောက်တတ်တယ်၊ ဒရေဝမ်တလည်း လူပလ
လေးဆိုတော့ အိပ်အဆေးမကိုးရဘူး'

'အမျိုးတွေကော မလာကြဘူးလား'

'လာတော့လာတယ် ပြန်သွားကြတယ်'

'ဪ.... ငါတို့ရပ်ကွက်နဲ့ ကွာတယ်နော်.... ဖဲဝိုင်းဖွဲ့ပြီး
လုံးဝလူမပြတ်ရဘူး၊ ရက်လည်နေ့အထိဆို စည်စည်ကား
ကားနဲ့ဆိုတော့ ကာယကံရှင်တွေလည်း သိပ်ပြီးတော့ သော
ကကို ငိုမ်နဲ့ခံစားနေဖို့ အချိန်မရတော့ဘူးပေါ့'

ပိုးအိစကားများကို တစ်ခါတစ်ရံ သူ ကြချယူရသည်။
ငယ်ငယ်ကတည်းက စကားကြီး စကားကျယ်နိုင်သော မိန်း
ကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သောကကို ဇိမ်နဲ့ခံစားနေဖို့ အချိန်မရတော့ဘူး' ဟု သူမသုံးလိုက်ပုံကို သူကြိုက်သီးပင် ထသွားချင်သည်။

'ကျော်ဝေတို့ လာနေပေးမယ်ဆိုရင် မာမာတော့ ရမ်းကို ကျေးဇူးတင်မှာ'

'မလိုပါဘူး.... သူငယ်ချင်းအချင်းချင်းတွေပဲ ကူညီရမှာ ပေါ့.... ငါလာပို့ပေးမယ်'

ပိုးအိကသာ ဆရာမကြီးအဖြစ် စီမံခန့်ခွဲနေသည်။ သူ ပင်တစ်ခွန်းမဟလိုက်ရ။

'အခုကော နှင်းဆီရုံသွားဖို့ လိုသေးသလား ငါလိုက် ပို့ပေးရမလား' 'မပို့နဲ့ ရပါတယ်၊ ညနေရောက်မှ ကား လာကြိုလိမ့်မယ်'

'ဒါဖြင့် ငါတို့ပြန်တော့မယ်မိသင်း.... ဘာမှအားမငယ်နဲ့ နော်'

'အင်း'

ဩော်— ကျော်ဝေနဲ့ လှအေးတို့လာပြီး စောင့်ရှောက် ပေးမှာ နှင့်မှာမာက ကျေနပ်ပါ့မလား'

'ခုအချိန်မှာမာမာတို့မှာ ဘာမှ မာန်စွယ်မရှိတော့ပါ ဘူး.... သူ့သားကြီးက ပညာပေးသွားပြီလေ'

'သွားမယ်နော်သင်း.... စိတ်ကိုဖြေနိုင်အောင်ဖြေ'

လှိုင်စာပေ



'ဖြေပါတယ်.... မိုက်ခဲ့က ကိုယ့်လွမ်း ကိုယ်ရွေးသွား တာပဲ.... ပါပါ့အတွက်သာ ရင်ထဲမှာ မကောင်းဘူး.... ပြန်ကောင်းပါ့မလားမသိဘူး'

'လေဖြတ်သွားတာလား'

'ဗမာအယူဆိုရင်တော့ ဟုတ်တယ်'

'လေဖြတ်တယ်ဆိုရင် လွယ်ပါတယ်— ဗမာနည်းတွေနဲ့ ကုလည်းရတယ်'

စကားစက အလျင်မပြတ်နိုင်အောင် ဖြစ်သွားသည်။ မည်သို့ဆိုစေကာမူ သူငယ်ချင်းများ လာရောက်အား ပေးသည်ဆိုတော့ သင်းမောင်ရီ၏မျက်နှာ အနည်းငယ်လန်း သွားသည်ဟု ထင်လိုက်ရသည်။

ကားနားအထိ သင်းမောင်ရီ လိုက်ပို့ပေးသည်။

ကားထဲဝင်အထိုင်၌ ပိုးအိက....

'ဩော်— ကျော်ဝေ.... ပေးလိုက်လေ'

'ဘာလဲ'

'မာလကာသီး'

ဩော်'

သူလွယ်အိတ်ထဲမှနှိုက်ကာ မာလကာသီးကို ပေးလိုက် သည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်းမောင်ရီမျက်နှာလေးသည် တိမ်ညိုကင်းသွားသော လမင်းနှယ် ဝင်းပသွားသည်။

'ဆိုးသင့်ခံကျော်ဝေ'

'သွားပြီမိသင်း'

ကားသည် ငြိမ့်ကနဲ ထွက်သွားသည်။

ပိုးအိ၏စိတ်ကို သူနားမလည်နိုင်အောင် ဖြစ်သွားသည် ဆိုသော်.... မေးချိန်မရတော့ ပိုးအိက....

'ကျော်ဝေ'

'အင်း'

'နင်.... မကြောက်နဲ့နော်'

'မိုက်ခ်ဝိဉာဉ် နင့်ကိုလာခြောက်မှာလေ.... မကြော တူးလား'

'ကြုံကြုံဖန်ဖန်'

'နင်ကသူ့သွားတစ်ချောင်းချိုးဖူးတယ်မှတ်လား၊ အ ပြန်ချိုးချင်ချိုးမှာပေါ့'

'လူလူချင်းတောင် မကြောက်တဲ့ ငါက ဝိဉာဉ်ကို ကြောက်သေးတယ်.... အထူးသဖြင့် ဘိန်းဖြူနဲ့သေသွား ဝိဉာဉ်ဆို လက်ညှိုးနဲ့ထိုးတာနဲ့ မှုမှုကြေသွားလိမ့်မယ်'

အဟင်း.... ဟင်း'





ပိုးအိရယ်မောလိုက်သည်။

'ဘာရယ်တာလဲ'

'နင့်ကို'

'ငါဘာဖြစ်လို့လဲ'

'နင်က တစ်ခါတစ်ရံ ကလေးသိပ်ဆန်သွားတတ်လို့'

ကျော်ဝေက ပြုံးလိုက်မိသည်။ ပြီးမှ....

'တစ်ခါတစ်ရံ စိတ်ကို ထိန်းချုပ်မှု မပေးဘဲ လွတ်လွတ် လပ်လပ်ပြောဆိုရယ်မောပစ်လိုက်တာကို ကလေးဆန်တယ်လို့ သတ်မှတ်တတ်ကြတယ်ထင်တယ်၊ ဒီလိုဆိုလည်း ရယ်မော ခြင်းဟာ အသက်ရှည်တတ်သလို ကလေးဆန်ခြင်းဟာလည်း အသက်ရှည်ခြင်း၊ နုပျိုခြင်းကို ပံ့ပိုးပေးတတ်တယ်၊ ငါလူ ကြီးမဖြစ်ချင်ဘူး၊ ကလေးပဲဖြစ်နေချင်တယ်'

'ငါလဲဒီလိုပါပဲ ကျော်ဝေ.... အသက်ကကြီးလာတာနဲ့ အမျှ ထိန်းချုပ်ရတဲ့ ကျင့်ဝတ်တွေ သိက္ခာတွေငဲ့ကွက်မှုတွေဟာ များလာလွန်းလို့ လူကြီးဘဝကိုတောင် မလိုချင်တော့ဘူး၊ အထူးသဖြင့် နင်တို့ယောကျ်ားတွေထက် ငါတို့မိန်းကလေး တွေက ပိုပြီးစောင့်ထိန်းမှုများတယ်'

'ဟုတ်ရဲ့လား ငါထင်တာ ယောကျ်ားတွေဟာ ပိုပြီး ထိန်းချုပ်မှုသမာဓိရှိရမယ်လို့ ကြားဖူးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မိန်းမတွေက ဣန္ဒြေပိုပြီးကြီးရတယ်၊ အထူးသဖြင့် အချစ်ရေးမှာ မိန်းမသားတွေဟာ ရင်တွင်းခံစားချက်ကို ဖွင့်ဟပိုင်ခွင့် မရှိဘူး'

'ကျော်ဝေ'

'အင်'

'နှင်သူ့ကို အားပေးစောင့်ရှောက်လိုက်ပါဟာ.... အရင်းနှီးဆုံး သူငယ်ချင်းဆိုလို့ နှင်နဲ့ငါပဲရှိတာ၊ ငါကလိုက်နေပေးရင် အိမ်က ခွင့်ပြုမှာမဟုတ်လို့ နှင်တို့ကိုပဲ နေပေးဖို့ပြောရတာ.... ငါဆရာလုပ်တာမဟုတ်ဘူးနော်'

'အင်းပါ.... နှင့်ကို ငါနားလည်ပါတယ်'

'အဟင်း...ဟင်း.... နှင်ငါ့ကို နားလည်တယ်ဆိုတာ ငါမယုံဘူး ကျော်ဝေ.... ကိုင်း ငါတို့ကျောင်း ပြန်သွားမယ်.... နှင်ကော'

'ကျောင်းပဲပေါ့'

'လှအေးကို တွေ့အောင်ရှာပြီး ပြောထားနော်'

အေး'

'ဩော်....နှင် ညဘက် စာစီတဲ့အလုပ်ကော အဆင်ပြေရဲ့လား'

'ပြေပါတယ်'





'နှင် အိပ်မပျက်ဘူးလား'

'မပျက်ပါဘူး၊ ညနေ ခြောက်နာရီကနေ ဆယ့်နှစ်နာရီအထိစီ....အဲဒီမှာပဲ ညစောင့်အလုပ်နဲ့ အိပ်လိုက်တယ်၊ ပြီးရင် မနက်ခြောက်နာရီ အိမ်ပြန် ရေချိုး ထမင်းစား ကျောင်းလာပေါ့ဟာ'

'နှင် ပင်ပန်းမှာပေါ့နော်'

'ရှပါတယ်....ဘဝဆိုတာ ရုန်းကန်ခြင်းပဲ၊ အဲဒီလိုရုန်းကန်လှုပ်ရှားရတာကိုကပဲ လူ့ဘဝရဲ့ အရသာတစ်ခုလို့ ငါခံယူထားတယ်လေ'

'အမြဲတမ်း ခံယူနိုင်ပါစေလို့ ငါ ဆုတောင်းပေးမယ်'

သူ ပြုံးလိုက်သည်။ ပိုးအိတ်ကို အကဲခတ် လိုက်သည်။ ကျစ်ဆံမြီးတစ်ဖက်စောင်းကျစ်ကာ ချထားပြီး ဗမာအင်္ကျီသာ ဝတ်တတ်သော သူမ အလှသည် အမြဲ တည်ငြိမ်ကာ ကျက်သရေ ရှိနေလေသည်။

သို့သော် သူမမှာ ဗမာမဆန်သော အရာတစ်ခု ရှိနေသည်။

နားမဖောက်ခြင်းပင်။

'ကျော်ဝေ...မိသင်းဟာ သနားစရာ သိပ်ကောင်းနေပြီနော်... တကယ်လို့သာ ဖွမပြောကောင်း ပြောကေပင်း....သူ့



www.burmeseclassic.com

www.burmeseclassic.com



အဖေသာ တစ်ခုခုဖြစ်သွားရင် သူ့ခေါင်းပေါ်ကို မိသားစု တာဝန် ကျလာမှာပဲ’

‘အင်း’

ပိုးအိသည် အရာရာကို လေးလေးနက်နက် တွေးတတ်၍ အနာဂတ်ကိုပါ မျှော်တွေးတတ်သော မိန်းကလေးဖြစ်သည်။

‘သူ့ဘဝ စိတ်လေပြီး မပျက်ဆီးဖို့ကို ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ဆိုတာ ကျွန်တို့ သူငယ်ချင်းတွေရဲ့ တာဝန်ပဲ။ အထူးသဖြင့် နင်ဟာ သူ့စိတ်ဆန္ဒကို သိမြင်နိုင်အောင် ကြိုးစားပြီး သူ့ဆန္ဒတို လိုက်လျောပေးလိုက်ပါ၊ ဥပေက္ခာမပြုလိုက်နဲ့နော်၊ တစ်ခါတစ်ရံ အမှတ်မထင်ဘဲ ယောကျ်ားတစ်ဦးရဲ့ လစ်လျူရှုခြင်း၊ ဥပေက္ခာပြုခြင်းခံလိုက်ရတဲ့ မိန်းမသားတစ်ဦးရဲ့ဘဝဟာ ပြောင်းလဲခြင်းနှစ်ရပ်မှာ တစ်ခုခုတော့ ဖြစ်သွားတတ်တယ်’

သူမ ဘာကို ဆိုလိုနေသနည်း။ သင်းမောင်ရီသည် သူမအား ဘာတွေများ ရင်ဖွင့်ထားသနည်း။ သူ့ရင်ထဲ သံသယများ စိမ့်ဝင်လာသည်။

‘အဲဒါ ဘာလဲဆိုတော့ အကောင်းဆုံးနဲ့ အဆိုးဆုံးဆိုတဲ့ နှစ်ခုမှာ တစ်ခုခုဖြစ်သွားလိမ့်မယ်.... ငါ ဘာကိုဆိုလိုသလဲဆိုတာ နင့်ဘာသာနင် တွေးကြည့်တော့’





ကျော်ဝေ ငြိမ်သက်သွားရသည်။ ပိုးအိကို ဘယ်နည်းနှင့်မှာ ဖွင့်မေး၍ ရတော့မည်မဟုတ်မှန်း သူ နားလည်သည်။

သင်းမောင်ရီကို သူသနားပါသည်။ နောက်ပိုင်း၌လည်း ပို၍ပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သူသည် ကံကြမ္မာ၏ စေစားရာ လောကဇာတ်ခုံပေါ်၌ ကပြ အသုံးတော်ခံနေရခြင်းပေလား။

ပိုးအိ၏စေစားရာ ဇာတ်ခုံပေါ်၌ ကပြ အသုံးတော်ခံနေရခြင်းပေလား ဟူ၍ ..."

အခန်း (၁၇)

'မငိုနဲ့လေ သင်း၊ ကိုယ့်ဖခင်ကို ပြုစုခွင့်ကြုံတယ်လို့သာ မှတ်ယူလိုက်ပါ'

သတိလည်လာသော်လည်း အသိတရားမရှိတော့ မလှုပ်နိုင် မရှားနိုင်နှင့် ဆီး၊ ဝမ်းသွားခြင်းကိုပင် မသိတော့သော ဦးခင်မောင်ရီသည် ဆေးရုံပေါ်၌ သေရက်ကို စောင့်ဆိုင်းနေရလေပြီ။

ကျောင်းပိတ်ရက်နှင့် ကျောင်းဖွင့်ရက်မှ တစ်ရက်ကိုပါ ယူပြီး နေ့ခင်း၌ သွားစောင့်ရသည်။ သင်းသည် အနည်းငယ် ကိုယ်ရည်စစ်သွားသည်။





သုံးဦးသာ ဆုံတွေ့နေကြချိန်တွင် အမြဲတမ်း အချိန်မှန်မှန် ရောက်လာတတ်သော ပိုးအိ ရောက်မလာသေးပေ။

'ဒယ်ဒီသာ ဆုံးသွားရင် အိုင်တို့တော့ ဒုက္ခပဲ ယူရယ်... ဘာနဲ့စားမလဲ၊ အခုလဲ ဒယ်ဒီအတွက် ကုန်ကျသမျှငွေအတွက် အတွင်းပစ္စည်းတွေ ထုခွဲရောင်းချနေရတာ'

'ပင်စင်ကိစ္စကော လိုက်မလုပ်ဘူးလား'

'လုပ်ပါတယ်၊ ဒယ်ဒီ လက်အောက်က အရာရှိလေး လိုက်လုပ်ပေးနေတယ်'

'အင်း... ဒီလိုဆို သင်းတို့ မာမီက တစ်ခုခုလုပ်ပေါ့'

'ဘာလုပ်ရမှာလဲ'

ကျော်ဝေ သက်ပြင်းချလိုက်သည်။ အထည်ကြီးပျက်များ၏ ဘာမှ မလုပ်တတ် မကိုင်တတ်ခြင်းကို သဘောပေါက်မိပါသည်။

'ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းလေး ဘာလေးလျှောက်ပြီး အထည်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် တစ်ခုခုထွက်ပေါ့ဟာ'

'ရမှာမဟုတ်ဘူးထင်တယ်၊ မာမာတို့ မျိုးရိုးက ဈေးရောင်းစားတဲ့ မျိုးရိုးမဟုတ်ဘူးလို့ မာမာက အမြဲပြောတယ်'

ဒီခေတ်တွေ ကုန်ပါပြီ။ အင်္ဂလိပ်ကျောင်းထွက် ဒေါ်ထိပ်တင်လေးသည် ပြောတော့ မင်းမျိုးမင်းနွယ်။ သို့သော် အမေကျော် ဒွေးတော်လွမ်းကာ အနေ့ာက်တိုင်း ပေဦးကျေးမှုကို အထင်ကြီးသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



‘ဝမ်းရေးအတွက်ဟာ အခိကပဲလေ၊ အတိတ်ဘဝက် မြှေထီးဆောင်းခဲ့တာကိုပဲ တမ်းတ အောင်းမေ့ပြီး ဘာမှ မလုပ်ဘဲနေရင်တော့ ရှိတာတွေကုန်ပြီး ဒုက္ခရောက်သွားမှာပေါ့’

‘အိုင်လဲ စိတ်ညစ်ပါတယ် ယူရယ်’

‘ဂျီးကကော’

‘ဂျီးကတော့ ကလေးပဲ....နောင်ရေးအတွက် ဘာမှကို တွေးပုံမရဘူး’

‘အင်း’

ကျော်ဝေသည် သင်းမောင်ရီတို့ မိသားစုအတွက် ရင်လေးသွားသည်။

ထိုစဉ် ပိုးအိ ရောက်လာသည်။

‘မိသင်း နေကောင်းရဲ့လား’

‘လူကတော့ ကောင်းပါတယ် ပိုးအိရယ်.... စိတ်ကသာ’

‘စိတ်ကိုတင်းထား သူငယ်ချင်း၊ လူ့လောက ဆိုတာ ဘယ်သောအခါမှ တသမတ်တည်း ရပ်တည်မနေတတ်ဘူး။ ဆူကြုံနိမ့်မြင့်ဆိုတာတော့ ရှိစမြဲမဟုတ်လား။ နင့်ဘေးမှာ ကျော်ဝေနဲ့ငါ အမြဲရှိနေမှာပါ၊ ကိုင်း... ငါ ကတိပျက်မှာ စိုးလို့လာရတာ၊ မရထဲ့စာ မေးဖို့ ဆရာမနဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်နော်၊ ကျော်ဝေ သင်းကို အားပေးလိုက်စမ်းပါဟာ.... သွားမယ်’





ပိုးအိက ချက်ချင်းပင် သူပြောချင်ရာပြောပြီး ထွက်ခွာသွားသည်။

ပိုးအိ ထွက်သွားရာကို နှစ်ဦးသား ငေးနေမိရာမှ—

‘မူးလိုက်တာ ကျော်ဝေရယ်’

သင်းမောင်ရီက မျက်လုံးလေးမှိတ်ကာ နှောထ်မှိုတန်းလေးပေါ်သို့ လက်ကလေးခံကာ ခေါင်းကလေးထင်က်သည်။

ကျော်ဝေ ပြောသွားသည်။

‘ငါ ဘာလုပ်ပေးရမလဲ—ဆေးခန်းသွားမလား၊ ပိုးအိကိုက်ခေါ်လိုက်မယ်လေ’

‘နေပါစေ ယူ၊ ပိုးအိရဲ့ ပညာရေးကို အနှောင့်အယှက်ပေးပါနဲ့၊ အိုင် အိပ်မပျော်နိုင်ထဲ့ရက်ပေါင်းတွေက များနိုးလို့ ခဏလှေး နားမယ်နော်....ယူ စောင့်ပေးနေ’

သနားစရာကောင်းသော မိန်းကလေး တစ်ယောက်ကို ပကွာပြုနိုင်သော စိတ်ဓာတ် သူ့၌မရှိပါလေ။

ထို့ကြောင့်....

‘ငါ့ပုခုံးမှာ မှီအိပ်ပါလားသင်း’

ထိုအခါ သင်းမောင်ရီသည် ခေါင်းထောင်လာသည်။ ဝ်ရည်စိုနေသော မျက်လုံးပြာကြီးဖြင့် သူ့အားမယုံနိုင်တကဲသို့ ငေးကြည့်ရင်း’

‘ယူတကယ်ခွင့်ပြုမှာလား’



www.burmeseclassic.com

www.burmeseclassic.com



'ငါအပိုစကားမပြောတတ်ပါဘူးသင်း'

'ဆိုးသင့်ခို'

ကြည်လင်သွားသော မျက်ဝန်းနှင့် သူ့ပုခုံးထက် ခေါင်းကလေးငှဲ့တင်လိုက်သောအခါ သူကလည်း အလို သင့်ပင် သူမခေါင်းလေးမကျရေးအတွက် ဖေးမပေးလို သည်။

'အိပ်ပျော်အောင် အိပ်နေ်သင်း.... သင်းအပါ ကိုယ်ထာဝရရှိနေပါမယ်'

'အိုင်လည်း ယူရင်ခွင်မှာ ထာဝရ နားခိုနေချင်ပါ ယူရယ်'

သူကိုယ့်ကိုသူ ဘာရယ်ဟု ဝေဖန်ပိုင်းခြားမှုမပြုနိုင် ပင် သင်းမောင်ရှိနှင့်သူ ချစ်သူဘဝ ရောက်သွားခဲ့လေသ

သနားခြင်းသည် ချစ်ခြင်းမေတ္တာ၏ အခြေခံအုတ်မြ ယူဆနိုင်လေသလားဟုမှ တိတိကျကျ မပြောနိုင်လေ သူသည် သင်းကို သနားစိတ်ကလေး အရင်းခံကာ သွားမိလေပြီ။

ဤသည်ကို သူတို့၏ ဘဝဇာတ်ဆရာမကြီး ပိုးအိ သောအခါ ကျေနပ်စွာဖြင့် သူတို့အား ကရုဏ်ဝိတ်၌ နေ စာထမင်း ကျွေးကာ ဂုဏ်ပြုလိုက်သေးသည်။

ထိုစဉ်က သူ့ရင်ထဲ၌ တစ်ခါမှမတွေးမိသော အ တစ်ခု နှက်ရှိုင်းစွာ ဝင်ရောက်လာသည်။





သူသည် တကြမ္မာ၏ စေစားရာလောက ဇာတ်ခုံ၌လ ပြုအသုံးတော်ခံနေရသည်လား။

ပိုးအိ၏ စေစားရာ ဇာတ်ခုံ၌ သူ ကပြုအသုံးတော်ခံနေ ရခြင်းလားဟူ၍....

သို့သော် အဖြေရှာမရချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

၁၉၉၃-ခုနှစ် မိုးဦးကာလ၌....

လားရှိုးမြို့ (ဖြုန်းအုတ်မြို့တော်) မှသည်.....

# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com

"လူမှန်ရင် အချစ်နဲ့မကင်းဘူးဆိုတာ မှန်တယ်။ ဒါပေမယ့် ထင်းအောင်နေတဲ့လူတွေလဲ ရှိတတ်ကြပါတယ်။ တစ်ခါတစ်ရံ ကိုယ့်နှလုံးသား တောင်းဆိုချက်တွေကို သေသည်အထိ မလိုက်လျောဘဲ၊ ဖြစ်သင့် ဖြစ်ထိုက်တာကို ဦးစားပေးသွားတတ်ကြတဲ့လူတွေလဲ လောကကြီးမှာ ရှိတတ်ကြပါသေးတယ် ကျော်ဝေ"

အခန်း (၁၀)

'ဘာစားကြဦးမလဲ'

'မစားတော့ဘူး၊ အခုပဲ ညစာစားခဲ့ပြီးလို့ ဗိုက်ထဲ နေပြီ'

လားရှိုးမြို့ နန်းဟော်ဝန်ပန်းဥယျာဉ်၌ မြန်မာပြည် ပထမဦးဆုံးသော စကိတ်ကွင်းရှိနေလေသည်။

ညနေစောင်းသည်နှင့် ထိုစကိတ်ကွင်းအတွင်း လူငယ်၊ လူရွယ်ကလေးတို့ စကိတ်စီးခြင်းဖြင့် စည်ကားလေသည်။





စကိတ်ကွင်းဘေး၌ ရပ်ကြည့်နေကြသော လူအများဝယ် ပိုးအိကို သိသာ ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။ ကျောင်းနေစဉ်ကာလက အတိုင်းပင် ကျစ်ဆံမြီးကို တစ်ချောင်းတည်း ကျစ်ကာ ဘယ်ဘက် ရင်အုံပေါ်၌ ချထားသည်။ ဆံပင်တစ်ရပ်၊ လူတစ်ရပ်နှင့် ပိတုံးရောင်ထနေသော ဆံကေသာကြောင့်ပင်လျှင် သူမအလှက ပို၍ ကျက်သရေရှိခြင်း ပေလား။

'မီသင်းကော ဘာစားချင်သေးသလဲ'

'အိုင်လဲ မလိုတော့ပါဘူး'

'တပည့်တွေကော'

'ဟိုမှာသေ စကိတ်စီးနေကြတယ်'

'အိုး....ယူ့တပည့်ကျော်တွေက ခေတ်မီသားပဲ'

သင်းက ပိုးအိ တပည့်မ နှစ်ယောက် စကိတ်ကွင်းထဲ စကိတ်စီးနေသည်ကို ကြည့်ပြီး ပြောလိုက်သည်။

စကိတ်စီးသည် ဆိုကတည်းက ဘောင်းဘီနှင့် စပို့ရှပ်နှင့်မှ ဖြစ်မည်။ ပိုးအိ တပည့်နှစ်ယောက်လည်း ဘောင်းဘီနှင့် စပို့ရှပ် ကိုယ်ကပ်ကလေးများနှင့် ကြော့ရှင်းလှပစွာ စကိတ် စီးနေကြသည်။

'ဘယ်လိုလဲ ဆရာမကြီး.... တပည့်တွေ မထိန်းချုပ်နိုင်တော့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကို မထိန်းချုပ်နိုင်လို့လဲ'

'ဝတ်စားဆင်ယင်မှုနဲ့ ကစားနည်းလေ'

'အားကစားနည်းမှာ သူ့ကစားနည်းနဲ့ ဆီလျော်တဲ့ အဝတ်အစားကို ဝတ်ရတယ်၊ ခေတ်အလျောက် ဖြစ်ပေါ်လာတဲ့ ကစားနည်းဟာ သူတို့အတွက် ကျန်းမာရေး ဖြစ်ထွန်းစေမယ်၊ လျင်မြန်ဖျတ်လတ်မယ်ဆိုရင် ငါတော့ ခွင့်ပြုတယ်။ ခေတ်ကို အမီလိုက်နိုင်ရမယ်.... ဒါမှ ကမ္ဘာ့ အားကစား နည်းပေါင်းစုံမှာ မြန်မာဟာလဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရမှာပေါ့။ ဒါပေမယ့် ခေတ်ကိုအမီလိုက်တယ်ဆိုပြီး ခေတ်ရေစီးကြောင်းထဲ မျောပါမသွားဖို့ကို မျက်ခြည်မပြတ် ထိန်းသိမ်းဖို့ကတော့ ဆရာ မိဘဟာ တာဝန်အရှိဆုံးပဲ.... ကြည့်စမ်း....ခန္ဓာကိုယ်ကို ပေါ်ပါးအောင် ထိန်းသိမ်းပြီး ဟန်ချက်ထိန်းနိုင်ဖို့ဆိုတာ လှုယ်ကူထွဲကိစ္စရပ် မဟုတ်ဘူး.... နင်တို့ ငါတို့ ဒီလို စီးနိုင်ပါ့မလား.... ဒါဟာ ရိုးရာယဉ်ကျေးမှုကို ဖီလာပြုပြီး ဝတ်စားဆင်ယင် ကစားနေတာ မဟုတ်ဘူး ကျော်ဝေ'

'ဟုတ်ပြီ....ငါသဘောပေါက်ပြီ။ ငါက ရုတ်တရက်ဆိုတော့ တပည့်တွေကပဲ ဆရာမနိုင် နှစ်ဆောင်ပြိုင် ဖြစ်နေသလားလို့'

'ပိုးအိ....လာ၊ အိုင်တို့ တစ်နေရာရာမှာ ထိုင်စကားပြောရအောင်၊ ယူ့တပည့်တွေ ထားခဲ့လို့ရသလား'





'ရပါတယ်.... ကွင်းမှာ တာဝန်ရှိသူတွေက မျက်ခြည်မပြတ် ကြီးကြပ်နေတာပဲ။ နောက်ပြီး အခုခေတ် လူငယ်တွေက ရဲတင်းတယ်၊ သူတို့ကိုယ်သူတို့ ထိန်းသိမ်းနိုင်တယ်.... တစ်နာရီပြည့်ရင် သူတို့နား ပြန်လာစောင့်လိုက်တာပေါ့'

'ဝင်ကြေးပေးရသေးသလား'

'ပေးရတယ်....တစ်နာရီ နှစ်ဆယ်တဲ့'

'ဩော်....'

အစစအရာရာ ဈေးကြီးကာ ငွေကို ရေလိုသုံးနိုင်ကြသည်။ ငွေကို လွယ်လွယ်ကူကူနှင့် ရသဖြင့် ပညာရေးကို အလေးမပေးချင်ကြတော့သည်ကိုတော့ နေ့ရာနှင့် အဝှမ်းလိုလို တွေ့မြင်နေရသည်။

ခုံတန်းရှည်လေး တစ်လုံး၌ ထိုင်မိကြသည်။ သင်းက အလယ်၌ဖြစ်သည်။

'အိုင်က ကြာကြာမရပ်နိုင်လို့နော် ပိုးအိ'

'အေးပါ ပြောရမယ့်လူတွေ မဟုတ်ပါဘူး။ နင့် ကြည့်ရတာ သံပတ်ပေးထားတဲ့ အရုပ်ကလေးကြနေတာပဲ.... နေမကောင်းဘူးလား'

'ကောင်းပါတယ်.... နည်းနည်းမောပြီး အသက်ရှူမဝချင်သလိုလိုဖြစ်တာ တစ်ခုပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ...နင်ဘာလုပ်နေသလဲ'

'ဟိုတယ်မယ်လေ...အဟောင်းဟင်း ... ဘီယာချပေး အမြည်း ချပေး၊ ဘီယာငှဲ့ပေး....စီးကရက်မီးညှိပေး။ ကိုယ်တာဝန်ကျတဲ့ စားပွဲက စားသောက်သူတွေရဲ့ လိုအင်ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးပေါ့။ တစ်ခါတစ်လေလဲ ဟိုတယ်မှာ သီချင်း ဆိုတယ်'

သူ ရင်နင့်စွာဖြင့် သက်ပြင်းချလိုက်မိသည်။ သက်ပြင်း သံစဉ်သည် သူနှင့်ပိုးအိ တူညီသွားလေသည်။

'ငါက ကျော်ဝေ့တို့ ဒေါ်သဖြစ်မိတာ...နင်ထွက်သွားရတာ ကျော်ခစည်းလို့ပဲလို့ ကျော်ဝေကို စိတ်ဆိုးပြီး ငါ အဆက်အသွယ်ဖြတ်ထားမိတာ။ ရန်ကုန်ပြန်ရောက်မှပဲ ဖုန်းနဲ့ပဲ ဆက်သွယ်လိုက်တာ' ခုလို တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရတော့ ငါ ဝမ်းသာပါတယ်၊ နင် အပြီးပြန်လာဖို့ ကြိုးစားနေတာသိရတော့ ပိုပြီး ဝမ်းသာတယ်၊ လိုအပ်တဲ့ ငွေကြေးပမာဏကို ငါကူညီပါ့မယ်'

'ရပါတယ်....အိုင် စုဆောင်းထားပါတယ်။ ကိုယ်မှန်မယ်ထင်လို့ ရွေးချယ်ထားမိတဲ့လမ်းမှာ ရင်ဆိုင်လာရသမျှဒုက္ခမှန်သမျှကို ကိုယ်တစ်ယောက်တည်းပဲ ခါးစည်းခံမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ။ ယူတို့ကို အရမ်း ကျေးဇူးတင်တယ်...ယူတို့ဆီက အိုင် ဘာမှမလိုချင်ဘူး၊ တစ်ခုပဲ လိုချင်တယ်'





ချစ်သူ့ကို ရင်နင့်စွာ ကြည့်မိသည်။ အနားမှာ ပိုးအိသာ မရှိဘူးဆိုပါက...ရင်ခွင်ထဲ ဆွဲသွင်းလိုက်မိလိမ့်မည် ထင်ပါသည်။

'အဲဒါ ဘာလဲဆိုတော့ မေတ္တာပါပဲ။ ယူတို့ အိုင့်အပေါ်ထားရှိတဲ့ မေတ္တာ မလျော့ပါးရင် တော်ပါပြီ'

'စိတ်ချပါ သူငယ်ချင်း ငါက စိတ်ထားအမျိုးမျိုး ပြောင်းလဲတတ်တဲ့သူ မဟုတ်ပါဘူး။ နင့်မှာ ဘာအခက်အခဲရှိသလဲ... ရှိလာသမျှ အခက်အခဲကို ငါရင်ဆိုင်ဖြေရှင်းပေးမယ်ဆိုတာ ရဲရဲယုံကြည်အားလိုက်ပါ'

'ပျော်ရွှင်ဖွယ်ရာ နေ့ရက်လေးတွေကို အိုင် ပိုင်ဆိုင်သွားချင်တယ် ပိုးအိရယ်'

သင်း၏မျက်လုံး၌ အားကိုးခြင်း အရိပ်အရောင်များ ယှက်သန်းနေသည်။ မျှော်လင့်ခြင်းနှင့်အတူ ကြေကွဲခြင်းတို့ပါ ရောယှက်လျက်ရှိသည်။

'အဲဒါကို ကျော်ဝေ အတတ်နိုင်ဆုံးပဲ ဝင်တယ်။ ဘာကြောင့်လဲဆိုတော့ ချစ်သူနဲ့သာ အတူနေရရင် နတ်စည်းစိမ်နဲ့တောင် မလဲနိုင်ပါဘူးလို့ တင်စားတတ်ကြလို့လေ'

'ဒါဖြင့် နင့်မှာကော အဲဒီစည်းစိမ်မျိုး ရှိနေပြီလား'

'တော်တော့ ကျော်ဝေ....ငါ့ကို အဲဒီမေးခွန်းမျိုး ဘယ်တော့မှ မမေးနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိ မျက်လုံးများက ခက်ထန်သွားသည်။ နှလုံးသားပေါ်၌ အနာတရရှိသော ချစ်ကံဆိုးသူတို့၏ ကြေကွဲရိပ်မျိုး သူမ မျက်ဝန်း၌ ယှက်သန်းသွားသည်။

သူနှင့်အဆက်အသွယ်ပြတ်နေသော ကာလများ၌ သူမသည် အချစ်ရေးပြဿနာရပ်ကို ကံဆိုးမိုးမှောင်ကျစွာ ရင်ဆိုင်ခဲ့ရလေသလား။

'လောကကြီးမှာ လူမှန်သမျှ အချစ်နဲ့ကင်းနိုင်ကြလို့လား ပိုးအိ'

'လူမှန်ရင် အချစ်နဲ့မကင်းဘူးဆိုတာ မှန်တယ်၊ ဒါပေမယ့် ကင်းအောင်နေတဲ့လူတွေလဲ ရှိတတ်ကြပါတယ်။ တစ်ခါတစ်ရံမှာ ကိုယ့်နှလုံးသား တောင်းဆိုချက်ကို သေသည်အထိ မလိုက်လျောဘဲ ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးသွားတတ်တဲ့ လူတွေလဲ လောကကြီးမှာ ရှိကြပါတယ် ကျော်ဝေ'

ပိုးအိမျက်လုံး၌ ဆွေးရိပ်များ သန်းနေသည်။ နှလုံးသားအရေး၌ အရှုံးကြီး ရှုံးခဲ့ဟန်တူသော ပိုးအိကို သူ သနားသွားသည်။ မိမိခံစားမှုကို ဘယ်သောအခါမှ ရင်ဖွင့်မပြတတ်ဘဲ သူများကိစ္စများကိုသာ အကူအညီပေးတတ်သည့် ပိုးအိ၌ ခံစားချက်တွေ ရင်နှင့်မဆန့်အောင်ဖြစ်ပေါ်နေပြီလား'

လိုင်စာပေ



'မိသင်း'

'နင် ဘယ်တော့လောက် ပြန်လာဖြစ်မယ် မှန်းသလဲ'

'အိုင် ပြန်ရောက်သွားတာနဲ့ အမြန်ဆုံး ကြိုးစားပါမယ်၊ အိုင် အခုလာတာကလေ....မောင့်ကို တွေ့ချင်လွန်းလို့ပါ'

'တကယ်လို့ ကျော်ဝေက အိမ်ထောင်ကျနေရင်ကော'

'စက်ာပူက ဟိုတယ်မှာ မောင့်သူငယ်ချင်းတစ်ယောက်နဲ့ ဆုံတယ်၊ မောင် အိမ်ထောင်မကျသေးဘူး သိရလို့လဲ ရဲရဲတင်းတင်း လာခဲ့တာပေါ့'

'တကယ်လို့ မောင် အိမ်ထောင်ကျနေပြီ ဆိုရင်ကော'

'လာတော့လာမယ်....မောင်နဲ့မဆက်သွယ်တော့ဘဲ မောင့်နားမှာ ရှဲဒိုးလိုက်လုပ်မယ်၊ မောင့်မျက်နှာကိုကြည့်ပြီး ပြန်သွားမှာပေါ့'

'သင်းရယ်'

သူက ကရုဏာဖြင့် မချင့်မရဲ သင်းလက်ကလေးကို ဆုပ်ကိုင်လိုက်မိစဉ်....

'ငါ ရှောင်ပေးရတော့မလား'

'ရပါတယ်သူငယ်ချင်း... နေပါ၊ ရှောင်စရာရှိရင် မောင်ပဲ ရှောင်ပေးပါနော်၊ ပိုးအိ ချာတိတ်တွေကို သွားစောင့်ကြည့်ပြီး ခေါ်လာခဲ့ပေါ့... သင်း ပိုးအိနဲ့ စကားပြောချင်လို့...'

ကျော်ဝေ အသာထလိုက်သည်။

မိန်းမသားနှစ်ဦး၏ ရင်ဖွင့်ပွဲ၌လည်း သူ မနေနိုင်ပါ။

လိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ အချစ်ဆုံး မိန်းမသားနှစ်ဦးကို ကျောနိုင်းကာ တက်ကြွပျော်ရွှင်စွာ စကိတ်စီးနေကြသော လူငယ်နှင့် ကလေးများရှိရာ စကိတ်ကွင်းဆီသို့ ဦးတည်လိုက်သည်။

သူမတို့နှစ်ဦး ဘာတွေများ ဖွင့်ဟ ဝန်ခံနေကြလိမ့်မည်ကိုတော့....



## အခန်း (၁၉)

'ဟင်....တို့ တီချယ် ငိုနေပါလား'

ပိုးအိ တပည့်လေးများက တအံ့တသြဖြစ်ကာ သူတို့ဆရာမထံသို့ အပြေးအလွှား သွားကြစဉ် သူကတော့ ဣန္ဒြေရစွာ လျှောက်ခဲ့သည်။

ရင်ထဲ၌ကား အံ့အားတသင့်ကြီး သင့်ရသော ဝန်ထုပ်ဝန်ပိုးကြီးကို လွယ်ပိုးခဲ့ရလေသည်။

အင်မတန် အသည်းမာသော မိန်းမသားတစ်ဦး မျက်ရည်ကျရလောက်အောင် သူတို့ရင်ဖွင့်ပွဲက အဘယ်မျှ ပြင်းထန်လေသနည်းဟု သူသိလိုစိတ်များ ဖြစ်ပွားလာသည်။



www.burmeseclassic.com

www.burmeseclassic.com

‘တီချယ်’

‘ဘာဖြစ်လို့လဲဟင်’

ကြည့်စမ်း အံ့ဩဖွယ်ကောင်းသော မိန်းမများ၏အတတ်ပညာ စွမ်းပကားပါလား။

ပိုးအိသည် ချက်ချင်းပင် အပြုံးကို ဖန်တီးရုံမက တိုးတိတ်လှပစွာ ရယ်မောလိုက်သည်။

‘အဟင်း....ဟင်း....လာသမီးတို့ဆရာမငိုတာ ဝမ်းနည်းလို့မဟုတ်ဘူး....ဝမ်းသာလို့ပါ’

‘ရော့ တီချယ်....မျက်ရည်သုတ်’

‘မီး သုတ်ပေးရမလား တီချယ်’

သြော်.... ပိုးအိအတွက်တော့ သူဟာနှင့်သူ အဆင်ပြေချောမွေ့နေလေသည်။ တပည့်မရှား၊ တစ်ပြားမရှိသည့်ဆရာဘဝ၌ တပည့်များထံမှ တုန့်ပြန်မေတ္တာ ရရှိခြင်းသည် ထူးကဲသော အကျိုးပေးတစ်ရပ် ထင်ပါသည်။

တပည့်ပေးသော လက်ကိုင်ပဝါကို ယူလိုက်သည်။ ပြီးတော့ သင်းအား အသာဆွဲထူကာ သင်း၏ မျက်ရည်ကို အရင်သုတ်ပေးလေသည်။





‘တိတ်နေဉ် သူငယ်ချင်း....လောကကြီးမှာ သစ္စာတရားဟာ အရေးအကြီးဆုံးလို့ ငါထင်တယ်၊ နင့်ရဲ့သစ္စာတရားကြောင့် နင့်ဆန္ဒ ပြည့်ဝမှာပါ။ လာ—ပြန်ကြရအောင်၊ မှင်းလက်ကလေးတွေ သိပ်အေးနေပြီ၊ ကျော်ဝေက သင်းကိုတွဲပါဦး’

ပိုးအိက စောစောက ကြေကွဲစွာ ရင်ဖွင့်ထောင်ငိုကြွေးခဲ့သောသူ မဟုတ်သည့်အတိုင်းပင် ပြောဆိုထိန်းသိမ်းသွားနိုင်သည်။

‘လာ သင်း’

ပိုးအိလက်မှ သင်းကို ညင်သာစွာ ထူမလိုက်သည်။

‘ဆိုးသင့်ခ် ဒါလင်’

သင်း၏ ခန္ဓာကိုယ်သည် ဖက်ရွက်လေးအလား သူ့လက်၌ပေါ့ပါးစွာ ပါလာသည်။

သင်း၏မျက်ဝန်းကို သူအကဲခတ်လိုက်သည်။ ကြေကွဲပွင့်မျက်ရည်စက်ကလေးများ ခိုတွဲလျက် သူ့အားမြတ်နိုးတွယ်တာ အား[illegible]ားသော အကြည့်နှင့် ကြည့်လိုက်ပုံက သူ့နှလုံးပုံရိပ်၌ စွဲထင်သွားသည်။

‘တုတု ပြန်ကြမယ်နော်....နင်တို့ ဘာနဲ့လာသလဲ’

‘တက္ကစီနဲ့၊ စောင့်ခိုင်းထားတယ်’

‘ဒါဖြင့်လဲ သွားနှင့်တော့မယ်....ဟိုတယ်ရောက်မှ ပြန်ဆုံတာပေါ့’



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိက တပည့်နှစ်ယောက် ခြံရံကာ ထွက်သွားသည်။ သူက သင်းမုန်းကို အသာ ဖက်ထွဲကာ ဖြည်းဖြည်းပင် လျှောက်ခဲ့ကြလေသည်။

'သင်း'

'မောင်'

'ပိုးအိကို ဘာတွေများ ရင်ဖွင့်လိုက်တာလဲ'

'မောင့်ကို သိပ်ချစ်တဲ့အကြောင်း ပိုးအိကို သက်သေထား ရင်ဖွင့်လိုက်တာပါ မောင်'

'ဩော်... သင်းရယ်၊ မောင့်ကိုချစ်ကြောင်း မောင့်ကို ရင်ဖွင့်ပြရင် လုံလောက်ပါပြီ'

'မောင်ရယ်... တစ်ခါတစ်ရံမှာ သစ္စာတရား ဆိုတာ ကာယကံရှင် နှစ်ဦး သိရှိမှုရုံနဲ့ မလုံလောက်ပါဘူး၊သက်သေ ဆိုတာ ရှိရင် ပိုပြီး ခိုင်မာတတ်ပါတယ်၊ ဒါကြောင့် ပိုးအိကို လေ... မောင့်ကို ဘယ်လောက်ချစ်ကြောင်း သက်သေထား တိုင်တည် သစ္စာဆိုလိုက်တာ'

'အဲဒါနဲ့ ပိုးအိက မျက်ရည်တွေဘာတွေ ကျသွားရော လား'

'ခံစားချက်ခြင်းတူညီလို့ဖြစ်မှာပေါ့ မောင်ရယ်၊ ပိုးအိက အရမ်းကို လျှို့ဝှက်မှုနိုင်တဲ့ မိန်းကလေးဆိုတော့ သူ့ခံစား ချက်ကို သင်းတို့မသိနိုင်ပေမယ့် သူလည်း သူ့ခံစားချက်သူ နေမှာပါ။ မောင်ကော မသိဘူးလား'

လှိုင်စာပေ



'မသိဘူး၊ ရှင်းရှင်းပြောရရင် ပိုးအိကို မောင်က ငယ် ကြောက်လိုဖြစ်နေတယ်၊ သူ့ကိုမေးလည်း မမေးရဲဘူး၊ မေးလဲ့ မမေးချင်ဘူး'

'မမေးရဲဘူးဆိုတာတော့ ထားပါတော့ မမေးချင်ဘူး ဆိုတာ ဘာဖြစ်လို့လဲမောင်'

သင်း မေးခွန်းကြောင့် သူတုန်လှုပ်သွားသည်။ ဟုတ်ပါ သည် သူ ပိုးအိကိုနှလုံးသားရေးရာနှင့်ပတ်သက်၍ မမေးချင် ပါ။ ဘာဖြစ်၍ မမေးချင်ရသနည်း။ သူ့ကိုယ်သူ ပြန်မေး ကြည့်သည်။

ရှင်းရှင်းလေးကို သူ အဖြေရှာခက်နေသည်။

ပိုးအိနှလုံးသား၌ အခြားသူ တစ်ဦး၏အမည် ကမ္ပည်း တင်ရှိစ်မှာကို သူမသိချင်ပါ၊ မသိလိုပါ။ ထို့ကြောင့်မမေး ခြင်းဖြစ်ကြောင်းကိုတော့ သူ ရေးရေးသိနေသည်။

'မောင်မသိချင်ဘူးလေ၊ မောင့်စိတ်မှာ သင်းအကြောင်း ကလွဲလို့ ဘာမှမသိချင်လို့ မမေးတော့ဘူးသင်း၊ ပိုးအိ အကြောင်းလဲသိသားနဲ့ မေးတော့ကော ဖြေမယ်ထင်လို့ လား'

'ပိုးအိဟာ အရမ်းကိုစိတ်ရင်းကောင်းပါတယ် မောင်၊ သင်းအပေါ်မှာ အနစ်နာခံတဲ့သူငယ်ချင်းကောင်း တစ် ယောက်ပါ'

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'စေတနာအကျိုးက တန်ပြန် အကျိုးပေးတတ်ပါတယ်လေ၊ ဒါကြောင့်ထင်တယ် ပိုးအိဘဝမှာ ကြောင့်ကြစရာ မရှိဘဲနေနိုင်တာ'

စကားလမ်းကြောင်းကို လွှဲပြောင်းလိုက်သည်။

'သင်း အသားအရေတွေက အမြဲလိုလိုအေးစက်နေတာပဲနော်၊ ဘာဖြစ်လို့လဲ မောကောမောနေသလိုပဲ၊ နေကောင်းရဲ့လားဟင်'

'စိတ်ထင်လို့ပါမောင်၊ သင်း နေကောင်းပါတယ်'

စိတ်ထင်လို့တော့ မဟုတ်နိုင်ဘူးဟုထင်သည်။ သို့သော် သင်း စိတ်ချမ်းသာစေရေးအတွက် သူစိတ်လျှော့လိုက်သည်။

ပိုးအိတို့ပင်လျှင် သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

'မောင်'

'အင်....'

'သင်းကိုချစ်ရဲ့လား'

'ဘယ်နှယ့်မေးလိုက်တာလဲ သင်းရယ် မောင့်ဘဝနဲ့ ထပ်တူထပ်မြတ်ကို ချစ်ပါတယ်။

သင်း စိတ်ကျေနပ်စေရေးအတွက် ဖြေဆိုခြင်း မဟုတ်ကြောင်းကို သူကိုယ်တိုင် သူယုံကြည်ပါသည်။

'ဒါဖြင့်....မောင်သင်းနဲ့ ခွဲနေရတုန်းက ဘယ်လိုခံစားနေရသလဲ'





'အချစ်ကြီးလို့ အမျက်ကြီးခဲ့တယ်၊ ငါ့စကား နားမထောင်လေခြင်းဆိုပြီး ဒေါသထွက်ခဲ့ပေမယ့် အားလပ်ချိန်ရတိုင်း သင်းရဲ့ပုံရိပ်ကလေးတွေဟာ မောင့်ကို ဖမ်းစားတတ်လို့ မောင်လုံးဝအားလပ်ချိန်မထားတော့ဘူး၊ အားတာနဲ့ စာရေး၊ စာဖတ်နဲ့ မောင့်ရဲ့လွမ်းစိတ်ကို ဖြေဖျောက်ပစ်လိုက်တယ်'

'ဒါပေမယ့်....မောင် သင်းအသံကြားတော့လည်း မနေနိုင်ဘူးမဟုတ်လား'

'ဟုတ်တာပေါ့ မေတ္တာအရင်းခံပြီး ချစ်ရတဲ့သူကိုတော့လည်း ဘယ်ကမ္ဘာ ဘယ်ဘဝခြားခြား မောင့်မေတ္တာတရားက ခမ်းခြောက်သွားမှာမှ မဟုတ်ဘဲ'

'သင်းတော့ သင်းဘဝမှ အမှန်ကန်ဆုံးသော ဆုံးဖြတ်ချက်ကို ဒီတစ်ခါပဲချနိုင်ခဲ့တယ်လို့ ယုံကြည်သွားပြီမောင်'

'ဘာဆုံးဖြတ်ချက်လဲ'

'အခုလို တိုးရစ်ဗီဇာ (Tourist visa) နဲ့ မောင်တို့ဆီ ရောက်အောင်လာတဲ့ ဆုံးဖြတ်ချက်ကို ပြောတာပါမောင်'

'အမှန်တစ်ခုကို လမ်းစတွေ့သွားပြီဆိုတော့ နောက်ကိုလဲ မှန်ကန်သောဆုံးဖြတ်ချက်များကိုသာ ဆုံးဖြတ်နိုင်ပါစေလို့ မောင် ဆုတောင်းပေးမယ်'

'မောင်ပေးတဲ့ဆုနဲ့ ပြည့်စုံရမှာပေါ့မောင်ရယ်၊ သင်း မောင်နဲ့ပိုးအိကိုပြန်တွေ့ရတာ အရမ်းကို ဝမ်းသာပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်လဲခံစားခဲ့ရသမျှ ဒုက္ခဝေဒနာတွေကို မေ့ပျောက်သွားနိုင်စွမ်းရှိအောင်ကို ပျော်ရွှင်သွားတယ်သိလား'

'သိပါတယ်၊ အမြဲပျော်သွားပါ မောင်က သင်းဖြူး ပျော်နေတာကိုပဲ ထာဝရမြင်ချင်တဲ့သူပါကွာ'

'အိုကေ....ထာဝရမြင်စေရမယ်'

သင်း ဝင်နိုင်ရန် ကားတံခါးကိုဖွင့်ပေးလိုက်သည်။

'ဆိုးသင့်ခ် ဒါလင်'

ပြီးမှ အခြားတစ်ဖက်ဆီမှ တွေ့ပက်ကာ သင်းဘေးတွင် ထိုင်လိုက်သည်။ ကားရပ်ရန် နေရာ၌ ပိုးအိတို့၏ အရိပ်အယောင်မျှကိုပင် မမြင်ရတော့။

တစ်ခါတရံ၌ ပိုးအိနှင့်မတွေ့ရခြင်းကပင်လျှင် သူ့ဘဝအတွက် အသက်ရှူဝနေသလိုပင် ခံစားလိုက်ရသည်။

ပိုးအိရှေ့၌ နေရသည်မှာ အလွန်စိတ်ကျဉ်းကျပ်ခြင်းကို သူဘာကြောင့်များ ခံစားနေရပါလိမ့်ဟု မိမိကိုယ်မိမိ အဖြေရှာမရအောင်ဖြစ်မိသည်။

'မောင်'

'အင်'

'ပိုးအိက သင်းတို့အခန်းလာပြီး စကားပြောဦးမယ်တဲ့'

'ဘာတွေပြောမှာလဲ'

'မသိဘူးလေ'





သက်ပြင်း သူခိုးချလိုက်မိသည်။ ဘာတွေများ လာချပေးဦးမည်ကို သူမမှန်းဆနိုင်၊ အိုသော် တစ်ခုခုတော့ သူယုံကြည်နေသည်။ ပိုးအိသည် သင်းအောသူ့ကိုပါ ကောင်းစေချင်သော စေတနာနှင့်ပြောဆိုကူညီပေးခြင်းသာ ဖြစ်ပေမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မောင်က ဘုရားရှိခိုးပြီးရင် ဆုမတောင်းတတ်ဘူး၊ ရယူလိုမှုအတွက် ကိုးကွယ်ဆည်းကပ်ခြင်းမဟုတ်ဘူး၊ ကြည်ညိုသဒ္ဓါပွားပြီး ယုံကြည်မှုသက်သက်အတွက် ကိုးကွယ် ဆည်းကပ်ခြင်းပဲ"

အခန်း( ၂၀)

'မိုသင်းကော'

'ညည သူအိပ်မပျော်ဘူး၊ နောက်ဗိုင်ယာစီပင် သောက်အိပ်တယ်'

'ဟင်....နင်ကမတားဘူးလား'

'တန်ဆေး လွန်ဘေးမဟုတ်လား၊ သူ့ စိတ်သိပ်လှုပ်ရှားနေရှာတယ်၊ အိပ်ပျော်သွားရင် သက်သာမှာယ်ထင်လို့ ငါလည်း ခွင့်ပြုလိုက်တယ်'

'ဒါဖြင့် နင်လိုက်လို့ ဖြစ်ပါ့မလား'





ပိုးအိသည် သင်းအပေါ် ဘာကြောင့် ဤမျှချစ်ခင်ရပါလိမ့်။

'ဖြစ်ပါတယ်၊ ညက ငါခွင့်တောင်းထားပြီးသား၊ဘုရားဖူးပြီး ပြန်လာခဲ့မယ်လို့၊ နောက်ပြီး ဘာသာမဘူတော့ သူလည်း စိတ်ကျဉ်းကျပ်နေမှာစိုးတယ်လေ'

'ဒါဖြင့် ...သွားရအောင်'

မှာထားပုံရသောတက္ကစီက ဟိုတယ်ရှေ့၌ အဆင်သင့်စောင့်နေသည်။

သူ ရှေ့ခန်း၌ ဒရိုင်ဘာနှင့်အတူထိုင်ပြီး ပိုးအိနှင့်တပည့်နှစ်ယောက်က နောက်၌ထိုင်သည်။

'ဘယ်အရင်သွားမလဲ ဆရာ'

'နံနက်ခင်း နေမပူခင်သွားလို့ အကောင်းဆုံး ဘုရားကိုအရင်သွား'

'ဘုရားက တစ်နာရီလောက် အချိန်ပေးလိုက်ရုံနဲ့ ဖူးပြီးသွားပါတယ်။ သာသနာ ၂၅၀၀ ဘုရားအရင် သွားမယ်'

'အဆင်ပြေသလိုသာ ကြည့်ပို့ပါ'

'ဟုတ်ကဲ့'

နံနက်ခင်း၏ နေရောင်ခြည်ကို စောစီးစွာရသောဒေါင်ပေါ်ဒေသဖြစ်၍လားမသိ။ နေခြည်နုထွေး အရောင်းရောင်လေးသည် လားရှိုးမြို့ကို ပုတ်နှိုးလျက်ရှိချေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းကျောက်များနှင့် ထုံးရောစပ်ကာသမပြီး နောက်ပုံစုံခွက်ထဲထည့်ကာ ပုံဖော်ပြီးရရှိသော ဖြုန်းအုတ်များဖြင့် တည်ဆောက်ထားသော လားရှိုးမြို့တော်ကို ဖြုန်းအုတ်မြို့တော်ဟုပင် သူတင်စားချင်သည်။

အိမ်တိုင်းလိုလို ဖြုန်းအုတ်များဖြင့် မလွတ်ကင်းပါချေ။ ကုန်းမြင့်ဒေသ၏ အအေးဓာတ်ကို ကြံ့ကြံ့ခိုင်ခိုင်ရန် ဖြုန်းကျောက်များကလည်း ထိုဒေသ၌ တမင်ဖြစ်ထွန်း နေလေရော့သလား....

နေခြည်နုနု၏ ပွတ်သီးမှုကို ဖြုန်းအုတ်မြို့တော်က ပျင်းကြောဆန့်ကာ အနည်းငယ်သော လူအချို့က လှုပ်ရှားစပြုနေလေပြီ။

ကုန်းမြင့်မြင့်လေးပေါ်သို့ ကားကတက်လာသည်။ ကမ္ဘာလုံးပေါ်တွင် စေတီတည်ထားသော ဘုရားတစ်ဆူကိုလည်း တွေ့ရသည်။

'အဲဒါ ဘာဘုရားလဲ'

'အေးကမ္ဘာ ဘုရားလေ နာမည်ကြီး ရုပ်ရှင်မင်းသားတစ်ဦးရဲ့ ဆရာတစ်ဦး လာတည်သွားတာ'

'ဪ.. ဒီလိုပဲ အောင်မြင် ကျော်ဇောမှုရှိလာတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ အောင်မြင်မှု မကျအောင် ကိုယ်တိုင်လည်း ကြိုးစား–လောကဓာတ်ရဲ့ ဆန်းကြယ်မှု ဘာသာရေး ယကြာ





တွေ့နဲ့ ပံ့ပိုးတန် ပံ့ပိုးရတာပေါ့၊ ဘာကြောင့်ပဲ လုပ်လုပ် ဘုရားတည်တယ် ဆိုတာတော့ အကောင်းဆုံးသော ယကြာပဲပေါ့၊ ဟုတ်တယ်မှတ်လား ကျော်ဇေ'

'ဟုတ်တယ်'

မြန့်မြူးကုန်းမြေ၏ တစ်နေရာ၌ ကားရပ်လိုက်သည်။

'အို....သာယာလိုက်တာကွယ်'

သဘာဝ၏ အလှတရားအပေါ်၌ ခံစားကြည်မွေ့သော သာယာသံလေး ထွက်ပေါ်လာသည်။

ပိုးအိထံမှ ယခုလို နူးညံ့သိမ်မွေ့မှုရှိသော အသံမျိုးမကြားဖူးသဖြင့် သူ့အတွက် ထူးဆန်းသွားသည်။ ပိုးအိကို လှမ်းကြည့်လိုက်သည်။

'ကြည့်စမ်းပါဦး ကျော်ဇေရယ်။ လှလိုက်တာဟယ်.... အိပ်ရာထစ လားရှိုးမြို့လေးက နေရောင်ခြည် အောက်မှာ စိစိရီရီနဲ့ နေချင်စရာလေးနော်'

'နေချင်ရင် မြေတစ်ကွက်ဝယ်ထားပြီး ဆောက်လိုက်ပေါ့။ ဖြုန်းအုတ်တွေလဲ ပေါသားပဲ'

'ငါ့မြင်ဦးလွင်မှာလဲ ဝယ်ထားသေးတယ် ကျော်ဇေ၊ နင့်ကိုတောင် ငါမပြောမိဘူး။ နင် အေးအေး ဆေးဆေး စာရေးချင်ရင် ငါ့ဆီကအိမ်သော့ လာယူပြီး သွားသာနေ'

'အေးကောင်းတယ် အဲဒီလိုမှန်းသိရင် မနှစ်ကနွေကတည်းက ငါလာယူတယ်၊ နင်ဘယ်ရောက်နေမှန်း မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ် နင်ကသာ ငါဘယ်ရောက်တယ် ဘာလုပ်တယ် ဆိုတာ မသိပေမယ့် ငါကနင်ဘယ်ရောက်တယ်၊ ဘယ်မှာနေတယ်၊ ဘာလုပ်တယ်ဆိုတာ အကုန်သိတယ်'

'ဒါကတော့ ဘဝမှာအချိန် ပိုရှိသူနဲ့မရှိသူ ကွာခြားချက်ပဲပေါ့။ ငါကဘဝကို အောင်မြင်မှုရအောင် ရှန်းကန်နေတဲ့သူဆိုတော့ စိတ်သွားတိုင်း အချိန်မပေးနိုင်သလို လူလည်း မပါနိုင်ခဲ့ဘူး ဒီသဘောပါပဲ'

ပိုးအိထံမှ သက်ပြင်းချလိုက်သံကို သူကြား သလိုလိုရှိမိသည်။

'လာဘုရားဖူးရအောင်'

'နေပါဦး ကြည့်လို့မဝသေးဘူး'

'ဘုရားဖူးပြီးမှ ကြည့်ပါ။ ခတ္တာက ဒီမှာနေခဲ့ဖူးတော့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ပြောပြလိမ့်မယ်'

ပိုးအိစကားမှန်နေသဖြင့် သူလိုက်လျောလိုက်သည်။

ပိုးအိကပင် ဦးဆောင်၍ အာရုံခံ တန်ဆောင်းထဲ ဝင်သွားသည်။ ပိုးအိတပည့်များက ဘုရားဖူးအပြီး ပြန်၍ပင် ထွက်လာသည်။

'ခတ္တာ'

'ရှင် .. တီချယ်'

'ပြီးရင် ဒီဦးဦးကို လားရှိုးမြို့ရဲ့ အထင်ကရနေရာတွေ လှမ်းပြလိုက်ပါဦး'





သူလည်း ယောကျ်ားတို့၏ ထုံးစံအတိုင်း ဘုရားဦးသုံးကြိမ်ချခြင်းဖြင့် ကိစ္စပြီးသွားလေသည်။

ပိုးအိကို စောင့်ရနိုး မစောင့်ရနိုး စဉ်းစားလိုက်သေးသည်။ သို့သော် ခတ္တာတို့က ရပ်စောင့်နေသဖြင့် ကလေးမများကို အားနာကာ ထွက်ခဲ့သည်။

ပိုးအိကတော့ မျက်လွှာကလေး ချကာ ငြိမ်သက်စွာ အာရုံပြုလျက်ရှိသည်။ပိုးအိနေရာ၌ သင်းကို အစားထိုးကြည့်သည်။ ဘယ်လိုမှအဆီအငေါ် မတည့်ချေ။

လှပသော လားရှိုးမြို့တစ်မြို့လုံးဆီး မြင်ရသည်။

'ဦးဦး....ဓာတ်ပုံရိုက်မလား'

'မရိုက်ပါဘူး'

'ရိုက်ပါဦးရဲ့ ဒီဘက်ကမြင်ရတာ ဆေးရုံကြီး ဟိုနားကညကသွားခဲ့တဲ့ နန်းဟော်ဝန်လေ၊ ဟိုဘက်က ဈေးတွေလား ဦးဦး'

'အင်း'

'အဲဒီနား ဦးရပ်လိုက် အိုကေ ဟုတ်ပြီးဦးက အရမ်းမိုက်တယ်၊ ရဲအောင်နဲ့ နင်လားငါလားပဲ'

'မုန့်ဝယ်ကျွေးမယ်ဟော့'

ခုခေတ်ကလေးများ၏ ရဲတင်းသွက်လက်မှု ဝယ်သူသည် အရှုပ် ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အရှေ့ဘက်ခြမ်းက မန်ဆုရပ်ကွက်ပဲဦး၊ အဲဒီမှာ အမယ်ကြီး ဦးပေါ်ဦးတည်ထားတဲ့ မန်ဆူဘုရားရှိတယ်'

'ဟိုမြင်နေရတဲ့ ဘုရားလား'

'အင်း....ဟုတ်တယ်ဦး'

'ရေပူစမ်းကရော'

'မြို့စွန်းနားမှာ ညရောက်မှ သွားမွှေးဦးရာ ညချိုးရတာ ပိုကောင်းတယ်'

'အေးကောင်းသလိုအသာ ကြည့်စီစဉ်ပါတော့ ကျွန်တော်မျိုးတို့က အစိမ်းသက်သက်ဆိုတော့ ဒေသခံတွေရဲ့ လက်ထဲကို ပဲ၀ကွက်အပ်ထားရတာပဲ'

'ဟက်... ဟက်... ဦးကရယ်စရာပြောတတ်သားပဲ တီချယ်သူငယ်ချင်းရယ်လို့ မပြောရဘူး'

'မင်းတို့တီချယ်က ရယ်စရာပြောတတ်လို့လား'

'ပြောတတ်တာပေါ့'

'ဟိုတ်....ဘယ်သူတွေလဲ ငါ့အဘင်းပြောနေတာ'

ခဏ္ဍာက ဇက်ကလေးပုကာ လျှာလေး တစ်လစ်လုပ်ပြီးမှ....

'ဦးဦးက တီချယ် ရယ်စရာပြောတတ်တယ်ဆိုတာ မယုံဘူးတဲ့'

'မယုံရင် ပုံပြင်လို့သာ မှတ်ထားလိုက်တော့ပေါ့ ကျော်ဝေရာ ဟုတ်လား'





'နေဦး တီချယ်....အဲ့ဒီမှာပဲ ရပ်၊ ဟုတ်ပြီ....တီချယ်တို့ သူငယ်ချင်းနှစ်ယောက် အမှတ်တရပေါ့'

ပိုးအိ ဘယ်လိုမှ မဟန့်တားနိုင်မီ ရိုက်ပြီးသွားလေသည်။

'ဟိုနားဘက်က မော်ရွှေလီဧည့်ရိပ်သာလေ'

'ဟုတ်လား'

'ဒီမှာတော့ မောရွှေလီရိပ်သာရယ်.... နယူးအာရှရယ်.... အကောင်းဆုံးပဲ။ ဒါပေမယ့် အခု လားရှိုး ဟိုတယ် ဆောက်နေပြီ၊ ပြီးရင်တော့ တစ်ခေါက် လာလည်ရအောင်နော် တီချယ်'

'အေး အေး'

'ဒီဘက်ပိုင်းကို လားရှိုးလို့ခေါ်တယ် ဦးဦးရဲ့'

'ဒါဖြင့် မြို့ထဲဘက်ကရော'

'ရပ်ကွက်တွေအလိုက် ခေါ်တယ်၊ လွယ်ရိုးလို့လဲ ခေါ်တယ်၊ ရပ်ကွက်တစ်၊ ရပ်ကွက်နှစ် စသည်ဖြင့် ခေါ်ကြတယ်'

'ဒါနဲ့ မြင်နေရတာက မန်ဆူရပ်ကွက်ဆို'

'ဟုတ်တယ်၊ မန်ဆူလို့လဲ ခေါ်တယ်၊ ရပ်ကွက်ရှစ်လို့လဲ ခေါ်တယ်'

'ဩြော်...ညည်းက တော်တော် နှံ့စပ်သားပဲ လားရှိုးဇာတိလား'



www.burmeseclassic.com

www.burmeseclassic.com



'မဆိုးပါဘူး၊ ဖေဖေက ရမခမှာ တာဝန်ကျတော့ မီးတို့ သုံးနှစ်နီးပါး နေခဲ့ဖူးလို့ သိတာပါ'

'ကောင်းတာပေါ့...ညည်းက ကျုပ်တို့အဖွဲ့ရဲ့ ဂိုက်ပဲပေါ့ ဟုတ်လား'

'ဒီနေ့အထိတော့ ဟုတ်တယ်၊ မနက်ဖြန်ပြန်ရမှာဆိုတော့ ဆိုးဆောရီးပဲ ဦးဦး'

ကျော်ဝေသည် ပွင့်လင်း ရဲတင်းသော မိန်းကလေးများ ကို ချစ်ခင်သွားမိသည်။

'လာ ဦးဦးရေ...အေးကမ္ဘာဘက် ချီတက်ရအောင်... ကားပေါ်တက်'

ပိုးအိသည် သူနှင့် သူမ၏ တပည့်များအကြား ဝယ်ဝင် မပြောဘဲ လွှတ်ထားလေသည်။

'ဘယ်နှယ် ချီတက်မယ့်လူက ကားပေါ်တက်လဲ'

'ကားပေါ်မှာထိုင်ရက် တစ်စုတစ်ဝေးတည်း ချီတက်ရ တာပေါ့နော်...တီချယ်'

'ဟုတ်ပ ဟုတ်ပ...ကိုယ်ထင်ရင် ခုတင်ရှေနန်းပဲ'

ပြုံးရယ်သံလေးများသည် နံနက်ခင်း၏အလှကို စိုးမိုး ထားလေသည်။

သင်းသာ ပါခဲ့လျှင် ပျော်ရွှင်မည်လား။ ဘာသာတူညီ ကာ ဘုရားသွား ကျောင်းတက်ဆိုလျှင် အဘယ်မျှကောင်း ချိမ့်မည်နည်း။

လှိုင်စာပေ



ယခုအချိန်၌ သင်း နှစ်ခြိုက်စွာ အိပ်ပျော်နေမည်လား။

သင်း ကျန်းမာရေးကို သူအားမရနိုင်အောင် ဖြစ်မိသည်။ ညက သင်း အရက်သောက်သည်ကို ပိုးအိ သိသွားသည်။ ပိုးအိက ကရုဏာဒေါသော ဆူသောအခါ သင်းက ပိုးအိကို ဖက်ကာ ငိုကြွေးလေသည်။ ထိုအခါ ပိုးအိက ပြန်ချော့ကာ ကျန်းမာရေးထိခိုက်မည်။ မူးလျှင် အမှားအယွင်းတွေ ထပ်မံ ဖြစ်ပွားနိုင်သည်ဟု ပြောဆိုဖျောင်းဖျလေသည်။

'ရောက်ပြီ'

'အိုး'

ကားလေး ကွေ့မျှရုံဖြင့် အေးကမ္ဘာစေတီသို့ရောက်သွား သည်။

ကားပေါ်မှဆင်းကာ ကမ္ဘာလုံးပုံပေါ်၌ စေတီတည် ထားသော အေးကမ္ဘာစေတီကို လှည့်ပတ် ဖူးမြော်လိုက် သည်။

'မြန်မာလူမျိုးတွေရဲ့ စေတနာဝဲပေါ့၊ တောင်ကုန်းမှန်ရင် ဘုရားရှိရမယ်၊ ရပ်ကွက်မှန်ရင် ရေတွင်း ရေကန်ရှိရမယ်။ ချောင်းတွေရင် တံတားဆောက်ရမယ်ဆိုတဲ့ အစဲ့အလမ်းဟာ နိုင်ငံနဲ့လူသားကို အကျိုးပြုတဲ့အတွက် ထိန်းသိမ်းထား သင့်တဲ့ အယူဝါဒ တစ်မျိုးပဲပေါ့'

ကလေးတွေကို ဝါဒပေးနေတာလား။ သူ့အား ပြော နေခြင်းလားကိုတော့ ကျော်ဝေ မသိ။ သို့သော်....

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ငါ့ကိုတော့င် မေဒင်တွက်ထားသေးတယ်၊ ဘုရားတည်တဲ့ဆီမှာ နဝရတ်ကိုးသွယ် ဌာပနာခိုင်းတယ်လေ'

'ဟုတ်လား....ကောင်းတာပဲ၊ လုပ်ပြီးပြီလား'

'မပြီးသေးဘူး၊ တည်မယ့်ဘုရားကလဲ နေ့နံနဲ့ ရှိသေးတယ်'

'အေးလေ...ဘာရယ်မဟုတ်ဘူး၊ အစွဲအလမ်းဆိုတာမျိုးက လူ့ဘဝကို အနှောင့်အယှက်ပေးနိုင်ဆုံးသော အတ္တတစ်မျိုးပဲ။ အဲ့ဒီ အတ္တကို မပယ်နိုင်လို့ လူ့လောကီမှာ ကျင်လည်နေကြတာပဲပေါ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အစွဲအလမ်းကို အကောင်အထည်ဖော်နိုင်တဲ့ ငွေကြေးအင်အားရှိရင် အကောင်အထည်ဖော်ခြင်းနဲ့ အစွဲအလမ်းကို ဖျောက်ဖျက်ယူရမှာမို့ပေါ့'

'ဒါပေမယ့် ယောကျ်ားတွေဟာ အစွဲအလမ်းသိပ်မထားတတ်ကြဘူး'

'ဟုတ်ပါတယ်.... ငါသိပါတယ်။ ငါတို့ မိန်းမသားတွေကသာ အစွဲအလမ်းကြီးကြတာပါ။ နင်တို့ ယောကျ်ားတွေကတော့ အရာရာမှာ လေးလေးနက်နက် မရှိဘူး'

'ဒါပေမယ့် ဘာသာရေးမှာတော့ အလေးအနက်ထားကိုယ်တော်၊ ဘာသာမတူသူနဲ့ယူပြီး ဘာသာပါ လိုက်ပြောင်းရင်တော့ နင်နဲ့ငါနဲ့ အတွေ့ပဲ'

လှိုင်စာပေ



'သဘောတူတော့လဲ နင်ပဲ'

'ငါ သဘောတူထားတဲ့အထဲမှာ ဘာသာရေးပါ လိုက်
ောင်းဖို့ မပါဘူး၊ ကိုယ့်အမျိုးဘာသာ သာသနာကို ထိန်း
်းဖို့ဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ပဲ မဟုတ်ဘူးလား
ျော့်ဝေ၊ နင်ဟာ ငါ့ထက်ပိုနားလည်ပါတယ်ဟာ၊ မတတ်
င်ဟန်ဆောင်မနေပါနဲ့'

ကျော့်ဝေ မြုံးလိုက်မိသည်။

'တတ်တော့တတ်တယ်၊ သိတော့သိတယ်... ဒါပေမယ့်
လို မပြောတတ်ဘူး'

'ဒါပေမယ့် နင်ရေးတတ်တယ် မဟုတ်လား၊ ရေးပေါ့'

ကျော့်ဝေ ဘာမှ မပြောလိုသဖြင့် ပြုံးရုံသာ ပြုံးနေ
က်သည်။ တစ်ခါတစ်ရံ မပြောဘဲ နေခြင်းသည် လောက
ုံး၌ အကောင်းဆုံးသော နည်းလမ်းတစ်ခု ဖြစ်နေတတ်
ည်။

အေးကမ္ဘာစေတီ၌ ပိုးအိ တပည့်လေးများ ဓာတ်ပုံရိုက်
နောက် ထွက်ခွာလာခဲ့ကြသည်။

ထို့နောက် ရန်အောင်မြင်စေတီ။

ထိုမှတဖန် မန်ဆူစေတီတို့ကို ဖူးမြော်ပြီးနောက်ပြန်ခဲ့ကြ
ည်။

'သင်းကိုခေါ်ပြီး မနက်စာ စားမယ်၊ ပြီးရင် လမ်းသွ
ာ် ဘုံကျောင်းကို နင်တို့ဘာသာ သွားလိုက်တော့နော်...

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညနေအေးမှ ရေပူစမ်းမှာ ရေသွားချိုးတာပေါ့ ဟု လား။ ငါတို့တပည့်တွေ သွားစောင့်တွေ့လိုက်ဦးမယ်'

'အင်း'

နယူးအာရှ ဧည့်ရိပ်သာရှေ့ အရောက်၌ အပြင်ဘက် ခုံတန်းလျားလေးတွင် ထိုင်စောင့်နေသော သင်းကို တွေ့ လိုက်ရသည်။

သင်းသည် ဂါဝန်ဖြူဖွားဖွားလေး ဝတ်ထားသည်။

'တီချယ် သူငယ်ချင်းက လှတယ်နော်'

'ဒါကြောင့် ဦးဦး စွဲနေတာ ဖြစ်ရမယ်'

'အဟင်း....ဒီကောင်မလေးတွေ၊ ကလေး ပြောရမယ့် စကားလား'

ပိုးအိက မျက်နှာထိမျက်နှာထားနှင့် မာန်မဲ့လိုက်သော အခါ တပည့်လေးများ ဇက်ပုသွားလေသည်။

သူကတော့ လူကြီးရှက်ပြုံးနှင့် သင်းထံသို့ ဆင်းခဲ့သည်။

ဖြူသော ဝတ်စုံနှင့် လိုက်ဖက်ညီစွာ သူမ အသားရေသည် လည်း ဖြူဖျော့နေသည်ကို အားမရစွာဖြင့် သတိထားလိုက် မိသည်။

အပြုံးကလည်း ယွဲ့ယွဲ့ကလေး။

'မောနင်း....ဒါလင်'

'မောနင်း....သင်း၊ လာ ပိုးအိက ဘရိတ်ဖတ်စ် လိုက် ကျွေးမလို့စောင့်နေတယ်'

'သင်း အဆင်သင့်ပါပဲ၊ မောင်တို့ကို စောင့်နေတာပါ'





'လာ'

သင်းအား လက်ကမ်းကာခေါ်လိုက်သည်။ သင်းက ကျေးဇူးတင်သော အပြုံးနှင့် သူ့အားပြုံးပြပြီး ငြိမ်သက် ာ လိုက်ပါလာသည်။

လင်းခနဲ လက်သွားသည်။

ချာတိတ်မလေးတွေ ဓာတ်ပုံရိုက်ဖြန်သည်။

လူငယ်ပြုပြင်ရေး ဆောင်းပါးများနှင့် နိုင်ငံအကျိုးပြု ာပေများကို ရေးသားနေတတ်သော သတင်းစာ အယ် တာ၊ စာရေးဆရာတစ်ဦးက သူနှင့်ဆန့်ကျင်ဘက် အသွင် သော မိန်းမသားတစ်ဦးအား ချစ်ခင်နှစ်သက်မြတ်နိုးစွာ န်ဖိုးထားတွဲနေခြင်းကို ထိုကလေးမလေးများသာသိလျှင် ည်ကဲ့သို့ ဝေဖန်လေမည်မသိ။

'ပျော်ရဲ့လားမောင်'

'ပျော်ပါတယ်'

'သင်းအတွက် ဘာဆုတောင်းခဲ့သေးသလဲ'

ဟုတ်ရဲ့ သင်းအတွက်ဆုတောင်းပေးဖို့ သူသတိမရခဲ့ပါ ား၊ အမှန်အတိုင်းဆိုလျှင် သင်း မြန်မာပြည်ကို အမြန် း ပြန်လာနိုင်ဖို့ ဆုတောင်းပေးသင့်သည်။ မုသား မသုံး င်ပါ၊ ထို့ကြောင့်....

'မောင်က ဘုရားရှိခိုးပြီးရင် ဆုမတောင်းတတ်ဘူးသင်း ယူလို့မှုအတွက် ကိုးကွယ်ဆည်းကပ်ခြင်းမဟုတ်ဘူး၊ ကြည်ညို



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါပွားပြီး ယုံကြည်မှုသက်သက်အတွက် ကိုးကွယ် ဆွေ
ကပ်ခြင်းပဲ'

ထိုစကားစုကို ကားနားအရောက်တွင် ပြောလိုက်ခြ
ဖြစ်သဖြင့် ပိုးအိထံမှ နောက်ပြောင်ခြင်းလား၊ အတည်
ခြင်းလားမသိသော သာခုခေါ်သံ ထွက်ပေါ်လာသည်

'သာခု....သာခု....သာခု....'

* * *



"သေခြင်းတရားကို မေ့ထားတယ်၊ အသက်ရှင် နေထိုင်
ခြင်းကိုပဲ ခေါင်းထဲထည့်သွင်းထားတယ်၊ အသက်ရှင်နေသမျှ
ကာလပတ်လုံးမှာလည်း အကျိုးမဲ့နေထိုင်သွားခြင်း မဖြစ်ဖို့
ကိုပဲ အာရုံစိုက်တယ်"

အခန်း (၂၁)

သူ မျှော်မှန်းထားသည်နှင့် တစ်ခြားစီဖြစ်နေသော ရေထွ
စမ်း အပန်းဖြေနေရာကိုကြည့်ကာ သူ အံ့ဩသွားသည်။
တောင်ကုန်းပေါ်၌ အထူးရေချိုးခန်းများကို အမျိုးသား
အမျိုးသမီး သီးသန့်စီစနစ်တကျဆောက်ထားသည်။

သစ်ပင်ကြီးငယ်တို့၌မီးကြိုးများသွယ်ထားသည်။ရောင်စုံ
မီးလုံးလေးများက အပန်းဖြေသူတို့၏ဘဝင်ကို ချမ်းမြေ့မှု
ဆောင်စေသည်။

လရောင်ကျွေးကျွေးလေးကလည်း ညချမ်း၏အလှ အင်
အားကို အားဖြည့်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန့်ခတ်များသော ရေဖြစ်၍ မှချီးမီ အစာရှိသင့်သည်ဟုယူဆကာ စားသောက်ဆိုင်၌ ဆန်းကစ်နှင့်အားလူးကြော်စားကြသည်။

သဘာဝ၏ အလှတရားကို လူတို့၏ပံ့ပိုးကူညီမှုဖြင့် ပို၍လှပစေသည်။ တောင်ကုန်းလေး၏ တောင်ခြေ၌ ရှိုးရှိုးရေချိုးခန်းများရှိလေသည်။ အမိုးမပါသည်ကို သတိပြုမိသည်။ လေကောင်းလေသန့်ရသလို ရေချိုးရင်း ကောင်းကင်ပြာမှာ ကြယ်ပွင့်လေးများကို ရေတွက်ခွင့်ရသည်ဟု သူအတွေးနှင့် သူပြုံးမိသည်။

တောင်ခြေ၌ပင် အငွေ့တစ်လူလူထနေသော ရေပူကန်ကို တွေ့မြင်ရသည်။ လျှပ်စစ်မီးရောင်စုံ ထွန်းထားသော သစ်သားတံတားလေးက ရေပူစမ်းကိုဖြတ်၍ ထိုးထားသေးသည်။

ပတ်ဝန်းကျင် အလှတရား၌ နစ်မျှောလိုက်ပါနေပုံရသည်မှာ ပိုးအိ၊ သင်းနှင့်သူသာဖြစ်သည်။

ခတ္တာတို့ သူငယ်ချင်းနှစ်ယောက်ကတော့ ဓာတ်ပုံရိုက်ရန်နေရာအကွက်အကွင်း ရှာနေလေသည်။

လူ့ဘဝ၌ လုံ့ပ်ရှားရှုန်းကန်နေရုံမျှနှင့်သာ ပြီးဆုံးခြင်းသို့ ရောက်ရမည်ဆိုပါက အသက်ရှင်ခြင်းသည် အဓိပ္ပာယ်ရှိလိမ့်မည်မဟုတ်ဟု သူယုံကြည်သည်။





လူ့ဘဝ၌ အပန်းဖြေခြင်းနှင့် သဘာဝ၏ အလှတရားတို့ကို ခံစားခွင့်ရှိခြင်းသည်ကတော့ လူ့အဓိပ္ပာယ်ကျယ်ဝန်းခြင်းဟုထင်သည်။

ကောင်းကင်၏ မဟူရာရောင်ပြေးနေသော ကတ္တီပါ ခြုံလွှာကို စိန်ကြယ်ပွင့်လေးဖြင့် ဘောင်ကြယ်ထိုးထားလေသည်။

'ဒါလင်'

'သာယာတယ်နော်'

'သင်း နေခဲ့တဲ့တိုင်းပြည်ကကော သိပ်ခေတ်မီ တိုးတက်လှပနေတာပဲ မဟုတ်လား'

'လူတွေ ခေတ်ပုဗေဒပစ္စည်းတွေနဲ့ မွန်းကြပ်နေသလိုပဲ ဒါလင်၊ ကိုယ့်မြေကိုယ့်ဒေသရောက်မှပဲ အသက်ရှူဝတော့တယ်'

ပိုးအိသည် သူတို့စကားထဲဝင်မပါဘဲ လျှပ်စစ်မီးရောင်စုံ ကျိုးတိုးကျဲတဲလေးအောက်မှ မလင်းတစ်ဝက်လင်းတစ်ဝက် ရေပူစမ်းစခန်း၏ ရှုခင်းအသွယ်သွယ်ကို မမှိတ်မသုံ ကြည့်၍နေလေသည်။

ပတ်ဝန်းကျင် သဘာဝအလှတရားတို့က သူမ၏ဝေဒနာစုံဘဝကို သတိပြုမိအောင် တွန်းအားပေးနေလေရော့သလားဟု သူဖွင့်ဟမေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပိုးအိ'

'အင်'

'ရေသွားချိုးရအောင်'

'အင်း....ကောင်းသားမဲ'

သက်ဆိုင်ရာပုဂ္ဂိုလ်မှ စီစဉ်ပေးထားသဖြင့် သူတို့တွေ အထူးဧည့်သည်တော် ရေချိုးခန်းများ၌ ချိုးခွင့်ကြုံသည်။

ဘုံဘိုင်ခေါင်းနှစ်ခုပါသည့် ရေချိုးဇလားသို့ ရေပူခေါင်း ဖွင့်ချလိုက်ပြီး ရေအေးကို လိုသလောက်သာဖွင့်၍ ရောစပ်ရသည်။

ရေချိုးခန်းတွင်း၌ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ဟဲဒရိုင်ယား၊ စနိုး၊ ပေါင်ဒါ စသည့်အသုံးဆောင်များ အဆင်သင့်ထားရှိသည်။

ကြွေဇလုံထဲ ခန္ဓာကိုယ်ကိုနှစ်မြှုပ်လိုက်ရသည်နှင့် လန်းဆန်းသွားသည်။

အမျိုးသမီးများ ရေချိုးခန်းအတွင်း၌ သင်း တစ်ယောက် စိတ်ကြည်ရွှင်လန်းဆန်းမှုမှုရပါလေ၏။

အင်အားနည်းသဖြင့် မူးများလဲနေမလားဟု စိုးရိမ်သလိုရှိမိသော်လည်း သူမအတွက်တော့ ရေကူးကန်တို့ ရေချိုးဆိပ်တို့မှာ ရှိးအိနေပေလိမ့်မည်။ စိုးရိမ်စရာသိပ် မရှိဘူးဟုထင်သည်။ အချို့ လေငန်းမိသော ရောဂါသည်များမင်





လျှင် ဤအနီးတစ်ဝိုက်၌ **Camp** ထိုးကာ နေ့စဉ် ရေပူကို စိမ်ကာချိုးရလေသည်။ သက်သာသည်ဟုပြောကြသည်။ ယုံကြသည်။ စွဲလမ်းခြင်းကြောင့်ပင် ရောဂါပျောက်ခြင်းပေလားဟု သူတွေးမိသည်။

နာရီဝက်မျှ စိမ်ချိုးပြီး သူထွက်လာချိန်၌ သစ်ပင်ကြီးအောက်ခုံတန်းလျားလေးတွင် ငြိမ်သက်စွာ ထိုင်နေသော သင်းကို တွေ့လိုက်ရသည်။

ပိုးအိနှင့် တပည့်ကျော်များကိုတော့ မတွေ့ရသေးချေ။ အဘယ်မျှ ပျော်ရွှင်နှစ်ခြိုက်စွာ ချိုးနေကြသည်မသိ။

သူကတော့ လန်းဆန်းသွားသည်။ လမ်းခရီး ပင်ပန်းခဲ့သမျှ အကြောအချဉ်များပြေပြစ်သွားသည်ဟု ထင်လိုက်ရသည်။

'သင်း... ချိုးလို့မကောင်းဘူးလား'

'ကောင်းမှာတယ်'

'ဒါဖြင့် ဘာဖြစ်လို့လဲ'

'မောင့်ကို စောင့်နေတာ'

'ဩော်....'

'သင်း....မောင့်မျက်နှာကို စက္ကန့်မလပ် ကြည့်နေချင်လို့ပါ၊ ရေချိုးရတာ ကြာနေတဲ့ကြားတောင် လွမ်းလို့ပဲ'

'သင်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ချစ်သူထံမှ ချစ်ပမာဏအတိုင်းအတာကို လှစ်ပြသည့် နွဲ့မူတီတာသောစကားကြောင့် ပီတိလှိုင်းလေးငြိမ့်ညောင်းစွာ စီးဆင်းသွားသည်။

သင်းက သူ့ပခုံးထက် ခေါင်းတင်မှီတွယ်ကာ နွဲ့နွဲ့ကလေး နေသည်။

သာယာသော ညချမ်း၏အရသာကို ချစ်သူနှင့်အတူခံစားရခြင်းလောက် ကြည်မွေ့စရာကောင်းသောအရာ ရှိပါ့မလားဟု သူတွေးကြည့်မိသည်။

'မောင်'

ဒါလင်ဟူသော အခေါ်အဝေါ်သည် တဖြည်းဖြည်း တိတ်သုဉ်းစပြုသည်ကို သူသတိပြုမိလိုက်သည်။

'အင်'

'သင်း သေသွားရင် မောင်မိန်းမယူမှာလား'

'မဟုတ်တာတွေ မပြောနဲ့သင်း'

'မဟုတ်တာမဟုတ်ဘူး၊ ဟုတ်တာပြောနေတာ သေခြင်းတရားဆိုတာ အားလုံးအတွက် အဟုတ်ကို ရင်ဆိုင်ရမှာဟုတ်လို့ သေခြင်းအပေါ် ကြိုတင်ခန့်မှန်းထားသင့်တယ်'

'မောင်တော့မခန့်မှန်းဘူး၊ သေခြင်းတရားကို မေ့ထားတယ်၊ အသက်ရှင်နေထိုင်ခြင်းကိုပဲ ခေါင်းထဲ သွင်းထားတယ်၊ အသက်ရှင်နေသမျှ ကာလပတ်လုံးမှာလည်း အကျိုး





မဲ့ နေထိုင်သွားခြင်း မဖြစ်ဖို့ကိုပဲ အာရုံစိုက်တယ်၊ သင်းလည်း အနာဂါတ်အကြောင်းတွေးရင် ဆုံးရှုံးခြင်းကို မတွေးနဲ့ အောင်မြင်ခြင်းကိုပဲ တွေး ဟုတ်လား'

'သင်းလေ မောင့်ကစိတ်နာပြီး သင်းကို ပြစ်ပြစ်ခါခါ ကို လုပ်လိမ့်မယ်လို့ ထင်ထားတာ၊ မောင်က ရွှေရွှေရှုရှု နဲ့ သင်းအပေါ် အမျက်ပြေတော့ သင်းလေ ဘယ်လိုပျော်သွားမှန်း မသိဘူး'

'ဩော်.... သင်းရယ်၊ ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးတာပဲ၊ သင်းနဲ့ မောင်ဟာ ရန်သူမှမဟုတ်တာ၊ အချစ်ကြဆုံးသော ချစ်သူတွေဆိုတော့ နှလုံးသားမှာ နာကြင်ပြီး ကရုဏာဒေါသောဖြစ်မိလို့ ဥပေက္ခာပြုထားတာကလွဲရင် အမြဲတမ်းသတိရနေတယ်၊ အခုလိုမမျှော်လင့်ဘဲ သင်းက နောင်တရပြီး ပြန်လာပြီဆိုတော့ ပိုပြီး ခွင့်လွှတ်ရသလို အချစ်လဲ ပိုမိတာပေါ့၊ နောင်တရပြီးတဲ့လူဟာ နောက်တစ်ခါ အမှားအယွင်းကို ကျူးလွန်ခဲသွားပြီလို့ မောင်ယူဆတယ်၊ ဒီတော့ သင်းအနာဂါတ်ကို အနှောင့်အယှက်ပေးတတ်တဲ့အတိတ်ကို ပြည်ဖုံးကား ချလိုက်တော့နော်.... မောင်နဲ့အတူ သင်း မြန်မာပြည်မှာ စိတ်သစ်ကိုယ်သစ်နဲ့ နေရအောင် အမြန်ဆုံးသာ ပြန်လာခဲ့တော့'

'ဟုတ်ကဲ့ပါမောင်.... သင်းကြိုးစားပါ့မယ်'

'ဟော မချွေမိုးအိတော့ ထွက်လာပြီ'



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိသည် သူ့ရေချိုးခန်းမှ ထွက်လာပြီး တပည့်များ ရေချိုးခန်းများကို ခေါက်ကာ သတိပေးပြီး သူတို့ဆီ လျှောက်ခဲ့သည်။

ခေါင်းလျှော်လာပြီး ဟဲဒရိုင်ယားဖြင့် မှုတ်ခဲ့ဟန်တူသည်။ သို့သော် ဖားလျားချထားသော ဆံပင်အုံကြီးက သူမ၏ ၁င်းဝါသော အသားအရေကိုတောင် တတ်ပေးထားသ ကဲ့သို့ ရှိရာ ငယ်ငယ်တုန်းက အဖိုးအဘွား၊ အမေတို့ပြောဖူး သော အိပ်ရာဝင်ပုံပြင်မှ လနတ်သမီးလေလားဟုပင် ထင် ယောင်ထင်မှားစေမေ့ာမိသည်။

'လှလိုက်တာ ပိုးအိရယ်'ဟူသော မြည်တမ်းမှုသည် လွှဲသွား၍ ပဲ့တင်ထပ် မြည်ဟည်းလျက်ရှိသည်။

'ပိုးအိက အရမ်းကို လှတာပဲနော်မောင်'

'အင်း'

'ဟိတ်...... ငါ့အတင်းကို ဘယ်သူတွေပြောတာလဲ'

ပိုးအိက ခပ်ပြုံးပြုံးလေး လှမ်းလာသည်။ ပြီး....လွတ်နေ သာ ခုံစွန်း၌ ဝင်ထိုင်လိုက်တော့ သူ့နံဘေး၌ဖြစ်နေသည်။

ငယ်စဉ်သူတို့ မန္တလေးပင်အောယ်၌ အဖေဆင်ပေးထား သာဒန်းကိုနှစ်ယောက်အတူထိုင်စီးခဲ့သည်ကိုလည်းကောင်း။





အနည်းငယ် ကြီးမြင့်လာသောအခါ ပိုးအိစီးလျှင် သူ လွှဲပေးရသည်ကို လည်းကောင်း။ သူစီးလျှင် ပိုးအိလွှဲပေး သည်ကိုလည်းကောင်း ပြန်လည်သတိရလာသည်။

ငယ်စဉ်လို သနပ်ခါးနံ့နံ့သာ ဖြူနံ့သင်းနေတတ်သော ကိုယ်သင်းရနံ့လေးများပင်လျှင် မပြောင်းလဲသေးပါလား ဟု သူထင်ယောင်ထင်မှား ဖြစ်မိသော်လည်း နှစ်ကာလတို့ ကွာခြားနေလေပြီ ဖြစ်ကြောင်း ပြောင်းလဲမှုတော့ ရှိပေ မည်။

သို့သော် ပိုးအိသည် မပြောင်းလဲ၊ ငယ်စဉ်စိတ်နှင့် ကြီးစိတ်သည် အတူတူပဲဖြစ်သည်။

ကျော်စေ'

'အင်'

'ငါတော့ အသက်ပိုရှည်ဦးမယ် ထင်တယ်'

'ဘာဖြစ်လို့လဲ'

'ဩော်– လောကကြီးမှာ သာယာပြီး နှလုံးကြည်မွေ့ စေတဲ့ သဘာဝတရားအပေါ် ခံစားမှုမျိုးဟာ မကြာခဏ ခံစားပေးနိုင်မယ်ဆိုရင် ပိုပြီးအသက်ရှည်စေတယ်လို့ ငါထင် လို့ပါ။ ဒါကြောင့် အပန်းဖြေခရီးမျိုး ထွက်လာပြီးတိုင်း ငါတော့ အိုမင်းခြင်းကို တခါဆွဲထားလိုက်နိုင်တယ်လို့ထင် တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ သင်းနှင့်စားလျှင် အများကြီး နှုပျိုကာ စိုပြေချောမွတ်နေသော ပိုးအိသည် ဆယ်ကျော်သက်အရွယ် ထပည့်လေးများနှင့် ရွယ်တူအလား ထင်မှတ်မှားရသည်။ စိတ်ချမ်းသာခြင်းနှင့် ကိုယ်ချမ်းသာခြင်းနှင့် ထာဝရ ပြည့်စုံနေသောသူ ဖြစ်ခြင်းကြောင့် ထင်ပါသည်။

'သင်းနဲ့နှင်လည်း အချိန်ပေးနိုင်ရင် သိန္ဓိ ကွတ်ခိုင်၊ မူစယ် အထိ သွားလိုက်ပါလား၊ နောက်လားရှိုးမှာ ရှိတုန်းဒီမှာ နေ့တိုင်းရေချိုးပေါ့။ သင်းလို့ ကျန်းမာရေး ကောင်းလာအောင်'

'ဆိုးသင့်ခို ပိုးအိ အိုင်ပျော်ပါတယ်။ ယူတို့နဲ့ပြန်တွေ့ရတာကိုပဲ အိုင့်ဘဝမှာ အပျော်ဆုံးပါပဲ၊ မပြန်ပါနဲ့ဦးလား ပိုးအိရယ် အိုင်တို့နဲ့မှ အတူတူပြန်ရအောင်'

မရဘူး သူငယ်ချင်း ငါတို့ ဆရာမတွေဟာ ကျန်တဲ့ရုံး ဝန်ထမ်းတွေနဲ့ တူတာမဟုတ်ဘူး။ တစ်ရက်ပျက်ရင် သိသိ သာသာပဲ အခုတစ်ရက် နှစ်ရက်ပျက်တာတောင် လွန်လှပြီ'

'ခတ္တာ တို့ကတော့ လက်ရှိတပည့်လား'

'မဟုတ်ပါဘူး။ တစ်နှစ်ကအောင်ပြီးသား တပည့်ဟောင်းတွေလေ၊ လားရှိုး နေခဲ့ဖူးသူဆိုတော့ ဂိုက်လုပ်ခိုင်းဖို့ခေါ် လာတာ'

'ကောင်းတယ်နော် အိုင်လဲယူလိုပဲ ဆရာမလုပ်ခဲ့ရင် သိပ် ကောင်းမှာပဲ၊ အခုလိုဒုက္ခတွေ ရမှာမဟုတ်ဘူး'





'ဒါပေါ့ သူငယ်ချင်း နှင်ယူခဲ့တဲ့ ဘာသာမျိုး ဆိုရင် ကျောင်းတွေမှာ ကျွမ်းကျွမ်းကျင်ကျင် သင်နိုင်တဲ့သူရှားသား။ အင်္ဂလိပ်စာသင်တဲ့ ဆရာဆိုရင်တယ် မျက်နှာပွင့်တာပဲ၊ မင်းကိုပြောသားပဲ မြန်မာပြည်က ပေးတဲ့ဘွဲ့နဲ့ မြန်မာပြည်မှာပဲ အသုံးချမယ်ဆိုရင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေနိုင်ပါတယ်ဟာ။ လစာနဲ့လောက်တာ မလောက်တာ ဆိုတာ ထည့်စဉ်းစားမနေနဲ့။ မိုးပြို့အများပဲ မြန်မာပြည်မှာ ထမင်းငတ်သေတဲ့မသာ မကြားဖူးသေးဘူး။ ငါတော့ဖြေ နိုင်ငံတော်စရိတ်နဲ့ နိုင်ငံခြား မလွှတ်သရွေ့ ဘယ်တော့မှမသွားဘူးလို့ ဆုံးဖြတ်ထားတယ်'

'ပြောအားရှိတာပေါ့လေ၊ နိုင်ငံတော်စရိတ်နဲ့ ဂျပန်ကို တစ်ခေါက်ရောက်ပြီးတဲ့ သူဆိုတော့ဟုတ်လား'

'အံမယ် နှင်ကကော'

ပိုးအိနှင့်သူ ငယ်စဉ်ကကဲ့သို့ စကားနိုင် လုလိုက်သည်။

'ငါက တရုတ်ပြည်တင်ပဲဟာ။ မူဆယ်ဘက်ကနေအလည် သွားရင်တောင်ရတယ်'

'တူမလား....နိုင်ငံတော်ရဲ့ ဧည့်သည်အဖြစ် ချစ်ကြည်ရေး အလည်အပတ် ခရီးစဉ်နဲ့ အရောင်းအဝယ် သမားတွေသွား သလို သွားတာနဲ့ ဂုဏ်ရှိတာခြင်း တူမလား'

'အေးပါဟုတ်ပါတယ် ဆရာမရယ်။ ပြောမိတာ ကျွန်တော်မျိုး မှားပါတယ်'



www.burmeseclassic.com

'ယူတို့မမှားဘူး အိုင်မှားတာ၊ ဘွဲ့ရပြီး နိုင်ငံခြားမှာ ဟိုတယ်မယ် သွားလုပ်တာ အိုင့်မှားတာ အဟင်းဟင်း'

ပြုံးမိတော့ စောစောက အပြုံးတို့သည် သင်း၏ခြောက်ကပ်ကပ် ရယ်မောမှုကြောင့် လွင့်ပြယ်သွားလေသည်။

သင်းကတော့ ရယ်မောလျက်ရှိသည်။ သို့သော် မျက်ရည်များ စို့စွတ်လျက်ရှိသည်။

'သင်းရယ်'

'မျက်အစဉ် မြင်ခဲ့ဖူးတဲ့ မိသင်း မြင်လိုက်ပါ'

'အားလုံးထယ် တီချယ်တို့ အဲဒီအတိုင်း ငြိမ်ငြိမ်နေ'

မချော့လေးများက ခေါတ်ပုံရိုက်လိုက် သေးသည်။

သူတို့လူငယ်ဆိုသည်မှာတော့ ပျော်ရွှင်လွတ်လပ် နေကြသည်။ မြင်မြင်သမျှ အရာအားလုံးသည် အလှအပပျော်စရာ အတိဖြင့် မှန်းထုံနေသည်ဟု မှတ်ယူထားသည့် အရွယ်မျိုးဆိုတော့လည်း....

ရှုခင်းအမျိုးမျိုးကို နောက်ခံထား ပို့စ်အမျိုးမျိုးနှင့် ရိုက်နေကြသည်။

'သူတို့က ကံကောင်း ကြတယ်နော်။ အိုင်မှာက သူတို့ အရွယ်လောက်ကတည်းက စပြီး ဒုက္ခပင်လယ် ဝေခဲ့ရတာ'

'ဒါတော့ နင်ကအချစ်ရေးကို စိတ်ဝင်စားခဲ့တာကို သင်းရဲ့ ဒုက္ခပင်လယ် ဘယ်လောက်ကျယ်ကျယ်ပေါ့ ကြုံ့ နိုင် ကဲ့စိတ်ဓာတ်လျှော့ငယ်နဲ့ ကျော်ဖြတ်လို့ရပါတယ်၊ နင့်ကိုယ် စိတ်ပျော့ခဲ့လို့ဖြစ်တာ။ အခုလဲ စိတ်ကို အလျှော့မပေးနဲ့





အလိုမလိုက်နဲ့ နင့်နားမှာ ငါအမြဲရှိနေပါမယ် မိသင်းရာ၊ လာ ...ဓာတ်ပုံရိုက်ကြရအောင်'

'အင်း....အိုင်မေးမယ် မေးမယ်နဲ့ မမေးဖြစ်ခဲ့တာ တစ်ခု မေးရဦးမယ်'

'မေးစမ်းပါ တစ်ခုမကဘူး ဆယ်ခုမေး'

'ယူ့မှာကော ချစ်သူမရှိခဲ့ဘူးလား'

'ဪ ..အဟင်းဟင်း ဘာမျှားလဲ့လို့ မိသင်းရယ် နင် ဘာဖြစ်လို့ မေးတာလဲ'

'ယူဟာ အိုင်တို့အချစ်ရေးမှာ အဘက်ဘက်က အကူအညီပေးတက်တော့ ယူကိုယ်ချင်းစာတတ်လို့ များလားလို့ တွေးမိလို့ပါ'

သင်းအမေးကို ကျော်ဝေလည်း မေးလိုနေသဖြင့် ပိုးအိထံမှ အဖြေကိုအား တက်သရောင့်လှုံ့စွာ စောင့်စားလိုက်သည်။

ပိုးအိက ပြုံးလိုက်သည်။ ထိုအပြုံးသည် မတောက်ပ။ ဟန်မဆောင်တတ်သော မိန်းကလေးဖြစ်ကြောင်း သူမ၏ သျှိဝှက်ချက်ကို သူတို့တွေမြင်လိုက်ရသည်။

'ကိုယ်ချင်းစာတယ် ဆိုတာ ကိုယ်တွေ့ရှိမှ စာနာတတ်တာလား။ သနားတတ်တယ့် လူဟာ ဘယ်လိုအနေအထား ဖြင့် သနားပြီး ကူညီတတ်တာမျိုးလည်း ရှိပါတယ်ဟာ'

ဟုပြောပြီး သူတို့ထက်ဦးအောင် ထသွားလေသည်။

www.burmeseclassic.com



သူတို့လည်း သူမနောက်မှ ခပ်ဖြေးဖြေး လိုက်ခဲ့သည်။

'ပိုးအိရယ်၊ နှင်ငါ့ကို ဖွင့်ပြောပါလား၊ ငါဘယ်လိုစွန့်စားနည်းနဲ့မဆို စွန့်စားပြီး အကူအညီပေးမှာပါဟာ'

သို့သော် ဒီစကားသည် သူ့ရင်ထဲ၌သာပင် သိမ်းဆည်းရမည့် စကားဖြစ်ပေလိမ့်မည်။

* * *



အခန်း (၂၂)

'တို့သွားမယ်နော် ပိုးအိ'

'အေး....ငါ ရန်ကုန်ကပဲ စောင့်နေမယ်၊ ရောက်တာနဲ့ ဖုန်းဆက်လိုက် ငါလာတွေ့မယ်'

'အိုကေ'

'ဪ....ကျော်ဝေ'

'ဘာလဲ ပိုးအိ'

ပိုးအိမျက်လုံးကို သူစူးစမ်းကြည့်ဖြင့် ကြည့်လိုက်သည်။

ရိဝေမှုရှိုင်သည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း သူမနောက်မှ ခပ်ဖြေးဖြေး လိုက်ခဲ့သည်။

'ပိုးအိရယ်၊ နင်ငါ့ကို ဖွင့်ပြောပါလား၊ ငါ့ဘဝကတော့ ဖြစ်ပါစေ၊ ပန်းခင်းလမ်းလျှပ် ထင်တတ်ကြတာ ငါတို့ မိန်းမသားတွေရဲ့ သဘာဝပဲ၊ နင်တို့ ယောကျ်ားတွေတော့ မသိဘူး'

'ငါတို့လည်း ဒီအတိုင်းပါပဲ'

'ဒီလိုဆို အရမ်းအပျော် မလွန်စေနဲ့နော်၊ သင်းက ကျန်းမာရေး သိပ်မကောင်းဘူး နင်ဂရုစိုက်ပါ'

'အေးပါ… ငါသိပါတယ်'

'အေး ဟုတ်သားပဲ နင်က သင်းအပေါ် မေတ္တာကိန်းဂဏန်းအရေးအတွက် ပိုထားတဲ့သူပဲ ငါ့ထက်ပို ဂရုစိုက်မှာပေါ့၊ ငါမှာတာ နင့်ကို စော်ကားသလို ဖြစ်သွားရင် ဆောရီးပဲနော် ကဲသွားကြ သွားကြ နေမပူခင်သွားကြ'

'သွားချင်တိုင်း သွားလို့မရဘူး ဂိတ်ဖွင့်ပေးတဲ့ အချိန်မှ သွားရမှာခင်ဗျ'

ဒရိုင်ဘာက လှမ်းပြောလိုက်သည်။

လားရှိုး မြို့ဝင်မြို့ထွက် ဂိတ်များ၌တပ်၊ အကောက်ခွန်နှင့် ရဲတို့၏ စစ်ဆေးမှုရှိသည်။ ခြောက်နာရီခွဲမှ စစ်ဆေးပြီး ထွက်ခွင့်ရသည်။

'သွားမယ်နော်'

လှိုင်စာပေ



သူတို့အားရပ်ကြည့်ပြီး ကျန်ရစ်ခဲ့သော ပိုးအိသည် နေခြည်နုထွေး၏ တောက်ပမှုကြောင့် ဖြစ်ပေါ်နေသော နံနက်ခင်းအလှနှင့်အပြိုင် စိုးမိုးလျက်ရှိနေသည်။

ကောင်းကင်၏ ပြာလဲ့လဲ့ ရောင်ခြည်တို့သည် သစ္စာရှိစွာဖြင့် မိုးကောင်းကင်သဏ္ဌာန် ဖန်တီးလျက်ရှိသည်။

သဘာဝ အချင်းအရာ များကပင်လျှင် သစ္စာရှိခြင်းကို သရုပ်ပြနေသည်။

ဩကာသလောကကို စိုးမိုးသောလူသားများသည် ပို၍ သစ္စာတရားကို ထားသင့်လေသည်။

ပိုးအိထံမှ မျက်ဝန်းကို ရုပ်သိမ်းလိုက်သည်။

သင်းထံသို့ ငဲ့စောင်းကြည့်လိုက်သည်။ သင်းနှင့် မျက်လုံးချင်း ဆုံမိကြသည်။

သူမလုံမလဲ ဖြစ်သွားသည်။

ထို့ကြောင့် သင်းအား ပြုံးပြလိုက်သည်။

သင်းက တုန့်ပြန်ပြုံးပြရင်း——

'ပိုးအိက သိပ်စိတ်ရင်းကောင်းတယ်နော် ဓမောင်'

'အင်း'

ပိုးအိနှင့်ပတ်သက်၍ သင်းနှင့် မဆွေးနွေးချင်ပါ၊ အဘယ်ကြောင့်ရယ်မသိ၊ သင်းနှင့် စကားပြောတိုင်း ပိုး၏အမည် မပါစေချင်ပါ။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးအိအကြောင်းကို မေ့မေ့ပျောက်ပျောက် ထားချင်ပါသည်။

ဖိုးအိအကြောင်း စိုးမိုးနေလျှင် သင်းအပေါ်၌ သူဆက်ဆံမှုသည် သွေးအေးသွားမှာ စိုးရိမ်ဖြစ်သည်။

သင်းကိုသာ လိုလေသေးမရှိ ဂရုစိုက်ချင်ပါသည်။ သစ္စာတရား အပြည့်အဝထားကာ ချစ်ချင်ပါသည်။

လမ်းခရီးကကြမ်းသည် ကားဒရိုင်ဘာ၏ ကျွမ်းကျင်မှုကြောင့် တောင်ပတ်လမ်း ချောက်ကမ်းပါးများကို ကွေ့ကာ ကျော်ဖြတ်လာမှုက အသည်းယားစရာပင်။

'ဒါလင်'

'မောင်ပါ'

'အဟင်း....ဟင်း....မောင်'

'ဘာလဲသင်း'

'ခရီးလမ်းက အရမ်းကြမ်းတယ်နော်'

'မောင့်ဘဝရဲ့ ခရီးလမ်းလိုပေါ့'

'သင်းကကော ဘာထူးသေးလို့လဲ'

'ဒါပေမယ့် ပြီးခဲ့ပါပြီသင်း ခယောင်းလမ်း မောင်တို့ ကျော်ဖြတ်ခဲ့ပြီးလို့ နောက်မှာကျန်ရစ်ခဲ့ပါပြီ အခုမောင်တို့ ရှေ့မှာ ပန်းခင်းလမ်းပဲ ရှိတော့တယ်'

'ဟုတ်တယ်နော် မောင်။ မောင့်အတွက် ပန်းခင်းလမ်းကြီးပဲရှိတော့တယ်'





'သင်းအတွက်ကကော'

'ကြိုးစားရဦးမယ်လေ'

'သင်းရယ် မပြန်နဲ့တော့ကွယ် ဟူညဒေလက်လွတ်စကားမျိုးပြောလိုက်ချင်ပါသည်။

'သင်း မိုက်ကြေးကို သင်းဆပ်ပြီးမှ ရမှာပေါ့မောင်'

'မောင် အတန်တန်တားရဲ့နဲ့ သင်းရယ် ထားပါတော့လေပြီးတာတွေပြီးပါစေ မေ့ထားလိုက်ပါ။ ကြည့်စမ်းသင်း ပန်းဖွေးဖွေးလေးတွေဟာ ဘာတွေလဲသိလား'

'မသိဘူးမောင် ဘာပန်းတွေလဲ'

'စွယ်တော်တွေလေ တောစွယ်တော် အဖြူလေးတွေပေါ့'

'ဩော်....ဟုတ်လှား စွယ်တော်ဆိုတာ ဟို...စာရေးဆရာတစ်ယောက် ဝတ္ထုထဲက နှစ်လှာပေါင်းမှ တစ်ရှက်ဖြစ်တဲ့ စွယ်တော်လို နှစ်ယောက်ပေါင်းမှ ဘဝ ပြည့်စုံတယ်ဆိုတဲ့ စွယ်တော်ပင်လားဟင်'

'ဟုတ်တယ်သင်း၊ သင်းကမြန်မာဝတ္ထု ဖတ်သားပဲ'

'မဖတ်ပါဘူး ကျောင်းမှာတုန်းက သူငယ်ချင်းတွေ ပြောသံကြားဖူးလို့ပါ'

မြန်မာဝတ္ထုများ၌ တစ်ခေတ်ဆန်းသစ်ခဲ့သော နာမည်ကြီး စာရေးဆရာ၏ အမည်ကိုမှမသိသော ချစ်သူကို ပေါ်နည်းစွာဖြင့် ငေးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်သင်း'

'ဘာလဲမောင်'

'နှုတ်ခမ်းနီ ဘာအရောင်ဆိုးလာတာလဲ'

ယခုခေတ် မိန်းကလေးများ၏ နှုတ်ခမ်းအရောင်မျိုးစုံ ဆိုးမှုသတိရကာ မေးလိုက်မိသည်။ သူသိသည်က နှုတ်ခမ်းဆိုးလျှင် အနီ၊ လိမ္မော်၊ ပန်းရောင်၊ ကြက်သွေးရောင်ဆိုးခြင်းသာရှိလိမ့်မည်ဟု ယခင်ကမှတ်ယူခဲ့သည်။ သို့သော်...ယခုနောက်ပိုင်း၌ ခေတ်မိန်းကလေးတို့သည် အစိမ်း၊ အပြာ၊ အဖြူထိ ဆိုးတတ်ကြသည်ကိုသတိပြုမိခဲ့သည်။ ထို့ကြောင့် သင်းသည် အဖြူရောင်များဆိုးထားသလားဟု သံသယဖြစ်ကာ မေးလိုက်ခြင်းဖြစ်သည်။

'ဘာဖြစ်လို့လဲ မှလှဘူးလား၊ နှုတ်ခမ်းဆိုးဖို့မေ့လာလို့'

ကျော်ဝေ့ရင်ထဲ သံသယဖြစ်သွားသည်။ သွေးရောင်မရှိသော သင်း၏နှုတ်ခမ်းရောင်သည် သူမ၏ကျန်းမာရေးဖော်ကောင်မှုလုပ်လျက်ရှိသည်။ စိတ်လည်း ထိခိုက်သွားသည်။ သို့သော် သူ၏စိုးရိမ်စိတ်ကို ရင်မှာမြိုသိပ်ကာ....

'ဘာမှမဖြစ်ပါဘူး၊ နှုတ်ခမ်းဆိုးနေကျလူက နှုတ်ခမ်းမဆိုးထားတော့ မျက်နှာမှာ တစ်ခုခုလိုနေသလိုပဲဖြစ်နေလို့ မေးတာပါ'

လှိုင်စာပေ



'ဒါဖြင့်လည်း လွယ်ပါတယ်မောင်ရယ်၊ လိုနေတဲ့အရာကို ဖြည့်စွက်လို့ရပါတယ်'

ဟု သင်းက ပြောပြောဆိုဆိုနှင့် သူ၏စလင်းဘက်အိတ်ကို ဖွင့်ကာ မှန်ဝိုင်းလေးနှင့် နှုတ်ခမ်းနီတောင်ကိုထုတ်၍ အလှချယ်မှုန်းလေတော့သည်။

ကာလာရောင်စုံ၏ ပံ့ပိုးကူညီမှုဖြင့် သင်း၏အလှမှာ နိုင်ငံခြားဖြစ် ကော်ပတ်ရုပ်လေးလား ချစ်စဖွယ် လှပတင့်တယ်သွားပြန်သည်။

'ဘယ့်နှယ်လဲမောင်၊ အိုကေသွားပြီလား'

'အိုကေပါတယ်၊ အချစ်ကလေးရေ'

ဟု သူက သင်းအနားကပ်ကာ တိုးတိုးတိတ်တိတ်ကျီစယ်လိုက်သည်။

ထို့နောက်....သူဆိုနေကျ တေးသွားနှင့် လေချွန်ကာသီဆိုလိုက်သည်။

××မြင်ရင်မြင်ခြင်းပဲကွယ် ချစ်မိကြိုက်မိတယ်+ဘာဘာ
နှတ်နွယ်ယုံပါကွယ်×

သင်းကပြုံးလိုက်သည်။

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မောင် သိချင်းလေးကို မမေ့သေးဘူးနော်'

'မမေ့ပါဘူး၊ မမေ့တဲ့အပြင် သင်းကို သတိရတိုင်းလဲ သီဆိုခဲ့ပါတယ်'

'ဪ... မောင်ရယ်၊ ဒါကြောင့် မောင့်မေတ္တာရည်စူး ပြီး သင်း ဒုက္ခပင်လယ်ဝေခဲ့ရတာထင်တယ်နော် မောင်'

'ဒါတွေ မဥပါဒ်ပါနဲ့သင်းရယ်၊ လောကကြီးမှာ အမှား ကို အမှားမှန်းသိလို့ ပြုပြင်နိုင်တာ လူတော်ပဲ၊ သင်းတော် ပါတယ်။ သင်းရေ... ကြည့်စမ်း တောင်ကမ်းပါးယံမှာကပ် ပေါက်နေတဲ့ စွယ်တော်ပွင့်လေးတွေ'

'ဟုတ်ပါ့ရဲ့နော် မောင်ရယ်လှလိုက်တာ'

'ရထားလမ်းဘေးမှာတုန်းကကော မြင်ခဲ့တယ် မဟုတ် လား'

'အင်း... ဟုတ်တယ်'

'အဲဒီစွယ်တော်ရွက်ကလေးတွေလို မောင်နဲ့သင်း ဘဝ ဟာလည်း မခွဲမခွာတမ်းရှိချင်ပြီသင်းရယ်'

'အင်းပါ... ကောင်းကြွီးစားပါမယ်မောင်ရယ်၊ ချက်ချင်းကို ပြန်လာဖို့ ကြိုးစားမှာပါ၊ ဟော... ဟိုပန်းသေးသေးလေး တွေက ဘာလဲမောင်'

သင်းသည် သူ၏စကားလမ်းကြောင်းကို လွှဲပြောင်းလိုက် ကြောင်း သူသိပါသော်လည်း ချစ်သူ၏စိတ်ချမ်းသာမှုကိုသာ ဖန်တီးလိုသောကြောင့် သိသိနှင့်ပင်ဖြေလိုက်ရသည်။





'ဘယ်ပန်းလဲ'

'ဟိုမှာလေ... ပန်းရောင်အပွင့်သေးသေး အပြာသေးသေ လေးတွေကိုပြောတာ'

'ဪ... ဒါလား'

သူ ရယ်ချင်သွားသည်။ ချစ်သူ၏ခေါင်းကိုလည်း ထုလိုက် ချင်သည်။

'အင်း... အဲဒါ...'

'အဲ့ဒါ... မသေမချင်းမှတ်ထား ခွေးသေးပန်းပင်ခင်ဗျ'

'အို... ဟုတ်ရဲ့လား ဒါလင်ရယ်'

'ကဲ... ဆရာ ခဏရပ်ပေးပါလား'

'နေဦးဆရာ၊ တောက်တက်လမ်းဖြစ်နေတယ်'

'မရပ်နဲ့တော့ ယုံပါတယ်'

'ဟုတ်တယ်သင်း မြေဆီမြေနှစ်ကောင်းတော့ ခွေးသေ ပန်းအပွင့်လေးတွေတောင် ထွားကြိုင်းတယ်၊ ခရမ်းပြာ ရောင်၊ ပန်းရောင်လေးတွေပွင့်ကြတယ်၊ ရှမ်းပြည်မှာသာ စိန်ပန်းပြာတင်ပွင့်တာမဟုတ်ဘူး၊ ခွေးသေးပန်းပြာလည်း ပွင့်ပါတယ်... အဟင်းဟင်း'



www.burmeseclassic.com

www.burmeseclassic.com



'အိုး....'

ကားသည် လမ်းကြမ်းမှုကြောင့် ချိုင့်ထဲအကျ သင်းသည် မြောက်တက်ကာ အမိုးနှင့် ခေါင်းဆောင့်သွားသည်။

'အား'

သင်းသည် သူ့ရင်ခွင်သို့လဲပြိုလာသည်။

'သင်း...ဘာဖြစ်သွားသလဲ'

'ဆော်ရီဆရာ၊ ဘာဖြစ်သွားသေးသလဲ'

သင်းကို စကားမေးရှုတ်တရက်မရသေး....

'သင်း...သင်း'

သူ စိုးရိမ်တကြီး သင်းကို ရင်ခွင်တွင်းမှာပင် လှုပ်ရမ်းရင်းခေါ်ကြည့်သည်။

'သတိလစ်သွားတာလား'

'မဟုတ်ဘူး...အသက်တော့ရှူနေတယ်'

'ချွေးစီးလေးများပြန်ကာ အေးစက်နေပြီး ပါးစပ်ကို ဟှာဟာလေးရှူနေသော သင်းကို နှလုံးလှုပ်ရှားစေရန် ရင်အစုံကို ပုတ်ခတ်ပေးလိုက်သည်။

'ကားရပ်လိုက်မယ်နော် ဆရာ'

'မရပ်နဲ့ သိန္ဒီဆေးရောက်အောင်မောင်းလိုက် နီးပြီလား'

လှိုင်စာပေ



'နီးပါပြီ'

'သင်း....သင်း'

'အင်း....'

အသံပြုကာ သူသတိရနေကြောင်း လက်ကလေးလှုပ်ရှားပြသည်။

'ဗြော်...ဒါကြောင့် ပိုးအိကသင်းအားဂရုစိုက်ရန်ပြောခြင်းဖြစ်သည်။

သင်း၏ ရောဂါအခြေအနေကို သူမှမသိလေဘဲ၊ ဘာသဲဖြစ်ဖြစ် ဆေးခန်းတစ်ခုခုဝင်ကာ စမ်းသပ်လိုက်မည်။

'ကားဆရာရေ...မြန်မြန်မောင်း'

'ဒီထက်မြန်ရင် ချောက်ထဲကျပြီး သုံးလောင်းပြိုင်သွားလိမ့်မယ်ဆရာရေ'

ပူပန်မှုက ငယ်ထိပ်မြွေပေါက်သည့်အလား ရှိနေသည်။

ရင်အစုံ နိမ့်တုန်မြင့်တုန်နှင့် ပါးစပ်ကလေး ဟစိဟစိနှင့် အသက်ရှူနေရှာသော ချစ်သူကို သနားကြင်နာခြင်းကြီးစွာဖြင့် ပါးခြင်းအပ်ထားလိုက်မိသည်။

'သင်း'

ထိုမျှဝေဒနာ ခံစားနေရသည့်ကြားက လေသံတိုးလေးနှင့် အားယူကာ

လှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မစိုးရိမ်ပါနဲ့ မောင်ရယ်—တဲ့'

'ဪ....သင်းရယ်'

သနားခြင်းနှင့်အရင်းခံကာ ချစ်ခဲ့ရသော ချစ်သူလေးအပေါ်၌ အသနားပိုပြီးရင်း ပိုရပြီကော သင်းသာ တစ်စုံတစ်ခုဖြစ်ခဲ့လျှင်....

မြပုလဲခင်

www.burmeseclassic.com